www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အသည်းကဗျာ

ဆုအဉ္စလီ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

[redacted] ♦ L ယင်း

[redacted] ♦ ဒေါ်မိုးသီတာ (နိုးနိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ♦ ဒေါ်ရွှေ (မြ-၀၂၀၇၉)
သုခပုံနှိပ်တိုက်
အမှတ် (၁၄၈)၊ ၄၅လမ်း(ထက်)
ဗိုလ်တထောင်။

အတွင်းဖလင် ♦ ဦးထွန်းဆိုင်

စာအုပ်ချုပ် ♦ ကိုသန်းဌေး

ပုံနှိပ်ခြင်း ♦ ၂၀၁၄ ခုနှစ်၊ ဧပြီ လ

အုပ်ရေ ♦ ၅၀၀

တန်ဖိုး ♦ ၅၀၀ ကျပ်

ဆုအင်္ဂလီ
အထည်းထရျာ/ဆုအင်္ဂလီ
နိုးနိုးစာပေ၊ ၂၀၁၄
၂၉၀ - စ၊ ၁၁.၅ x ၁၈.၅ စင်တီ။
(၁) အထည်းထရျာ

BURMESE CLASSIC

## အခန်း (၁)

ဘွားမေနဲ့ မေမေ

သမီးမိုက်ကို ခွင့်လွှတ်ပါ...

ဘွားနဲ့မေမေ သဘောတူတဲ့လူနဲ့ မယူနိုင်လို့ သမီးချစ်သူ နောက် လိုက်သွားပါပြီ...

သမီးမိုက်
ယုန်



www.burmeseclassic.com

www.burmeseclassic.com



ပန်စာက ဒါပဲ ဖြစ်သည်။

တိုတိုလေးပေမယ့် ဖြစ်စဉ်အားလုံး ခြုံငုံနားလည်ပြီးသားဆိုတော့ ပန့်ကြောင့် မေမေ ခေါင်းမဖော်နိုင်အောင် အပြောခံလိုက်ရသလို ထန် ကိုယ်တိုင်လည်း မေမေနှင့်အတူ ဘွားပြောသမျှ ခေါင်းငုံ့ခံလိုက်ရသည်။ ဘာစကားမှ တစ်ခွန်းအပိုမဆိုရဲ။ ဘွားအားရအောင် ပြောဆိုပြစ်တင် ကြိမ်းမောင်းပြီးမှ သားအမိနှစ်ယောက် ကျိတ်မျက်ရည်ကျရသည်။

အဓိက ခံစားရသည်က မေမေပါ။

ထန်က ညီမဆိုတော့ ညီမသံယောဇဉ်နှင့် မေမေ့ကို သနားပြီး ငိုတာပဲ ရှိသည်။ မေမေ့လို အပြင်းအထန် အသည်းအသန်ကြီးတော့ မခံစားဖြစ်။ လူဆိုတာ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြမြဲဆိုတော့ ပန် ချစ်သူနောက် လိုက်သွားတာ ထန့် စိတ်ထဲထူးပြီး မခံစားဖြစ်ပါ။ ဘွားကတော့ ပန် ဒီလိုဖြစ်တာ မေမေ အသုံးမကျလို့၊ အထိန်းအသိမ်းညံ့လို့ စသည်ဖြင့် အမျိုးစုံနေအောင် ပြောသွားသည်။

ထန်ကတော့ ဘွားလို မထင်ပါ။

ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်တာလို့ပဲ သဘောထားလိုက်သည်။ ဒါမျိုးဆိုတာ သံကွန်ချာ ခုနစ်ထပ်အုပ်ထားလို့လည်း မရ။ အချစ်အတွက် စွန့်စားရှုးမိုက်ကြသူများစွာထဲမှာ ပန်လည်း အပါအဝင်တစ်ယောက်မျှပာ နားလည်ထားလိုက်သည်။

“ဒီလောက်လည်း ငိုမနေပါနဲ့ မေမေရယ်၊ ပန်ကိုယ်တိုင် သူ့လမ်း သူရွေးသွားတာပဲ။ စိတ်ကို ဖြေနိုင်အောင် ဖြေပါနော်”

“သမီးထန် လိမ္မာပေမယ့် ပန်က သိပ်မိုက်တယ်ကွယ်”





“ဒါကိုချည်း အပြစ်တင်နေလို့ မရပါဘူး မေမေ၊ ဦးဝဏ္ဏဆိုတဲ့လူကြီးက ပန့်ထက် အသက်အများကြီး ကြီးတာလည်း သည့်ပြောမှဖြစ်မှာပေါ့။ ဘွားကိုက ပန် မကြိုက်တာကို ဇွတ်စီစဉ်တာကိုး”

ထန့်စိတ်ထဲက ဘွားကို အပြစ်တင်နေမိတာ ကြာပါပြီ။ ဒီအိမ်ကြီးမှာ ဘွားက အခရာ။ ငွေစ်အိမ်မှာ ဘာလုပ်လုပ် ဘာပြောပြော ဘွားမကြိုက်တာ မလုပ်ရ။ ဘွား မကြိုက်တာ မပြောရ။ ဘာလုပ်လုပ် ဘာပြောပြော အားလုံး ဘွားကျေနပ်မှ ဘွားသဘောကျမှ ထန်တို့သားအမိ လုပ်ရဲပြောရဲကြတာ ဘယ်လောက်ကြာပြီလဲ။ ဖေဖေ ဆုံးပါးသွားပြီးကတည်းက မုဆိုးမမေမေက သူ့ယောက္ခမ ဘွားအမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာလာခဲ့တာ ထန်တို့တစ်သက်ဖြစ်သည်။

“ဘွားက သူ့မြေးကို ကောင်းစေချင်လို့ပါ ထန်ရယ်၊ ဘွားကို အပြစ်မတင်ပါနဲ့”

ဘွားအပေါ်ထားသည့် မေမေ့ သဘောထားက ဒါပဲ ဖြစ်သည်။ ဘယ်တုန်းကမှ ဘွားကို မေမေ ပြန်ခံပြောတာမရှိ။ ဘာပဲလုပ်လုပ် ဘွားအကြိုက်၊ ဘွား သဘောကျ ပြောဆိုနေထိုင်လာခဲ့သည့် မေမေ။ ဘွားအပေါ်ထားသည့် မေမေ့သဘောထားကလည်း ဘယ်တုန်းကမှ အဆိုးမမြင်။ ဘွားပြောသမျှ လုပ်သမျှ တန်ဟုတ်ကောင်းဖို့ပါဆိုတာနဲ့ အမြဲ အဆုံးသတ်နေကျဆိုတော့ ထန်လည်း မေမေ့သဘောထားကို ဆန့်ကျင်ပြီး ဘာမှ ထပ်မပြောတော့။

ငိုနေသည့် မိခင်ကိုကြည့်ပြီး စိတ်မချမ်းမသာနှင့်ပင် သက်ပြင်းချလိုက်သည်။ မေမေ ငိုနေတာကို ထန် မကြည့်ရက်။



www.burmeseclassic.com

www.burmeseclassic.com



"ထန် ဘာလုပ်ပေးရမလဲ မေမေ"

"အခုမှတော့ မေမေဘက်က ဘာလုပ်လို့ရတော့မှာလဲ ထန်ရယ်၊ မိုက်တဲ့လူက မိုက်သွားပြီပဲ"

"ပန် ရည်းစားထားတာကလည်း ပိရိလိုက်တာ၊ ထန့်ကို တောင် ပေးမသိဘူး၊ တစ်ခါလား ဆုံမိမှ ပန်က ထန့်ကို သူ့ ရည်းစားနဲ့ မိတ်ဆက်ပေးတာ မေမေ"

"ရုပ်ရည်က ဘယ့်နှယ်လဲ ထန်၊ ဘွားပြောတော့ မရှိဆင်းရဲ သားချိုးရိုးဆို"

မေမေက အခုမှ သူ့သမီးပန် လိုက်ပြေးသွားသည့် သူ့ သမက်လောင်း ရာဇဝင်ကို စိုးရိမ်ပူပန်စွာ မေးဖော်ရလာသည်။ ထန်ကတော့ မေမေ့ကိုကြည့်ပြီး သနားသည်။ ရိုးသားအေးဆေး သည့် မေမေ့ခမျာ လူတွေအကြောင်း၊ ပတ်ဝန်းကျင်အကြောင်း ဘာဆိုဘာမှ မသိ။

မေမေသိတာက သူ့သမီးနှစ်ယောက်နှင့် သူ့ယောက္ခမ ဘွား နှင့် ငွေစံအိမ်ရှိ တခြားအလုပ်သမားတွေသာ ဖြစ်သည်။ မေမေ့မှာ မိဘမရှိ။ တစ်ကောင်ကြွက်မလေးဘဝမှာ ရုပ်ရည်က တော်ဝင် အလှပိုင်ရှင်ဆိုတော့ ဖေဖေက မေမေ့ကို လက်ထပ်သိမ်းပိုက် လိုက်သည်။

တစ်ဦးတည်းသောသား လူချမ်းသာမျိုးရိုး ဖေဖေနှင့် မေမေ့ကို ဘွားက သဘောမတူ။ ဖွတ်အတင်းခွဲဖို့ စီစဉ်ပေမယ့် မရ။ ဖေဖေက မေမေမှ မေမေဆိုတော့ ဘွားက သားကို ချစ် သည့် အချစ်တစ်ခုတည်းနှင့် ဖေဖေ့ကို အလိုလိုက် အရှုံးပေး လိုက်ရသည်။





ဘွား၏ ငွေစံအိမ်ပေါ်သို့ မေမေ ရောက်လာသည်။ ရုပ်ရည် ချောမောလှပသလို ရိုးအသော မေမေ့ကြောင့် ဘွားဖြစ်ခဲ့ရသော ဒေါသနှင့် စိတ်အလိုမကျခြင်းက မေမေ့ထံမှာ မရှိတော့ဘဲ ဖေဖေ့ထံ ရောက်သွားသည်။

"မင်း ဘယ်လိုလုပ်နေတာလဲ သား၊ ခင့်ခင့်မှာက ကိုယ်ဝန် ကြီးနဲ့နော်၊ ရှယ်လီဆီသွားသွားနေတာ ခင်ခင် မသိပေမယ့် မာမီ သိတယ်။ မင်းလုပ်ရပ်တွေ ရုပ်တန်းက ရုပ်ရင်ရုပ်၊ မရုပ်လို့က တော့ မာမီက မင်းကို သားအဖြစ်က စွန့်လွှတ်ရမှာပဲ"

"မာမီက သားကို တကယ် စွန့်လွှတ်ရဲလို့လား"

တစ်ဦးတည်းသောသားကို ထားစရာမရှိအောင် ချစ်ရှာသော မိခင်ကြီးအကြောင်း သိနေသည့် ဖေဖေက ဘွားကိုကြည့်ပြီး ရယ်သည်။

"အေး... မာမီသာ သားကို မစွန့်လွှတ်နိုင်လို့ သား ချစ် လှပါချည့်ရဲ့၊ ကြိုက်လိုက်ပါချည်ရဲ့ဆိုတဲ့ ခင်ခင့်ကို အိမ်ပေါ် ခေါ်တင်ထားတာ သား အသိပဲ။ အစတုန်းက ခင်ခင့်ကို မာမီ ကြည့်မရဘူး။ မုန်းတောင် မုန်းမိသေးတယ်"

"အခုတော့ ခင်ခင့်လောက် ရိုးအတဲ့ မိန်းကလေးမျိုး မေမေ မတွေ့ဖူးဘူး။ သားကို ချစ်လိုက်တာလည်း တုန်လို့၊ ယောက္ခမ ဖြစ်တဲ့ မာမီ့အပေါ်မှာလည်း တကယ့်အမေရင်းလို ပြုစုတယ်။ မာမီ စိတ်ဆင်းရဲအောင် ဘာတစ်ခုမှ မလုပ်ဘူး။ မင်း ခင်ခင့်ကို မချစ်တော့ပေမယ့် မာမီက ခင်ခင့်ကို သမီးရင်းလေးလို ချစ်တယ် ကွဲ့၊ ဒါကြောင့် သားကို ရှယ်လီဆီ မသွားဖို့ ပြောနေရတာ"

"ခင်ခင့်ကို သား ချစ်ပါတယ် မာမီရယ်၊ ရှယ်လီဆီသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ အပျော်ပါ။ ဘာမှ မဖြစ်စေရဘူး စိတ်ချ”

“အပျော်ပြီးရင် အပျက်လာမှာနော် သား၊ ဘာကိုမှ လျှော့တွက်တဲ့”

ဘွား ဘယ်လိုပြောပြော သားဖြစ်သူက နားမထောင်။ အရက်လည်း အသောက်ပျက်၊ ရှယ်လီဆီလည်း အသွားမပျက်။ ထိုပုံစံနှင့် ပန်တို့ညီမနှစ်ယောက် ဘွားလက်ထဲမှာ လူလားမြောက်ခဲ့ရသည်။

အရက်အမူးလွန်ပြီး ဖေဖေလောက် မိသားစုကို ချစ်တတ်သူမရှိ။ ဖေဖေကြောင့် ထန်တို့ အမြဲပျော်ရသည်။ လိုချင်တာအားလုံး ဝယ်ပေးသည်။ စားချင်တာ လိုက်ကျွေးသည်။ ဘာတစ်ခုမှ မငြင်း။ ဖေဖေနှင့် နေရသည့်အချိန်တွေက ထန်တို့မိသားစုဘဝမှာ အပျော်ဆုံးအချိန်များဖြစ်သော်လည်း ကံတရားက ထန်တို့ဘက်မှာ မရှိ။

တစ်နေ့ အရက်အမူးလွန်ပြီး ပြန်လာသည့်အချိန်မှာ ကားမှောက်ပြီး ဖေဖေ ဆုံးသွားသည်။ ဘွား၏ စိန်ပုံရွှေပုံကြီးကလည်း ဖေဖေ့အသက်ကို မကယ်နိုင်တော့။ အချစ်ဆုံးသား အချစ်ဆုံးအဖေကို ထန်တို့အားလုံး လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ မုဆိုးမဘွားနှင့် မုဆိုးမရွေးမ မေမေတို့ စည်းလုံးမှုက တကယ့် သားအမိနှင့်မခြားပေမယ့် ဘွားက ဒေါသကြီးသည်။

စိတ်ဆိုးလွယ်သည်။

သူပြောတာ ဖြစ်ရမှ၊ သူ လုပ်ချင်တာ လုပ်ရမှဆိုသူဖြစ်၍ မေမေအပါအဝင် အားလုံးက ဘွားအလိုကိုလိုက်၊ ဘွားအကြိုက်နှင့်ညီအောင် ပြုမူပြောဆိုနေထိုင်ပေမယ့် နေရာတိုင်း ဘွားဆန္ဒနှင့် မကိုက်ညီတာတွေလည်း ရှိသည်။





ဘွားဖြစ်ချင်တာက တစ်မျိုး။

လူငယ်တွေပီပီ ထန်တို့ လုပ်ချင်တာက တခြားနှင့် လူကြီးနှင့်လူငယ်ကြားက လွဲမှားမှုတွေကို ကြားထဲက မေမေက ဝင်ဖြေရှင်းရတာတွေလည်း အကြိမ်ပေါင်း မရေတွက်နိုင်။

“ဘွားအကြီးကို စိတ်ချမ်းသာအောင် ထားကြပါ သမီးတို့ရယ်၊ ဒီအိမ်ကြီးမှာ ဘွားမရှိရင် ဘယ်လိုလုပ်မလဲ၊ မေမေကလည်း ဘာမှ လုပ်တတ်တာ မဟုတ်ဘူး။ သမီးတို့ဆိုတာလည်း ကျောင်းသားအရွယ်ပဲ ရှိသေးတာ မဟုတ်လား။ အရေးကြုံလို့ တစ်ခုခုဖြစ်ပြီဆို မေမေတို့ရှေ့မှာ ဘွားတစ်ယောက်ပဲရှိတာဆိုတော့ ဘွားကပဲ ဖြေရှင်းရင်ဆိုင်ရတာကွဲ့”

“သိမှာနော် သမီးတို့”

မေမေပြောတာ အားလုံး မှန်နေပေမယ့် နေရာတိုင်း ဘွားစိတ်တိုင်းကျ ဘွားသဘောအတိုင်း လိုက်မလုပ်နိုင်တော့ ခက်သည်။ ပန်မှာ ချစ်သူရည်းစားရှိမှန်း သိသည့်နေ့က တစ်အိမ်လုံး မိုးမီးလောင်တာထက် ဆိုးသည်။ မြေးထဲမှာ ထန့်ထက် ပန့်ကို ဘွားက ပိုချစ်သည်။ ပိုအလိုလိုက်သည်။

ပန် ဘာလုပ်လုပ် အပြုံးမပျက် လိုက်လျောတတ်သည့် ဘွားက ပန် ရည်းစားကိစ္စမှာ ပန့်ကို ချက်ချင်း အခန်းတံခါးပိတ်လိုက်သည်။ သော့ခတ်သည်။ ဘယ်သူနှင့်မှ အဆက်အသွယ်မလုပ်ရဆိုတာတွေအထိ ဖြစ်သည်။ အကြောင်းပြချက်က ပန့်ရည်းစားနှင့် ပန့်ကို သဘောမတူ။ ပန့်ချစ်သူက ဘွားအမြင်မှာ ဆင်းရဲနွမ်းပါးသူ၊ မျိုးရိုးနိမ့်ကျသူ။ ပန့်ချစ်သူ ဂန္ဓအဖေနှင့် အမေက ကွဲနေကြသည်။ နောက်ထပ် အိမ်ထောင်သစ်ကိုယ်စီနှင့်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ဘွားက သဘောမကျ။

"ဒီပုတ်ထဲကလာမှတော့ ဒီပဲပဲဖြစ်မှာပေါ့။ အခုချိန်တော့ ပန့်ကို ချစ်ဦးမှာပဲ။ နောက်အချိန်ကြာလာတော့ ပန့်ကိုပစ်ပြီး သူ့အဖေလိုပဲ နောက်အိမ်ထောင်သစ် တည်ထောင်ဦးမယ့်လူမျိုး၊ အခုကတည်းက မစဉ်းစားနဲ့ မြေး"

"ဘွားမြေးကို သင်းထက် အဆတစ်ရာသာတဲ့လူမျိုးနဲ့ ဘွားကိုယ်တိုင် လက်ထပ်ပေးမယ်"

ဘွား၏ အချစ်ဆုံးမြေးကြီး ပန်။

ပန့်အတွက်ဆို ဘာပဲလုပ်ရလုပ်ရဆိုသည့် ဘွားနှင့် ကိုယ့်ချစ်သူကလွဲရင် တခြား ဘယ်လိုလူကိုမှ စိတ်မဝင်စားသည့် ပန်တို့ ထိပ်တိုက်တွေ့ကြသည့်ပွဲမှာ ပန်က သူ့ချစ်သူနောက် လိုက်ပြေးသွားသလို ဘွားကလည်း မေမေ့ ရိုးအမူကြောင့် ပန် အခုလို ချစ်သူနောက် လိုက်ပြေးသွားတာကို အပြစ်တင်ပြီး သူ့အခန်းတံခါးပိတ်ထားသည်မှာ ပြန်ပွင့်မလာတော့။

မေမေက တစ်ချိန်လုံး ငိုနေကာ ဘွားအခန်းရှေ့မှာ သွားရပ်လိုက်၊ ထန့်နား ပြန်လာလိုက်နှင့် တစ်ယောက်တည်း ဗျာများနေတာကို ထန် မကြည့်ရက်၍ ပန့်ချစ်သူအကြောင်း မေမေသိချင်တာ သိခွင့်ရအောင် သွားစုံစမ်းဖို့ ဆုံးဖြတ်ခြင်း ဖြစ်သည်။

"ပြောပါဦး ထန်ရယ်၊ ပန့်ချစ်သူက ဒီလောက်ပဲ ဆင်းရဲနွမ်းပါးနေလို့လား"

"ဘွားပြောသလောက်လည်း မဟုတ်ပါဘူး မေမေ၊ ဂန္ဓတို့က ဘွားလောက် မချမ်းသာပေမယ့် သူ့မှာ သူ့စီးပွားနဲ့သူတော့ ရှိပါတယ်"





ဘာစီးပွားဟု ထန် မပြောတော့။

ပန်ပြော၍ သိရသလောက်ကတော့ ဂန္ဓအဖေနှင့် အမေက ကိုယ့်အိမ်ထောင်နဲ့ကိုယ် ကြီးပွားချမ်းသာနေကြတာ သိရသည်။ ဂန္ဓက ဘယ်သူ့မှ အားမကိုး။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး သူ့စီးပွား သူလုပ်သည်။ ဆေးကုမ္ပဏီတစ်ခုကို သူ့သူငယ်ချင်းတစ်ယောက်နှင့်တွဲပြီး ဖွင့်ထားသည်။ သူကိုယ်တိုင်လည်း အလုပ်တစ်ဖက်နှင့် ကျောင်းတက်နေသူ။ ပန်နှင့် ချစ်သူဖြစ်တာ သိပ်မကြာသေး။ ဘွားက ပန်ကို ဂန္ဓနှင့် သဘောမတူ။ သူ သဘောတူသည့် ဦးဝဏ္ဏနှင့် ဇွတ်အတင်း လက်ထပ်ပေးဖို့ ကြိုးစားလာ၍ ဂန္ဓက ပန့်ကို ခိုးပြေးခြင်းဖြစ်သည်။

ပန့်ဖုန်းကိုဆက်တော့ စက်ပိတ်ထားသည်။ ပန့်ဒိုင်ယာရီထဲက ဂန္ဓဖုန်းကို လိုက်ရှာပြီးဆက်တော့ စက်ပိတ်မထား။ ဖုန်းကိုင်မည့်သူလည်း မရှိတာနှင့် ဘာမှ ဆက်လုပ်၍မရ။

"ဘွားမသိအောင် ပန့်ကို လိုက်ရှာပါဦး ထန်ရယ်၊ မေမေတို့ သမီးအတွက် စိတ်ပူတယ်၊ သူတို့ ဘယ်မှာရှိတယ်ဆိုတာသိရင် နေလို့ရသေးတယ်။ အခုလို သတင်းမကြား ဘာမကြားနဲ့ဆိုတော့ မေမေ့မှာ အတွေးအမျိုးမျိုးနဲ့ ဘာတစ်ခုမှ လုပ်လို့ကိုင်လို့ မရဘူး သမီးလေးရယ်"

ပန်နဲ့ ထန်ဆိုတာ အသက်ခြင်း တစ်နှစ်သာကွာ၍ အကြောင်းမသိသူတွေက ထန်တို့ကို အမွှာလို့ ထင်ကြသည်။ ညီအစ်မဆိုတော့ ရုပ်ချင်းကလည်း ဆင်သည်။ ဒါပေမယ့် ထန်က ပိုချောသည်။ ပိုလှသည်။ ပန်က ထန့်လောက် မလှ။ ထန့်ကို ချစ်သူတွေ ဝိုင်းဝိုင်းလည်နေချိန်မှာ ပန့်မှာ ချစ်သူမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထန်ကိုယ်တိုင် အချစ်ရေးကို စိတ်မဝင်စား။

ထန်နားမှာရှိနေသူတွေကိုလည်း ရင်မခုန်။ အသည်းမာသူလိုလို၊ မာနမင်းသမီးလိုလို ထန်ကို ပြောဆိုနေသူတွေကြားမှာ ထန်က အပြုံးမပျက်။ ကိုယ့်လမ်းကိုယ်လျှောက် ကိုယ့်အလုပ်ကိုယ်လုပ်ပေမယ့် ယန်က ဘယ်အချိန်က ချစ်သူရည်းစား ရသွားမှန်းမသိ။ ဘွားနှင့် ပြဿနာဖြစ်တော့ ချစ်သူနောက် လိုက်ပြေးသွားသည်။

မေမေ့ဆန္ဒအတိုင်း ထန်က ယန်တို့အကြောင်း ဘွားမသိအောင် ကျိတ်စုံစမ်းရသည်။ ယန်တို့ ဘယ်မှာလဲ၊ ဘယ်ရောက်နေလဲဆိုတာ ယန့်သူငယ်ချင်းတွေကလည်း မပြော။ ယန့် သူငယ်ချင်းတွေကလည်း နှုတ်လုံနေတာ ထန် ဘာဆက်လုပ်ရမှန်းမသိ။

"စိတ်ချလုံခြုံတဲ့နေရာမှာ ယန်တို့ ရှိတယ် ထန်၊ ဒီလောက်ဆို နင်လည်း သဘောပေါက်မှာပါ။ ယန်က ဘွားကို သိပ်ကြောက်နေတာဟ၊ ဘွားသိရင် ဂန္ဓနဲ့သူ့ကို ခွဲပစ်မှာ ထန်လည်း သိတယ်မဟုတ်လား"

ယန့်သူငယ်ချင်းမ စံက ဒီလောက်ပဲ ထန့်ကိုပြောသည်။ ယန့် စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပါ။ ဘွားက အခုထိ ထန်တို့သားအမိကို စကားမပြောသေး။ ယန် အခုလို ချစ်သူနောက် လိုက်သွားတာ ထန်တို့သားအမိနှစ်ယောက်ကြောင့်ဟု ပြောဆိုစွပ်စွဲကာ ဒေါသပေါက်ကွဲသည်။

"ထန် ဘယ်သူ့ကိုမှ မပြောပါဘူး မစံရယ်၊ မေမေ့ကိုပဲ ပြောမှာပါ"

"အမယ်လေး သွားမလုပ်နဲ့ ထန်၊ ထန့်မေမေကိုယ်တိုင်





က ဘွားလူနော်၊ နောက်တော့ မစံ ပြောပါ့မယ်၊ အခုတော့ လျှို့ဝှက်လိုက်ဦးမယ်"

"မေးမရလည်း မစံသဘော၊ ထန် ပြန်မယ်"

ယန့်သူငယ်ချင်းတွေက ဒါမျိုးတော့ အားကိုးရသည်။ အားလုံးက ဘွားအကြောင်းသိထားတာဆိုတော့ သူတို့အပြစ်လည်း မဟုတ်။ ထန်တို့သားအမိတောင် ဘွားကို ကြောက်နေရတာဆိုတော့ ဒီလောက်တော့ ရှိမှာပဲဟု သဘောထားလိုက်သည်။

အိမ်အပြန်လမ်းမှာ ထန်တစ်ယောက်တည်း ယန့်အကြောင်းတွေးရင်း ကားကို မောင်းလာသည်။

"တီ"

ကားဟွန်းသံနှင့်အတူ ထန့်ကားနားက ကျော်ဖြတ်သွားသည့် ကားကို အမှတ်တမဲ့ လှမ်းအကြည့် ထိုကားနံပါတ်ကို ထန် ချက်ချင်း မှတ်မိလိုက်သည်။ အမည်းရောင် ပြိုင်ကားက တခြားသူကား မဟုတ်။ ယန့်ချစ်သူ ဂန္ဓကား။

ထန် ဘာမှ စဉ်းစားမနေတော့ဘဲ ပြိုင်ကားနောက် သူ့ကားလေးကို တအား မောင်းလိုက်ခဲ့သည်။ ဘယ်သူမှ မပြောချင်လည်းနေ။ ကာယကံရှင် ဂန္ဓနှင့်တွေ့ရင် သူတို့ ဘယ်မှာနေလဲဆိုတာ ထန့်ကို ပြောကိုပြောရမည်။ မပြောလို့လည်း မရတော့။

ထန်က ကိုယ့်စိတ်ကူးနှင့်ကိုယ် ရှေ့က သွားနေသည့် ကားနောက်ကို မျက်ခြည်ပြတ်မခံဘဲ ဖိလိုက်သည်။ ရှေ့ကကားက အစတုန်းက ထန် သူ့ကားသွားရာနောက် ထက်ကြပ်မကွာ လိုက်နေတာကို သိပုံမရ။ နောက်တော့ ထန့်ကား သူ့ကားနောက် လိုက်နေမှန်း သိသွားပုံနှင့် ထန့်ကားကို မျက်ခြည်ပြတ်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



တခြားလမ်းသွယ်တွေထဲ လျှောက်မောင်းပြီး ထန် ဆက်မလိုက်နိုင်အောင် လုပ်သည်။

ထန်ကလည်း အညံ့မခံ။

ပြိုင်ကားမည်းမည်းသွားရာနောက် ဖွတ်အတောင်း လိုက်သည်။ ပြေးသူနှင့် လိုက်သူပွဲက လှသည်။ ထန့်ကို ဒီလိုမျိုး လာလုပ်လို့မရ။ ဘွားသွေး စာစဝက်ပါသည့် ထန်က ကိုယ်ဖြစ်ချင်တာကို ဖြစ်ကို ဖြစ်ရမှာဆိုသူတွေထဲ ထိပ်ဆုံးကပါသူ ဖြစ်သည်။

သွေးက စကားပြောသည်ဆိုတာ ဒါလားမသိ။ ဘွားနှင့် အနေများ၍ ဘွားအကျင့်စရိုက်တွေပဲ ထန့်ဆီ ကူးလာတာလည်း ဖြစ်နိုင်သည်။ အိမ်မှာဆို အားလုံးက ထန့်ကို ဘွားနှင့် အကျင့်စရိုက် အတူဆုံးမြေး ဘွားကိုယ်ပွားဟု မေမေကအစ ထန့်ကို ပြောတတ်ပေမယ့် ဘွားနှင့်တူတာကို ထန် မနှာကျင်။ သဘော်ကျစွာပင် ရယ်မောနေခဲ့သည်။

“ဘွားမြေးပဲ ဘွားနဲ့တူတာ ဘာဆန်းလို့လဲ”

ခေါင်းမာသည့်နေရာမှာလည်း ထန်က ဘွားနှင့်တူသည်။ ပူးဆို ဖရုံမသီးချင်တာလည်း ထန်က ဘွားအတိုင်း ဖြစ်သည်။

“ထန်နော်၊ ကိုယ်က မိန်းကလေး နေရာတိုင်း လိုက်ခေါင်းကြီးမနေနဲ့၊ ခေါင်းမာတယ်၊ တဇွတ်ထိုးဆန်တယ်ဆိုတာ ကောင်းတာ မဟုတ်ဘူး”

မေမေက ထန် ဘွားနဲ့တူတာ မကြိုက်။

ဘွားကွယ်ရာမှာ ထန့်ကို တိုးတိုးကျိတ်ဆုံးမပေမယ့် မရ။ ဘွားမြေးဖြစ်သည့် ထန်က ဘွားသွေးဆိုတော့ ဘွားနဲ့တူတာမဆန်း။ မေမေ့သွေးက ထန့်ကိုယ်မှာ စီးဆင်းနေသလို ဘွားနှင့်





မေမေ့သွေးကလည်း ထန့်ကိုယ်ထဲ လှည့်ပတ်နေတော့ ထန်ဆိုတာကလည်း ဘွားသွေးပီပီ ဘာကိုမှ အနိုင်မခံ အရှုံးမပေးတတ်သူ ဖြစ်သည်။

“တီ… တီ”

ရှေ့ကကားက အရှိန်ပြင်းပြင်းနှင့် တစ်နေရာပြီး တစ်နေရာကိုဖြတ်သွားလသို ထန်ကလည်း သူ့မကားနှင့် အမီလိုက်သည်။ လမ်းမှာ ရှောင်ရတိမ်းရ။ ရှေ့ကကားကို မျက်ခြည်ပြတ်မသွားအောင် သတိထားရနှင့် ထန်တစ်ယောက်တည်း အလုပ်ရှုပ်နေချိန်မှာ ဖုန်းက အသံထမြည်ပေမယ့် မကိုင်နိုင်။ ရှေ့ကကားကိုသာ ကြည့်ပြီး လိုတ်နေမိသည်။

လူရှင်းသည့်နေရာမှာ သူ့ကားက အရှိန်လျှော့လိုက်တော့ နောက်ကားက စက်ကွင်းကားကို မီလာသည်။ သေချာပြီ။ သူ့ကားကို ဘယ်လိုကောင်ကများ အသည်းအသန် နောက်ယောက်ခံလိုက်ကြီးစားနေရတာလဲ။

“ကျွီး”

ကားဘရိတ်ကို နင်းပြီး နောက်ကကားရဲ့အမိကို ခံလိုက်သည်။

“ကျွီး”

အံ့မယ်။

နောက်ကကားကလည်း မခေပါလား။

စက်ကွင်းကားကိုကျော်ပြီး ကျွီးခနဲ သူ့ကားရှေ့က ခပ်ကြမ်းကြမ်း ပိတ်ရပ်လိုက်ပုံက သတ္တိအပြည့်။ စက်ကွင်းလိုလူကို ရန်စခေါ်ချလိုက်ပုံက အပီအပြင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း"

"ဝုန်း"

ကားတံခါးဖွင့်သံ ပိတ်သံအဆုံးမှာ သူ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် စက်ကွင်း နှုတ်ခမ်းတင်းတင်းစေ့သွားပြီး မျက် တွန့်မိလျက်သား ဖြစ်သွားသည်။

ဒါက ဘာလဲ။

သူ ထင်ထားတာက ကားပေါ်က သူ့လို မိုက်ကနားက ဂျစ်ကန်ကန်ကောင်တစ်ကောင် ဆင်းလာလိမ့်မည်ဟု ထင်ထား မယ့် ကားပေါ်က တကယ် ဆင်းလာသူက သူ ထင်သလို သူ့ ရန်စ စိန်ခေါ်မည့် ယောကျ်ားတစ်ယောက်မဟုတ်။ အလွန်လ သော နုနယ်လှပသည့် မိန်းမချောလေးဖြစ်နေ၍ စက်ကွင်း အံ့ သွားသည်။

သူ ကြည့်နေတုန်းမှာ မိန်းမလှလေးက စက်ကွင်းကား ရောက်လာပြီး စတေကာအမည်းတပ်ထားသည့် သူ့ကားတံခါး လာခေါက်သည်။ စက်ကွင်းက သူ့ကားတံခါးကို ချက်ချင်း မဖွ မှန်ထဲက မြင်နေရသည့် မျက်နှာလေးကို သေချာစေ့စေ့စပ် စူးစိုက်ကြည့်လိုက်သည်။

ဘယ်လိုကြည့်ကြည့် လှသည်။

အသက်က သူ့ထက် တော်တော်လေး ငယ်သည်။ ဖြ ဝင်းမွတ်နေသည့် အသားအရေမှာ ဘာအစက်အပြောက်မှ မ ပန်းသွေးရောင် ဖြူဥဝင်းနစ်နေ၏။ ဆံပင်ရှေ့သို့ရောက်အော မျက်နှာလေးမှာ မည်းနက်ဝိုင်းစက်သည့် မျက်ဝန်းအစုံက က ငယ်တစ်ယောက်လို ကြည်လင်တောက်ပလျက်။ ဇင်ရော်တော





ချက်လုံး၊ နှုတ်ခမ်းစင်းစင်းလေးအောက်မှာ ဖူးအိနီစိုနေသည့် နှုတ်ခမ်း အစုံက စိုလက်နေသည့် နှုတ်ခမ်းဆေးရောင် ဖျော့ဖျော့ကြောင့် တစ်မျိုး ရင်ခုန်စရာ ဆွဲဆောင်နေသည်။

သူမ ဘယ်သူလဲ။

စက်ကွင်းလည်း မသိ။

သူ့ရည်းစားတွေထဲက မဟုတ်တာတော့ သေချာသည်။

စက်ကွင်းကို ဇာတ်လမ်းရှာချင်လို့ တမင် ဒီလိုလုပ်တာ ဆိုရင်တော့ မပြောတတ်။

"ခေါက်… ခေါက်"

ဒီတစ်ခါတော့ ကားတံခါးကို လျှာခနဲ ဖွင့်ချပေးလိုက်တော့ ကားထဲကို ငုံ့ကြည့်နေသော မျက်နှာလှလှလေးနဲ့ နီးနီးလေး ဖြစ် သွားသည်။

"ဒီမှာ ဂန္ဓ၊ ရှင် ယုန့်ကို ဘယ်မှာ ဝှက်ထားလဲ"

"ဟင်"

"ရှင် ဂန္ဓလည်း မဟုတ်ဘူး"

လှလေးက လှသလို အသံလေးက ချိုကြည်နူးဖတ် နေသူ လေးထံမှ အံ့သြသော အမူအရာ၊ စိမ်းသက်သော အလိုမကျသော အကြည့်တို့နှင့် နောက်ကို ခြေတစ်လှမ်းစာ ပြန်ဆုတ်သွားသည့် အနေအထားကိုကြည့်ပြီး သူမက လူမှားပြီး စက်ကွင်းကားနောက် ခေါက်နေမှန်း သိလိုက်သည်။

"ကိုယ့်နာမည် စက်ကွင်း"

"ရှင့်ကို ဘယ်သူက မေးလို့လဲ"

"လူမှားနေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



အမည်းရောင်မျက်မှန်နှင့် လူကိုကြည့်ပြီး ထန် စိတ်ညစ်သွားသည်။ ထန် လူမှားပြီး ပြောမိတာပဲ။ ကားကို သေချာ ပြန်ကြည့်လိုက်တော့ ကားက ထန် တွေ့ဖူးသည့် ဂန္ထကားမှ ဂန္ထကားအစစ်။

“ဒီမှာ”

“ပြော… ကိုယ် ဘာကူညီရမလဲ”

“ဒီကားကို ရှင် ဘယ်က ရတာလဲ”

“ဗျာ…”

“ဒီကားက ဂန္ထကား မဟုတ်လား”

“နိုး”

“ဘာပြောတယ်”

“ဒီကားကို ကိုယ် ကိုယ်တိုင် ဂျပန်က မှာစီးတာ… ပြောတာ”

“ဂန္ထကား မဟုတ်ဘူးပေါ့”

“မင်းပြောတဲ့နာမည် ကြားတောင် မကြားဖူးဘူး”

ထန့်မှာ ပြောစရာစကားမရှိ ဖြစ်သွားသည်။ ဒါဆို ထ… အမှတ်မှားတာပေါ့။

“ဆောရီး… ထန် လူမှားသွားလို့”

“ထန်တဲ့လား”

သူ့ပြောစကားကို ဆုံးအောင် ထန် နားမထောင်တော့။ ဂ… ကားထင်ပြီး သူစိမ်းယောကျာ်းတစ်ယောက်အနားနောက်… အသည်းအသန် လူမှားပြီး လိုက်ခဲ့မိသမျှ ရှက်စိတ်ဖြင့် မျက်… လေး ပန်းနုရောင် ဖြန်းခနဲ နွေးပူသွားသည်။ ကားပေါ် ခပ်မြန်မြန်





…ဆက်ပြီး နေရာက ဝေါခနဲ မောင်းထွက်ခဲ့သည်။

နောက်ကို တစ်ချက်လှည့်မကြည့်တော့။

ဒါပေမယ့် နောက်ကြည့်မှန်ထဲက လှမ်းမြင်နေရတာက ထန့်…ား ထွက်သွားသည်နှင့် စက်ကွင်းလို့ သူ့ကိုယ်သူ မိတ်ဆက်…ကားဆိုလာသူ ကိုလူချောကားက ထန့်ကားနောက်မှာ ထက်…ကြပ်မကွာ အတူလိုက်ပါလာခြင်း ဖြစ်သည်။

ထန့်ကားနောက်ကို သူ့ကား ဆက်မလိုက်လာပါစေနှင့်ဟု …တိတ်ဆုတောင်းပေမယ့် ထန့်ဆုတောင်းကမပြည့်။ ထန့်ကား…ယ်သွားသွား စက်ကွင်းဆိုသည့်လူရဲ့ကားက အရိပ်လေးလို…တူလိုက်နေတော့ ထန် ငိုချင်သွားသည်။

အခုမှ ကိုယ့်အတတ်နှင့်ကိုယ် စူးနေသည်။

သူ့ကားနောက်ကို ထန်က ဂန္ထကားထင်ပြီး အသည်းအသန်…တ်အတင်း လိုက်ခဲ့တုန်းက ဘာမှ မခံစားရ။ ထန် ထင်ထား…သလို ဂန္ထကား မဟုတ်။ တခြားသူကားဖြစ်နေ၍ ကိုယ့်ကိစ္စ…ပြီဆိုပြီး ထွက်လာမှ စက်ကွင်းဆိုသည့်လူချောက ထန့်ကား…နောက်မှာ ထန် ဘယ်သွားသွား လိုက်ပါနေတာကိုကြည့်ပြီး…တော့ ထန် ဒေါသဖြစ်လာသည်။

ဒါက ဘာသဘောလဲ။

ထန့်ကို ပြန်ကလဲ့စားချေတာဆိုရင်တော့ ဒီလူ့လုပ်ပုံက သိပ်… လွန်လွန်းပြီ ထင်သည်။ ထန်က လူမှားခြင်း ဖြစ်သည်။

သူကြတော့ ထန့်ကို တမင် စိတ်အနှောင့်အယှက်ပေးချင်၍…တ်နေသည်။ ဒီပုံနှင့် အိမ်ပြန်လို့မဖြစ်။ အိမ်မှာက ပန်းကိစ္စ…ကြောင့် မိုးမီးလောင်နေသည့်အထဲ ထန်ကပါ သူစိမ်းယောကျာ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်လာတာမြင်လျှင် ဘွားရေ
မေမေပါ ထန့်ကို ခွင့်လွှတ်ကြမှာမဟုတ်။

ထန့်ကိစ္စ အိမ်အထိပါလို့မဖြစ်။

စက်ကွင်းဆိုသည့်လူ ဘာအဓိပ္ပာယ်နှင့် ထန်သွားရာနောက်
တကောက်ကောက် လိုက်နေမှန်းမသိ၍ လူရှင်းသည့်နေရာမှာ
ထန့်ကားကို ထိုးရပ်လိုက်တော့ နောက်ကလိုက်နေသည့် စက်ကွင်း
ဆိုသည့်လူရဲ့ကားလည်း ရပ်သွားသည်။

ကားပေါ်က ထန် ဆင်းလိုက်တော့ တစ်ဖက်ကားပေါ်က
စက်ကွင်းကလည်း သူ့ကားပေါ်က ဆင်းလာသည်။ အခုမှ သူ
အရပ်ကြီး ဘယ်လောက်မြင့်မှန်း ထန် မြင်လိုက်ရသည်။

"ကား ဘာဖြစ်လို့လဲ ထန်"

ထန့်အမည်ကိုခေါ်ပြီး မေးလိုက်ပုံက သူနဲ့ထန်ပဲ အရ
ကတည်းက သိကျွမ်းလာခဲ့ကြသလိုလို။ တရင်းတနှီး။ အနာ
ရောက်လာသည့် သူ့မျက်နှာကို ထန် မော့ကြည့်လိုက်သည်။

"ရှင် ဘာကိစ္စ ထန့်နောက်ကို လိုက်နေရတာလဲ"

"ထန် ဘယ်သွားမလဲ သိချင်လို့"

"ထန် ဘယ်သွားသွား ရှင့်အပူလား"

ထန့်စကားကြောင့် သူ ဘာဆက်ပြောရမှန်းမသိဘဲ ထ
မျက်နှာလေးကို စိုက်ကြည့်နေသည်။ အနီးကပ်ကြည့်မှ စက်ကွ
ဆိုသည့်လူက ပိုချောနေသည်။ အထူးသဖြင့် စူးရှတောက်ပသည့်
မျက်ဝန်းနက်တွေနှင့် ထန့်မျက်ဝန်းဆုံတိုင်း ထန့်ရင်ထဲ တစ်
ဖြစ်သွားတာကို ထန် မကြိုက်။

"ထန် ဘယ်မှာနေလဲဆိုတာ ကိုယ် သိခွင့်ရမလား"





"ရှင် ထန့်နာမည်ကို မခေါ်ပါနဲ့၊ ရှင့်ကို ထန် မသိဘဲနဲ့
ဘာကိစ္စ ထန်နေတဲ့နေရာ ရှင့်ကို ပြောရမှာလဲ"

"ကိုယ့်နာမည် စက်ကွင်း၊ ကိုယ့်ဒယ်ဒီနဲ့ မာမီက ဦးစက်
ြင်နဲ့ ဒေါ်မိုးပုလဲ၊ နေတာက မေခလမ်း၊ ကိုယ့်မှာ မောင်နှမ
ရှိဘူး။ တစ်ဦးတည်းသောသား၊ ဒီလောက်ဆို ရပြီလား"

"ရှင်ပြောတိုင်း ထန်က ယုံရမှာလား"

"မယုံရင် ဖုန်းဆက်မေးကွာ၊ ခြံအမှတ် (×××)မှာ ကိုယ်
ပြောတဲ့လူတွေ ရှိလားလို့"

"ရှိတော့ ထန်က ဘာလုပ်ရမှာလဲ"

"ကိုယ် ဘယ်သူလဲဆိုတာ ထန့်ပဲ သိချင်တယ်ဆို"

"အို… ထန်ပြောတာ အဲဒီလိုသဘောမျိုး မဟုတ်ပါဘူး၊
င်နဲ့ထန် အခုမှ သိတာကို ပြောတာ"

ထန်တို့ စကားပြောနေတုန်း ဖုန်းကအသံမြည်လာသည်။
တစ်ခါတော့ ထန်ဖုန်းမကိုင်လို့ မဖြစ်တော့။ မေမေ ထန့်ကို
ာ်ပူနေမှာ သိသည်။

"ဖုန်းလာနေပြီ၊ ပြောလိုက်ဦး"

စက်ကွင်းက ထန့်ကိုပြောရင်း ထန်မျက်နှာလေးကို စိုက်
ြည့်နေသည်။ ထန်က သူ့ကိုဘာမှမပြော။ ဖုန်းယူပြီး စကား
ာနေပုံလေးကိုပဲ စက်ကွင်းရင်ထဲ ထူးဆန်းနေ၏။ ဘယ်လို
ဆန်းမှန်းတော့ မသိ။

ထန်ပြောနေသည့် စကားအရ သူမမေမေနှင့် ပြောနေမှန်း
ိလိုက်သည်။ သမီးအချောအလှလေးဆိုတော့ ဘယ်အမေမှ စိတ်
ချနိုင်တာ သဘာဝကျသည်။ သဘာဝမကျတာက စက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်လူ။ ဘယ်မိန်းကလေးကိုမှ သူကစပြီး ပတ်သက်ဖို့ ေ
ကြိုးစားခဲ့ဖူးသည့်လူက ထန်ဆိုသည့် မိန်းမလုနှင့်ကျတော့ ဘာ
စဉ်းစားမနေပဲ ဖွတ်အတင်း ပတ်သက်ချင်နေသည့်အတွက် စက်
ကွင်းဘဝမှာ တစ်ခါမှ မလုပ်ဖူးတာတွေ ထန်နဲ့ကျမှ လုပ်ဖြ
ပြောဖြစ်နေသည်။

ထန့်နေရာမှာ တခြားမိန်းကလေးတစ်ယောက်ဆိုရင် စက်
ကွင်းရဲ့ ဥပဓိရုပ်၊ စက်ကွင်းမိသားစု အနေအထား၊ စက်ကွင်း
လိုလိုချင်ချင် လိုက်လျှောပတ်သက်နေပုံတွေကြောင့် ဇာတ်လ
တစ်ပုဒ် ဖြစ်သွားမှာ သေချာပေမယ့် ထန်ကျတော့ တစ်မျိုးဖြ
သည်။

စက်ကွင်းကို ကြည့်ပုံက စိတ်ရှုပ်နေသည့် အမူအယာ
စက်ကွင်းပြောသမျှ စကားတွေ ဘာတစ်ခုမှ အာရုံရောက်ပုံမ
ဖြစ်နိုင်လျှင် သူမနားက စက်ကွင်းကို အမြန်ဆုံးထွက်သွားစေချ
နေမှန်း ထန့်ပုံစံလေးကိုကြည့်ပြီး စက်ကွင်းအလိုလို နားလည်
သည်။ သိနေသည်။

အပွဲပွဲနွှဲလာသမျှ ထန်နဲ့ကျမှ စက်ကွင်းဆိုတာ ဘာမှသ
စားမရသည့်လူ ဖြစ်သွားပြီလားမသိ။ ထန်လက်ထဲက ဖုန်းလေ
ကိုပိတ်ပြီး စက်ကွင်းကို လှည့်ကြည့်သည်။

"ရှင့်ကို ထန် တောင်းပန်ပါတယ်၊ ကျေးဇူးပြုပြီး ထန့်
နောက်ထပ် မနှောင့်ယှက်ပါနဲ့လားရှင်၊ ထန့်မှာတခြား အခ
ကြီးတဲ့ကိစ္စတွေ ရှိနေလို့ပါ"

"ထန် တကယ် တောင်းပန်ပါတယ်၊ ထန့်ကို ခွင့်လွှတ်ပါ"

မျက်နှာလှလှလေးကလည်း တည်တည်ငြိမ်ငြိမ်နှင့် စ





ကွင်းအပေါ် ရန်လိုတာတွေ၊ ဒေါသဖြစ်နေတာတွေ မရှိတော့။
ပြဿနာက ထန်ကစခဲ့သည့် ပြဿနာဆိုတော့ ထန်ကပဲ စက်ကွင်း
ကို ပြန်တောင်းပန်စကား ဆိုလိုက်သည်။ မတောင်းပန်လို့လည်း
မဖြစ်။ ဒီလိုပုံနှင့် စက်ကွင်းအိမ်ကို လိုက်လာမှာ ထန် ကြောက်
နေသည်။ ပန့်ကိစ္စကြောင့် စိတ်ရှုပ်နေချိန်မှာ နောက်ထပ် ပြဿနာ
အဖြစ်မခံနိုင်။

"ကိုယ်က ထန်နဲ့ မိတ်ဆွေဖြစ်ခွင့် မရှိတာလား"

"ရှင့်ကိုမှ မဟုတ်ဘူး၊ ဘယ်သူနဲ့မှ ထန် မိတ်ဆွေ မဖြစ်
ချင်တာ"

"ဘာဖြစ်လို့လဲ၊ ထန့်မှာ ချစ်သူရှိလို့လား"

"ဆိုပါတော့၊ ထန် သွားတော့မယ်"

ထန်က သူမနောက် ဆက်မလိုက်လာရင် ပြီးရောဆိုသည့်
သဘောနှင့် စက်ကွင်းမေးတာကို ခေါင်းညိတ်ပြီး သူ့ကို နှုတ်
ဆက်လိုက်ပေမယ့် သူကမသွား။

"ထန့်ဖုန်းနံပါတ် ကိုယ့်ကိုပေးပါ၊ ဒီတစ်ခုတော့ ခွင့်ပြု
လို့ရတယ် မဟုတ်လား"

နှစ်ယောက် အကြည့်ချင်း ဆုံသွားသည်။

စက်ကွင်းပုံစံ ကြည့်ရတာ ထန့်လိုပဲ တဖွတ်ထိုးဆန်ဆန်
ခေါင်းမာမည့် လူစားမှန်း သိလိုက်ရ၍ ထန့်စိတ်ကို လျှော့လိုက်
သည်။

"ဖုန်းနံပါတ်ရရင် ရှင် ထန့်နောက်ကို တကယ်ဆက်မလိုက်
ရဘူးနော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ထန့်ဖုန်းနံပါတ် ရှင်မှတ်လိုက်"

ထန်က သူမဖုန်းနံပါတ်ကို ပြောပြီး ကားပေါ်တက် မောင်းထွက်ရန် ပြင်လိုက်သည်။

"နေဦး"

"ဘာလဲ"

စက်ကွင်းက ထန်အမေးကို မဖြေပဲ ထန့်ကားရှေ့မှာ ပိတ်ရပ်ပြီး သူ့ဖုန်းခလုတ်တွေကို နှိပ်နေသည်။

"ဟဲလို"

"ထန်နဲ့ ပြောချင်လို့ပါ"

"ဖုန်းများနေပါတယ်ရှင်"

ဖုန်းစပီကာ ဖွင့်ထား၍ သူပြောသမျှ ထန်အကုန် ကြားနေရ၍ ထန် အလိမ်လည်း ပေါ်သွားသည်။

"ဘယ်လိုလဲ ထန်၊ ထန် ကတိမတည်ရင် ကိုယ်လည်း ကတိမတည်ဘူးနော်"

စက်ကွင်းစကားကြောင့် ထန်စိတ်ညစ်သွားသည်။

"ထန့်မှာ ချစ်သူရှိတယ်လို့ ရှင့်ကို ပြောထားသားပဲ၊ ထန် ချစ်သူ အထင်လွဲမခံနိုင်ဘူးရှင့်"

"ကောင်းပြီ၊ ဒါဆို ထန်သွားလို့ရပြီ"

"ရှင် ဘာလုပ်ဦးမလို့လဲ"

"အို"

ထန် ငိုချင်သွားသည်။

စက်ကွင်းပုံစံက ပြောရင်ပြောသည့်အတိုင်း လုပ်မည့်ရုပ်တိကျပြတ်သားသည့် သူ့နှုတ်ခမ်းနှင့် မျက်ဝန်းတွေက ဖော်ပြနေ၍ ထန် သက်ပြင်းချလိုက်ရသည်။



"ရှင့်ကို ထန် တော[illegible]လို့ မရတော့ဘူးလား"

"နိုး"

"ဖုန်းနံပါတ်ရပြီးရင် ရှင် ထန့်နောက်ကို မလိုက်ရဘူးနော်"

"[illegible] ကတိတည်ရင်ပေါ့"

"ထန် ကတိတည်တယ်၊ ရှင်လည်း ရှင့်ကတိရှင် တည်ပါစေ"

"အိုကေ"

ထန့်ဖုန်းနံပါတ်အစစ်ကို ပေးလိုက်တော့ သူကချက်ချင်း ထန့်ဖုန်းကို လှမ်းခေါ်ကြည့်သည်။ မှန်နေတော့မှ ထန်မျက်နှာကို ပြန်ကြည့်ပြီး ပြုံးသည်။

"ကိုယ့်ကို ဘာဖြစ်လို့ ထန့်အိမ်ကို မသိစေချင်ရတာလဲ"

"မသိစေချင်ပါဘူးဆိုမှ မသိစေချင်လို့ပေါ့ရှင့်၊ ရှင့်စကားအတိုင်း ဒီမှာနေခဲ့ပါ၊ ထန်သွားပြီ"

ဒီတစ်ခါတော့ စက်ကွင်းကား ထန့်နောက်လိုက် မလာတော့ပါ။ သူ့ကားကိုမီရင်း ထန့်ကိုလက်ပြ နှုတ်ဆက်ပြီး နေရာမှာ ရပ်ကျန်နေတာတွေ့မှ ထန်အိမ်ကို ဖြောင့်အောင်ပြန်နိုင်သွားသည်။ သူကတော့ ထန့်ကို ဘယ်လိုမိန်းကလေးဟု ထင်နေမည်မသိ။ ထန်ကတော့ ကိုယ့်အကြောင်းကိုယ်သာ အသိဆုံးမို့ သက်ပြင်းတစ်ချက်ချလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းဆိုသည့် ကြော်ငြာတွေ သတင်းစာတိုင်းမှာ အဘွားသဘောနှင့် ဆက်တိုက်ပါလာသည်။ အချစ်ကြီးတော့ အမျက်ကြီးနေသည့် အဘွားက ဘယ်သူဘာပြောပြော နားမဝင်။ တစ်ဖက်က လာရောက်ချေစပ်တောင်းပန်တာကိုလည်း လက်မခံ။ သူ့အချစ်ဆုံး မြေးပန်ကို စိတ်အနာကြီးနာပြီး သူကိုယ်တိုင်လည်း မစားနိုင်မသောက်နိုင် အိပ်ရာထဲလဲသွားသည်။

"စိတ်ကိုလျှော့ပါ မာမီရယ်၊ ပန်မိုက်တာ သူ့မိုက်ပြစ်သူခံရမှာပါ၊ မာမီပါ အခုလိုမစားနိုင် မသောက်နိုင် အိပ်ရာထဲလဲနေတော့ ခင်ခင်တို့က ဘယ်လိုလုပ် စိတ်မကောင်းနိုင်ကြမှာလဲ"

ပြောရင်း နှလုံးနာနယ်သည့် မေမေက အဘွားကိုကြည့်ပြီး အဘွားရှေ့မှာ မျက်ရည်ကျသည်။ အဘွားက မေမေ့စကားကို အင်းမလှုပ် အဲမလှုပ်။ ဘာတစ်ခွန်းမှ ပြန်မပြော။ ကြားထဲက





မနေနိုင်သည့် ထန်ကပဲ အဘွားနှင့်မေမေ့ကို မကြည့်ရက်စွာ ကြားထဲက ဝင်နှစ်သိမ့် စကားပြောရသည်။

"ဟုတ်ပါတယ် အဘွားရယ်၊ ပန့်ကို အဘွားကိုယ်တိုင် အမွေပြတ်စွန့်လွှတ်လိုက်ပြီပဲ၊ သူလည်း သူ့မိုက်ပြစ်သူ သိမှာပါ၊ အဘွားပန့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ပန်သိရက်နဲ့"

"အမိုက်မအကြောင်း ဘွားရှေ့မှာ မပြောစမ်းနဲ့ ထန်၊ အဘွားက ဒင်းကောင်းစားပါစေဆိုပြီး နတ်ပြည်ဆွဲတင်တာ၊ မြင့်တယ်ဆိုပြီး ခုန်ချသွားတဲ့ မိပန်ကို အဘွားအိမ်ရိပ် ဘယ်တော့မှ မနင်းစေနဲ့၊ ကြားလား...ထန်"

"ဟုတ်ကဲ့ပါ အဘွား"

"ပန့်ထက်စာရင် ထန်လေးကမှ လိမ္မာသေးတယ်၊ အဘွားဘဝမှာ ပန်ဆိုတဲ့မြေး အခုချိန်ကစပြီး မရှိတော့ဘူး၊ အဘွားမြေးဆိုတာ ဟောဒီက ထန်ပဲ၊ ထန်ရော အဘွားစကားကို နားထောင်မှာလား မြေးလေး"

"နားထောင်မှာပေါ့ အဘွားရယ်၊ ဘွားသာ နေကောင်းအောင်နေပါနော်"

အိပ်ရာထဲက အဘွားလက်ပိန်ပိန်လေးကို ကိုင်ပြီး အဘွားစိတ်ချမ်းသာအောင် အဘွားအကြိုက်လိုက်ပြီး စကားပြောနေသည့် ထန့်ကို အဘွားကသေချာကြည့်သည်။

"ဘွားကို ချစ်ရဲ့လား ထန်"

"ချစ်တာပေါ့၊ ထန်တို့မှာ ချစ်စရာဆိုလို့ ဒီအဘွားနဲ့ ဒီမေမေပဲရှိတာ"

"ဒါဆို မောင်ဝဏ္ဏနဲ့ ထန့်ကို အဘွားလက်ထပ်ပေးမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရှင် ထန့် သဘောတူလား”

“ရှင်”

ဒီတစ်ခါတော့ ထန် တကယ်လန့်သွားကာ အဘွားကို ရှုတ်လုံးဝိုင်းကြီးတွေနှင့် ပြန်ကြောင်ကြည့်နေမိသည်။ ဟန်နှင့် လက်ထပ်ဖို့ သဘောတူထားသည့် သတို့သားလောင်းကြီးက ဟန် မရှိတာနဲ့ ထန်ဘက်ကို လှည့်လာပါလားဟုတွေးပြီး အဘွား ဘာ တွေတွေးပြီး ဘာတွေစဉ်းစားနေမှန်း အခုမှထန် သဘောပေါက် လာသည်။

“မြေးပဲ အဘွားကို ချစ်တယ်ဆို၊ အဘွားကိုချစ်ရင် အဘွား စကားကို နားထောင်မှ ဖြစ်မှာပေါ့ မြေးရဲ့”

အဘွားစကားက ချည်ပြီးတုပ်ပြီးသား စကားဖြစ်ပေမယ့် အဘွားအစီအစဉ်ကို ထန်လက်မခံနိုင်ပါ။

“အဘွားကို ထန်ချစ်ပါတယ်၊ အဘွားစကားကိုလည်း နား ထောင်ချင်ပါတယ်”

“နားထောင်ချင်ရင် နားထောင်လိုက်ပေါ့ မြေးရဲ့”

အဘွားက ထန့်စကားကို နားထောင်ပြီး အားတက်သရော ဝင်ပြောသည်။ မေမေ့ကို လှမ်းကြည့်လိုက်တော့ မေမေက ထန် နှင့်အဘွားကြားမှာ ဘာတစ်ခုမှ ဝင်မပါလိုသည့်ပုံနှင့် အဘွား စားပွဲကို အလုပ်မရှိ အလုပ်ရှာပြီး ရှင်းလင်းနေသည့်အတွက် ထန့်ကိစ္စ ထန်ရှင်းရတော့မည်ဟု နားလည်သဘောပေါက်လိုက် သည်။

“ဦးဝဏ္ဏကြီးနဲ့တော့ ထန် လက်မထပ်ချင်ပါဘူးအဘွား ရယ်၊ ဟန်နဲ့ လက်ထပ်မဲ့လူကြီးကို”





“အေး…ထန်လေး ပြောတာလည်း ဟုတ်တာပဲ၊ မောင် ဝဏ္ဏမဟုတ်တဲ့ တခြားသူတစ်ယောက်ကို အဘွားမြေးလေးအ တွက် ရှာလိုက်မယ်၊ ဘယ်လိုလဲ ခင်ခင်၊ မာမီအစီအစဉ် ကောင်း တယ်မဟုတ်လား”

“ကောင်းပါတယ် မာမီ”

အဘွားက ချွေးမဘက်လှည့်၍ ထောက်ခံချက်ယူပြီး သူ့ အစီအစဉ် သူသဘောကျစွာ အိပ်ရာက လူးလဲထလိုက်သည်။

“အဘွားကို စွပ်ပြုတ်တိုက်စမ်း မြေး၊ အဘွား အားရှိမှ အဘွားနေကောင်းမှ ထန့်မင်္ဂလာပွဲကို အကောင်းဆုံး စီစဉ်နိုင်မှာ”

“ဟုတ်ကဲ့ အဘွား”

ထန့်အတွက် သတို့လောင်းက ဘယ်နေမှန်းမသိ။

လောလောဆယ် အဘွားနေကောင်းဖို့က အရေးကြီးသည့် အတွက် အဘွား အစာတောင်းလာချိန်မှာ စွပ်ပြုတ်ပူပူလေး ခပ် မြန်မြန်တိုက်လိုက်သည်။ သို့သော် အဘွားက စိတ်ပဲရှိသည်။ စွပ်ပြုတ်ရည်ကို သုံးလေးဇွန်းထက် ပိုမသောက်နိုင်။

“တော်ပြီ မြေး…တော်ပြီ၊ အဘွား ဆက်မသောက်နိုင် တော့ဘူး”

အိပ်ရာပေါ် ခွေခွေလေး ပြန်လှဲအိပ်ချလိုက်သည့် အဘွား ကိုကြည့်ပြီး ထန်တို့သားအမိနှစ်ယောက် သက်ပြင်းကိုယ်စီ ချ လိုက်မိကြသည်။

“ကဲ…ကဲ…သွားကြ၊ သွားကြ၊ အဘွား ခဏအနားယူ လိုက်ဦးမယ်”

အဘွားအားက သားအမိနှစ်ယောက် ပြန်ထွက်လာခဲ့ရပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန့်ကိုအဘွား ဘယ်လောက် ချစ်မှန်းသိတော့ အဘွားဖြစ်နေပုံကို ကြည့်ပြီးသနားနေမိသည်။

"အဘွားကို ကြည့်ပါဦး မေမေရယ်၊ ပန် ထွက်သွားကတည်းက မစားနိုင် မသောက်နိုင်နဲ့ အိပ်ရာထဲ လဲသွားလိုက်တာ၊ ပန်ကြောင့် အဘွား ဘယ်လောက် ခံစားနေရလဲဆိုတာ ပန့်ကိုမြင်စေချင်တယ်...သိလား"

မေမေက ထန့်စကားကို ဘာမှမပြောပေမယ့် မေမေ့စိတ်ထဲမှာ အဘွားလိုပဲ သူ့သမီးပန့်ကို သတိရနေမှာ ထန့်သိသည်။ တဆင့်စကားကြောင့် ပန်တို့ဇနီးမောင်နှံ နှစ်ယောက် ပြင်ဦးလွင်မှာ ရောက်နေသည်ဟု သိရသည်။ ချစ်သူနှစ်ဦး မိုးမမြင် လေမမြင် အပျော်ကြီးပျော်နေချိန်မှာ အိမ်မှာကျန်ခဲ့သည့် မိသားစုကတော့ သူတို့သဘောမတူသည့် လူနောက်လိုက်ပြေးသွားသည့် သမီးမိုက်နှင့် မြေးမိုက်အတွက် ရင်ကွဲမတတ် ခံစားကျန်ရစ်ခဲ့တာကို ပန် သိမည်မဟုတ်ပါ။

"မေမေ"

"ပြောလေ သမီး"

"အဘွားက ထန့်ကို ယောကျ်ားပေးစားဖို့ စီစဉ်နေတာ မေမေ ကြားတယ်မဟုတ်လား"

"ကြားပါတယ်ကွယ်၊ သမီးအဘွားက ပန့်လိုထန့်ကို ဖြစ်မှာ အစိုးရိမ်လွန်နေလို့ပါ"

ဒါကိုတော့ ထန်မငြင်းပါ။

အဘွားပြောသလို အဘွားပေးစားမည့် ယောကျ်ားကိုတော့ အဘွားစိတ်ချမ်းသာစေချင်တာ တစ်ခုထဲနှင့် ဘဝကြီးတစ်ခုလုံး





ရက်ရက်စက်စက် ထိုးအပ်မပစ်နိုင်တာ ထန်ပဲသိသည်။

"အဘွားရှေ့မှာ အဘွားစိတ်ချမ်းသာအောင် ထန် ခေါင်းညိတ်ခဲ့တာပဲရှိတယ်၊ ချစ်သူရည်းစား ထားရမှာတောင် အာရုံနောက် အလုပ်ရှုပ်လို့ မထားခဲ့တာ၊ အဘွား ရှာပေးမဲ့ ယောကျ်ားတော့ ဘယ်လိုယောကျ်ားဖြစ်ဖြစ် ထန်တော့ မယူနိုင်ပါဘူးနော်"

"အေးပါ သမီးရယ်၊ အဘွားကလည်း ထန့်ကို တကယ်ယောကျ်ားပေးစားနိုင်သေးတာလည်း မဟုတ်ပါဘူး၊ အဘွား အကြိုက်၊ အဘွား စိတ်ချမ်းသာအောင် သမီးက ခေါင်းညိတ်ထားလိုက်စမ်းပါ"

"ထန့်ဆန္ဒ၊ ထန့် သဘောထားကို မေမေ့ကိုပြောပြီးပြီနော်၊ နောက်မှ ထန့်ကို ပန်လိုမြေးမိုက်၊ သမီးမိုက်ဆိုပြီး မပြောနဲ့"

"အေးပါကွယ်၊ မေမေ့သမီးလေးက လိမ္မာပြီးသားပါ"

"ဒါမှ ထန့်မေမေ"

ထန်က မိခင်ဖြစ်သူကို ဖက်ပြီး ပါးပြင်ကို ရှုတ်ခနဲ နမ်းလိုက်တော့ မေမေက ရယ်သည်။

"ကလေးမဟုတ် ဘာမဟုတ်ပဲနဲ့ ထန်ရယ်၊ အဘွားပေးစားမယ့် ယောကျ်ား မယူချင်ရင်လည်း အခုထဲက သမီးဘာသာသမီးရှာထား"

"အာ...မေမေကလည်း၊ ထန်မှ အိမ်ထောင်မပြုချင်သေးတာကို"

"ကဲ...တော်ပြီ၊ တော်ပြီ၊ ရော့...ဒီမှာ အိမ်အတွက် လိုအပ်တာတွေ မေမေ ရေးထားတဲ့စာရင်းယူပြီး ဈေးဝယ်ပေးဦး၊ ပိုက်ဆံ



www.burmeseclassic.com

မေမေ့အခန်း အံဆွဲထဲမှာ လိုသလောက်ယူသွား"

"အခု သွားရမှာလား မေမေ"

"ကော်ဖီမှုန့် ကုန်နေပြီဆိုတော့ အခုပဲ သွားလိုက်ပါ… အဘွားက အိပ်ရာကနိုးရင် ကော်ဖီသောက်လိုက်မှ နေတတ်တာ… တခြားလိုတာတွေလည်း သမီးဘာသာ ကြည့်ဝယ်ခဲ့"

"ဟုတ်ကဲ့ပါ၊ ဒါဆို ထန်သွားပြီနော် မေမေ"

အရင်က အိမ်အတွက် ဈေးဝယ်သည့်အလုပ်ကို ယန်ပဲ အ… လုပ်ပေးနေကြ ဖြစ်ပေမယ့် အခုယန်မရှိတော့ ထိုတာဝန်က ထ… ခေါင်းပေါ် ရောက်လာသည်။ ရေချိုးခန်းအပြေးဝင်၊ အဝတ်အစ… လဲ၊ ဈေးစာရင်းနှင့်တိုက်ပြီး ပိုက်ဆံတစ်ထပ်ဆွဲပြီး နီး… စီးတီးမာ့(တ်)ထဲ လိုအပ်တာ စာရင်းတိုက်ဝယ်ရ၍ ပတ်ဝန်းကျ… ကိုပင် ဂရုမစိုက်နိုင်။ တစ်ယောက်ထဲ အလုပ်ရှုပ်ဗျာများနေသ… ထန်ကို လူတစ်ယောက် တစ်နေရာက မျက်တောင်မခတ် လို… ကြည့်နေတာကို မသိ။ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေသည်။

ထိုလူက တခြားလူမဟုတ်။ ထန် မေ့ထားသည့် စက်ကွ… ဆိုသည့်လူ။ ထန်က စက်ကွင်းကို မေ့ထားပေမယ့် စက်ကွင်း… ထန့်ကို တစ်နေ့တစ်ရက်မှ မမေ့။ ထန်ပေးထားသည့် ဖုန်းနံပါ… ကို ဆက်ပေမယ့် ထန်ကသူ့ဖုန်းကိုမကိုင်။ တစ်ခါတလေ … ဖုန်းခေါ်တာနဲ့ သူမဖုန်းကို စက်ပိတ်ထားတာလည်း ရှိသေးသည်…

စက်ကွင်းဆိုတာ အစထဲက ဘယ်မိန်းကလေးကိုမှ အ… စိုက်တတ်သူမဟုတ်။ မာနမင်းသားဆိုတာ စက်ကွင်းကို သူ… ပတ်သက်သည့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းက စက်ကွင်း… ပေးထားသည့် နာမည်ပါ။ အခုတော့ သူ့ထက်မာနကြီးသ…





…မိန်းမလှလေးနှင့် လာတွေ့နေသည်။ ထိုမိန်းမလှလေးက ထန်။

တွေ့ပုံက ဆန်းသည်။

အစတုန်းက သူ့ကိုတမင် ဇာတ်လမ်းလာရှာသူတွေထဲက …တစ်ယောက်ဟု ထင်ခဲ့သည်။

နောက်တော့ ထန်က စက်ကွင်းထင်သလို မဟုတ်။

စက်ကွင်းနှင့် ပတ်သက်ရင်းနှီးရမှာကိုပင် ထန်က ကြောက် …နေသူ။ သူ အပြင်သွားတိုင်း ထန်နှင့်ထပ်ဆုံဦးမလားဆိုသည့် …အတွေးနှင့် သူသွားရာနေရာတိုင်းမှာ ထန့်ကိုရှာခဲ့ပေမယ့် မတွေ့။ …တွေ့မယ့်တွေ့တော့ ထန့်ကားလေး ရပ်ထားသည့်နေရာက စက် …ကွင်းကားနားမှာ ဖြစ်နေတယ်။ ထန့်ကားနံပါတ်ကို မှတ်ထား …သည့် စက်ကွင်းက သူမကို စီးတီးမာ့(တ်)ထဲ လိုက်ရှာခဲ့ခြင်း …ဖြစ်သည်။

ထန့်ကို စက်ကွင်းတွေ့နေပေမယ့် ထန်ကသူ့ကို မမြင်။ …စာရင်းစာရွက်ကြည့်လိုက်၊ လိုအပ်တာတွေ တွန်းလှည်းလေးထဲ …ထည့်လိုက်၊ ပါးစပ်ကလေးလှုပ်၍ သူမဘာသာတစ်ယောက်တည်း …စကားပြောလိုက်၊ ဈေးဝယ်လိုက် လုပ်နေပုံလေးက စက်ကွင်း …မြင်ကွင်းထဲမှာ မေ့ပျောက်မရသော ပုံရိပ်တစ်ခု ဖြစ်သွားသည်။

စက်ကွင်းလို လူချောလှလှ သူဌေးတစ်ယောက်ကို ဘာလို့ …ထန့်လို မိန်းမလှလေးက စိတ်မဝင်စားဘဲ ကွင်းရှောင်ထွက်ပြေး …နေရတာလဲ။

သူမမှာ ချစ်သူရည်းစား ရှိနေတယ်ဆိုတာ တကယ်လား။ …ကြောင့် စက်ကွင်းကို မပတ်သက်တာဆိုရင်တော့ စက်ကွင်း …လုံးသား ကံဆိုးဖို့ဖြစ်နေပြီ ထင်သည်။ စက်ကွင်းနားမှာ မိန်းမ

www.burmeseclassic.com



လှလေးတွေ အများကြီးရှိသည်။ ပုံသဏ္ဌာန်အမျိုးမျိုး၊ အနေအထာ အမျိုးမျိုး ရှိနေပေမယ့် စက်ကွင်းနှလုံးသားကို အခုချိန်ထိ သိမ်း ပိုက်ထားနိုင်သူ မရှိသေး။

စက်ကွင်းက သတိရတမ်းတပြီး မတွေ့ရ မနေနိုင်အောင် လွမ်းနေရသူမျိုးလည်း မပါ။ ထန်နှင့်ကျတော့ စက်ကွင်းဘဝမှာ တစ်ခါမှ မခံစားဖူးသည့် ခံစားချက်အသစ်တစ်မျိုးနှင့် ထန်ကို မကြာခဏ သတိရနေသည်။

နောက်ထပ် ထန့်ကိုပို၍ သတိရနေစေတာ၊ မေ့မရအောင် အမှတ်ရနေစေတာကတော့ ထန်က စက်ကွင်းဖုန်းဆက်တိုင်း သူ့ ဖုန်းကို လုံးဝမကိုင်ခြင်းနှင့် သူမဖုန်းကို စက်ပိတ်ပစ်လိုက်ခြင်း တို့ကြောင့် ဖြစ်သည်။ တွေ့စထဲက ထန့်ကိုမြင်မြင်ချင်း စိတ် ဝင်စားခဲ့သည်။ ထန့်ဘက်က စက်ကွင်းနှင့် လုံးဝမပတ်သက်ချင် မှန်းသိတော့ သူ့ဘက်ကထန့်ကို ပိုပြီးရင်းနှီး ပတ်သက်ချင်လာ သည်။

သူ ထန့်ဖုန်းကို ဆက်တိုင်း ထန်က သူမဖုန်းကို စက်ပိတ် ပစ်တာခံရတိုင်း စက်ကွင်းပြုံးမိသည်။ ကိုယ့်အဖြစ်ကိုယ် သဘော ကျနေသည်။ ဝဋ်လည်တယ်ဆိုတာ ဘဝတောင် မပြောင်းလိုက် ရပါလား။

အရင်က သူ့ဆီဖုန်းဆက်လာသည့် မိန်းကလေးတွေကို စက် ကွင်း တုံ့ပြန်ပုံက အခုထန် သူ့ကိုလုပ်ပုံနှင့် အတူတူဖြစ်သည်။ ကိုယ်က သူများကို အထက်စီးက အရသာရှိရှိ ကိုယ်လုပ်ချင်တာ လုပ်လိုက်ရတုန်းက တစ်ဖက်သားရင်ထဲ ဘယ်လိုခံစားသွား မည်ဆိုတာမျိုး မတွေးခဲ့။ ကိုယ့်အလှည့်ကျတော့ ထန်လုပ်တာ

ခံမရပ်နိုင်စိတ်နှင့် မခံချိမခံသာ ဘာလုပ်၍ လုပ်ရမှန်းမသိ ...န်းဒိုင်းကြဲ ပေါက်ကွဲပစ်ချင်နေ၏။

စက်ကွင်းကို ဘယ်သူမှ ဒီလိုလာလုပ်လို့မရဘူးဆိုတာမျိုး သူ့နှုတ်ဖျားက အသံထွက်ပြီး ရေရွတ်မိသည်ထိ ထန်လုပ်ပုံကို ...က်ကွင်းရင်ထဲ ခံပြင်းနေမိသည်။ ထန်က သူ့ကို အခုလိုဆက်ဆံ ...လေ၊ စက်ကွင်းက ထန့်ကိုပိုတွေ့ချင်လေ။ ပိုပြီး မေ့မရနိုင်ပဲ သတိရမိလေ ဖြစ်လာသည်။

မင်းဟာ ဘယ်လို မိန်းကလေးမျိုးလဲ ထန်။

ဒါက စက်ကွင်း အသိချင်ဆုံး မေးခွန်းဖြစ်သည်။ သေချာ ...ာက ထန်ကစက်ကွင်း တွေ့ဖူးမြင်ဖူးနေကြ မိန်းကလေးတွေ ...နှင့် လုံးဝအသွင်မတူပဲ တစ်မူထူးခြားဆန်းကြယ်စွာ ကွဲပြားခြား ...းနေသူ ဖြစ်ရသည်။

စက်ကွင်းဆိုလျှင် မိန်းကလေးတိုင်းက ရင်းနှီးပတ်သက် ...ချင်ကြသည်။ ပန်းလက်ဆောင်ပေးတာ၊ အရုပ်ဝယ်ပေးတာမျိုး ...တွေက စက်ကွင်းဘဝမှ ရိုးအီနေသော ဓာတ်လမ်းများဖြစ်သည်။ ...အားလုံးက သူနှင့်အဆင့်အတန်းတူ ဂုဏ်ရည်တူ လှချမ်းသာ ...ချေသမီးတွေချည်း ဖြစ်သည်။

လှသည်။

ချောသည်။

ငယ်သူရော ကြီးသူရော ရွယ်တူရော အားလုံးစုံနေသည်။ ...က်ကွင်း ဘယ်သူ့ကိုမှ စိတ်မဝင်စား။ ရင်လည်း မခုန်။ အခု ...ထိ ဘယ်သူ့ကိုမှ ချစ်စကားမဆိုဘူးသေး။ မိန်းကလေးအား ...ကို တစ်ပုံစံထဲ၊ တစ်မျိုးတစ်စားထဲဟု သတ်မှတ်ထားသမျှ



www.burmeseclassic.com

www.burmeseclassic.com



ထန်နှင့်ကျတော့ စက်ကွင်းအတွက် တစ်မျိုးထူးဆန်းလျက် စိတ်ဝင်စားစရာ ဖြစ်လာသည်။

သူ့ကို ထန်က လုံးဝမပတ်ချင်တာကို အခံရအခက်ဆုံးဖြစ်သည်။ ထန့်ကိုသာ သူတကယ် ချစ်မိပြီဆိုရင်တော့ သူမှာချစ်သူရှိတာတွေ ဘာတွေကို ဂရုစိုက်နေမှာမဟုတ်။ သူ့ချစ်သူကို သူပဲရယူပိုင်ဆိုင်ရမည်ဆိုတာ စက်ကွင်းရဲ့အတ္တဖြစ်သည်။

ထန့်မျက်နှာလေးကို စက်ကွင်းစူးစိုက်ကြည့်ရင်း ရင်တစ်ခုလုံး နွေးထွေးလှုပ်ခတ်လာသည်။ သူ ဘာမှစဉ်းစားမနေတော့ပဲ ထန်ဈေးဝယ်နေသည့် နေရာရှေ့တည့်တည့်မှာ ဝင်ရပ်လိုက်သည်။

"ထန်"

"ဟင်… ရှင်"

စက်ကွင်းကို အနီးကပ်မြင်လိုက်ရတော့ ထန် လန့်သွားသည်။ ဒီလူ ဘယ်အချိန်က ထန်နားရောက်နေမှန်း ထန်မသိ။

"ကိုယ့်ကိုတော့ မှတ်မိသေးသားပဲ"

ထန့်မျက်နှာကို စူးစိုက်ကြည့်ရင်း ပြောလာသူ၏ မျက်နှာထားကို ထန် ကြာကြာမကြည့်ပဲ ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။

"ထန့်ကို ခွင့်ပြုပါ၊ ထန် သွားတော့မယ်"

"သွားလေ၊ ဒီတစ်ခါတော့ ထန် ဘယ်သွားသွား ထန်သွားရာနောက် ကိုယ်လိုက်ရုံပဲ"

"ဟင်"

ဒီလိုတော့ မဖြစ်သေး။

ထန့်နောက်ကို ဘာမဆိုင် ညာမဆိုင် သူစိမ်းယောက်





ျားတစ်ယောက် လျှောက်လိုက်တာမျိုး ထန် ခွင့်မပြုနိုင်ပါ။ ထန် သူ့ကိုအလန့်တကြား မော့ကြည့်လိုက်တော့ စက်ကွင်းက ထန့်မျက်လုံးတွေထဲ ခပ်ရဲရဲ တုံ့ပြန်စူးစိုက်ကြည့်ရင်း မရယ်မပြုံး ခပ်တည်တည်လုပ်နေ၍ ထန် စိတ်ညစ်သွားသည်။

"ဒီမှာ"

"ကိုယ့်နာမည် စက်ကွင်း"

ပြဿနာပဲဟု တွေးလိုက်သည်။

သူ ဖုန်းဆက်တိုင်း ထန်ဖုန်းမကိုင်။ သူ့ဖုန်းမှန်းသိတာနှင့် ထန်ဖုန်းကို စက်ပိတ်ပစ်တတ်၍ သူ့ပုံက ထန့်ကိုစိတ်ဆိုး ဒေါသဖြစ်နေသလား မပြောတတ်ပါ။ မြင့်မားသော အရပ်က ထန့်ကိုယ်လေးပေါ်မှာ မိုးနေသည်။ လှုပုံချောချောနှင့် မိန်းကလေးတိုင်း ရင်ခုန်စိတ်လှုပ်ရှားစရာ ပုံရိပ်ပိုင်ရှင်ဖြစ်ပေမယ့် စက်ကွင်းဆိုသည့် ဒီလူချောကို ရင်ခုန်စိတ်လှုပ်ရှားမည့် မိန်းကလေး အများစုထဲမှာ ထန် မပါတာကို သူသိစေချင်သည်။

"ရှင် ထန့်ကို ဒေါသဖြစ်နေတာလား"

"ဟုတ်တယ်"

ထန့်အမေးစကားကို ပွင့်လင်းစွာ ဖြေလိုက်၍ ထန် စိတ်ပျက်သွားသည်။ တကယ်ဆို သူနဲ့ထန်ဆိုတာ ဘာမှလည်း ဆိုင်တာမဟုတ်။

"မင်း ဘာလို့ ကိုယ်ဖုန်းဆက်တိုင်း မင်းဖုန်းကို ပိတ်ပိတ်ထားရတာလဲ"

"ဖုန်းပိတ်ပစ်တယ်ဆိုထဲက ရှင့်ကို ထန်စကား မပြောချင်လို့ပေါ့ရှင်၊ ရှင်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထန့်ဘက်က အဖြေကရှင်းနေပေမယ့် စက်ကွင်းဘက်က မရှင်းနိုင်အောင် စိတ်ခံစားချက်များကြောင့် ထန့်မျက်နှာလေးကို စိုက်ကြည့်ပစ်သည်။

"မင်း ကိုယ့်ကို ဒီလိုလုပ်လို့ မရဘူး ထန်"

"ထန့်သဘောပါ၊ ထန့်ဘာသာ လုပ်ချင်တာလုပ်မယ်"

"ဒီလိုကြေးဆိုလည်းရတယ်၊ မင်းလည်း မင်းကြိုက်တာလုပ်၊ ကိုယ်လည်း ကိုယ်ကြိုက်တာလုပ်ရုံပဲ"

"ဒီမှာ…ရှင် ထန့်ကို မနှောင့်ယှက်နဲ့နော်"

"မင်းကို ကိုယ်က ဘာတွေနှောင့်ယှက်နေလို့လဲ"

ထန် သူ့ကို နောက်ထပ် ဘာစကားမှ မပြောတော့။ သူ ဈေးဝယ်စရာရှိတာ ဆက်ဝယ်ပြီး သူ့ကိုမကြည့်မိအောင် ကြိုးစားပြီးနေသည်။ စက်ကွင်းက ထန်လုပ်ပုံကို အသည်းယားနေသည်။ တခြားမိန်းကလေးတွေလို သူ့ကိုဘာလို့ ချိုချိုသာသာ အရောတဝင် စကားမပြောချင်ရတာလဲဆိုတာ စဉ်းစားမရ ဖြစ်နေသည်။

နောက်တော့ သူ့လက်ထဲက ဖုန်းနှင့်သူ့ကို ဂရုမစိုက်ပဲ ဈေးဝယ်နေသည့် ထန်မျက်နှာလှလှလေးကို ဖျတ်ခနဲ ဓာတ်ပုံရိုက်ယူလိုက်သည်။ ဖြစ်ချင်တော့ စက်ကွင်းဓာတ်ပုံရိုက်လိုက်သည့် အချိန်မှာ ထန်ကသူရှိရာကို လှမ်းအကြည့်ဖြစ်နေ၍ သူမကို စက်ကွင်း ဓာတ်ပုံရိုက်နေတာ မြင်သွားသည်။

"ရှင် ဘာလုပ်တာလဲ"

"ဓာတ်ပုံရိုက်တာ"

"ကြည့်စမ်း…ရှင့်ကို ဘယ်သူက ရိုက်ခွင့်ပြုလို့လဲ၊ ရှင် သိပ်လွန်လာပြီနော်"





"ထန့်လောက်တော့ မလွန်သေးပါဘူး"

သူ ဖုန်းဆက်တိုင်း ထန်က သူမဖုန်းကို စက်ပိတ်ပစ်လိုက်တာကိုပြောမှန်း ထန် သိလိုက်သည်။

"ရှင်…ထန့်ဓာတ်ပုံကို အခုပြန်ဖျက်လိုက်နော်"

"ထန် မကျေနပ်ရင် ကိုယ့်ပုံကို ပြန်ရိုက်ယူသွားလဲရတယ်"

"ဘာဆိုင်လို့ ထန်ကရှင့်ပုံကို ရိုက်ယူရမှာလဲ"

"ထန်က မဆိုင်ချင်ပေမယ့် ကိုယ်ကဆိုင်ချင်နေတယ်ဆိုရင်ရော"

"ရှင် ဒီလိုပဲ အခြားမိန်းကလေးတွေကို လိုက်ပြောနေကြလား"

"ထန့် တစ်ယောက်ထဲကိုပဲ ဒီလိုစကားမျိုး ပြောဖူးတာ"

ထန်နှင့်သူ အကြည့်ချင်းဆုံသွားသည်။

ထန်က စက်ကွင်းကို ဘယ်လိုလူလဲဆိုသည့် အကြည့်နှင့် သဘောမကျစွာ ကြည့်ခြင်းဖြစ်သော်လည်း စက်ကွင်းကတော့ ထန် သူ့ကိုအခုလို ဂရုမစိုက်တာ၊ စိတ်မဝင်စားတာကို သဘောကျစိတ်နှင့် ထန့်မျက်နှာလှလှလေးကို တုံ့ပြန်စူးစိုက်ကြည့်နေခြင်းဖြစ်သည်။

"ရှင်လုပ်နေတာတွေ ထန်တစ်ခုမှ စိတ်မဝင်စားဘူး စက်ကွင်း ရှင့်အတွက် အကျိုးရှိမယ့် အချိန်တွေကို ထန်မဟုတ်တဲ့ တခြားတစ်ယောက်ဆီမှာ သွားကြိုးစားကြည့်လိုက်ပါ"

ထန်က သူမဝယ်ထားသမျှ ပစ္စည်းတွေကို ကက်(ရှ်)ရှား အားလုံးစုရှင်းပြီး စက်ကွင်းကို ဂရုမစိုက်ပဲ သူမကားရှိရာ လျှောက်သွားသည်။ စက်ကွင်းက ထန့်မျက်နှာလေးကို စိုက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ထန်နှင့်အတူပါလာသည်။ ဂစ္စည်းတွေအားလုံး ကားပေါ်တင်ပြီး မောင်းထွက်လာတော့ စက်ကွင်းကားက ထန့်ကားနောက်မှ ပါလာ၍ ထန် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

ဒီပုံအတိုင်းဆို ထန့်အိမ်အထိ သူလိုက်လာမှာတွေးပြီး ထန် ခေါင်းထဲ အကြံတစ်ခုလက်ခနဲ ရသည်။ ချက်ချင်း တစ်ခြကျော်က သီဟာဆီ ဖုန်းလှမ်းဆက်လိုက်တော့ သီဟာထံမှ ဖုန်းထူးသံ ပြန်ကြားရသည်။

"ပြော...ထန်၊ ဘာကိစ္စလဲ"

"နင် အခု ဘယ်မှာလဲ သီဟာ"

"အိမ်မှာလေ၊ ဘာဖြစ်လို့လဲ"

"ဘာမှ မေးမနေနဲ့၊ ဒီမှာ အရေးကြီးတဲ့ကိစ္စရှိလို့ ထန် အပြင်က ဖုန်းဆက်နေတာ"

"ပန့်ကိစ္စလား"

"အင်း"

"ဒီမှာ...ထန်ပြောတာ သေချာနားထောင်၊ ထန့်ကားမလာမချင်း ထန်တို့အိမ်ရှေ့က နင်ခဏလာစောင့်ပေးစမ်းပါ၊ အရေးကြီးတယ်နော်"

"အေးပါ ငါစောင့်နေမယ် ပန် အခုဘယ်မှာတဲ့လဲ"

"ထန်လာရင် ပြောပါ့မယ်ဆို၊ နင်ကလည်း"

"ဒါဆိုလည်း ပြီးရော...ပြီးရော"

သီဟာဘက်မှ ဖုန်းချသွားမှ ကားနောက်ကြည့်မှန်က တစ်ဆင့် ထန်မြင်နေရသော စက်ကွင်းကားကိုကြည့်ပြီး ထန်သက်ပြင်းချလိုက်သည်။ သီဟာဆိုတာ ထန်တို့ပန်တို့ရဲ့ ငယ်သူငယ်





ချင်း၊ တစ်ယောက်အ[illegible] တစ်ယောက်သိထားပြီးသား ဖြစ်ပေသည့် ပန့်မှာ ချစ်သူရည်းစားရသွားတာကို သီဟာကိုယ်တိုင်ပင် သိလိုက်။

အသွားက အမွေပြတ်ကြော်ငြာထည့်မှ အူယားဖားယား ထန် အိမ်ကို ပေါက်ချလာပြီး ပန့်အကြောင်း လျှာခလုတ်တိုက်မတတ် မေးသည်။ အသွား သဘောတူသည့် လူနှင့်မယူနိုင်၍ ပန်က အသွားသဘောမတူသည့် သူ့ချစ်သူနှင့် ခိုးရာလိုက်ပြေးသွားကြောင်း ထန်ပြောမှ သိသူ။

"ပန့်ကို ပစ်မထားပါနဲ့ ထန်ရယ်၊ ပန်တစ်ယောက်ထဲ သနားပါတယ်"

"အေးပါ"

အပေါ်ယံအမြင်မှာ သီဟာဆိုတာ ဖြူဖြူမြင့်မြင့် အရပ်အဆောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသစွာ ကြည့်ကောင်းအောင် ချောမောသူ ဖြစ်သော်လည်း သီဟာက မိန်းမလျှာစိတ် ပေါက်နေသူဖြစ်သည်။ ငယ်ငယ်က ပန့်တို့ထန်တို့နှင့် ဆော့ကြစားကြတိုင်း သီဟာက အမြဲမိန်းကလေးလုပ်တမ်း ကစားသည်။ ဆံပင်ရှည်ရှည်ထားသည်။ ပုဆိုးကို ထဘီလိုဝတ်သည်။ ပန်းပန်သည်။ စကားကို ကနွဲ့ကလျ တိုးတိုးညင်သာ ပြောသည်။

ထန်တို့က သီဟာကိုကြည့်ပြီး ရယ်ကြသည်။

သီဟာမိဘတွေက သူတို့သား မိန်းမစိတ်ပေါက်နေမှန်းသိ၍ အမျိုးမျိုး ရိုက်နှက်ဆုံးမကြသည်။ တားမြစ်ကြသည်။ မိဘတို့ကြောက်၍ အပြင်ပန်း ဝတ်စားဆင်ယင်ပုံနှင့် ပြောဆိုနေထိုင်ပုံက တကယ့်ယောကျ်ားပုံစံ ဖြစ်လာသော်လည်း သီဟာစိတ်က

www.burmeseclassic.com



[illegible]ကို စိတ်မဝင်စား။ ရွယ်တူယောကျ်ားလေး ချော့[illegible] စိတ်ဝင်တစား စိတ်ကစားချင်သူ ဖြစ်သည်။

ထန်ကားပေါ်က လှမ်းကြည့်တော့ သီဟကို ထန်အိမ်ရှေ့ အုတ်ခုံမှာ ထိုင်နေတာ တွေ့လိုက်ရသည်။ ထန့်ကားကိုမြင်တော့ ထန့်ကားရှိရာကို လျှောက်လာသည်။ စက်ကွင်းကားက ထန့်ကား နောက်မှာ ပါလာ၍ ထန်ကကားကို အိမ်နှင့်မလှမ်းမကမ်းမှာ အသာရပ်လိုက်သည်။

“ကားပေါ်တက် သီဟ”

“ဘယ်သွားမလို့လဲ ထန်၊ ပန့်ဆီလား”

“အင်း”

ထန် ခေါင်းညိတ်လိုက်တော့ ထန်ကားပေါ် သီဟရောက်လာသည်။

“နင့်အိမ်မှာ အန်တီဒေစီ ရှိလား”

“ရှိသားပဲ၊ ဘာဖြစ်လို့လဲ”

အန်တီဒေစီဆိုတာ သီဟမာမီ ဖြစ်သည်။ သီဟအဖေက မန္တလေးမှာ တာဝန်ကျနေသည်။ အန်တီဒေစီက ရန်ကုန်နှင့် မန္တလေး တစ်လှည့်စီ သွားနေရသူဖြစ်သည်။ သီဟတို့အိမ်မှာ သီဟအဘိုးနှင့် သီဟအဒေါ် အပျိုကြီး၊ ထမင်းဟင်းချက်သည့် ဒေါ်ခြုံနှင့် မိစိန်တို့ရှိသည်။ သီဟက ကျောင်းပိတ်ရက်မှာ မိဘတွေနှင့် မန္တလေးလိုက်လည်သော်လည်း ကျောင်းဖွင့်ချိန်မှာ ဘယ်မှမသွားနိုင်။

ထန်က သူမကားကို အိမ်ရှေ့ကဖြတ်ပြီး သီဟအိမ်ဘက်ကို မောင်းခဲ့သည်။ ပြီးတော့ စက်ကွင်းရှေ့မှာ ခပ်တည်တည် သီဟ





ခြံထဲ မောင်းဝင်သွားပြီး သီဟအိမ်ရှေ့မှာ ရပ်ထားလိုက်တော့ ခွာပြီးသွားသည်။ စက်ကွင်းက သူ့ကားကို ထန့်အိမ်ဟု သူဆင်သည့် သီဟအိမ်ရှေ့တည့်တည့်မှာရပ်ပြီး အိမ်ထဲကို လှမ်းကြည့်သည်။

“အန်တီဒေစီ နေကောင်းတယ်နော်”

“ထန်လေးပါလား၊ အန်တီတော့ ပန့်သတင်းကြားရတာ စိတ်မကောင်းဘူးကွယ်၊ ပန့်ကို တစ်ယောက်ထဲတော့ ပစ်မထားပါနဲ့ကွယ်၊ အခု ပန်က ဘယ်မှာလဲ”

“ပြင်ဦးလွင်မှာလို့ ပြောပါတယ် အန်တီ”

“အန်တီတို့ မန္တလေးနဲ့ နီးသားပဲ၊ ပန့်လိပ်စာ အတိအကျ ရရင် အန်တီ့ကိုပြော၊ ပန့်ကို အန်တီအနီးကပ် စောင့်ရှောက်ထားလိုက်မယ်၊ ထန် ဒီမှာရောက်နေတုန်း အန်တီခင်ခင့်ကို သွားတွေ့လိုက်မယ်”

“သား”

“ဗျာ…မာမီ”

“ထန့်အတွက် ကော်ဖီလေး ဘာလေးလုပ်ဦးလေ”

“ကြီးမေ လုပ်ပါလိမ့်မယ်၊ မာမီသာ သွားစရာရှိတာ သွားပါ၊ ထန်နဲ့သား စကားတွေ အများကြီး ပြောကြဦးမှာ”

“ကြီးမေ”

“အေး… လာပြီ… လာပြီ”

သီဟ အိမ်နောက်ဘက်ရှိ ထမင်းစားခန်း ရှိရာသို့ လှမ်းအော်လိုက်သည်နှင့် သူကြီးတော် အပျိုကြီး၏ တုံ့ပြန်ထူးသံ ကြားလိုက်ရ၏။ ထန်က သီဟနှင့်ကျန်ခဲ့ပြီး သီဟမာမီဒေါ်ဒေစီ



www.burmeseclassic.com

www.burmeseclassic.com



က ထန်အိမ်ဘက်ကို ကူးသွားသည်။ ထန်ကကြီးမေ ယူလာပေးသည့် ကော်ဖီကို ဖြောင့်ဖြောင့်မသောက်နိုင်။ ပန့်အကြောင်းမေးနေသည့် ကြီးမေစကားတွေကို ဖြေနေရသည်။

"ဟဲ့…သီဟ၊ ခြံရှေ့မှာ ကားတစ်စီးရပ်ထားပါလား၊ ဘယ်သူ့ကားလဲ သွားကြည့်ဦး"

ကြီးမေက ထန်နှင့်စကားပြောရင်း သူ့ခြံရှေ့မှာ ရပ်ထားသည့်ကားကို မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ သီဟက မလှုပ်။

"ထားလိုက်စမ်းပါ ကြီးမေကလည်း၊ သူ့ဘာသာ ကားပျက်နေတာဆိုရင် နေရင်းထိုင်ရင်း သီဟက အလုပ်ရှုပ်နေဦးမယ်၊ သူ့ဘာသာ ထားလိုက်၊ ပန့်အကြောင်း ဆက်ပြော ထန်"

သီဟကို ပြောမရတော့ ကြီးမေလည်း နောက်ထပ်စကားမဆိုတော့။ ထန်ကတော့ စက်ကွင်းဆိုသည့် လူလုပ်နေပုံကိုကြည့်ပြီး အသက်ရှူမဝချင် ဖြစ်နေသည်။ သီဟနဲ့ကြီးမေကို စကားပြောနေရပေမယ့် ထန့်အကြည့်တွေက သီဟတို့ခြံရှေ့မှာ ရပ်ထားသည့် စက်ကွင်းကားရှိရာသို့ မကြာခဏ ရောက်နေ၍ ကြာတော့ သီဟက ထန် ကြည့်ရာသို့ လိုက်ကြည့်သည်။ ကြီးမေက သူလုပ်စရာအလုပ်တွေရှိ၍ ထန်တို့နားမှာ မနေတော့၍ ထန်တို့နှစ်ယောက်ထဲ ကျန်ခဲ့သည်။

"နင့် ကြည့်ရတာ ဘာဖြစ်နေတာလဲ ထန်၊ ဟိုတစ်ယောက်ကရော ဘာလဲ"

"သူ့နာမည်က စက်ကွင်းတဲ့"

"အမယ်…နင့်မှာလည်း ဇာတ်လမ်းနဲ့ပါလား ထန်ရဲ့၊ ဘာ





လဲ…ပန့်ကို အားကျပြီး နင်ပါနင့်လူနဲ့ လိုက်ပြေးမလို့လား"

"အရေးထဲ နင်က ဘာတွေလျှောက်ပြောနေမှန်း မသိဘူး။ အဲဒီတစ်ယောက်နဲ့ ထန်နဲ့ ဘာမှမဆိုင်ဘူး၊ ထန့်ကိုလိုက်နှောင့်ယှက်နေလို့ စိတ်ညစ်နေတာ သိလား"

"ဒီလိုလား၊ ဒါဆို ဘာမှမပူနဲ့၊ နင့်ကိုယ်စား အဲဒီကောင်ကို ငါပညာသွား ပေးလိုက်မယ်"

"တကယ်လား သီဟ"

"ဒီမှာ…မြင်လား၊ ငါ့လက်သီး"

ရုတ်တရက်ဆိုတော့ ထန် ဝမ်းသာသွားသည်။

လောလောဆယ် အားကိုးစရာလည်းမရှိ။ သီဟပဲ ရှိသည်။ သီဟပုံစံက အကြောင်းမသိရင် လူကောင်ကြီးကြီးမားမား ထွားထွားကြိုင်းကြိုင်းဆိုတော့ မြင်ယုံနဲ့ ကြောက်ချင်စရာပါ။ သီဟအကြောင်းသိသွားမှ ဘာတစ်ခုမှ သုံးစားမရ ဖြစ်ခဲ့ရသည်ကလည်း အကြိမ်ကြိမ်။ ဒါကလည်း အခုမှမဟုတ်။ ထန်တို့ ငယ်ငယ်လေးထဲက ဖြစ်သည်။

အခုလည်း သီဟက ထန့်ကိုလက်သီးဆုပ်ပြပြီး ခပ်တည်တည်နှင့် လူမိုက်စတိုင် ထုတ်ပြနေသည်။

"နင် ဒီမှာနေခဲ့၊ ငါ သွားရှင်းလိုက်မယ်"

"သီဟ"

"ဟဲ့…နင်က သူ့ကို ဘာသွားပြောမလို့လဲ"

"နင် မသိရင် အသာနေစမ်းပါ"

သီဟက ထန် ပြောသမျှ အကုန်နားထောင်ပြီး ခပ်တည်တည် မျက်နှာထားနှင့် ခြံရှေ့မှာရှိနေသည့် စက်ကွင်းကားရှိရာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားသည်။ ထန်မှာ ရင်တထိတ်ထိတ်နှင့် သူတို့နှစ် ယောက်တွေ့ပြီး ဘာတွေဖြစ်လာမည်ဆိုတာ စိတ်ဝင်တစား တံခါး ထောင့်ချိုးအကွယ်နေရာလေးက စောင့်ကြည့်နေသည်။

စက်ကွင်းက သူ့ထံလျှောက်လာသည့် လူကိုကားဘော်ဒီကို သူ့ကိုယ်နှင့် ခပ်လျှောလျှော မှီရပ်ရင်း စီးကရက်အသောက်မပျက် ကြည့်နေသည်။ ထန်ကားပေါ် ဒီလူတက်သွားတာ။ ထန်နှင့်အတူ ခြံကြီးထဲ ဝင်သွားတာဆိုတော့ လူကောင်ကြီးပြီး သူ့ထက် ငယ်ရွယ်နုငယ်သော မျက်နှာကိုကြည့်ကာ ဒါထန့်မောင်လေးပဲ ဖြစ်မည်ဟု သူ့ဘာသာတွေးပြီး ယောက်ဖလောင်းကို ဘယ်လို စည်းရုံးရမလဲဟု စဉ်းစားနေ၏။

သီဟကတော့ စက်ကွင်းနှင့် ဆန့်ကျင်ဘက်။ ထန့်ကို လိုက် နှောင့်ယှက်နေသည့် ကောင်ကိုအပြတ်စာရင်း ရှင်းလိုက်မည်ဆို ပြီး မျက်နှာထားတင်းတင်းနှင့် အပြတ်အားခဲလာသူ ဖြစ်သည်။ စက်ကွင်းနှင့် အကြည့်ချင်းအဆုံမှာ ပထမဆုံး သီဟသတိထားမိ တာက ဒီလူတော်တော်ချောပါလား ဆိုတာဖြစ်သည်။ သီဟကို စူးစိုက်ကြည့်နေသည့် မျက်လုံးတွေက အရောင်တဖိတ်ဖိတ်လက် နေသလား ထင်ရသည်။

စီးကရက်သောက်နေသည့် စတိုင်က သီဟအကြိုက် အလွန် ယောကျ်ားပီသ၍ ဆွဲဆောင်မှု အပြည့်ရှိသော ပုံစံဖြစ်၍ စက်ကွင်း ဆိုသည့်လူကို ငေးကြည့်ရင်း သူ့နားရောက်မှန်းမသိ ရောက်လာ ၏။

"စက်ကွင်းဆိုတာ ခင်ဗျားလား"

"ထန် ပြောတာလား"





"ဟုတ်တယ်"

အမေးကို အမေးနှင့် တုံ့ပြန်ခံလိုက်ရပြီးနောက်မှာ စက် ကွင်းက သီဟကို ပခုံးတွန့်ပြသည်။ ဘာစတိုင်လည်းမသိ။ သီဟ မျက်လုံးထဲ စက်ကွင်းဆိုသည့်သူ လုပ်သမျှကြည့်ကောင်းနေ၍ သဘောကျချင်ချင် ဖြစ်နေသည်။

"စီးကရက်သောက်မလား"

"မသောက်ဘူး"

စက်ကွင်းက သူ့ဘောင်းဘီအိတ်ထဲက ရွှေရောင်စီးကရက် ဘူးပြာလေးကို သီဟရှေ့ထိုးပေးရင်း မေးလိုက်တာကို သီဟက ငြင်းပေမယ့် မျက်လုံးကတော့ ရွှေရောင်ဘူးပေါ်မှာ အင်္ဂလိပ်လို စက်ကွင်းအမည်ကို ဖောင်းကြွစာလုံးထွင်း ရေးထားတာကို မြင်ဖြစ် အောင်မြင်သည်။

"ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ"

"ထန်ကို စောင့်နေတာ"

"ခင်ဗျားနဲ့ ချိန်းထားလို့လား"

"ဟင့်အင်း"

"ကိုယ် သူ့ကို စိတ်ဝင်စားလို့"

"ထန်က ခင်ဗျားကို စိတ်မဝင်စားဘူးဗျ"

"ထင်လို့ပါ၊ အခုစိတ်မဝင်စားလည်း နောက်တော့ စိတ် ဝင်စားလာပါလိမ့်မယ်"

သီဟ ဘာဆက်ပြောရမှန်းမသိဖြစ်ပြီး စက်ကွင်းကို ကြောင် ကြည့်နေမိသည်။

"မင်းက ထန်မောင်လေးလား"

www.burmeseclassic.com



"အွန်း"

ထန်မောင်လေးဆိုသည့် စကားကြောင့် သီဟမျက်နှာကြ
အီလည်လည် ဖြစ်သွားသည်။ ခင်ဗျားထင်သလို ကျုပ်ကထ
မောင်မဟုတ်ဘူး၊ ထန်သူငယ်ချင်းဆိုလျှင် ထန်အလိမ်တွေ
တော့မည်။

"မင်းနာမည် ဘယ်သူလဲ"

"သီဟ"

"ကိုယ်နဲ့ဘော်ဒါဖွဲ့မလား"

"ထန်က ဆူလိမ့်မယ်"

ဘာဖြစ်လို့ ထိုစကားကို သီဟပါးစပ်က ပြောလိုက်မှ
မသိ။ ပြောပြီးမှ မှားသွားပြီဆိုတာ သိပေမယ့် သီဟကိုယ်တိုင်
စက်ကွင်းမျက်နှာကိုကြည့်ပြီး စိတ်ကအလိုလို ခင်ချင်နေတေ
ခက်သည်။ သီဟစကားကို နားထောင်ပြီး စက်ကွင်းတစ်ချက
ပြုံးလိုက်သည်။ ဒီလောက်ဆို သီဟသဘောကို သူနားလည်သည်

"တစ်နေရာရာသွားပြီး လက်ဘက်ရည်သောက်ရင်း စကာ
လေးဘာလေး ပြောရအောင်၊ သွားမလား"

"မဖြစ်ပါဘူးဗျာ"

ထန် အိမ်ထဲကကြည့်နေမှာကို သီဟသိသလို စက်ကွင်
လည်း သိနေမှာ သေချာသည်။ ထန်ရှေ့မှာ ပြောတုန်းက မိုးကြ
လေကြီး။ စက်ကွင်းဆိုသည့်ပူကို အခုပဲ မောင်းထုတ်ပစ်တော
မလိုလို ပြောလာခဲ့ပြီးမှ စက်ကွင်းကားပေါ် သီဟပါသွားလျှ
ထန်က သူ့ကိုသတ်မှာ သေချာသည်။

"ရေဆာလိုက်တာ"





သီဟ စဉ်းစားနေတုန်း စက်ကွင်းထံမှ ထွက်လာသည့်
စကားသံကြောင့် သီဟက စက်ကွင်းကားထဲကို ငုံ့ကြည့်သည်။

"ခင်ဗျားကားထဲမှာ ရေဘူးမပါဘူးလား"

"ပါတယ်၊ ရေကုန်နေလို့"

"ဒီနားမှာ ဘာဆိုင်မှမရှိဘူး"

"မင်းတို့ အိမ်မှာတော့ ရေရှိမှာပေါ့"

"အာ... ဒါက"

"ရေကုသိုလ်နော်၊ မငြင်းကောင်းဘူး၊ ကိုယ်တကယ် ရေ
ဆာနေလို့ ပြောတာ၊ နည်းနည်းဖြစ်ဖြစ် ကူညီပါကွာ၊ ဘော်ဒါ
ကွပဲ"

စက်ကွင်းကပြောရင်း သီဟကို မျက်လုံးတစ်ဖက် မှိတ်ပြ
လိုက်၍ သီဟမျက်နှာကြီး ရဲခနဲဖြစ်သွားကာ တစ်ခဏအတွင်း
မှာ စက်ကွင်းကို အခင်ကြီးခင်သွားသည်။

"ခင်ဗျား ထန်ကို အပျော်သဘောတော့ ကြံလို့မရဘူးနော်"

"အတည်ကြံမှာပါ၊ ထန် သဘောတူရင် လူကြီးစုံရာနဲ့
ထန့်ကို လာတောင်းပြီး လက်ထပ်မယ်၊ မင်းမယုံရင် ဒီစကား
ကို ထန့်ရှေ့မှာရော၊ မင်းတို့လူကြီးမိဘတွေရှေ့မှာ ကိုယ်ပြောရဲ
တယ်"

"ခင်ဗျားစကားက လွယ်လိုက်တာ"

"ဘာဖြစ်လို့လဲ"

"ထန်နဲ့ခင်ဗျား ဘယ်နှစ်ခါတွေ့ဖူးလို့ ခင်ဗျားက ဒီစကား
ပြောနေတာလဲ"

သီဟစကားကြောင့် စက်ကွင်း ရယ်လိုက်သည်။ သူ့အဖြစ်



www.burmeseclassic.com

က တခြားသူတွေ မယုံကြည်နိုင်တာ၊ လက်မခံနိုင်စရာ ဖြစ်ေ တာကို အပြစ်ပြောလို့မဖြစ်။ သူ့ကိုယ်သူတောင် ထန်နဲ့ပတ်သ ပြီး ဘာတွေပြောလို့ ဘာတွေဖြစ်နေမှန်း မသိအောင် ထန့်အေ မှာ ခံစားချက်တွေ ပြင်းထန်ပေါက်ကွဲချင်နေတာ သူကိုယ်တိုင် ပင် သိပ်နားမလည်ချင်။

"Love at first sight ဆိုတဲ့စကားကို ကြားဖူးတယ် မဟုတ် လား၊ ကိုယ် အခုဖြစ်နေတာ အဲဒီအတိုင်းပဲ၊ ဒါမျိုးက ကိုယ်တိုင် ကြုံသိရမှ သိနိုင်တာမျိုး၊ ထန်နဲ့မတွေ့ခင်အချိန်ထိ အချစ်ဆိုတ ကိုယ့်အတွက် ရယ်စရာအကောင်းဆုံး ပြက်လုံးတစ်ပုဒ်ပဲ"

"အခု ကိုယ်ရှုံးသွားပြီ"

သီဟ စက်ကွင်းနဲ့ စကားပြောနေချိန်မှာ ရပ်မနေရဲ သူ ထန်။ ထွက်သွားတာလည်း ကြာပြီ။ ပြောနေသည့် စကားေ ကလည်း မပြီးနိုင်သေးဘူးလား မသိ။ လက်သီးလက်မောင်းတ ပြီး ဖြေရှင်းပေးမည့်သူက စက်ကွင်းနားက မခွာနိုင်ဖြစ်နေတ ကြည့်ပြီး စိတ်ရှုပ်လာသည်။

"သီဟ"

"ဟိုမှာ မင်းအစ်မ ခေါ်နေပြီ"

"ခင်ဗျားလည်း ပြန်တော့လေ"

နောက်ဆုံး သီဟ အခြေအနေမဟန်၍ ထန်ကပဲ သီဟ အိမ်ရှေ့ထွက်ခေါ်လိုက်သည်။ ဒီတော့မှ သီဟက သူ့လာရင်းက ဖြစ်သော စက်ကွင်းကို သူ့အိမ်ရှေ့က အမြန်ပြန်ခိုင်းပေမ စက်ကွင်းက မပြန်။

"ကိုယ့်ကို ရေလေးဘာလေး မတိုက်တော့ဘူးလား"





"အာ…ဟုတ်သားပဲ၊ နေဦး ကျွန်တော် ရေယူလိုက်ဦးမယ် စောင့်နော်"

"အိုကေ"

သီဟ ခြံထဲ ပြန်ရောက်လာသည်။

"နင် ဘာတွေလုပ်နေတာလဲ သီဟရယ်၊ ထန့်ကို ပြော တုန်းကတော့ ဟိုလူ့ကို လက်သီးနဲ့ထိုးမလို့ဆို"

"သူက လူယဉ်ကျေးပါ ထန်ရ၊ သဘောလည်း မဆိုးပါ သူ့ရုပ်ကို နင်အနီးကပ်ကြည့်ပြီးပြီလား"

"လူချောပဲ ပြီးတော့ သူက နင့်ကို…"

"သီဟ"

"ဘာလဲဟ နာမည်ခေါ်တာပဲ တိုးတိုးသက်သာ ခေါ်စမ်း မိန်းကလေးဖြစ်ပြီး အသံပြကြီးနဲ့"

ထန်ကတော့ စက်ကွင်းလူလုံးလုံး ဖြစ်သွားသည့် သီဟကို ကြည့်ပြီး စိတ်ညစ်သွားသည်။ အစထဲက သီဟလုပ်ရင် အလွဲလွဲ အချော်ချော် ဖြစ်တော့မှာကို သိတော့သိသားပင်။ အားကိုးစရာ မရှိ၍ သီဟကို အားကိုးလိုက်မှ သီဟက စက်ကွင်းကောင်းကြောင်း ပြော၊ စက်ကွင်းဘက်က ရပ်တည်သူ ဖြစ်သွားသည်။

"စက်ကွင်းဆိုတဲ့လူ နင့်ကို ဘာတွေပြောလိုက်လဲ သီဟ"

"သူ ပြောတာက နင့်ကို တကယ်ချစ်တာတဲ့"

"ကြည့်စမ်း…သူ ပြောသမျှ နင်က ငြိမ်နားထောင်နေတာ ပေါ့ဟင်"

"ဩော်…သူက ငါ့ကို နင့်မောင်လေးထင်ပြီး ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ပဲ နင်က နားထောင်နေရလား၊ ဒီလက်ကြီးက
ဘာလုပ်ဖို့ထားတာလဲ၊ ကိုယ့်အစ်မကို ရှည်းစားစကား ပြောလာ
တဲ့လူကို လက်သီးနဲ့ ထိုးပစ်လိုက်ပါလား"

"ဘလိုင်းကြီး ဖြစ်မလားဟ"

ထန်က ဒေါသနှင့် သီဟနောက်က တိုးတိုးကျိတ်ကျိ
ရန်တွေ့နေပေမယ့် သီဟက ရေခဲသေတ္တာထဲက ရေဘူးအသေ
လေးကို ထုတ်ယူပြီး အိမ်ရှေ့ပြန်ထွက်လာသည်။

"ဒါက ဘယ်သွားဦးမလို့လဲ"

"စက်ကွင်းဆီ"

"ဟင်"

စက်ကွင်းဆီဆို၍ ထန် အိမ်ရှေ့ကို လှမ်းကြည့်လိုက်တော
ခြံရှေ့မှာ လူရောကားရော နေရာပင်မပျက်။

"ဒီမှာလေ...သူက ရေဆာလို့တဲ့၊ သူသောက်ဖို့ ငါ
ရေသွားပေးမှာ"

"သူပြောတာ နင်ယုံလား သီဟ၊ အဲဒီလူက နင်နဲ့ တမ
ရင်းနှီးချင်လို့ အကြောင်းမရှိ အကြောင်းရှာတာ၊ ဒီလောက်လေ
မှ နင် မရိပ်မိဘူးလားဟင်"

"ငါ့အတွက် သူက ဘော်ဒါကဗျာဆိုလည်း မဆိုးပါဘူ
နင် ဒေါသဖြစ်မနေနဲ့၊ ငါ အခု ပြန်လာခဲ့မယ်"

"နင် မသွားနဲ့ဆိုနော်"

"သီဟ...ဟဲ့"

ထန် လှမ်းအော်နေတာကို သီဟက ဂရုမစိုက်။ ထန့်
လက်ပြပြီး ခြံရှေ့က စက်ကွင်းကားရှိရာ လျှောက်သွားသည်

...က်ကွင်းကလည်း ထန်နှင့်သီ ဖြစ်နေပုံကို အစအဆုံး မြင်သည်။
...ချာတာက သီဟကို သူ့ဘက်ပါအောင် စည်းရုံးနိုင်ပြီဖြစ်၍
...န် ဒေါသဖြစ်နေပုံကို ပြုံးပြီး ကြည့်နေလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟာင်"

ထန်တို့ အိမ်ရှေ့တည့်တည့်မှာ ဖြတ်သွားသည့် စက်ကွင်းကားကို မြင်လိုက်ရ၍ ထန့်မျက်နှာလေး သိသာစွာ ပျက်သွားသည်။ တစ်ကြိမ်လည်း မဟုတ်။ နှစ်ကြိမ်လည်းမက။ သုံးလေးကြိမ်ဆိုတော့ သူလုပ်နေပုံက သိပ်ကို လွန်နေပါပြီ။

အိမ်ထဲမှာ အဘွားနှင့် မေမေရှိသည်။

အခုချိန်ထိတော့ ဘယ်သူမှ စက်ကွင်းကားကို သတိမထားမိသေး။ ဒီထက် အချိန်ပိုကြာလာရင်တော့ အားလုံး သတိထားမိကြတော့မည်။ အိမ်မှာက ထန်တစ်ယောက်ထဲ သမီးအပျိုလေးရှိတာဆိုတော့ သူလုပ်နေပုံတွေက ထန့်ကိုပဲ အပြစ်တင်စရာဖြစ်မှာ သေချာသည်။

ဒီလိုတွေ ဖြစ်မှာစိုးလို့ ထန်က သူ့မအိမ်ကို တမင်ပေးမသိပဲ သီဟာအိမ်ကို ထန့်အိမ်လို ဟန်ဆောင်ခဲ့သေးတာပါ။ အစက်ကွင်းပုံကြည့်ရတာ သီဟာအိမ်နှင့် ထန့်အိမ်ကို ကွဲကွဲပြားပြား





သိထားသည့်ပုံနှင့် သီဟာအိမ်ဘက်ကို တစ်ချက်မကြည့်။ ထန့်အိမ်ကိုပဲ ပေါ်တင်ကြည့်ကြည့်သွားတော့ ပိုဆိုးသည်။

သီဟာကို အန်တီဒေစီ မန္တလေးခေါ်သွားတော့ ထန့်မှာ အကူအညီတောင်းရမည့်သူလည်း အနီးအနားမှာမရှိ။ တစ်ယောက်ထဲ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေတုန်း ထန့်နားကို မေမေ ရောက်လာသည်။

"သမီး ထန်"

"ရှင် မေမေ"

"သမီး သတိထားမိသလား မသိဘူး၊ ကားတစ်စီးနဲ့ လူငယ်တစ်ယောက် မေမေတို့ အိမ်ရှေ့က ဖြတ်နေတာ ဘယ်နှစ်ကြိမ်ရှိပြီလဲ မသိဘူး၊ မေမေ့အထင် ယန့်ကိစ္စများ ပြောစရာရှိလို့လား ကွယ်"

မေမေ့ပုံစံက အဘွားသိမှာ စိုးရိမ်ထိတ်လန့်နေသည့် ဟန်။

"ယန့်ကိစ္စဆိုရင် အဘွားမသိအောင် သမီးတစ်ခုခုလုပ်ဖို့ စဉ်းစားပါဦးလားကွယ်၊ ယန် ဘာများဖြစ်လို့လည်း မသိဘူး"

ယန့်အတွက် အစိုးရိမ်ပိုနေသည့် မိခင်ကိုကြည့်ပြီး ထန် သက်ပြင်းကျိတ်ချလိုက်သည်။ လောကမှာ မေမေ့လို ရိုးအသည့် မိခင်တွေ ဘယ်လောက်များ ရှိနေဦးမည်မသိ။ သားသမီးကို ချစ်တတ်ဖို့ပဲ သိကြသည့် အမေများစွာကို ထန် မေမေ့ကို သနားမိသည်။

"ယန် ဘာမှမဖြစ်ပါဘူး မေမေရယ်၊ ဒီကားက သီဟာ့ လူငယ်ချင်းကားပါ"

"သမီးနဲ့သိလား"



www.burmeseclassic.com

www.burmeseclassic.com



"လူချင်းတော့ မခင်ပါဘူး၊ သီဟာ မိတ်ဆက်ပေးဖူးလို့ သိရုံသိတာပါ"

"တော်သေးတာပေါ့ကွယ်၊ မေမေက ပန့်ကို စိတ်ပူနေမိတော့ တစ်ခုခုဆိုရင် မေမေမှာ ပန့်အတွက်ပဲ စိတ်ပူနေမိတာ၊ ကောင်လေးက ဘာကိစ္စရှိလို့လဲ မသိဘူး၊ အိမ်ဘက်ကိုပဲ ကြည့်ကြည့်နေတယ်၊ တော်ကြာ အဘွားမြင်ရင် တစ်မျိုးထင်နေဦးမယ်"

မေမေ တွေးသလို ထန်လည်း တွေးပြီးပါပြီ။ အဘွားသာ စက်ကွင်းဆိုသည့်လူ လုပ်နေတာမြင်လျှင် မိုးမီးလောင်တာထက် ဆိုးမည်။

"ခင်ခင်ရေ"

"လာပါပြီ မာမီ"

အဘွားအသံကြောင့် ထန့်နားက မာမီထွက်သွားသည်။ ထန် ချက်ချင်း ဖုန်းထဲရှိ စက်ကွင်း၏ပါတ်ကိုရှာပြီး လှမ်းခေါ်လိုက်သည်။

"ပြောလေ ထန်"

"ရှင် ဘာတွေလုပ်နေတာလဲ စက်ကွင်း"

"ထန့်မျက်နှာလေးကို မြင်ချင်လို့"

"အပိုတွေ ပြောမနေပါနဲ့ရှင်၊ အိမ်ထဲမှာ အဘွားနဲ့ မေမေ ရှိတယ်၊ ထန့်အိမ်ရှေ့က အခုပြန်ပါ"

"ကိုယ့်ကို ပြန်စေချင်ရင် ထန် ကိုယ့်ကို ကတိတစ်ခုပေးမှ ရမယ်"

"ဘာကတိလဲ"

သူ မြန်မြန်ပြန်ပြီးရောသဘောနှင့် ထန် ပြန်မေးလိုက်တော့





သူ့ဘက်က ခဏငြိမ်သွားသည်။

"ဟဲလို"

"ကိုယ့်ကို ထန် လာတွေ့ပါမယ်ဆိုတဲ့ ကတိ"

"မဖြစ်နိုင်တာရှင်"

"ကောင်းပြီလေ၊ ထန့်ဘက်က မဖြစ်နိုင်ရင် ကိုယ်ထန့် အိမ်ရှေ့မှာပဲ ထန် ထွက်အလာကို စောင့်နေမယ်"

"ကျွီး"

စက်ကွင်းက ပြောပြောဆိုဆို ထန့်အိမ်ထောင့် ခြံစည်းရိုးနား သူ့ကားကို ထိုးရပ်လိုက်၍ ထန် မျက်လုံးလေးဝိုင်းသွားသည်။ ထန် ကြည့်နေတုန်း ကားတံခါးဖွင့်ပြီး ကားပေါ်က စက်ကွင်း ဆင်းလာတာ မြင်လိုက်ရ၍ ထန့်ရင်တွေ တဒိတ်ဒိတ်ဆောင့်ခုန် သွားသည်။

"ကိုယ့်ကို ထန် မြင်နေရတယ် မဟုတ်လား"

"ထန်ရေ"

"ဟော…ဟိုမှာ မေမေခေါ်နေပြီ၊ ဒီမှာ ရှင့်ကို ထန် ဘယ် နေရာမှာ လာတွေ့ရမှာလဲပြော"

"ကတိတည်ရမှာနော် ထန်၊ ထန် ကတိမတည်ရင် ကိုယ် လည်း ကတိတည်ပေးမှာ မဟုတ်ဘူး"

"ပြောမှာသာ ပြောစမ်းပါရှင်၊ ရှင်ပြောတဲ့နေရာကို ထန် လာမယ်"

"ဆုံစည်းရာမှာ အခုချိန်ကစပြီး ထန် မလာမချင်း စောင့် နေမယ်၊ ဆုံစည်းရာကို ထန် သိတယ်နော်၊ ထန်တို့အိမ် သုံးလမ်း အကျော်မှာ ဖွင့်ထားတဲ့ ကော်ဖီဆိုင်"



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်၊ ရှင်သွားတော့"

"အိုကေ"

"ထန်"

"လာပြီ မေမေ"

ထန့် မျက်စိရှေ့မှ စက်ကွင်းကားလေး ထွက်သွားမှ ထန် မေမေ့ထံ ပြေးသွားတော့ အဘွားကို မေမေနှင့်အတူ တွေ့လိုက်ရသည်။

"လာ…မြေး ထိုင်ဦး"

"ဟုတ်ကဲ့ အဘွား"

အဘွားက ထိုင်ဆို၍ အဘွားရှေ့ကခုံမှာ ထန် ဝင်ထိုင်လိုက်သည်။ အဘွားမျက်နှာ ဒီနေ့မှာ လန်းရွှင်နေတာ ထန် သတိထားလိုက်မိသည်။

"အဘွား မြေးလေးအတွက် အဘွားရှာနေတဲ့ သတို့သားလောင်း တွေ့ပြီဆိုတာ ပြောမလို့ကွဲ့၊ ဒီမှာ ကြည့်ပါဦး၊ မောင်နေဦးဓာတ်ပုံ"

ထန့်ရှေ့ကို ဓာတ်ပုံတစ်ပုံ ရောက်လာသည်။ မကြည့်ပဲနေလို့ ရမှာမဟုတ်သည့်အတူတူ အဘွားပေးသည့် ဓာတ်ပုံကို ထန် ယူကြည့်လိုက်သည်။ ဓာတ်ပုံထဲကလူက မရယ်မပြုံး။ ခပ်တည်တည်ပုံစံနှင့် ထန့်ကို ပြန်စိုက်ကြည့်နေသည်။ ဥပဓိရုပ်ကမဆိုး။ ယောကျ်ားပီသ၍ ခန့်ညားသော်လည်း စက်ကွင်းလို လူပုံချောချောတော့ မဟုတ်ပါ။

"မောင်နှမ နှစ်ယောက်ထဲပဲ ရှိတယ်၊ သူက သားအငယ်ပေါ့၊ မိဘနှစ်ပါးက သမီးကြီးမိသားစုနဲ့ အတူနေတယ်၊ မောင်





နေဦးက ကလေးအထူးကု ဆရာဝန်ဘွဲ့ရထားတာ မကြာသေးဘူး၊ သူ့ဘက်က မြေးလေးကို သဘောကျတယ်၊ မြေးနဲ့တွေ့ကြည့်မယ်လို့ ပြောတယ်၊ မြေး သဘောကရော"

"အဘွားသဘောပါ၊ အဘွားတွေ့ဆိုရင် ထန် သူနဲ့တွေ့လိုက်ပါမယ်"

"တွေ့လား ခင်ခင်၊ ထန်လေးကမှ လိမ္မာသေးတယ်၊ မြေးစကား ကြားရတာ အဘွား စိတ်ချမ်းသာလိုက်တာ၊ တွေ့ရမယ့်ရက်ကို အဘွား စီစဉ်လိုက်မယ်၊ ပြီးမှ မြေးကိုပြောမယ် ဟုတ်လား"

"ဟုတ်ကဲ့ပါ အဘွား"

အဘွားအလိုကျ ထန် ခေါင်းညိတ်လိုက်တော့ အဘွားမျက်နှာက ဝင်းလက်သွားသည်။

"မြေး လုပ်စရာရှိတာ သွားလုပ်ပါ၊ အဘွားက မြေးကို မင်္ဂလာစကား ခေါ်ပြောတာ၊ ကဲ…ကဲ…သွားတော့"

"ဟုတ်ကဲ့ အဘွား"

"ဆေးသောက်ရအောင် မာမီ"

"အေး…အေး"

အဘွားနှင့် မေမေတို့ ထန့်အကြောင်းပြောရင်း ကျန်ရစ်ခဲ့မှာကို ထန် သိသည်။ ထန့်အတွက် အခုလောလောဆယ် အရေးကြီးနေတာက ထန်နှင့် လူကြီးချင်းသဘောတူထားသည့် သတို့သားလောင်း ဦးနေမင်းမဟုတ်။ ထန့်အလာကို စောင့်နေမည်ဖြစ်သည့် စက်ကွင်းဆိုသည့် လူဖြစ်သည်။ မသွားလို့လည်း မဖြစ်။ သွားပြန်လျှင်လည်း ပြဿနာက မလွယ်။ ထန် စိတ်ညစ်ညစ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့မှာ ထိုင်နေတုန်း ထန့်ဖုန်းက အသံမြည်လာသည်။ ကြည့်လိုက်တော့ ထန့်ထင်သလို စက်ကွင်းဖုန်းမဟုတ်။ သီဟ ဖုန်းဖြစ်နေ၍ ဒေါသမြားဦးက သီဟဘက် လှည့်သွားသည်။

"ဟဲလို"

"ထန့်လား"

"အေး…နင့်ကို ငါ သတ်ပစ်ချင်တယ် သီဟ၊ နင် စက်ကွင်းဆိုတဲ့ လူကို ထန့်အကြောင်း ဘာတွေလျှောက်ပြော လိုက်တာလဲဟင်၊ သူက အခု ထန့်အိမ်ရှေ့ကို ရောက်လာပြီ… သိလား"

"သိပ်လည်း ဒေါသကြီးမနေနဲ့ ထန့်၊ ငါက နင့်အတွက် စေတနာနှင့် စက်ကွင်းကို အဖြစ်မှန်တွေ ပြောပြလိုက်တာ"

"အဖြစ်မှန်"

"အေးလေ၊ နင်နဲ့ငါ ဘာမှမတော်တဲ့အကြောင်း၊ နင့်မှာ အခုချိန်ထိ ချစ်သူရည်းစား မရှိတဲ့အကြောင်း၊ ပန့်ကြောင့် နင် တို့မိသားစု စိတ်ညစ်နေရတဲ့အကြောင်း၊ အဲဒါကြောင့် ထန့်က ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားနိုင်တဲ့အကြောင်း စက်ကွင်း သိအောင် ငါပဲ ပြောပြလိုက်တာ"

"နင် တရားခံပေါ့လေ…ဟုတ်လား၊ အခု နင့်ယောက်ဖ က အိမ်ရှေ့မှာလာပြီး ပြဿနာရှာနေပြီ၊ နင့်ကိစ္စနင် လာရှင်း"

"သူက ဘာလုပ်လို့လဲ"

"ထန့်ကို သူနဲ့ လာတွေ့ရမယ်တဲ့"

ထန်က စက်ကွင်းနှင့်သူမ ဖြစ်ပျက်ပုံကို သီဟကို ပြော ပြလိုက်တော့ သီဟက ရယ်သည်။





"နင်က ဘာရယ်တာလဲ"

"စက်ကွင်းကို သဘောကျလို့ပါ။ နင့်ကို သူ တကယ်ချစ် ဘာနော် ထန့်၊ အတွေးမလွဲနဲ့၊ တော်ကြာ အသွားပေးစားမယ့် ယောကျ်ားကြီးကို မယူချင်ပဲ ယူနေရဦးမယ်"

"နင့်အပူ မပါပါဘူး"

ဒေါသနှင့် ဖုန်းပိတ်ပစ်လိုက်သည်။

အလကား သီဟ။

အရေးဆို ဘာတစ်ခုမှ အားမကိုးရ။ သူ့ကြောင့် စက်ကွင်း ဆိုသည့်လူက ပိုရဲတင်းပြီး ပိုအခွင့်အရေး ယူလာတာကို မကျေ နပ်တွေးရင်း စက်ကွင်းနှင့် ချိန်းဆိုသည့်နေရာကို မသွားချင်ပဲ ရောက်သွားသည်။

"ကဲ…ပြော၊ ရှင် ထန့်ကို ဘယ်အချိန်ထိ လိုက်နှောင့် ယှက်နေမှာလဲ"

"ကိုယ့်ကို ထန့် အသိအမှတ် ပြုလာတဲ့အထိ"

"ထန်က ရှင့်ကို ဘာအသိအမှတ် ပြုပေးရမှာလဲ"

"ချစ်သူအဖြစ်"

"ဟင်"

"ပြောမယ့်ပြောတော့လည်း ချက်ချင်းကြီးပါလား"

"ကိုယ် ထန့်ကို ချစ်တယ်"

"ရှင့်ကို ထန့် မချစ်ဘူး"

"ရတယ် ထန့် ချစ်လာအောင် ကိုယ်ကြိုးစားမှာပါ၊ လော လောဆယ် ထန့် သိထားဖို့က ထန့်ကို ကိုယ်ချစ်တယ်၊ လက် ထပ်ချင်တယ်၊ ထန့်မျက်နှာလေးကို အမြဲမြင်ချင် တွေ့ချင်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

"ရှင်ပြောမှာ ဒါပဲမဟုတ်လား၊ ထန့်မှာ အချိန်အများကြီး မရှားဘူး ထန် သွားတော့မယ်"

"သွားလေ၊ ကိုယ်လည်း ပြန်မှာပါ၊ ဒါပေမဲ့ ကိုယ်ဖုန်း ဆက်ရင် ထန် နားထောင်ပေးရင် ကိုယ်တို့ကြားမှာ နောက်ထပ် ပြဿနာ ဖြစ်လာမှာမဟုတ်ဘူး"

ထန် သူ့ကို ဘာမှမပြော။

ကားပေါ်တက်ပြီး စက်နှိုးလိုက်တော့ ထန့်နားကို စက်ကွင်း ရောက်လာသည်။

"ထန်"

"ဘာလဲ"

"ထန့်ကို ကိုယ် ချစ်တယ်"

"ရှူး"

ထန် ကားကို နေရာကဝေါခနဲ မောင်းထွက်ခဲ့လိုက်၍ စက် ကွင်း သက်ပြင်းချလိုက်သည်။

မင်းကို ကိုယ် ချစ်မိနေပြီ ထန်။

■



## အခန်း (၄)

အဘွားက တွေ့ပါဆိုတော့ ထန်နှင့်ဦးနေဦး တွေ့ရမည့်ဆိုင် ထန် သွားတွေ့ရသည်။ ဘာတစ်ခုမှ ထူးခြားပြီး ပြင်ဆင် သခြင်း မပြု။ ရိုးရိုးရှင်းရှင်း အဝတ်အစားကို ရွေးဝတ်သလို နှာမှာ သနပ်ခါးရနံ့ ရောနေသော မိတ်ကပ်ပါးပါးသာပါ ည်။ တခြား ဘာမှအထူးတလည် မရှိ။

မေမေကတော့ ထန် လုပ်ချင်တာလုပ်။ ဘာတစ်ခုမှ မပြော။ တိုင်း ကြည့်နေသည်။ ဆိုးသည်ကောင်းသည် ဝေဖန်ခြင်း ။ မေမေ့သဘောက အဘွားကို စိတ်ချမ်းသာစေချင်သလို ဖြစ်သူ ထန်ကိုလည်း စိတ်မဆင်းရဲစေချင်တာ ထန် သိ ည်။ ပန့်ကိစ္စမှာလည်း မေမေ့သဘောထားက ရှင်းသည်။

ပန့်ချစ်သူနှင့် ပန်ပျော်နေလျှင် ပြီးပြီဟု သဘောထားပေ အဘွားကြောင့် မေမေမှာ ပန့်အတွက် အဘွားကွယ်ရာမှာ ငိုသည်။ မျက်ရည်ကျရုံအပြင် ဘာမှမတတ်နိုင်ရှာသူ။ သား ယောက် အဘွားကွယ်ရာမှာတော့ မေမေက ထန့်ကို ပန့်

www.burmeseclassic.com



အကြောင်း တိုးတိုးတိတ်တိတ် မေးတတ်သည်။

"ပန် အဆင်ပြေရဲ့လား ထန်၊ ဘာသတင်းရသေးလဲ"

"ပန် အဆင်ပြေပါတယ်၊ သူ့ယောကျ်ားကလည်း ပန့် [illegible] တော်တော်ချစ်တယ်၊ အားလုံး ပန့်သဘော၊ ပန့်စိတ်ချမ်းသာအော [illegible] ထားတယ်တဲ့"

"တော်ပါသေးရဲ့ကွယ်၊ မေမေဖြင့် ပန် အဆင်မပြေ [illegible] မှာ အမြဲတွေးပူနေတာ၊ ဒေစီကလည်း မေမေ့ကိုယ်စား ပန့် [illegible] သူ စောင့်ရှောက်မယ်လို့ ပြောတယ်"

"မေမေ့ သဘောကတော့လေ မေမေကိုယ်တိုင် ကိုယ် [illegible] တဲ့သူကိုပဲ ယူလာတာဆိုတော့ မေမေ့သမီးတွေကိုလည်း မေ [illegible] လိုပဲ ကိုယ်ချစ်တဲ့သူနဲ့ပဲ အိမ်ထောင်ပြုစေချင်တယ်"

မေမေက အသွားသဘောတူသည့် ဒေါက်တာနေဦးနှင့် ထ [illegible] သွားတွေ့မည့်အချိန်မှာ ထန့်မျက်နှာလေးကို ကြင်နာစွာကြည့်ရ [illegible] ထိုစကားကို ညင်သာတိုးတိတ်စွာ ဆိုခဲ့ခြင်းဖြစ်သည်။

"စိတ်ချပါ မေမေ၊ ထန်နှလုံးသားနဲ့ လက်ခံနိုင်တဲ့ သူ [illegible] ပဲ ထန် လက်ထပ်မှာပါ၊ ထန့်အတွက် မေမေ မစိုးရိမ်ပါ [illegible] အသွား စိတ်ချမ်းသာအောင် ထန် ဒေါက်တာကို သွားတွေ့ပေး [illegible] ပါ"

ထန့်အတွက် စိတ်မချမ်းမသာ ဖြစ်နေသည့် မေမေ့ [illegible] ထန် နှစ်သိမ့်စကားဆိုခဲ့ပေမယ့် ထန်ကိုယ်တိုင်ကျတော့ ဘ [illegible] လိုနှစ်သိမ့်စကား ဆိုရမှန်းမသိ။ ဒေါက်တာနေဦးက ထန် [illegible] ချိန်းဆိုထားသည့် ဆိုင်မှာ ထန့်အရင် ကြိုရောက်နေ၍ ထန့် [illegible] မြင်တာနှင့် အရင်နှုတ်ဆက်ပြီး ကြိုဆိုသည်။



"ထန်နော်"

"ဟုတ်ကဲ့"

"ကိုယ် နေဦးပါ"

"တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ"

"ဒေါက်တာတဲ့လား"

"ရှင်"

"ဪ...ကိုယ့်ကို ဒေါက်တာလို့ မခေါ်ပဲ တခြားတစ် [illegible] ပြောင်းခေါ်ရင် ကောင်းမလားလို့ပါ"

"ဟုတ်ကဲ့ပါ ဦးနေဦး"

ထန့်စကားကြောင့် ဦးနေဦးက ထန့်မျက်နှာကို အကဲခတ် [illegible]ို ကြည့်ပြီး ညင်သာစွာပြုံးသည်။

"ထန်က ဓာတ်ပုံထဲမှာထက် အပြင်မှာ ပိုငယ်ပြီးပိုလှ [illegible]"

"သင့်ခ်ယူးပါ ဦးနေဦး"

"ထန့်မှာ ချစ်သူရှိလား"

"လောလောဆယ်တော့ မရှိသေးပါဘူး"

ထိုအဖြေစကားကို ဖြေရင်း ထန့်မျက်ဝန်းထဲ ရိပ်ခနဲရောက် [illegible]ည့် စက်ကွင်းပုံရိပ်ကို အာရုံထဲက ချက်ချင်း မောင်းထုတ် [illegible]ိုက်သည်။ သူနဲ့ထန်က ဘာဆိုင်လို့လဲ။

"အခု မရှိသေးဘူးဆိုတော့ နောက်ရှိလာမယ်ဆိုတဲ့ သဘော [illegible]"

ဦးနေဦးက သူ့စကားသူ သဘောကျပြီး ခပ်သဲ့သဲ့ရယ်သည်။ [illegible]းလတ်လတ်၊ အရုပ်မြင့်မြင့်၊ မျက်ခုံးထူထူနှင့် ဦးနေဦးက



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပီသစွာ တည်ကြည်ခန့်ညားနေပါသည်။ လူချောတ
ယောက် ဖြစ်ပေမယ့် ဦးနေဦး အကြည့်တွေကို ရင်မခုန်သ
သူ့စကားတွေအပေါ်မှာလည်း ဘာတစ်ခုမှ ထူးခြားမှု မခံစား
ပါ။

"ထန်က စကားပြောတာ ပွင့်လင်းတယ်နော်"

"ထန် ဒီလိုပဲ ပြောတတ်လို့ပါ"

"ကိုယ် သဘောကျပါတယ်၊ ကိုယ်တို့ကိစ္စကို ထန်ဘာ
လို့ သဘောရသလဲ"

"ထန် မသိပါဘူး"

"မသိဘူး ဟုတ်လား"

"ဟုတ်ကဲ့"

ဒီတစ်ခါတော့ ဦးနေဦးက ထန့်မျက်နှာလေးကို သေ
စူးစိုက်ကြည့်ပြီး ခပ်သဲ့သဲ့ပြုံးသည်။

"ထန်က တစ်မျိုးလေးပဲ"

"ပြောပါဦး၊ ကိုယ့်ကိုဘာလို့ ထန် လာတွေ့တာလဲ"

"အဘွားက သွားတွေ့ပါဆိုလို့ပါ"

"အဘွားက"

"ဟုတ်ကဲ့"

ထန် ခေါင်းညိတ်လိုက်တော့ သူ့မျက်နှာပေါ်က အ
ပျောက်သွားသည်။

"အဘွားကို ကိုယ့်ကို လက်ထပ်ပါဆိုရင် ထန်ကကိုယ့်
လက်ထပ်မယ်ပေါ့...ဟုတ်လား"

"ထန် မပြောတတ်ဘူး"





"ခက်နေပါလား"

ထန်နဲ့သူ့ကြားမှာ တစ်ခုခု လွဲချော်နေသလို ခံစားရပေမယ့်
ယ်လို လွဲချော်မှုလဲဆိုတာ သူ့ဘက်က အများကြီး စဉ်းစား
ရာ ဖြစ်လာသည်။

"ကိုယ့်အကြောင်း ထန် ဘာသိလဲ"

"ဘွားပြောထားတာပဲ သိပါတယ်"

"ကိုယ့်မှာ ချစ်သူရှိနေတယ်ဆိုရင်ရော"

"ထန် ဝမ်းသာမှာပါ"

"ကိုယ်က ထန့်ကို လက်ထပ်ပါရစေလို့ ခွင့်တောင်းမယ်
ဆိုရင်ရော"

"ဦးနေဦး ချစ်သူကို ဦးနေဦးက သစ္စာဖောက်မလို့လား"

ထန့်စကားကြောင့် သူပြုံးသည်။

ထန့်ကို သူသဘောကျပါသည်။ ထန့်ထံမှ ရိုးသားပွင့်လင်း
အပေါ်မှာလည်း ခင်မင်နှစ်လိုပါသည်။ မဖြစ်မနေ လက်ထပ်
ည်ဆိုလည်း ထန့်လို ချစ်စရာကောင်းသည့် မိန်းမလှလေး
ယောက်ကို လက်ထပ်လိုက်ရ၍လည်း သူ့အတွက် မနစ်နာ

ဒါပေမယ့် ထန့်ကို သူမချစ်။ သူ့မှာ ချစ်ရမည့် ချစ်သူ
သည်။ ထိုချစ်သူက ဦးနေဦး၏ဘဝ၊ ဦးနေဦး၏ နှလုံးသား
ခုလုံး အမြတ်တနိုး ပေးအပ်ထားရသော ချစ်သူဖြစ်သည်။
သော် ဆင်းရဲသည်။ မိဘတွေက သဘောမတူ။ အစ်မကြီး
သူက ပိုဆိုးသည်။ မိုးကိုချစ်ပေမယ့် သူလက်ထပ်ရမည့်
မှာ အဆင်မပြေ။ အားလုံးက တားမြစ်နေ၍ သူဘယ်သို့မှ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်မတိုးနိုင် ဖြစ်နေချိန်မှာ မမကြီး၏ အစီအစဉ်နှင့် ထန်ႋ
တွေ့ဖို့ ဖြစ်လာခြင်းဖြစ်သည်။

သူ့ဘက်က ထန့်ကို ဘာအကြောင်းပြချင်နှင့်မှ ငြင်းပယ်
ရာမရှိ။ စကားပြောကြည့်တော့ ထန်ကပိုပြီး ချစ်စရာကောင်း
သည်။ ခင်မင်နှစ်လိုဖွယ်ရာ ဖြစ်ပေမယ့် ထန်ပြောသလို သူ
ချစ်သူအပေါ်မှာ သစ္စာဖောက်ရမှာကိုလည်း သူကိုယ်တိုင် အ
မရှိပါ။

"ဦးနေဦးကို ထန် တစ်ခုလောက် ပြောလို့ရမလား"

"ပြောပါ"

"ဦးနေဦးချစ်သူမှာ ဘာအပြစ်ရှိလို့လဲဟင်"

"သူမှာတော့ ဘာအပြစ်မှ မရှိပါဘူး၊ ဒါပေမယ့်…"

"သူက ဆင်းရဲလို့၊ အဆင့်အတန်းချင်း မတူဘူးလို့ ဦးနေ
ကို ဦးနေဦးမိဘတွေက ဦးနေဦးချစ်သူနဲ့ သဘောမတူကြ
မဟုတ်လား"

"ထန် ဘယ်လိုသိလဲ"

သူ ထန့်မျက်နှာကို အံ့သြသလိုကြည့်ပြီး မေးလိုက်၍ ထ
ပြုံးလိုက်သည်။

"ထန် မသိပါဘူး၊ ထန့်ဘာသာ ခန့်မှန်းပြီး ပြောကြ
တာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ထန်မမ ပန်ကိုလည်း အိမ်
သူ့ချစ်သူနဲ့ သဘောမတူလို့ အမွေပြတ်စွန့်လွှတ်လိုက်ပြီလေ"

"အဘွားက ပန့်ကို"

"ပန့်ချစ်သူက…"

"ဟုတ်တယ်၊ ထန်တို့လောက် မချမ်းသာဘူး၊ မိဘ

ာလည်း နောက်အိမ်ထောင်ကိုယ်စီနဲ့ဆိုတော့ အဘွားက သဘော
တူဘူးလေ၊ ဒါပေမယ့် ပန်က သစ္စာရှိတယ်"

"ကိုယ်ကတော့ သစ္စာမရှိဘူးလို့ ထန်က ပြောချင်တာ
လား"

"ထန် မပြောဘူးနော်၊ ဦးနေဦးဘာသာ ပြောတာ"

ထန့်စကားအဆုံးမှာ သူရယ်သည်။

"ထန်က လူလည်မလေးပဲ"

"ထင်လို့ပါ၊ ဦးနေဦးချစ်သူက ဘာလုပ်တာလဲဟင်"

"သူနာပြု"

"ဪ"

"သူ့ကို ဦးနေဦးက သိပ်ချစ်မှာပဲနော်"

"အင်း"

"သနားပါတယ်"

စကားဝိုင်းက ခဏတော့ တိတ်ဆိတ်သွားသည်။

"ကဲ…အခု ကိုယ်တို့ ဘာလုပ်ကြမလဲ"

"ထန် အိမ်ပြန်တော့မယ်"

"ဒါအဖြေလား"

"ထန် မသိဘူး"

"ကောင်းပြီ၊ အခုလောလောဆယ် ဒီလိုပဲ လုပ်ကြဘာ
ပါ"

ပြောစရာစကားမရှိ၍ ထန်တို့ လမ်းခွဲလိုက်ကြသည်။ ထန်
ပြန်အလာကို စောင့်နေသည့် အဘွားနှင့်မေမေက ဦးနေဦးအ
ကြောင်း ထန့်ကိုမေးသည်။ အဓိကမေးသူက အဘွားဖြစ်ပြီး







www.burmeseclassic.com

www.burmeseclassic.com



ထန်တို့စကားကို မေမေက နားထောင်သူဖြစ်သည်။

ထန့်အဖြေက မဆိုးပါဘူး။ ကောင်းပါသည်ဆိုတာ သည်၊ အသွားက ထန့်အဖြေကို ကျေနပ်၍ ထန်နှင့်မေမေ ချင်သာကြသည်။ ဒေါက်တာနေဦးမှာ ချစ်သူရှိတာကို ထန် အဖြေ ပြောစရာလည်း မလိုဟုထင်သည်။ ထိုကိစ္စသည် ကိစ္စဖြစ်သည်။ ထန့်ကိစ္စမဟုတ်။

ညက ပန်ဖုန်းဆက်၍ ထန်တို့ညီအစ်မ စကားပြော သည်။ ပန် အဆင်ပြေနေသည်။ ပျော်နေသည်ဆိုတာ မေမေ့ ပြောရင်း ဒီည ပန်ဖုန်းထပ်ဆက်မှာ မေမေ့ကို ကြိုအသိပေး ၍ မေမေလည်း စိတ်လှုပ်ရှားနေသည်။ အသွားအိပ်ချိန်ကို ပြီး ပန်ကဖုန်းဆက်သည်။

"မေမေ"

"သမီး ပန်"

သားအမိနှစ်ယောက် တော်တော်နှင့် စကားပြောလို့ ကြ။ ထန်ကတော့ မေမေနှင့်ပန် စိတ်ချမ်းသာလျှင် ကျေနပ် ဖြစ်၍ ပန်နှင့်စကားပြောရင်း ပြုံးနေသည့် မေမေ့မျက်နှာကို ကြည့်နေမိသည်။

"သမီးအသွားလည်း သမီးကို သတိရနေမှာပေါ့ ပန်ရေ သူ့အချစ်ဆုံးမြေးဆိုတော့ အသွားက ပိုပြီး စိတ်ဆိုးတာပေါ့ ဒါကလည်း သွေးပူတုန်းမို့ပါ၊ နောက်တော့လည်း သူ့မြေး ပြန်ချော့လိုက်ရင် သမီးအသွားက ပြန်ပျော့သွားမှာ"

မေမေပြောတာ မှန်နေ၍ ထန် အသွားကို သနားသွားသည် အသွား အချစ်ဆုံးမြေးက ပန်ပဲလေ။ အသွား ဘယ်လောက်





လဲ၊ ဘယ်လောက် မျှော်မှန်းထားမလဲဆိုတာ ထန်မတွေးချင်။ န့်ဘက်ကျတော့လည်း ပန့်နှလုံးသားနှင့်ရင်းပြီး ချစ်ရသည့် ချစ်သူ ကို ဘယ်လိုလုပ် စွန့်လွှတ်နိုင်ပါ့မလဲဟု စာနာ နားလည်တွေး းမိသည်။

"သမီး ထန်...ပန်က သမီးနဲ့ စကားပြောဦးမယ်တဲ့"

မေမေက သူ့အခန်းပြန်သွား၍ ပန်နှင့်ထန် ဖုန်းနှင့်စကား တွေ ဆက်ပြောကြသည်။ ပန် ဖုန်းချသွားတာနှင့် ထန့်ဖုန်းက ချက်ချင်း အသံမြည်လာသည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ စက်ကွင်းဖုန်း ဖြစ်နေသည်။

တစ်နေ့တစ်နေ့ သူ့ထံမှ ကြားနေရသည့် ချစ်စကားတွေ ကို ထန် နားမထောင်ချင်ဘဲ ထောင်နေရသည်။ သူဖုန်းဆက်တာ ကို အရင်လို ဖြစ်ချင်ရာဖြစ်ဆိုပြီး ဖုန်းမကိုင်ဘဲလည်း မနေရဲ။ ထန် ဖုန်းမပြောသည့်နေ့ဆို စက်ကွင်းက ထန့်အိမ်ရှေ့ ချက်ချင်း ရောက်လာတတ်တာကို ထန်ကြောက်သည်။

အသွားနှင့်မေမေတို့ ထန့်ကြောင့် နောက်ထပ် စိတ်မဆင်းရဲ စေချင်တာနှင့် စက်ကွင်း ဖုန်းဆက်တိုင်း ထန်မှာ စိတ်ပါပါ ပေါပါ အမြဲဖုန်းပြောနေရသည်။ အခုလည်း ထန့်ကို ဖုန်းဆက် ပြီး ဘာတွေပြောဦးမည်မသိ။

"ဟဲလို"

"ဘယ်သူနဲ့ ဒီလောက်အကြာကြီး ဖုန်းပြောနေတာလဲ ထန်၊ ကိုယ် ထန့်ဆီဖုန်းခေါ်နေတာ ကြာလှပြီ"

"ထန့်ရည်းစားနဲ့ ပြောနေတာ"

မနာလိုသဝန်တိုသံကြီးနှင့် ပြောသံကြီးကိုမုန်း၍ ထန်က



www.burmeseclassic.com

www.burmeseclassic.com



တမင်ရွှဲပြီးပြောတော့ သူက ရယ်သည်။

“ထန့်ရည်းစားက အခုမှပြောမှာ”

“ရှင်ပြောမှာ ဒါဆို ထန်ဖုန်းချလိုက်မှာနော်”

“နေဦး၊ ကိုယ် ထန့်ကို တွေ့ချင်တယ်”

“အံမယ်…ဘာလို့ ထန်က ရှင်နဲ့တွေ့ရမှာလဲ”

“လွမ်းနေပြီကွ”

“လွမ်းရအောင် ရှင်နဲ့ထန်က ဘာဆိုင်လို့လဲ”

“ဆိုင်ချင်နေတာ ထန်ကမှ လက်မခံဘဲ၊ ကိုယ့်ကို ပြန်ချစ်ပါတော့ ထန်ရယ်၊ ကိုယ် ထန့်ကိုချစ်တယ်”

“မဖြစ်ပါဘူးရှင်၊ အခုချိန်ထိ ထန် ဘာအကြောင်းမှ မစဉ်းစားချင်ဘူး”

“ပြောမရရင် ခိုးပြေးပစ်မှာနော်”

“အဲဒါတွေကြောင့် ရှင့်ကို ထန် ပိုကြောက်တာသိလား”

ထိုစကားကို အမှန်ပြောခြင်းဖြစ်သည်။ သူနဲ့ထန် ကြာကြာမဆုံရဲ။ စက်ကွင်းအကြည့်၊ စက်ကွင်းအပြောတွေကို ထန်ကြောက်သည်။ ဒီကြားထဲ ထန့်ကို ခြိမ်းခြောက်အကြပ်ကိုင်ပြီး အနိုင်ကျင့်မိုလ်ကျတာကို အမုန်းဆုံးဖြစ်သည်။

“မနက်ဖြန် တွေ့မဖြစ်မယ် ထန်၊ ကိုယ် ဘယ်လိုမှ ဆက်သည်းမခံနိုင်တော့ဘူး၊ ထန် ဘယ်နေရာမှာ တွေ့ချင်လဲ၊ ထန် ချိန်းတဲ့နေရာ ကိုယ်လာခဲ့မယ်”

“ထန် မအားဘူးရှင့်”

“ဒါဖြင့် ဘယ်နေ့တွေ့မှာလဲ”

“ဘယ်နေ့မှာမှ မတွေ့ဘူး”





“ကိုယ့်ကို အသည်းယားအောင် လုပ်နေတာလား ထန်၊ ထန်မလာရင် ထန့်ဆီကို ကိုယ်လာမယ်”

ဒီလိုဆိုတော့ ထန် လန့်သွားသည်။

“ရှင်က ဘယ်ကိုလာမှာလဲ”

“ထန့်အိမ်ကို”

“အို”

“ဒါတော့ မဖြစ်ဘူးနော်၊ ရှင် ထန့်အိမ်ကို မလာရဘူး၊ ပြောနေတဲ့ကြားက ဖွတ်လာရင် ရှင့်ကို နောက်ဘယ်တော့မှ ထန် လက်ခံစကားပြောတော့မှာ မဟုတ်ဘူး၊ တစ်ခါတည်း အပြတ်မုန်းပစ်လိုက်မှာ”

“အခုတော့ မမုန်းသေးဘူးပေါ့”

သူ အိမ်ကိုလာမှာကြောက်ပြီး ထန့်စိတ်ထဲရှိတာတွေ အပြတ်ပြောပစ်လိုက်သည်။

“အိမ်မလာစေချင်ရင် မလာဘူး၊ ထန်နဲ့ တခြားတစ်နေရာမှာ တွေ့မယ်”

“စိတ်ညစ်လိုက်တာနော်”

ထန့်ထံမှ စိတ်ပျက်လက်ပျက် အသံလေးကို နားထောင်ပြီး စက်ကွင်း ပြုံးလိုက်သည်။ ထန်နဲ့ကျမှ သူလည်း စိတ်ညစ်နေရတာ အကြိမ်ပေါင်း မရေနိုင်တော့ပါ။ စက်ကွင်းဆိုတာ အာရုံအနောက်ခံတတ်သူမဟုတ်။ အထူးသဖြင့် မိန်းမတွေနဲ့ ပတ်သက်ရင် စက်ကွင်းလောက် ပြတ်သားနိုင်သူ မရှိပေမယ့် အခု စက်ကွင်းက ထန်ဆိုသည့် မိန်းမလှလေးရှေ့မှောက် ဒူးထောက်အရှုံးပေးနေရသူဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်ရှင့်..."

"ကိုယ့်နှာမည့် စက်ကွင်း"

"ရှင့်ကို ထန် မချစ်ဘူးလို့ ပြောပြီးပြီနော်"

"ကိုယ်ကလည်း ထန်တစ်ယောက်ထဲကိုပဲ ချစ်မိတာလို့ ပြောပြီးပြီနော်"

ထန်ပြောသည့် စကားအတိုင်း လိုက်တုပပြီး ပြောလိုက်၍ ထန်ဘက်က ငြိမ်သွားတာကို သူ သဘောကျသွားသည်။ စက်ကွင်းကြောင့် ထန် ဘယ်လောက် စိတ်ညစ်နေတာကို သူသိသလို ထန်ဆိုသည့် သူမကြောင့် စက်ကွင်းစိတ်ညစ်နေတာကိုလည်း သူမကို သိစေချင်သည်။

"ကိုယ့်ကို ပြန်ချစ်ဖို့ ဒီလောက်တောင် ခက်ခဲနေလား ထန်ရယ်"

"ရှင့်ကိုမှ မဟုတ်ပါဘူး၊ ထန်က ဘယ်သူ့ကိုမှ မချစ်ချင်တာပါ၊ ဒါကြောင့် ထန့်ကိုမချစ်ဘဲ တခြားတစ်ယောက်ယောက်ကို ပြောင်းချစ်လိုက်တာ ရှင့်အတွက် ပိုပြီးပျော်စရာကောင်းမှာပါ"

"ထန် ပြောသလိုဖြစ်ရင် သိပ်ကောင်းမှာပဲ၊ အခု ကိုယ့်နှလုံးသားက ထန်မှထန်ဖြစ်နေတာ မင်းသိလား"

"ထန် မသိဘူး"

"မနက်ဖြန် ကိုယ် ဘယ်ကစောင့်ရမှာလဲ ထန်"

ဆက်ပြောနေလို့လည်း မထူး၍ ထန် မျက်နှာလေးကို မြင်ခွင့်ရအောင် အရင်မေးလိုက်သည်။

"ဒီတစ်ခါပဲနော်၊ နောက်တစ်ခါ မရဘူး"

"ထန့်သဘော၊ ပြော...ကိုယ် ဘယ်မှာစောင့်ရမှာလဲ"





"အရင်နေရာမှာ ကိုးနာရီ"

ထန့်ဘက်က အရင်ဖုန်းချသွား၍ စက်ကွင်းလက်ထဲက ဖုန်းကို အိပ်ရာပေါ် ပစ်တင်လိုက်သည်။ ထန်နဲ့သူ့ကြားမှာ ရှိနေသည့် မရေရာမသေချာမှုတွေကို စက်ကွင်းမုန်းသည်။ အလိုလည်းခရှိ၊ ထန့်သဘောကိုလည်း သူနားလည်သည်။ ထန်က တခြားမိန်းကလေးတွေလိုလည်း အချိန်ဆွဲနေတာမဟုတ်၊ ဟန်ဆောင်နေတာလည်းမဟုတ်။

ရှုပ်ထွေးနေသော အိမ်တွင်းရေးကြောင့် ထန်စိတ်ညစ်သွားသည်။ ထို့ကြောင့် ထန် ချစ်သူရည်းစား ထားရမည့်ကိစ္စကို စိတ်မဝင်စား။ ဒီကြားထဲ စက်ကွင်းက ထန့်ကို အမျိုးမျိုး ခြိမ်းခြောက်ပြီး ဂျီကျနေတာကို ထန် ကြောက်နေရတာနှင့် သူမ မတွေ့ချင်ဘဲ စက်ကွင်းကို လာတွေ့ရသည်။ သူမ မပြောချင်တဲ့ စက်ကွင်းဖုန်းကို လက်ခံပြောရသည်။

စက်ကွင်းကိုယ်တိုင်လည်း ထန့်ကို သိပ်ချစ်မိသွား၍ ဤမျှ စိတ်ရှည်သည်းခံနေခြင်း ဖြစ်သည်။ အရင်စိတ်နှင့်ဆိုလျှင် ထန်လို ဘာမှမဟုတ်သည့် ကောင်မလေးကို အရေးစိုက်နေမှာ မဟုတ်။ အပျင်းပြေဆော့ကစားပြီး ထားပစ်ခဲ့မှာ သေချာသည်။

အခု စက်ကွင်းက အရင်လို မိုက်ကမ်းကမ်း စက်ကွင်းမဟုတ်တော့ဘဲ အချစ်အတွက် နူးညံ့ပျော့ပျောင်းသော နှလုံးသားနှင့် ဆတ်ဆတ်ထိ မခံနိုင်သော မနာလိုဝန်တိုခြင်းတို့ ပြည့်လျှမ်းနေသူတစ်ယောက် ဖြစ်နေတော့ ခက်သည်။

ထန့်ဘက်က သူ့အပေါ် တစ်ခုခု ဂရုမစိုက်သလို တင်းချက်လုပ်လိုက်တာနှင့် စက်ကွင်းနှလုံးသားရဲ့ ဘယ်နေရာကနာမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



အခံရခက်အောင် နာကျင်နေတတ်တာ ခက်နေသည်။

အချစ်ဆိုတာ ဒီလိုလား။

စက်ကွင်းကိုယ်တိုင် ဘယ်သူ့ကိုမှ ထန့်ကို ချစ်သလို မချစ်ဖူးတော့ အချစ်ရဲ့အတိမ်အနက်၊ အချစ်ခံစားချက်၊ အချစ်သဘောထားကို သေချာမသိ။ ထန့်နဲ့ ပတ်သက်လာမှ စက်ကွင်းကိုယ် စက်ကွင်း အံ့ဩရတာတွေလည်း ရှိသည်။ နားမလည်နိုင်စရာတွေလည်း ရှိသည်။

ချိန်းသည့်နေ့မှာ စက်ကွင်းအစောကြီး အိပ်ရာကနိုးနေသည်။ ညကလည်း တစ်ညလုံး ကောင်းကောင်းအိပ်မပျော်။ သူ့အတွေးအာရုံထဲ ထန့်အကြောင်းတွေပဲ ရောက်နေသည်။ ဘာလုပ်လုပ် ဘယ်သွားသွား သူနှင့်အတူထန်က အမြဲပါနေတာ အဆိုးဆုံးဖြစ်သည်။

"အခုတလော သားကိုကြည့်ရတာ တစ်မျိုးပဲ၊ ငူငူငိုင်ငိုင်နဲ့ သားကောင်မလေးနဲ့ အဆင်မပြေလို့လား သား"

"ဒယ်ဒီက ဘယ်လိုသိတာလဲ"

စက်ကွင်းစကားကြောင့် ဒယ်ဒီက တဟားဟား အော်ရယ်သည်။

"ဒယ်ဒီလည်း ငယ်ရာက ကြီးလာတာပဲ သားရ၊ ဒီလိုပဲ သိတာပေါ့၊ မာမီကြီး...မင်းသားတော့ မလွယ်ဘူးနော်၊ ပုံစံကြည့်ရတာ သားက သူ့ကောင်မလေးကို တော်တော်ချစ်ပုံရတယ်"

"ဟုတ်လား သား"

မာမီ့စကားကြောင့် စက်ကွင်း ပန်းရင့်ရောင် ပြောင်းသွားပြီး တစ်ချက် ရယ်လိုက်သည်။ မိသားစုထဲမှာ ဘယ်တုန်းကမှ





စက်ကွင်းချစ်သူ ရည်းစားအကြောင်း အခုလို တရားဝင်ပြောဆို ဆွေးနွေးတာမျိုး မရှိဖူးပါ။ ဒါ စက်ကွင်းအတွက် ပထမဆုံး ဖြစ်သည်။

"တွေ့လား...ခင်၊ မင်းသား ရှယ်နေပြီ"

"မာမီတို့ကိုလည်း ပြောပါဦးသားရယ်၊ ဘယ်သူ့သမီးလေးလဲ"

မာမီက သူ့ချွေးမလောင်းအကြောင်း စပ်စုမေမယ့် စက်ကွင်းမဖြေပါ။

"သေချာမှ မာမီတို့ကို ပြောပါ့မယ်"

"ဘယ်လိုလဲ သားရ၊ မင်းဥစ္စာက အခုထိ မသေချာမရေရာသေးဘူးလား"

"ကျွန်တော့ဘက်ကတော့ သေချာပါတယ်၊ သူ့ဘက်ကသာ ဘာမှန်းမသိသေးတာ"

"ဟား...သားလိုလူကိုတောင် စဉ်းစားနေရသေးတဲ့ မိန်းကလေး ရှိသေးလား"

"ရှိတယ် ဒယ်ဒီ"

"တယ် ဟုတ်ပါလား၊ သားချစ်သူကို ဒယ်ဒီ စိတ်ဝင်စားသွားပြီ၊ သူက ဘယ်လိုမိန်းကလေးလဲ သား"

စက်ကွင်း ဒယ်ဒီ့စကားကြောင့် မာမီကပါ စိတ်ဝင်စားလာသည်။ စက်ကွင်းတို့ အသိုင်းအဝိုင်းမှာ စက်ကွင်းလို နာမည်ကြီး ချမ်းသားတစ်ယောက်ကသာ ချစ်ပါရစေဆိုတာနှင့် လက်ခံချင်ကြသည့် ခေတ်သမီးပျိုတွေ၊ သမီးရှင်တွေ များစွာရှိနေသည့်ကြားက စက်ကွင်းအချစ်ကို လက်မခံချင်သူမှာ ဘယ်လိုမိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးမျိုး ဖြစ်သည်ဆိုတာ စိတ်ဝင်စားစရာ မေးခွန်းဖြစ်လာသည်။

"သူက ကျွန်တော်တို့ အသိုင်းအဝိုင်းထဲကတော့ မဟုတ်ဘူး ဒယ်ဒီ၊ ဒါပေမယ့် ထန်က အရမ်းရိုးသားတယ်၊ သိပ်လည်း အပြစ်ကင်းတယ်"

"ညွှန်းလှချည်လား သားရဲ့"

မာမီက ဝင်ပြောခြင်းဖြစ်သည်။

"မာမီတွေ့ရင် ထန့်ကို ချစ်သွားမှာပါ"

"နာမည်က ထန်တဲ့လား သား"

"ဟုတ်တယ် မာမီ၊ သူ့နာမည် ထန်၊ အခုသူနဲ့ ချိန်းထားလို့ ကျွန်တော် သွားလိုက်ဦးမယ်"

မာမီနှင့်ဒယ်ဒီ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကျွန်ခဲ့သည်။ စက်ကွင်းနှုတ်ဖျားက မိန်းကလေးတစ်ယောက် အကြောင်း ပထမဆုံး ကြားရခြင်း ဖြစ်၍လည်း အံ့သြနေကြသည်။ ချစ်သူရည်းစားတွေ အများကြီးရှိပေမယ့် ဘယ်တုန်းကမှ စက်ကွင်းနှုတ်ဖျားက မည်သည့် မိန်းကလေးအကြောင်းမှ မပြောဖူး။

"ချွေးမလိုက်တောင်းပေးဖို့ အခုထဲက တစ်ခါတည်းပြင်ထား မာမီကြီးရေ၊ ဒီပုံနဲ့ဆို ကိုယ်တို့နှစ်ယောက်မကြာခင် မြေးချီရတော့မှာ သေချာတယ်"

"ဒါဆိုလည်း ဆင့်တို့ ဝမ်းသာရမှာပေါ့ ကို၊ သီတို့ မြေးလေးကို မြင်ပြီးကတည်းက ဆင့်က မြေးချီချင်နေတာ ကြာလှပြီ၊ သား အိမ်ထောင်မပြုလည်း ဆင့်ကိုယ်တိုင် သားကို အမြန်ဆုံး အိမ်ထောင်ပြုနိုင်းတော့မှာ ဒယ်ဒီကြီးရေ"

စက်ကွင်း ဒယ်ဒီနှင့်မာမီက သူတို့အစီအစဉ်နှင့် သူတို့ပျော်





ကြသလို ကာယကံရှင် စက်ကွင်းကိုယ်တိုင်ကလည်း ထန့်ချစ်ကို ဘယ်လိုရယူ သိမ်းပိုက်ရမလဲတွေးရင်း သူ့စိတ်ကူးနှင့်ရင်ခုန်စိတ်လှုပ်ရှားလျက် ချစ်သူအလာကို စောင့်နေသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ပြောသည့်လူဘက်က လွယ်ပေမယ့် ထန်မှာတော့ အိမ်
အိမ်ပြင်ထွက်ဖို့အရေး စက်ကွင်းဆိုသည့်လူ ပြောသလော
မလွယ်။ ဒီနေ့မှ အဘွားက ထန့်ကို သူ့နား တစ်ချိန်လုံး ခေါ်
ပြီး ထန်နှင့် ဒေါက်တာနေဦးတို့ လက်ထပ်မင်္ဂလာပွဲ ကျင်းပ
ဘယ်လိုအစီအစဉ်တွေ လုပ်ရမည်။ နှစ်ဖက်မိဘ ဆွေမျိုးအသို
အဝိုင်း ဘယ်လိုဘာညာနှင့် ထန့်မင်္ဂလာပွဲကို အဘွား စိတ်က
သည့်အတိုင်း ပြောချင်ရာ ပြောနေသမျှ ထန်က နားထောင်သ
အဖြစ် အဘွားစိတ်ကြိုက် ခေါင်းညိတ်ခေါင်းခါ လုပ်နေရသည်

လူက အဘွားနားမှာ ငြိမ်နေပေမယ့် ထန့်စိတ်တွေက
မငြိမ်ပါ။ ချိန်းထားသည့်အချိန်၊ ချိန်းထားသည့် နေရာထန် ရော
မလာတာနှင့် ထန့်အိမ်ရှေ့လာမည့် စက်ကွင်းဆိုသည့်
အကြောင်းတွေးကာ ထန့်မှာ ထိတ်လန့်စိုးရိမ်မှုတွေနှင့် နာရီ
မကြာခဏ လှမ်းကြည့်ရင်း စိတ်မောနေမိသည်။

"တီ… တီ"





အိမ်ရှေ့က ကားဟွန်းသံကြောင့် ထန် ပိုလန့်သွားကာ
အဘွားမျက်နှာကို အလန့်တကြား ကြည့်လိုက်သည်။ အဘွားက
စကားပြောမပျက်။ ထန့်ကို ဆိုဆုံးမနေမှ ထန်စိုးရိမ်လွန်သွား
ကာ သက်ပြင်းချလိုက်သည်။ အချိန်က နီးနေပြီ။ အခုထိ အဘွား
ကထန် သွားလို့မရသေး။ ထန်ကိုယ်တိုင် ဘာလုပ်၍ လုပ်
ရမှန်းမသိ ဖြစ်နေချိန်မှာ ထန်နှင့်အဘွားနားသို့ မေမေရောက်လာ
သည်။

"ဆေးသောက်ရအောင် မာမီ၊ ဒီဖွပ်ပြုတ်ကလေး အရင်
သောက်ဦးနော်၊ ပြီးမှ ဆေးသောက်"

"အေးပါ ခင်ခင်ရယ်၊ ထန်နဲ့ စကားပြောမပြတ်သေးလို့
"

"ထန့်ကို နောက်မှစကားဆက်ပြောပါ မာမီရယ်၊ ဆေးက
အချိန်နဲ့သူ သောက်ရတာဆိုတော့ အချိန်လွန်သွားရင် မကောင်း
"

"ကဲ…ကဲ ဒါဆိုလည်း ထန်သွားတော့၊ အဘွားလည်း
ဆေးသောက်ပြီး နားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ အဘွား"

ထန့်တစ်ကိုယ်လုံး အခုမှ ပေါ့သွားကာ အဘွားအခန်းထဲက
ထွက်ခဲ့သည်။ မှန်တင်ခုံရှေ့မှာ ထန်ရပ်လိုက်တော့ ရေချိုး
အသွင်နှင့် ထန့်ပုံစံက ဘာတစ်ခုမှ လိမ်းခြယ်ရခြင်းမရှိ။
အဝတ်အစား ကမန်းကတန်းလဲပြီး မှန်တင်ခုံရှေ့မှာ ပြန်ပြေးရပ်။
ခေါင်းဆိုးဆေးတင်ယုံတင်ပြီး ကားသော့ပြေးယူရသည်။

"အသိန်း… လာဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ"

"မေမေမေးရင် မမ အပြင်ခဏသွားတာလို့ ပြောလိုက်
နော်... ကြားလား"

"ကြားပါတယ်"

ထန် ကားပေါ်ရောက်တော့ ချိန်းထားသည့်အချိန်ကို ကျေ
လွန်နေပါပြီ။ ထန် အလာနောက်ကျလို့ စက်ကွင်းဆိုသည့်
ပြန်သွားပါစေဟု ဆုတောင်းပေမယ့် ထန့်ဆုတောင်းက မပြည့်
ထန် ကားရပ်လိုက်တာနှင့် ဘယ်အချိန်ကတည်းက ထန့်အလာ
စောင့်နေမှန်းမသိသည့် စက်ကွင်းဆိုသည့်လူက ထန့်နား ဘွား
ရောက်လာသည်။

"ထန်"

"ရှင် ဘာဖြစ်လို့ ထန့်ကို ဒီလောက် ဒုက္ခပေးနေရတာလဲ"

"ထန် ကိုယ့်ကို စိတ်ဆိုးနေလား"

ဒေါသနှင့် ရန်လိုနေသော ထန့်မျက်နှာလေးကို အမြ
တနိုး စူးစိုက်ကြည့်၍ မေးလာသူကို ထန်မော့ကြည့်လိုက်သည်
ထန့်မျက်နှာကို ငေးမောကြည့်နေသည့် စက်ကွင်းမျက်ဝန်းမျ
နှင့်အဆုံမှာ ထန့်မျက်နှာလေး ရှိန်းခနဲ ပူနွေးသွားကာ အကြ
ကို ချက်ချင်းလွှဲပစ်လိုက်သည်။

"ရှင့်ကို ထန် မုန်းတယ်... သိလား"

"ကိုယ်ကတော့ ထန့်ကို ချစ်တယ်"

"ရှင် ထန့်ကို ဘယ်အချိန်ထိ အခုလို ခြိမ်းခြောက်အကျ
ကိုင်နေဦးမှာလဲ စက်ကွင်း"

"ကိုယ့်ကို ထန် အထင်မှားနေပြီ"





"ဘာရှင့်"

"ထန့်ကို ကိုယ်ဘယ်တုန်းကမှ မခြိမ်းခြောက်ဘူး ထန်၊
ိယ် တကယ်လုပ်မှာကိုပဲ ထန့်ကိုပြောပြတာ"

"ရှင် လုပ်ချင်တိုင်း လုပ်လို့ရမလား၊ ထန့်ကို ရှင်က
ာထင်နေလို့လဲ"

"သိပ်ချစ်စရာကောင်းတယ်လို့ ထင်တယ်၊ ကိုယ့်အချစ်
ဘာဖြစ်လို့ လက်မခံချင်ရတာလဲ ထန်ရယ်၊ ကိုယ့်ရင်ထဲမှာ
န့်ကို ချစ်စိတ်နဲ့ ဘယ်လောက်ခံစား နာကျင်နေရတယ်ဆိုတာ
န်သိလား"

"ဘယ်သူ့ကိုမှ ထန် မချစ်နိုင်ဘူးလို့ ရှင့်ကိုပြောပြီးပြီပဲ"

"တခြားသူကို မချစ်ချင်နေပါ ထန်ရယ်၊ ကိုယ့်ကိုတော့
ချစ်လိုက်စမ်းပါ"

"ထန် ပြန်တော့မယ်"

နာရီကို ငုံ့ကြည့်ရင်း ပြောလိုက်သည့် ထန့်ကိုကြည့်ပြီး
က်ကွင်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်သွားသည်။ လှပသော
န့်မျက်နှာလေးကို စူးစိုက်ကြည့်ရင်း ဖြစ်ချင်ရာဖြစ် ထန် သူ့
ချစ်ချစ် မချစ်ချစ် ဖွတ်အတင်း ကားတင်ခိုးပြေးသွားချင်စိတ်
လာသည်။

"ထန်ပြန်ရင် ကိုယ်လိုက်မှာပဲ"

"ဘယ်ကိုလိုက်မှာလဲ"

"ဘယ်ဖြစ်ဖြစ်"

ထန်နှင့်သူ အကြည့်ချင်း ဆုံသွားသည်။

"ရှင့်ကြောင့် သူတစ်ပါး ဒုက္ခရောက်တာမြင်ချင်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရှင် ရှင့်သဘောပဲ၊ အဘွားက ထန့်ကို ရှင်နဲ့အတူ တွဲမြင်လို့

တော့ နောက်ဘယ်တော့မှ ထန့်ကို အိမ်အပြင်ပေးထွက်မှာ မဟုတ်

ဘူး၊ အဆိုးဆုံးက အဘွား သဘောတူတဲ့လူကို ရှင့်ကြောင့် ထ

ယူရမှာကိုပဲ"

"ထန်"

"ရှင် ဒါဘာလုပ်တာလဲ၊ ထန့်ကားပေါ်က အခုဆင်းပါ"

"မဆင်းဘူး"

"ဟင်"

"ဟိုမှာ ကိုယ်တို့နှစ်ယောက်ကို သူများတွေ ဝိုင်းကြည့်

တာ မြင်လား၊ နောက်ထပ် တခြားသူတွေ ကိုယ်တို့နှစ်ယော

ကို သတိမထားမိခင် ဒီနေရာက မြန်မြန်မောင်းထွက်လိုက်

ထန်"

"ပူး"

ဒေါသနှင့် ထန်ကားလေးကို လီဗာတအား ဖိနင်းပစ်လို

သည်။ တကယ်လည်း ထန်တို့နှစ်ယောက်ကို ဆိုင်ထဲကလူ

ကရော၊ ဆိုင်အပြင်မှာ ရှိနေသည့် လူတွေကပါ စိတ်ဝင်တ

လှမ်းကြည့်နေကြ၍ ထန် ထိုနေရာမှာ ကြာရှည်ဆက်မနေရဲ

အဘွားအသိမိတ်ဆွေ တစ်ယောက်ယောက်ပါလျှင် ထန်တို့သတ

အဘွားနားကို ပေါက်ကြားသွားမှာ ထန် ကြောက်ပါသည်။

စက်ကွင်းဆိုသည့်လူက ထန့်ကားပေါ်မှ မဆင်း။ ဒီလူ

တင်ပြီး အိမ်ကိုပြန်၍ မဖြစ်သည့်အတူ ခြေဦးတည့်ရာ လမ်း

တိုင်း ထန် ကားကိုလျှောက်မောင်းနေမိသည်။ နောက်တော့ စ

ရှုပ်လာတာနှင့် လူရှင်းသည့်နေရာမှာ ထန်ကားကိုထိုးရပ်ပြီး





င်းဘက်ကို လှည့်ကြည့်လိုက်သည်။

"ဒီမှာ"

"ရှင် ထန့်ကားပေါ်က အခုဆင်းပါ"

"ထန့်က ချစ်တယ်ပြောမှ"

"ကြည့်စမ်း…ဒီလူ"

စက်ကွင်းက ထန် ဒေါသဖြစ်နေတာကို ဂရုမစိုက်သည့်

င် သူပြောချင်ရာပြောပြီး ကားခုံမှာမှီပြီး ခပ်တည်တည် လက်

၍ မျက်လုံးနှစ်ဖက် ပိတ်ထားလိုက်သဖြင့် ထန်မှာ စက်ကွင်း

နေပုံကိုကြည့်ပြီး ထန့်ကို စိတ်ဒုက္ခပေးသည့် လူအဖြစ် စိတ်

က်ရှိ ထုရိုက်ပစ်ချင်လာသည်။ ခဏဆိုပြီး အိမ်ကထန် ထွက်

ခဲ့တာ အချိန်ဘယ်လောက်ကြာပြီမသိ။ မေမေက ထန် ဘယ်

တ်သွားမှန်းမသိ၍ စိတ်ပူနေတော့မည်။

စက်ကွင်းဆိုသည့် လူကလည်း မချစ်ပါဘူး၊ မကြိုက်ပါ

ဆိုတာ ပြောမရဆိုမရ။ ထန့်ကားပေါ်မှာ ပေပြီးတမင် ထိုင်

သည်။ ကားပေါ်က ထန် ဆွဲချ၍လည်း ဆင်းမှာမဟုတ်။

ကျားနှင့်မိန်းမအားခြင်းကလည်း မမျှ။ သူ့သဘောလိုက်ပြီး

ကြိုက်ဆောင်ရမည်ဆိုရင်လည်း နေရင်းထိုင်ရင်း ထန့်မှာ

စားတစ်ယောက် ကောက်ရသလို ဖြစ်ရတော့မည်။

"ထန် တောင်းပန်ပါတယ်ရှင်၊ ထန့်ကားပေါ်က ဆင်းပါ"

"ကိုယ့်အချစ်ကို ထန် လက်ခံပြီလား ပြော"

"လက်မခံနိုင်ဘူးလို့ ရှင့်ကို ဘယ်နှစ်ခါပြောရမှာလဲ"

"ဒါဆို ကိုယ်လည်း ထန့်ကားပေါ်မှာ ဒီအတိုင်းဆက်နေ



www.burmeseclassic.com

www.burmeseclassic.com



"ပြောမရလည်းနေ၊ ထန်တော့ သွားပြီ"

ပြောပြောဆိုဆို ကားပေါ်က ထန်ဆင်းသွား၍ စက်ကွင်း အုံ့သြသွားသည်။ ဖြစ်ချင်ရာဖြစ်၊ ထန်ကသူ့ကားကို စက်ကွင်း လက်ထဲ ထားရစ်ခဲ့တာကို မယုံနိုင်။ စက်ကွင်းအချစ်ကို လက်ခံ ဖို့ ထန့်ဘက်က ဒီလောက်တောင် ခက်ခဲနေတာကို သူ့စိတ် အတော်ထူးဆန်းနေသည်။ စက်ကွင်းဘဝမှာ ဒီလိုအဖြစ်မျိုး ဤ တစ်ကြိမ်သာ ကြုံဖူးသည်။ ဘယ်သူမှ ထန့်လို သူ့ကိုမလှ စက်ကွင်းဆိုလျှင် ရင်းနှီးပတ်သက်ချင်သူ မိန်းကလေး အနန္တ မှာ ဘာကြောင့် ထန်ဆိုသည့် မိန်းမလှလေး မပါဝင်ရသနည်း

ထန်က လမ်းပေါ်လာသမျှ အငှားကားတွေကို တစ်စီးပြ တစ်စီးတားနေသည်။ ဘယ်သူမှ ထန့်ကို ကားရပ်ပေးခြင်းမရှိ အားလုံး ခရီးသည် တင်လာကြသူတွေချည်းဖြစ်၍ ထန့်မှာ ကာ ငှား၍မရ။ နေကလည်းပူ၊ လူကလည်း ဒေါသဖြစ်နေ၍ ထ မျက်နှာလေး နီရဲခက်ထန်လျက် ကိုယ့်အဖြစ်ကိုယ်တွေးပြီး ကို မနိုင်ခဲမရစိတ်တွေနှင့် ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးတွေ စီ ကျလာသည်။

ဘယ်ဘဝက ဝဋ်ကြွေးကြောင့် ထန် အခုလိုဖြစ်နေရတာ လည်းမသိ။

"ကျွီး"

"ထန်"

ထန့်ရှေ့မှာ ရပ်လာသည့် ထန့်ကားနှင့် ကားမောင်းသူနေရာ က စက်ကွင်းကိုကြည့်ကာ ထန်ဆတ်ခနဲ အကြည့်လွှဲလိုက်သည အခိုက်···စက်ကွင်းက ထန့်မျက်ဝန်းမှ မျက်ရည်စများကို ေ





မြင်သွားကာ အုံ့သြတုန်လှုပ်သွားသည်။

"ထန် ငိုနေတာလား"

စက်ကွင်းအမေးကို ထန်မဖြေ။

သူ့ရှေ့မှ ဖြတ်သွားသောကားကို ဖွတ်အတင်းတားနေ၍ စက်ကွင်းက ကားပေါ်မှဆင်းကာ ထန့်လက်လေးတစ်ဖက်ကို ပိုင်နိုင်စွာ ဆွဲယူလိုက်သည်။

"ရှင် ဘာလုပ်တာလဲ၊ ထန့်လက်ကို လွှတ်နော်"

"မလွှတ်ဘူး"

"ကားထဲကို အရင်ဝင်"

"မဝင်ဘူး၊ ရှင်နဲ့ဆို ဘယ်ကိုမှ အတူမသွားဘူး၊ ထန့်လက် ကိုလွှတ်"

"လွှတ်လို့ဆိုနေနော်"

စက်ကွင်းက ထန် ဘယ်လိုရုန်းရုန်း ဂရုမစိုက်။ ထန် တား နေကြသည့်ကြားက ထန့်လက်လေးတစ်ဖက်ကို တင်းကျပ်စွာ ဆွဲယူဆုပ်ကိုင်ပြီး ထန့်ကိုယ်လေးကို ရပ်ထားသည့်ကားရှိရာ ဖွတ် အတင်း ဆွဲခေါ်လာ၍ ထန့်ရင်ထဲက ထိန်းချုပ်ထားသည့် ဒေါသ အိုးလေး အဆုံးအထိ ပေါက်ကွဲသွားကာ စက်ကွင်းကိုယ်ကြီးကို သူမလက်လေးများနှင့် အဆက်မပြတ် ထုရိုက်မိလျက်သား ဖြစ် သွားသည်။

"ဒီလောက်တောင် လူကို အနိုင်ကျင့်ချင်တဲ့လူ···ကဲဟယ်"

"ကဲ···ကဲ"

ထုရင်းရိုက်ရင်း စက်ကွင်းက ထန့်ကိုယ်လေးကို ကား နောက်ခန်းထဲ အရောက်ပို့ပေးပြီး ကားကိုနေရာက ဝေါခနဲမောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့သည်။ ထန်မှာ စက်ကွင်းလုပ်ပုံကို မခံမရပ်နိုင်စိတ်နှင့် ကလေးငယ်တစ်ယောက်လို အီးခနဲ အသံထွက်ငိုယို ပစ်လိုက်သည်။ ဘယ်လိုလူမှ ထန့်ကို ဒီလိုပုံစံနှင့် ဖွတ်တရွတ် အနိုင်ကျင့်ဗိုလ်ကျတာ မခံဘူး။

အခုတော့ ထန့်ရည်းစားမဟုတ်၊ ဘာမှလည်း မဟုတ်သည့် သူစိမ်းယောက်ျားဗျို တစ်ယောက်က ထန့်ကိုသူ့စိတ် သူ့သဘော အတိုင်း လုပ်ချင်ရာလုပ်နေ၍ ထန်မျက်ရည်ပေါက်ပေါက်ကျနေ ချိန်မှာ စက်ကွင်းက ထန့်အပြုအမူ၊ ထန့်မျက်ရည်ဒဏ်တို့ကို မခံနိုင်တော့သည့် အဆုံးသူမောင်းလာသည့် ထန့်ကားလေးကို ကန်တော်ကြီးထဲ တအားချိုးကွေ့မောင်းဝင်ပြီး လူရှင်းသည့်နေရာမှာ ထိုးရပ်ပစ်လိုက်သည်။

ပြီးတော့ တသိမ့်သိမ့် ရှိုက်ငိုနေသည့် ထန်ရှိရာကားနောက်ခန်းထဲ ဝုန်းခနဲ ကားတံခါးဖွင့်ပြီး ဝင်လာ၍ထန် လန့်သွားချိန်မှာ သူက ထန့်တစ်ကိုယ်လုံး သူ့ရင်ခွင့်ထဲ သိမ်းကျုံးပွေ့ယူကာ ထန့်မျက်နှာလှလှလေးထက် ချစ်အနမ်းတွေ မညှာမတာ ခပ်ကြမ်းကြမ်း ရွာချပစ်လိုက်သည်။

ရုတ်တရက် ထန်မှာ ဘာစကားမှ ဆိုခွင့်မရလိုက်။

လှုပ်မရအောင် တင်းကျပ်စွာ နှောင်ဖွဲ့ထားသည့် စက်ကွင်းရင်ခွင်ထဲမှာ ထန့်တစ်ကိုယ်လုံး ကျုံ့ကျေမတတ် နစ်ဝင်ပူးကပ်လျက်၊ အေးစက်နေသော ထန့်နှုတ်ခမ်းလေးကို စက်ကွင်းက ဖွတ်အတင်း နွေးထွေးသွားစေခဲ့သလို ပွေ့နွေးလိုက်လဲသော သူ့အနမ်းတွေက ထန့်နဖူးပြင်၊ နှာတံ၊ ပါးပြင်နှင့်လည်တိုင်ဖွေးဖွေး အနှံ့ မွှတ်သိပ်ပြင်းပြစွာ ကျရောက်လာ၍ ထန်မှာ ရှောင်တိမ်း





နဲ့ ကြိုးစားသော်လည်း မအောင်မြင်။

"ထန့်ကိုလွှတ်"

"ဟင့်အင်း"

"ထန့်ကို ကိုယ် သိပ်ချစ်တယ်"

"ချစ်တယ် ထန်ရယ်"

"ရှင်နော်"

"ထန် မကြိုက်ဘူးဆို"

"အို"

ထန့်မျက်လုံးထဲ ရှက်စိတ်ဖြင့် ပြာဝေသွားသည်။ ထန်က နှန်းကန်ဖို့ ကြိုးစားလေ သူကပို၍ တင်းကြပ်လေဖြစ်၍ ထန်မှာ သူ့ရင်ခွင်ထဲ အသက်ရှူမှားလျက် မျက်ဝန်းအစုံကိုသာ ရှက်လန့်တကြား မှေးမှိတ်ပစ်လိုက်မိသည်။ စက်ကွင်းထံမှ ပွေ့နွေးဖိလှိုက်သော ထွက်သက်လေတို့က ထန့်ပါးပြင်နှင့် လည်တိုင်တို့မှာ ရောက်လျက် နှင်းဆီဖူးငုံ နှုတ်ခမ်းအစုံမှာတော့ သူ့အနမ်းတွေက ရှည်ကြာစွာ တည်တန့်နေသည်။

"ထန်"

"ကဲဟယ်"

"ဖြန်း"

"မကျေနပ်ရင် ထပ်ရိုက်ပါဦး ထန်၊ ရိုက်လေ"

အသားချင်း ပြင်းထန်စွာ ထိခတ်မိသံအဆုံးမှာ ထန့်လက်တစ်ခုလုံး နာကျင်သွားပေမယ့် သူကတော့ ဘာမှမခံစားရသူတစ်ယောက်လို နာကျင်မှုကိုမပြ။ ထန့်မျက်နှာလှလှလေးကို နူးညံ့ဆရိုသော ရွှန်းလက်သည့် မျက်ဝန်းအစုံဖြင့် နင့်နင့်သည်းသည်း

www.burmeseclassic.com



စူးစိုက်ကြည့်ရင်း ထန့်လက်လေးကို ဆွဲယူကာ သူ့ပါးကို အကြိမ်ကြိမ်ရိုက်နိုင်းပေမယ့် ထန် မရိုက်ဖြစ်တော့ပါ။

သူ့လက်ထဲမှ ထန့်လက်လေးကို ရုန်းယူပြီး ထန့်မျက်နှာလုလုလေးကို လက်ဖဝါးနှစ်ဖက်ပေါ် မှောက်အပ်ပြီး ထန်ငိုချလိုက်သည်။

"ရှင့်ကို ထန်မုန်းတယ်"

"မုန်းတယ်"

"ထန်ရယ်"

"ထန့်ကိုချစ်တာ ကိုယ့်အပြစ်လား"

သူ့အမေးကို ထန် မဖြေနိုင်ပါ။

ထန့်သဘောမပါပဲ သူ့သဘောနှင့်သူ ထန့်ကိုဇွတ်အတင်းအနိုင်ကျင့်တာကို ခွင့်မလွှတ်နိုင်ဖြစ်လျက် သူ့ကိုသတ်ပစ်ချင်နေသည်။

"ထန်"

"ရှင့် ထန့်အသားကို မထိနဲ့နော်"

ထန်က သူ့ပခုံးကို လာရောက်ဆုပ်ကိုင်သည့် စက်ကွင်းလက်ကို သူမလက်ကလေးများဖြင့် ကဲကဲဆတ်ပုတ်ထုတ်လိုက်တာကိုကြည့်ပြီး ထန့်ရင်ထဲက ခံစားချက်ကို ပိုမှားလည်းကာ ပိုချစ် ပိုမြတ်နိုးမိသည်။

"ထန့်ကို ကိုယ်သိပ်ချစ်နေပြီ ထန်၊ အဲဒါဘယ်လိုလုပ်မလဲ"

"လဲသေလိုက်ပါလား"

"ကိုယ့်ကို နည်းနည်းဖြစ်ဖြစ် ပြန်ချစ်ပါလား ထန်ရယ်"





"ရှင် ထန့်ကားပေါ်က အခုဆင်းနော်"

"ပြောမရရင် ထန့်ကို ကိုယ်က ဇွတ်အတင်းခိုးပြေးမှာနော်၊ ခြိမ်းခြောက်တာမဟုတ်ဘူး၊ ထန့်ကို မခွဲနိုင်လို့ ကိုယ်တကယ်ပြောနေတာ"

"သွား...သွား၊ ရှင့်မျက်နှာကို ထန်မကြည့်ချင်ဘူး၊ နောက်ဘယ်တော့မှ ထန်နဲ့လာမပတ်သက်နဲ့"

"ရှင့်ကို ထန် မုန်းတယ်"

"သိပ်မုန်းတယ်...သိလား"

"ကိုယ်ကတော့ ထန့်ကို သိပ်ချစ်တယ်"

"ထန့်ကို လွှတ်"

"လွှတ်ဆို"

"အို...အမေ"

ထန့်ကိုစက်ကွင်းက စကားဆို ရုန်းတွေ့ခွင့်မပြုတော့။ မုန်းစကားတွင် တွင်ဆိုနေသည့် ထန့်ကိုယ်လေးကို ရင်ခွင်ထဲ ဒုတိယအကြိမ် အမြတ်တနိုး သိမ်းပွေ့ပြီး သူ့ကိုယ်ကြီးကို ထုရိုက်ရင်းထန်ဖို့ ကြိုးစားနေသည့် ထန့်လက်လေးများကို ဆုပ်ကိုင်ကာသုပသော ထန့်မျက်နှာလေးထက် ချစ်အနမ်းတွေ သိပ်သိပ်သည်းသည်း ခြွေချဖြစ်သွားသည်။ နီးကပ်လွန်းသော ရင်ခွင်နှစ်ခုထဲမှ ရင်ခုန်သံက ပြင်းထန်ကျယ်လောင်နေ၏။ နီရဲသော ထန်၏နှင်းဆီလွှာနှုတ်ခမ်းအစုံက စက်ကွင်းနှုတ်ခမ်းဖျားအောက်မှာ သက်ဝင်ပျောက်ဆုံးသွားကာ ညည်းသံသဲ့သဲ့ ထွက်လာ၏။

"ချစ်တယ် ထန်ရယ်"

"သိပ်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းချင်းအကြားမှာ စက်ကွင်းနှုတ်ဖျားက ထွက်ပေါ်လာသော အသံဖြစ်သည်။ သူ့အသံမှာ မှုမမှန်။ ခပ်ရှုရှုနှင့် တုန်ရီနေ၍ ထန်ကိုယ်တိုင်လည်း သူ့မျက်နှာကို မကြည့်ရဲ။ မကြည့်ဝံ့အောင် ရှက်နေ၏။

"ထန်"

"ထန် ပြန်တော့မယ်"

"ကိုယ့်ကို ဒီအတိုင်း ထားခဲ့မှာလား ထန်"

"ထန် မသိဘူး"

"ကိုယ့်ကို ထန် ရိုက်ချင်ရင်ရိုက်ပါ"

"ရိုက်လေ"

"ကိုယ် ထန့်အချစ်ကို မရမချင်း ထန့်ကိုပေးမလွှတ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

"ဟင်"

ထန် သူ့မျက်နှာကို ထိတ်လန့်သလို မော့အကြည့်မှာ နီရဲစိုစွတ်သည့် သူ့နှုတ်ခမ်းအစုံကို မကြည့်ရဲ၍ ချက်ချင်းအကြည့်လွှဲလိုက်သည်။

"ကိုယ့်ကို လက်ထပ်ပါ ထန်"

"အို…မဟုတ်တာ"

"ဘာဖြစ်လို့လဲ၊ ထန့်အဘွားကို ကြောက်လို့လား၊ ကိုယ့်မိဘတွေကို ကိုယ်နဲ့ထန့်အကြောင်း ဖွင့်ပြောလိုက်တော့မယ်"

"ရှင် စိတ်ထင်ရာ လျှောက်မလုပ်နဲ့နော်၊ ထန်သဘောမတူဘူး"

"ထန် သဘောတူအောင် ကိုယ်ဘာလုပ်ပေးရမလဲ၊ ပြော





လေ"

"ထန်ကို မေ့လိုက်ပါ"

"မရတော့ဘူး ထန်၊ ကိုယ့်ဘဝထဲမှာ ထန်ရှိမှဖြစ်မယ်၊ ထန် ဖြစ်စေချင်တဲ့အတိုင်း ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး"

"တူ…တူ…တူ"

"ဟော…ထန့်အိမ်က ဖုန်းလာနေပြီ၊ ထန်ပြန်မှ ဖြစ်တော့မယ်၊ ထန် ပြန်ပါရစေတော့ရှင်"

အချိန်တွေ ဘယ်လောက်ကြာပြီလဲဆိုတာ ထန်လဲမသိတော့။ မေမေ့ဖုန်းကို မကိုင်သေးပဲ အခုချိန်ထိ ထန့်ကားပေါ်မှာ မဆင်းသေးဘဲ ထန့်နားမှာ အတူရှိနေသူကို ထန် တောင်းပန်စကားဆိုလိုက်သည်။

"ကိုယ့်ကို ထန်ချစ်တယ်လို့ ပြောရင် ထန် ပြန်လို့ရပြီ"

"ကိုယ့်ကို ချစ်လိုက်ပါ ထန်ရယ်၊ ချစ်တယ် မဟုတ်လားဟင်"

ဖုန်းအသံက အဆက်မပြတ် အော်မြည်နေသလို ထန့်ထံမှ အချစ်ကို မပြတ်တောင်းပန် အသနားခံနေသူကြောင့် ထန် မဖြေချင်သောအဖြေကို သူကျေနပ်အောင် ပေးလိုက်ရသည်။

"အင်း"

"ဟာ…ထန်၊ မောင့်အချစ်ရယ်"

"အို"

ပါးလေးတစ်ဖက် နွေးခနဲ ဖြစ်သွားတာကို ထန် မတားဆီးနိုင်လိုက်ပါ။

"အခုချိန်ကစပြီး ထန်က မောင့်ချစ်သူနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

"ကဲ...ကားပေါ်က ဆင်းတော့"

"ချစ်တယ်လို့ ပြောဦးလေ"

"ပြောပြီးပြီပဲ"

"ဘယ်တုန်းကလဲ"

"ထန် ခေါင်းညိတ်တာ မမြင်ဘူးလား"

"မရဘူး"

"ပါးစပ်ကပြော"

ထန့်ပါးလေးတွေ ဆေးမကူပဲ နှင်းဆီသွေးရောင် လွှမ်းသွား ပုံကို စက်ကွင်းက ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်ရင်း ရင်တွေအခုန် မြန်နေသည်။

"ဟိတ်... ပြောလေ"

"အင်း... ချစ်တယ်... ချစ်တယ်၊ ကဲ... ကားပေါ်က ဆင်းတော့"

"ဘယ့်နှယ်... လူကို ကားပေါ်က ဇွတ်နှင်နေရတာလဲ ချစ်သူဖြစ်တဲ့ အထိမ်းအမှတ်ပွဲလေးတော့ တရားဝင်ကျင်းပပါ စေဦး"

"စက်ကွင်း... ရှင်နော်"

အလန့်တကြား အော်သံလေးက စက်ကွင်း ချစ်အနမ်းတွေ အောက်မှာ တိုးတိတ်ညင်သာစွာ ပျောက်ဆုံးသွားသည်။

■



## အခန်း (၆)

နေရင်းထိုင်ရင်း ချစ်သူရည်းစားတစ်ယောက် ကောက်ရ ...သော ထန့်အကြောင်းကို ဘယ်သူမှမသိ။ ထိုချစ်သူရရှိ ...ရသော ထန့်အတွက် အချစ်၏နောက်ဆက်တွဲ စာမျက်နှာ ... တခြားမဟုတ်။ ထန်၏ အသစ်စက်စက် ချစ်သူထံမှ ဖုန်း ...ိုင်း ဘယ်သူမှ မရိပ်မိအောင် လူအလစ်မှာ ခိုးကြောင်ခိုး ... သည်းထိတ်ရင်ဖို ဖုန်းခိုးပြောခြင်းနှင့် မကြာခဏ ချစ်သူ၏ ...ုမှုခံရခြင်း ဖြစ်သည်။

"ထန် ဘယ်လိုမှ ထွက်လာလို့ အဆင်မပြေလို့ပါ စက် ... အခုလည်း ဖုန်းနဲ့နေ့တိုင်း စကားပြောနေရတာပဲ၊ ကျေနပ် ...ော်"

"ထန့်ကို လွမ်းနေပြီကွာ၊ မျက်နှာလေးဖြစ်ဖြစ် ခဏမြင် ...င်ရမှ ဖြစ်မှာ"

"အဘွား နေမကောင်းဘူး စက်၊ တစ်ချိန်လုံး ထန်ကအဘွား ... လူနာစောင့်လုပ်နေရတာ၊ နောက်မှ ထန်တို့တွေ့ကြတာ ...ော်"



www.burmeseclassic.com

www.burmeseclassic.com



"ထန်ရေ"

"ဟော...ဟိုမှာ မေမေခေါ်နေပြီ၊ ဒါပဲနော်စက်"

"ထန်"

စက်ကွင်းက ထန့်နာမည်ကို ခေါ်နေပေမယ့် ထန်က သ...
ဖုန်းကို ပိတ်ပစ်လိုက်သည်။

"ဘယ်သူနဲ့ ဒီလောက် အကြာကြီး စကားပြောနေတာ...
ထန်"

"သူငယ်ချင်းနဲ့ပါ မေမေ၊ ပန့်အကြောင်း မေးနေလို့ ...
နေတာပါ"

ပန့်အမည်ကြားတာနှင့် မေမေ့မျက်နှာ ညှိုးသွားတာကြ...
ပြီး ထန် စိတ်မကောင်း။ မေမေက ထန့်ကိုယုံကြည်သ...
စိတ်ချသည်။ မေမေ့ယုံကြည်မှုကို အလွဲသုံးစားလုပ်ပြီး မိခင်...
သူကို လိမ်ညာလိုက်မိသည့်အပေါ်မှာ ပထမဆုံး ထန်နော်...
ရလာသည်။

"မေမေ"

"ဘာလဲ ထန်"

"ဟိုလေ...ထန်မှာ..."

"ထန်ရေ...ထန်"

"အန်တီခင်"

"သီဟအသံပဲ မေမေ၊ သီဟ ပြန်လာပြီ"

"လာပြီ သီဟ"

"ထန် သီဟဆီ သွားလိုက်ဦးမယ်နော် မေမေ"

"မေမေပါလိုက်မယ် သမီး"





သားအမိနှစ်ယောက် သီဟရှိသည့် ဧည့်ခန်းထဲ ရောက်လာ...သည်။ ထန်က စက်ကွင်းအကြောင်း မေမေ့ကိုပြောပြရန် ကြိုး...ရင်း ပြောခွင့်မရလိုက်။ သီဟက ပီတိဝလာသလို မျက်နှာကြီး...လည်း ပြုံးနေကာ ပန်နှင့်သူ့ယောက်ျားဂန္ဓအကြောင်း ဘယ်သူ့...ရိုက်စစ်စရာမလို။ သူသိသမျှ တစ်လုံးမကျန် မေမေနှင့်ထန့်ကို...ပြောနေချိန်မှာ အဘွားများ ရောက်လာမလားဆိုသည့် အတွေးနှင့်...ဘွားအခန်းကို မကြာခဏ လှမ်းလှမ်းကြည့်နေရသည်။

ပန့်အကြောင်း ကြားရသည့် သတင်းတွေက သိပ်တော့...ဆိုးပါ။ ပန်တို့စီးပွားရေး အဆင်ပြေနေကြသည်။ ဂန္ဓအဖေနှင့်...မေက ဂန္ဓကိုစီးပွားရေးလုပ်ရန် ပြင်ဦးလွင်မှာ ခြံတစ်ခြံဝယ်...သည်။ ဂန္ဓတို့နှစ်ယောက်က ထိုခြံထဲမှာ အတူနေကြပြီး ကော်ဖီ...အလုပ်ကို အတူလုပ်ကြသည်။ သီဟနှင့်တွေ့တော့ ပန်က ငို...သည်။ ထန်တို့အတွက်ဆိုပြီး ပန်က လက်ဆောင်ပစ္စည်းတွေ...များကြီး ထည့်ပေးလိုက်ရုံမက အဘွားအပါအဝင် မေမေနှင့်...န့်ကိုပါ စာတစ်စောင်စီ ရေးပေးလိုက်သည်။

"ပန် အဆင်ပြေတယ်ဆိုတာ ကြားရတော့ အန်တီဝမ်းသာ...တယ် သားရယ်၊ ပန်ရော နေကောင်းတယ် မဟုတ်လား"

"အန်တီတို့ မြေးချီရတော့မှာဗျ"

"ဟင်"

"ဟယ်"

ထန်နှင့်မေမေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်...မိကြသည်။

"ပန်က အရင်လိုမဟုတ်တော့ဘူး၊ ကလေးရှိလာလို့လား၊



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းလို့ပဲလား ကျွန်တော်လည်း သေချာမပြောတတ်ပေ
မယ့် လူကတော့ တော်တော်ပိန်သွားတယ်ဗျာ၊ အဘွားတို့ အန်တီ
တို့ကို သတိရလို့ဆိုပြီး တစ်ချိန်လုံးငိုနေတာလို့ သူ့ယောက်ျားက
ပြောတယ်''

''အိုကွယ်''

မေမေက သူ့သမီးပန်အကြောင်း ကြားပြီး စိတ်ဆင်းရဲသွား
သည်။ သီဟဆိုသည့် သတ္တဝါက အစထဲက အရိပ်သုံးပါးနား
လည်သူမဟုတ်။ သူ့ရင်ထဲရှိသမျှ သူသိသမျှ ထန်တို့သားအမိ
ရှေ့မှာ ဆက်ပြောနေပြန်သည်။

''ကျွန်တော့သဘောကတော့ ပန့်ကို အန်တီတို့အရင်လို
ပြန်ခေါ်စေချင်တာပဲဗျာ၊ ပန့်ကိုကြည့်ရတာ သိပ်နေမကောင်းသလို
ပဲ၊ အဘွားကို နင်ချော့မော့ပြောကြည့်ပါလား ပန်၊ တော်ကြာ
ပန် တစ်ခုခုဖြစ်သွားရင် နင်တို့ပဲ စိတ်ဆင်းရဲရမှာနော်''

''ပြီးမှ နောင်တရနေလည်း အပိုပဲ၊ ကျွန်တော်ပြောတာ
ဟုတ်တယ်မဟုတ်လား အန်တီခင်''

''ဟုတ်ပါတယ် သားရယ်၊ အန်တီခင်လည်း သားတို့အဘွား
ကို နေ့တိုင်းတရားနဲ့ နားချဖို့ ကြိုးစားနေပါတယ်၊ အဘွားမှာလည်း
သူ့အချစ်ဆုံးမြေးဆိုတော့ အချစ်ကြီးတော့ အမျက်ကြီးနေပေမယ့်
အခုဆို လူမမာလုံးလုံး ဖြစ်နေရှာပါပြီကွယ်''

ပြောရင်း မေမေက မျက်ရည်ကျသည်။ တကယ်တော့
ပန်ကြောင့် မိသားစုအားလုံး တစ်နေ့မှ စိတ်မချမ်းသာကြပါ၊
ပန် ဖုန်းဆက်တိုင်း ငိုနေတာကို မေမေ့ကို ထန်ပြန်မပြောပေမယ့်
သီဟက ပန် ခံစားနေရတာ မကြည့်ရက်ပုံဖြင့် သူသိသမျှပြော





ရင်း ပန့်ကို အမြန်ဆုံးပြန်ခေါ်ပါဟု တိုက်တွန်းနေသည်။

''ပန်က အစထဲက သိပ်အားငယ်တတ်တာ၊ အခုဆိုပိုဆိုး
လာပေါ့ သားရယ်၊ သူ့နားမှာ သူ့အချစ်ဆုံး အဘွားလည်းမရှိ၊
အမေလည်းမရှိ၊ ထန်လည်းမရှိနဲ့၊ ဒီကြားထဲ တစ်ဖက်ကနေ
ပန့်နားမှာ မားမားမတ်မတ် ရပ်ပေးမယ့် ယောက္ခမတွေဆိုတာ
လည်း မရှိပြန်ဘူး''

''ယောက်ျားမျက်နှာတစ်ခု ထင်နေရပေမယ့် ပန်နေ့တိုင်း
သူ့မိသားစုကို သတိရနေရှာမယ်ဆိုတာ အန်တီခင် ယုံပါတယ်
သားရယ် ယုံပါတယ်''

''ပန် အမိုက်မလေး''

''မငိုပါနဲ့ မေမေရယ်၊ အဘွားကို ထန် သွားပြောလိုက်ပါ
မယ်၊ ပန့်အကြောင်းကြားရင် အဘွားလည်း ပန့်ကိုသနားမှာ
ပါ။ ဒီအချိန်လောက်ဆို အဘွားလည်း စိတ်ဆိုးပြေသင့်နေပါပြီ''

''သမီး ကောင်းသလိုသာ ကြည့်လုပ်တော့ ထန်ရယ်၊
မေမေကတော့ ပန့်အကြောင်းကြားပြီး ရင်နာလွန်းလို့ မေမေ့
အခန်းမှာ ပြန်နားတော့မယ်''

''ကျွန်တော်ပြောလို့ အန်တီခင် စိတ်ဆင်းရဲသွားပြီ''

သီဟက သူ့ကြောင့်ဆိုပြီး မျက်နှာမကောင်းဖြစ်သွားပြီး
ထန်တို့သားအမိကို စိတ်မကောင်းသလို လှမ်းကြည့်သည်။

''သားကြောင့် မဟုတ်ပါဘူး သီဟရယ်၊ သားသမီးရှိတဲ့
လူတိုင်း ခံစားရတဲ့ သောကဝေဒနာပါကွယ်၊ ထန်နဲ့ စကား
ပြောနေကြဦးနော် သား''

''ဟုတ်ကဲ့ အန်တီ''



www.burmeseclassic.com

www.burmeseclassic.com



"ထန် လိုက်ပို့မယ် မေမေ"

"နေ…နေ၊ သားနားမှာပဲ နေပါကွယ်၊ မေမေသွားနိုင်ပါ တယ်"

ဒေါ်ခင်ခင် ထွက်သွား၍ ဧည့်ခန်းထဲမှာ ပန်ထည့်ပေးလိုက် သော လက်ဆောင်ပစ္စည်းတွေနှင့် သီဟနှင့်ထန် ကျန်ခဲ့သည်။

"နင်တို့သတင်း ငါကြားပြီးပြီနော် ထန်"

"ဘာသတင်းလဲ"

"နင်နဲ့စက်ကွင်း ချစ်သူတွေ ဖြစ်နေကြပြီဆိုတဲ့ အကြောင်း"

"နင့်ကို ဘယ်သူပြောလဲ"

"စက်ကွင်းပေါ့။ သူက ပြောတာမဟုတ်ဘူး၊ ငါက မေးလို့ သူကဖြေတာ၊ ဘာပဲဖြစ်ဖြစ် ငါကို နင်တို့စုံတွဲ မုန့်လိုက်ကျွေး ရမယ်…ဒါပဲ"

ထန်က သီဟစကားအဆုံးမှာ သက်ပြင်းကိုတိတ်ချလိုက်တော့ သီဟက ထန့်မျက်နှာကို အကဲခတ်သလို လှမ်းကြည့်သည်။

"နင့်ပုံစံကြည့်ရတာ စိတ်ညစ်သလိုပဲ ထန်၊ ဘာဖြစ်နေ တာလဲ၊ နင်တို့ချင်း အဆင်မပြေလို့လား"

"အင်း"

ထန် ခေါင်းညိတ်လိုက်တော့ သီဟက စိတ်ဝင်စားသလို ထန့်နားကပ်လာသည်။

"နင် တစ်ယောက်ထဲ ကျိတ်ခံစားနေလို့ ဖြစ်မလား ဘာဖြစ်နေတာလဲဆိုတာ ငါ့ကိုပြောပြပါ၊ ဒါမှ နင့်ကို ငါက အကြံဉာဏ်ပေးနိုင်မှာ"

ဒါတော့ မှန်ပါသည်။

ထန့်တစ်သက် ချစ်သူရည်းစား ထားဖြစ်တာ ဒါပထမဆုံး ဖြစ်သည့်အတိုင်း တခြားတိုးတိုးဖော် တိုင်ပင်ဖက်အနေနှင့် တ ခြား သူငယ်ချင်းတွေကို ဒီလိုကိစ္စမျိုး ရှက်၍ ဖွင့်မပြောနိုင်ပေ သည့် သီဟလို ငယ်ငယ်ထဲက လည်ပင်းဖက်ကြီးလာရသူချင်း ကျတော့ မောင်နှမလိုဖြစ်နေသူဖြစ်၍ သူမအခက်အခဲကို သီဟ ကို ဖွင့်ပြောလိုက်သည်။

"အဲဒါပဲ သီဟ၊ ချစ်သူရည်းစားဆိုလို့ ဒီတစ်ယောက်ပဲ ထန့်ဘဝမှာ ထားဖူးတာ၊ အခု သူက ဇွတ်အတင်း ထန့်ကို လက်ထပ်ချင်တယ်ပဲ ပြောနေတယ်။ ထန့်သဘောကတော့ တစ် ယောက်နဲ့တစ်ယောက် ချစ်နေကြပြီ၊ နေ့စဉ်းလည်း ဖုန်းပြော နေပြီ၊ ဒါဆို ကျေနပ်မှပေါ့၊ အခုတော့…"

"နေစမ်းပါဦး ထန်ရယ်၊ ဒီကိစ္စလောက်တော့ ငါဖြေရှင်း ပေးပါတယ်"

"နင်က ဘယ်လို ဖြေရှင်းပေးမှာလဲ"

"အဘွားနဲ့အန်တီခင် မရိပ်မိအောင် နင့်ကို ငါက အပြင် ကို ရအောင်ခေါ်ထုတ်သွားလိုက်ရင် ပွဲသိမ်းပြီ၊ ဘာလိုသေးလဲ"

ထန် မျှော်လင့်တာကတခြား။ သီဟပြောတာ တခြားဆို တော့ ထန် စိတ်ညစ်သွားသည်။ အိမ်မှာက ပန့်ကိစ္စကြောင့် သားစုအားလုံး စိတ်ဆင်းရဲနေကြသည်။ ပန်ကိုယ်တိုင်လည်း ကျွန်းမာ။ ဒီလိုအခြေအနေကြားမှာ ထန်က ကိုယ်တစ်ယောက် ထဲ တစ်ကိုယ်ကောင်းဆန်ပြီး သာယာပျော်ရွှင်မှုကို လိမ်ညာရယူ မယ်ဆိုလျှင် ထန့်လောက် မိုက်မဲသည့်သူ ရှိမည်မထင်။

"ထန် သူ့ကို မတွေ့ချင်ဘူး သီဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ထန် တစ်ယောက်ထဲပဲ နေချင်လို့"

ထန့်စကားကြောင့် သီဟက ထန့်ကို မျက်ခုံးတွန့်ကြည့်သည်။ ထိုအကြည့်က ထန့်စကားကို သဘောမကျသည့် အကြည့် ထန့်ကို နားမလည်နိုင်သည့် အကြည့်ဆိုတာ ထန် သိသည်။

"တစ်ယောက်ထဲ နေချင်ရင် ဘာလို့ ချစ်သူရည်းစားထား နေရသေးလဲ ထန်"

"သူက ဖွတ်အတင်း ထန့်ကို အနိုင်ကျင့်ဗိုလ်ကျတာ မမသိပဲ"

ပြောရင်း စက်ကွင်းကို သတိရကာ ထန့်နှုတ်ခမ်းလေး ထော်သွားသည်။ သူ့ကြောင့် ထန် အပြောခံနေရသည်။ ထ ဘာသာနေလျှင် ဒီလို အပြောခံရမှာ မဟုတ်။

"နင်တို့မိန်းမတွေ အဲဒါတွေ ခက်တာ ထန်၊ ငါ ယောကျ်ားတွေအတွက် ဘာမဟုတ်တဲ့ ကိစ္စလေးက နင်တို့ မိန်းမတွေအတွက် အသည်းအသန် ဖြစ်ချင်ဖြစ်နေပြန်ရော"

"ကဲ...ပြော၊ အခု နင့်ကို ငါဘာလုပ်ပေးရမလဲ"

"ထန့်သဘောက ထန် သူ့ကို မတွေ့ချင်ဘူး၊ ကျန်တာ နင့်ဘာသာ ဘာလုပ်လုပ်၊ လုပ်ချင်တာလုပ် ဒါပဲ"

"ဖြစ်မလား၊ ဟိုက နင့်ဒီမျက်နှာကြီးကို တွေ့ချင်တာ"

"တွေ့ချင်ရင် ဓာတ်ပုံပေးထားသားပဲ၊ ဓာတ်ပုံကို ကြည့် ပေါ့"

"တူမလား ထန်ရဲ့"

"အို...ထန် ဘာမှမသိဘူး၊ မကျေနပ်ရင် ထန့်ကို မုန်း





လိုက်၊ ထန် ဒါပဲပြောတတ်တယ်"

"နင်တို့ဟာက မဟုတ်သေးပါဘူး၊ တစ်ခုခုတော့ လွဲနေပြီ"

သီဟက ထန့်ကိုကြည့်ပြီး စက်ကွင်းကိုယ်စား စိတ်ရှုပ်သွားသလို စက်ကွင်းနှင့်ထန့်ကြားက ပြဿနာအလွဲအမှားကို ဘယ်ကဘယ်လို စရှင်းရမှန်းမသိ ဖြစ်သွားသည်။

"တီ...တီ"

အိမ်ရှေ့က ကားဟွန်းသံကြောင့် ထန့်အကြည့်တွေ လမ်းပေါ် ဖျတ်ခနဲ ရောက်သွားသလို သီဟကလည်း ထန် ကြည့်ရာသို့ လိုက်ကြည့်သည်။

"စက်ကွင်းကားပဲ ထန်၊ ဘယ်လိုလုပ်မလဲ"

"ထန် မသိဘူး"

"ဟဲ့...ဟိုမှာ ကားရပ်ပြီး လူပါ ကားပေါ်က ဆင်းလာပြီ"

သီဟ နောက်နေခြင်းမဟုတ်။

စက်ကွင်းက တကယ် သူ့ကားကို ထန်တို့ခြံနှင့် ခပ်ဝေး ဝေးတစ်နေရာ ရပ်ထားပြီး ကားပေါ်က ဆင်းလာ၍ ထန့်မျက်လုံး လေးဝိုင်းဝိုင်းလည်သွားသလို ရင်ခုန်သံတွေ တဒိန်းဒိန်း ဖြစ်လာ သည်။ စက်ကွင်း ဦးတည်လာနေတာက တခြားနေရာမဟုတ်၊ ထန်တို့အိမ်တည့်တည့်ကို ဖြစ်သည်။

"ထန် သွားလေ"

"အို... ဘာလို့ ထန်က သွားရမှာလဲ၊ တော်ကြာ အသွား မေမေ တွေ့သွားရင် မိုးမီးလောင်မှာ နင်မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"နင် သွားလိုက် သီဟာ"

"သူက နင့်ဆီလာတာ"

"အို...အရေးထဲ၊ သူ့ဘာသာ ဘယ်သူ့ဆီလာလာ၊ သွား...သွား၊ နင် သူ့ကို တခြားတစ်နေရာ ခေါ်ထုတ်သွား သီဟာ၊ ပန့်ကြောင့် တစ်မိသားစုလုံး စိတ်ညစ်နေတာ၊ ထန့်ကြောင့် ပိုပြီး စိတ်မဆင်းရဲစေချင်ဘူး"

သီဟာကိုယ်ကြီးကို ထန်က သူမအားရှိသလောက် တွန်းတင်း အိမ်ထဲက အိမ်ပြင်တွန်းထုတ်လိုက်ပြီး သူမကတော့ သီဟာနှင့်စက်ကွင်းတို့ နှစ်ယောက်ကို ဆက်မကြည့်ရဲတော့သလို သူမအိပ်ခန်းရှိရာ အပေါ်ထပ်ကို တအားပြေးတက်ခဲ့ပြီး လိုက်ကာအကွယ်က ထိုနှစ်ယောက် အခြေအနေကို တိတ်တိတ် အကဲခတ်နေမိသည်။

သီဟာက တော်ပါသည်။

စက်ကွင်းကို ဘာတွေပြောနေသည်မသိ။ ထန်ရှိသည့် အိပ်ခန်းအပေါ်ထပ်ကို စက်ကွင်းက မျက်နှာထားတည်တည်နှင့် တစ်ချက် စူးစိုက်ကြည့်ပြီး သီဟာနောက် လျှောလျှောရှူရှူ အတူလိုက်ပါသွားမှ ထန် သက်ပြင်းချလိုက်သည်။

"သမီးရေ"

"ရှင်... မေမေ"

ထန့် အခန်းထဲ မေမေ ဝင်လာသည်။ ငိုထား၍ နီရဲနေသည့် မိခင်မျက်နှာကို မြင်ရတော့ ထန့်နှလုံးသားတွေ နာကျင်သွားသည်။

"မေမေ ပန့်နောက်ကို လိုက်သွားချင်တယ်ကွယ်"





"မေမေရယ်"

မေမေက သူ့ရင်ထဲက စိတ်ဆန္ဒကိုပြောရင်း မျက်ရည်ဝေသော မျက်ဝန်းအစုံဖြင့် ထန့်လက်လေးကို အသာအယာ ဆုပ်ကိုင်သည်။

"ဒါပေမယ့် မေမေ့မှာ စိတ်သွားတိုင်း ကိုယ်ပါနိုင်လောက်အောင် ကျန်းမာရေးက မပြည့်စုံတော့ဘူး၊ ပြီးတော့ သမီးအဘွားကိုလည်း ထားခဲ့လို့မရဘူး၊ ဒီတော့ မေမေ့ကိုယ်စား သမီးထန်ဘဲ ပန့်ဆီကို သွားလိုက်ပါလားကွယ်"

မေမေက သူ့အစီအစဉ်နှင့်သူ ဟုတ်နေပေမယ့် အဘွားကရှိနေသေးသည်။ ဒီအိမ်မှာ အဘွားသဘောမတူပဲ ဘာတစ်ခုမှ ဆုပ်ခွင့်မရှိတာ မေမေ မေ့နေပြီလား မသိပါ။

"အဘွားကို..."

"သမီးအဘွားကို ဘာမှမပြောနဲ့ ထန်၊ ပြောလို့လည်း ရမှာမဟုတ်ဘူး၊ မေမေတို့ သမီးအဘွား မသိအောင် စီစဉ်မှာပေါ့ကွယ်"

"အဘွား မသိအောင်... ဟုတ်လား မေမေ"

မေမေ့မျက်နှာကို အလန့်တကြားကြည့်ရင်း ထန်မေးလိုက်တော့ မေမေက ခေါင်းညိတ်သည်။ ဘယ်တုန်းကမှ အဘွားဆန္ဒကို ဆန့်ကျင်ခဲ့သော မေမေက ကိုယ့်ရင်သွေးအတွက် သတ္တိတွေ ဘယ်နေရာက ရောက်လာသည်မသိ။

"သမီးအန်တီဒေစီနဲ့ မေမေ ဖုန်းပြောပြီးပြီ၊ လိုအပ်တာတွေ သူ စီစဉ်ပေးလိမ့်မယ်၊ မေမေ့သဘောကတော့ ဖြစ်နိုင်ရင် သမီးပန့်ကို မေမေ့မျက်စိရှေ့မှာပဲ ထားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမသား တစ်ယောက်အတွက် မိခင်ဘဝကို ရင်ဆို
ဖြတ်သန်းရချိန်ဟာ စိတ်အားငယ်စရာ အကောင်းဆုံးအချိန်
အခန့်မသင့်ရင် လူ့လောကကြီးကိုပါ ကျောခိုင်းသွားရတတ်တ
မျိုးဆိုတော့..."

"ထန် နားလည်ပါတယ် မေမေရယ်၊ ပန့်ကို ထန် မျက်
ရှေ့အရောက် ပြန်ခေါ်လာခဲ့ပါ့မယ်၊ မေမေ စိတ်ချမ်းသာအောင်
နေပါနော်"

"ကောင်းပါပြီ သမီးရယ်"

ထန့်အခန်းထဲက မေမေ ထွက်သွားမှ ထန့်အတွက်
ရေးပေးလိုက်သောစာကို ထန် ဖောက်ဖတ်လိုက်သည်။ ပန့်
က သနားစရာ။ ပန့်ရင်ထဲက ခံစားချက်တွေကို ဖတ်ရတာ
နည်းစရာ ဖြစ်သည်။

အဘွား သဘောတူသည့်လူကို မယူနိုင်သည့် ပန်နှင့် ပန့်
ချစ်သော၊ မြတ်နိုးသော ပန့်ချစ်သူ နှစ်ယောက်ကြား ဗျာများ
ရသည့် ပန်။ ပန့်နေရာမှာ ထန်ဆိုရင်လည်း ပန့်လို ဆုံးဖြတ်မ
လားမသိ။ ပန့်စာကိုဖတ်ပြီး အဘွားအခန်းကို ထန်သွားတေ
အဘွားက ဖုန်းပြောနေသည်။ ထန့်ကိုမြင်တော့ သူ့နားလာ
လက်ယပ်ခေါ်ပြီး ဖုန်းကိုချသည်။

"မြေးလာတာနဲ့ အတော်ပဲ၊ ဒေါက်တာနေဦးအမေ အ
ဖုန်းဆက်တယ်၊ ဖြစ်နိုင်ရင် သူ့သားနဲ့ အဘွားမြေးကိစ္စကို အ
ဆုံး စီစဉ်ပါရစေတဲ့ မြေးရဲ့၊ အဘွားသဘောကလည်း သူတို့
အတူတူပဲ၊ ပန့်ကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီးပြီ၊ ထန်ကို ပန့်
ထပ်အဖြစ်မခံနိုင်တော့ဘူး"





"ထန် ပြောပါရစေဦး အဘွားရယ်"

"မြေးက အဘွားကို ဘာပြောမလို့လဲ၊ ပြောလေ မြေး"
အဘွားက ထန့်မျက်နှာကို ပြုံးပြီးကြည့်သည်။
သူ့စိတ်ကြိုက် မင်္ဂလာပွဲ ဆင်နွဲခွင့်ရတော့မည့်အတွက်
အဘွား ကျေနပ်ပျော်ရွှင်နေတာ ထန် သိသည်။ အဘွား ပျော်ရွှင်မှု
ကို ထန် မဖျက်စီးချင်ပေမယ့် အဖြစ်မှန်ကို အမှန်အတိုင်း အဘွား
သိအောင် ထန် ပြောချင်သည်။

"အဘွား သဘောတူတဲ့ ဒေါက်တာနေဦးမှာ သူအင်မတန်
ချစ်မြတ်နိုးရတဲ့ ချစ်သူရှိတာ အဘွား သိရဲ့လားဟင်"

"ဒါကတော့ မြေးရယ်၊ လူငယ်သဘာဝ ချစ်သူရည်းစား
ရှိတာ စမ်းလို့လား၊ ဒေါက်တာနေဦးလိုလူကို မိန်းကလေးတိုင်းက
ချစ်ကြကြိုက်ကြမှာချည်းပဲ"

"အဘွားပြောတာကို ထန် နားလည်ပါတယ်၊ လက်ခံတယ်
ပေမယ့် ဒေါက်တာနေဦး ကိုယ်တိုင်က သူ့အချစ်တွေအားလုံး
ကို သူ့ချစ်သူဆီမှာ ပေးအပ်ထားခဲ့ပြီးပြီလို့ ထန့်ကို ဝန်ခံတယ်၊
ထန့်ကို သူ့ရင်ခွင်ထဲမှာထားပြီး သူ့စိတ် သူ့နှလုံးသားက တမ်း
တနေတဲ့သူက သူ့ချစ်သူဖြစ်နေတာမျိုး ထန် လက်မခံနိုင်ဘူး
အဘွား"

"ထန် သူ့ကို လက်မထပ်ပါရစေနဲ့"

"အဘွားမြေးက တယ်ရိုးသားတာကိုး၊ ဒေါက်တာနေဦးလို
ရိုးမို့လို့ အဘွားမြေးကို သူက အမှန်အတိုင်း ဖွင့်ပြောတာ၊
သူ့နေရာမှာ တခြားယောကျ်ား တစ်ယောက်ဆိုရင် မြေးကို သူ့
ခံစားနည်းချက်မှန်သမျှ ဘာတစ်ခုမှ ဖွင့်မပြောပဲ ခပ်လွယ်လွယ်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်လိုက်မှာပဲ''

''ဒါဆို အသွားမြေးလည်း အခုလို ခံစားရမှာ မဟုတ်ဘူး၊ ယောကျ်ားနဲ့မိန်းမ လက်ထပ်ပြီး ဒီလိုပဲ ချစ်သွားကြတာပါကွယ်၊ အသွားနဲ့ မြေးအဘိုး လက်ထပ်တုန်းကလည်း ဒီလိုပဲ၊ လူကြီးတွေ သဘောကျ လက်ထပ်ခဲ့တယ်၊ အသွားမှာ ချစ်သူမရှိပေမယ့် မြေးအဘိုးမှာ ချစ်သူရှိတယ်၊ နောက်တော့လည်း ဒီလိုပဲ အဆင် ပြေသွားတာပါပဲကွယ်''

''အဲဒီအတွက် မြေး သိပ်လည်း မစိုးရိမ်ပါနဲ့၊ ကံတရား ဆိုတာ ရှိပါသေးတယ်''

အသွားက ထန့်ပြောတာကို လက်မခံ။

သူ့ဘဝ သူ့အမြင်နှင့်နှိုင်းပြီး ထန့်ဘဝကိုလည်း သူ့ဘဝလို အရာအားလုံး အဆင်ပြေပြေ ဖြစ်လာလိမ့်မည်ဟု လုံးဝယုံကြည် စိတ်ချထားကြောင်း အသွားစကားများက သက်သေခံနေသည်၊

''မောင်နေဦးတို့ မိသားစုက အသွားတို့ကို ထမင်းစား ဖိတ်ထားတယ်၊ မနက်ဖြန်ညနေ မြေးကိုယ်မြေး အလှဆုံးဖြစ် အောင်ပြင်ပြီး သွားကြတာပေါ့၊ မြေးမေမေလည်း လိုက်လိမ့်မယ်''

''ယန့်ကို သတိမရဘူးလား အသွား''

ယန့်အမည်ကြောင့် အသွား အသံတိတ်သွားသလို မျက်နှာ ပေါ်က အပြုံးလည်း ကွယ်ပျောက်သွားသည်။

''သတိရတော့ရော ဘာထူးမှာလဲကွယ်''

''ယန် နေမကောင်းဘူး အသွား''

''တော်ပြီ ထန့်၊ သူ့အကြောင်း အသွားကို နောက်ထပ် ဘာမှထပ်မပြောနဲ့''





''ယန်က အသွားအချစ်ဆုံးမြေးပါ အသွားရယ်''

ထိုစကားကိုပြောရင်း ထန် ရင်တွေနာလာသည်။ မာန်မာန ကြီးလှမ်းသော အသွားအတွက် ယန်ဆိုတာ အသွားအတွက် ဘာမှ မဟုတ်တော့ဘူးလားဆိုတာ ထန် သိချင်လာသည်။

''အသွားကို တကယ်ချစ်တဲ့ မြေးဆိုရင် အသွား စိတ်ဆင်း ရဲအောင် လုပ်ရက်ပါ့မလား ထန်၊ အသွား ရင်နာတယ်''

''အသွား မပြောနဲ့ဆိုလည်း ထန် မပြောတော့ပါဘူး၊ ဒါ ပေမယ့် ယန့်မှာ ကိုယ်ဝန်ကြီးနဲ့ မကျန်းမမာ ဖြစ်နေတာကိုတော့ အသွား သိထားစေချင်ပါတယ်''

''ဒီမှာ အသွားအတွက် ယန်ရေးပေးလိုက်တဲ့ စာ''

''ထန် သွားတော့မယ်''

အသွားနားမှာ ယန် ရေးထားသည့် စာလေးကို ချပေးခဲ့ပြီး အသွားအခန်းထဲက ထန် ပြေးထွက်ခဲ့သည်။ အခန်းထဲမှာ အသွား တစ်ယောက်တည်း ဘယ်လိုဖြစ်ကျန်ရစ်သည် မသိ။ ထန့် ခန်းထဲမှာ အသွားကို သနားသလို ယန်နှင့်မေမေတို့ အဖြစ်ကိုလည်း ကြည့်ရက်နှင့် နောက်ဆုံး စိတ်ဖြေရာမရဘဲ အိပ်ရာပေါ်မှာ ကိုယ်လေး မှောက်အပ်၍ စိတ်ထဲခံစား နာကျင်ရသမျှ ကြေကွဲ ဝမ်းနည်းစွာ ရှိုက်ငိုချလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

မှန်တင်ခုံရှေ့မှာ ထန် အကြာကြီး ရပ်နေမိသည်။ ပန်းစာ
ကိုဖတ်ပြီး အဘွားဆီမှ ချိုသည် ခါးသည် ဘာတစ်ခုမှ အဖြေမရ
ပန်နှင့်ပတ်သက်ပြီး အဘွားက ဘာစကားမှမဆို။ ထန်နှင့်
ဒေါက်တာနေဦးကိစ္စကိုပဲ စိတ်ဝင်စားမှုအပြည့်နှင့် ဖိတ်ကြားထား
သည့် ဒေါက်တာနေဦးအိမ်သို့ ထန်၊ အဘွားနှင့် မေမေတို့ အတူ
သွားကြရမည်ဖြစ်သည်။

"ထန်ရေ… မြေးလေး"

"ထန် လာပါပြီ အဘွား"

အဘွား စိတ်တိုင်းကျ ပြင်ဆင်ထားရသည့် အလှအပတွေကို
အဘွားကိုယ်တိုင် စေ့စပ်သေချာစွာကြည့်ပြီး စိတ်ကျေနပ်သလို
ခပ်ပြုံးပြုံး ခေါင်းညိတ်သည်။

"အဘွားမြေးလေးကို မြင်တဲ့သူတိုင်းက ချစ်ကြမှာပါကွယ်
ခင်ခင်ရေ… ဒီထက် ပိုနောက်ကျလို့ မကောင်းဘူး၊ သွားကြ
အောင်"





"ဟုတ်ကဲ့ မာမီ"

ချွေးမနှင့်ယောက္ခမ အတိုင်အဖောက်ညီညီ တစ်ယောက်
ကိုတစ်ယောက်ဆွဲပြီး ထန် ဖွင့်ပေးသည့် ကားတံခါးမှတစ်ဆင့်
ကားထဲကိုယ်စီ ဝင်ထိုက်လိုက်ကြသည်။ ကားကို ထန်က ခပ်
ဖြည်းဖြည်း မောင်းထွက်လာခဲ့ရပေမယ့် ထန့်စိတ်ထဲ ပေါ့ပါးခြင်း
မရှိ၊ အဘွားအလိုကျ စီမံခန့်ခွဲနေသည့်ပွဲမှာ ထန်တို့သားအမိက
အဘွားသဘောကျ ပါဝင်ကပြနေကြရသူများ ဖြစ်သည်။

ထန်မှမဟုတ်။

ဒေါက်တာနေဦးဆိုသည့် လူကိုယ်တိုင်လည်း ယောကျ်ား
ရင့်မာကြီး တစ်ယောက်ဖြစ်ပါလျက်နှင့် ကိုယ်အမှန် ချစ်မြတ်နိုး
သည့် ကိုယ့်ချစ်သူမိန်းကလေးကို ရယူပိုင်ဆိုင်ဖို့ မကြိုးစားပဲ
မိခင်အလိုကျ သားအလိမ္မာ လုပ်ပြနေတာကို မုန်းမိသည်။ ထန်
သာ ယောကျ်ားတစ်ယောက် ဖြစ်ခဲ့လျှင် ဒေါက်တာနေဦးလို ကိုယ့်
ချစ်သူနှလုံးသားကို အခံရခက်အောင် နာကျင်ကြေကွဲစေလိမ့်မည်
မဟုတ်။ ထန့်ချစ်သူကို ထန် လက်ထပ်ပစ်လိုက်မှာပဲဟု မိုက်
မဲမဲ တွေးနေချိန်မှာ ထန့်ကားကို အရှိန်ပြင်းစွာ ဖြတ်ကျော်
သွားသည့် ကားတစ်စီးကြောင့် ထန့်မျက်နှာလေး သိသာစွာ ပျက်
သွားသည်။

"တိ…တိ"

ထန့်ကားကို ဖြတ်ကျော်သွားသူ၏ ကားက တခြားသူ
မဟုတ်။ စက်ကွင်းဆိုသည့် ထန့်ချစ်သူ၊ ထန့်ရည်းစားကား
ဖြစ်၍ ထန် စိတ်ညစ်သွားသည်။ သူဖုန်းဆက်တိုင်း ထန်မကိုင်
ဖုန်းကိုပြောပြီး နားထောင်ဖြစ်ပြန်တော့လည်း ထန့်မှာ



www.burmeseclassic.com

www.burmeseclassic.com



စက်ကွင်းနှင့် အချိန်အကြာကြီး စကားမပြောရဲ။ အဘွားနှင့်မေမေ
တို့ကြောင့် ခပ်မြန်မြန်ပြောပြီး ခပ်မြန်မြန် ဖုန်းချပစ်တတ်သည်
ဒါက ထန့်ဘက်က အပိုင်းဖြစ်ပေမယ့် စက်ကွင်းဘက်မှကျတော့
ထန့် လုပ်နေပုံက သူ့ရင်ကို ဓားနှင့်မွှန်းသလို အခံရခက်၍ နာကျ
မှုတွေ အထပ်ထပ်ပေးနေတာနှင့် တူနေသည်။

သီဟ ပြန်ရောက်လာ၍ မိုက်မိုက်မဲမဲ ထန့်ကို သူမအိမ်
အထိ ဝင်တွေ့မည့် အကြံအစည် ပျက်ခဲ့ရတုန်းက ထန့်မိသား
အတွင်းရေးကိစ္စ၊ ထန့်အခက်အခဲကို စာနာစိတ်နှင့် နားလည်ပေးနိုင်
ခဲ့သေးသည်။ သူ့ကို ထန့်က လူချင်းအတွေ့မခံတာကိုလည်
အပြစ်ဟုမထင်မိ။

အခုကျတော့ စက်ကွင်းဘက်က သည်းခံနိုင်သည့် အတိုင်
အတာ ကုန်ဆုံးလာသည်။ သူ နားမလည်နိုင်တော့။ စက်ကွင်
အချစ်က ထန့်အပေါ်မှာ နက်ရှိုင်းသည်။ လေးနက်ပြင်းပြသည်
ထန့်မှလွဲ၍ သူ့မှာ ချစ်စရာမိန်းကလေးမရှိ။ ထန့်အပေါ်မှာ ချ
မိသော အချစ်၊ ထန့်ကိုသာ စွဲလမ်းမိသော စွဲလန်းမှုမျိုးနှင့်
ခြား ဘယ်မိန်းကလေးကိုမှ မချစ်နိုင်၊ မခံစားနိုင်တာ သူသိသည်

ထန့်ဘက်ကကျတော့ စက်ကွင်းလိုမဟုတ်။

သူ့ကိုကြောက်၍ ချစ်အဖြေပေး၊ ချစ်စကားဆို သွားတာ
ရှိသည်။ နောက်ပိုင်း လူချင်းတစ်ကြိမ်တစ်ခါမျှပင် အတွေ့
တော့။ ဖုန်းပြောရပြန်တော့လည်း တခြားသူတွေလိုမဟုတ်။
ရင်ထဲကအချစ်တွေ၊ အလွမ်းတွေအကြောင်း ချစ်သူချင်း ဖွင့်
ချိန်မရ။ သူဘာပြောပြော ထန့်ဘက်က အင်းပါ၊ သိပါတယ်
တာမျိုး အပြင်စကားအပို မဆို။ စကားပြောတော့လည်း စိတ်





လို အေးစက်စက်။ ကတိုက်ကရိုက်။ စက်ကွင်းပြောလို့ မပြီး
သေး။ ထန့်ဘက်က အရင်ဆုံး ဖုန်းချသွားခဲ့တာချည်း ဖြစ်သည်။

သီဟကြောင့် ထန့်မှာ အဘွားသဘောတူထားသည့် လူရှိ
တာ စက်ကွင်းသိပေမယ့် ဘယ်သူဘယ်ဝါဟု အတိအကျတော့
မသိ။ သီဟကလည်း မပြော။ စက်ကွင်း ပြဿနာသွားရှာမှာ
ကြောက်နေသည်။ အခြေအနေအားလုံးကို စက်ကွင်း သေချာသုံး
သပ်ကြည့်လိုက်တော့ သူကထန့်အတွက် အမည်ခံချစ်သူ ဖြစ်နေ
သည်။

ထန့်နှင့်သူ ချစ်သူဆိုတာကျတော့ သူ့ကိုယ်သူပင်မယုံ။
စက်ကွင်းမာမီနှင့်ဒယ်ဒီက စက်ကွင်းဘက်က ပိုင်နိုင်သေချာပြီ
ဆိုလျှင် ထန့်ကို ချက်ချင်း ချွေးမအဖြစ် သွားတောင်းပေးကြမှာ
သိသည်။ သူ့ဘက်က ဘာတစ်ခုမှ မသေချာမရေရာ၍ မိဘ
တွေကို ဘာတစ်ခုမှ မပြောရဲသေး။ ဒီကြားထဲ ဒယ်ဒီနှင့်စက်ဘူ
အလုပ်ကိစ္စအတွက် လိုက်သွားရသေးသည်။

တစ်လလောက် ကြာသွား၍ စက်ကွင်းဘက်က နေမထိထိုင်
တာ ဖြစ်နေပေမယ့် ထန်ကတော့ သူမရှိလေ ပိုပျော်လေဖြစ်
တာကို စိတ်ကအလိုလို သိနေသည်။ အလုပ်ကိစ္စနှင့် မြန်မာ
ပြည်ကို ပြန်ရောက်လာသည့်ညမှာ ထန့်ဆီကို ဖုန်းဆက်တော့
ဖုန်း စက်ပိတ်ထားသည်။ သီဟဆီ ဖုန်းဆက်တော့လည်း
ကိုင်မည့်သူမရှိ။ နောက်ဆို ဘယ်လိုမှ မနေနိုင်တာနှင့် ထန့်
အိမ်ကို ဖုန်းလှမ်းဆက်တော့ ဖုန်းလာကိုင်သူက ထန့်အဘွားဖြစ်
၍ သူလက်လျှော့ပြီး ဖုန်းချလိုက်ရသည်။ ဒီနေ့တစ်နေ့လုံး
အိမ်ရှေ့မှာ သူရှိနေပေမယ့် ထန့်အရိပ်အယောင်ကိုပင် မမြင်ရ။

www.burmeseclassic.com



ညနေခင်းတစ်ခေါက် ထပ်အလာမှာ ထန့်ကိုလှပစွာ ဝင်[..]
စားဆင်ယင်ထားသည့် အနေအထားနှင့် ထန့်အဘွား၊ ထန့်အ[..]
နှင့်အတူ ကားနှင့်ထွက်လာတာကို တွေ့လိုက်ရခြင်း ဖြစ်သည်
ထန့်တို့ တစ်နေရာကို သွားကြမှန်းသိသည်။ ဘယ်ကိုသွားမည်[..]
လဲဆိုတာ သူမသိ။ သိခွင့်ရအောင် ထန့်ကားနောက်က သူလိုက်[..]
လာရင်း သူပါလာမှန်းသိအောင် ထန့်ကားကို ကျော်တက်ခြ[..]
ဖြစ်သည်။

စက်ကွင်း ဖြစ်စေချင်သည့်အတိုင်း ထန့် သူ့ကိုမြင်သွား[..]
စက်ကွင်း ကျေနပ်သွားသည်။ ထန့်ကတော့ စက်ကွင်းကို [..]
ကတည်းက ရင်တထိတ်ထိတ်။ အဘွားနှင့် မေမေရှေ့မှာ အ[..]
အယွင်း မဖြစ်အောင် မနည်းသတိထားနေရသည်။ စက်ကွင်း[..]
တစ်လမ်းလုံး ထန့်ကားနောက်မှာ ချန်နေလိုက်၊ ထန့်ကား[..]
ကျော်သွားလိုက် လုပ်နေတာကို အဘွားနှင့်မေမေက သတိမထား[..]
မိ။ ကိုယ်စီအတွေးနှင့် ငြိမ်နေကြ၍သာ တော်တော့သည်။

ဒေါက်တာနေဦး ခြံဝင်းထဲသို့ ထန့်ကားကို ချိုးကွေ့ဝင်လိုက်[..]
မှ ထန့်ရင်ထဲ အနည်းငယ် ငြိမ်သက်သွားသည်။ ဒေါက်တာနေ[..]
အပါအဝင် မိသားစုအားလုံးက ထန့်တို့မိသားစုကို နွေးထွေးဖွေ[..]
စွာ ဆီးကြိုကြသည်။ အထူးသဖြင့် ဒေါက်တာနေဦးမိခင် ဒေ[..]
ယောက္ခမလောင်း ဒေါ်စိုးပြည့်စံဖြစ်သည်။ ထန့်ကို သမီးဟုခေါ်[..]
ဒေါက်တာနေဦး အကြောင်းပြောလျှင်တော့ သမီးကိုကိုကဆိုသ[..]
စကားကို သုံးသည်။

“အိမ်မှာကတော့ သမီးအကြောင်းပဲ ပြောနေတာ၊ ဒေ[..]
သဘောကတော့ သမီးတို့မင်္ဂလာပွဲကို အမြန်ဆုံး စီစဉ်ချင်တာ[..]

[..]ကွယ်၊ အဘွားက သမီး သဘောမေးဦးမယ်ဆိုလို့ စောင့်နေရတာ၊
[..]သမီးသဘောကရော ဘယ်လိုလဲ”

“နေပါဦး စံရယ်၊ သမီးလေးက အခုမှ ကိုယ်တို့အိမ်ကို
[..]ရောက်ဖူးတာ၊ မင်းက မင်းဖြစ်ချင်တာတွေချည်း လျှောက်ပြော
[..]တော့ သမီးအနေရခက်မှာပေါ့၊ နောက်မှ မင်းပြောချင်တာပြော၊
[..]အခု မင်းလုပ်ရမှာက အဘွားနဲ့ခင်ခင်တို့အတွက် ထမင်းပွဲ အရင်
[..]ပြင်ပါဦးကွာ”

“စံကို ခွင့်လွှတ်နော် အဘွား၊ စံက မြေးရူးရူးနေတာဆိုတော့
[..]အားကို အမြန်ဆုံး အိမ်ထောင်ချပေးပြီး မြေးချီချင်နေတာ
[..]ကောင်း... ဟင်း”

“ထမင်းပွဲကို စံကိုယ်တိုင် သွားပြင်လိုက်ဦးမယ်၊ ခဏနော်
[..]အဘွား”

“ဖြည်းဖြည်းလုပ်ပါကွယ်၊ အဘွားတို့ မဆာသေးပါဘူး”

ဒေါ်စိုးပြည့်စံက လူလှသလို စကားပြောသည့် နေရာမှာ
[..]လည်း ယဉ်ကျေးချိုသာ၍ ချစ်စရာကောင်းသူ ဖြစ်သလို ခင်ပွန်း
[..]သူနှင့် သားအပေါ်မှာလည်း ကျွမ်းကျင်ပိုင်နိုင်စွာ စီမံအုပ်ချုပ်
[..]သူဖြစ်သည်။ ဒေါက်တာနေဦးနှင့် ဒေါက်တာနေဦးအဖေ
[..]သော်ဇင်တို့က ဒေါ်စိုးပြည့်စံသဘောကို လိုက်၍ခေါင်းညိတ်
[..]ခေါင်းခါ လုပ်ကြရသူများဖြစ်ကြောင်း ထန့် သဘောပေါက်
[..]လည်လာသည်။

“တိ... တိ”

“အိမ်ရှေ့က ကားသံကြားတယ်၊ ဘယ်သူလဲမသိဘူးသား”

“ကျွန်တော်ပါ အန်ကယ်”



www.burmeseclassic.com

"စက်ကွင်းပါလား၊ မပေါ်လာတာတောင် အတော်ကြာ လှပြီ၊ လာ…လာ…မင်းကို ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးမယ်"

"ဘယ်က ဧည့်သည်ရမှာလဲ ကိုရဲ့၊ သမီးက မကြာခ ဒီအိမ်ရဲ့ အရှင်သခင်မ ဖြစ်တော့မှာ"

ဒေါ်စိုးပြည့်စုံတို့ ဇနီးမောင်နှံ ရယ်ရယ်မောမော အတိုး အဖောက်ညီညီ စကားပြောရင်း စက်ကွင်းကို ကြိုဆိုနေရာချ ချိန်မှာ ထန်ကတော့ တိုက်ဆိုင်လှသော ကံကြမ္မာကြောင့် ဘယ်သူ မျက်နှာကိုမှ မကြည့်ဖြစ်ပဲ မျက်လွှာချနေလိုက်မိသည်။

"ဒါ…စုံတူလေ…စက်ကွင်းတဲ့၊ စံမောင်ကမွေးတာ၊ လည်း သားလိုပဲ၊ တစ်ဦးတည်းသောသားပဲ၊ အဘွားနဲ့ခင်ခင် သူ့အဖေကလည်း သင့်တော်တဲ့ မိန်းကလေးတွေ့ရင် သူ့သား နေရာချပေးချင်နေတာလေ၊ ဒါမှခြေငြိမ်မှာ"

"အန်တီစံကလည်းဗျာ"

"အန်တီပြောတာ မဟုတ်လို့လား၊ တစ်နေ့တစ်နေ့ မင်း နားမှာ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းကလေးတွေဆိုတာ နည်းလို့လား မင်းမရှာတတ်ရင် အန်တီစံ ရှာပေးမယ်"

ဒေါ်စိုးပြည့်စုံက သူ့စကားသူ သဘောကျပြီး ရယ်နေ မယ့် စက်ကွင်းနှင့်ထန်မှာတော့ ကိုယ့်အကြောင်းနှင့်ကိုယ် ပြုံး ခက် မပြုံးရခက်နှင့်။ စက်ကွင်းက ထန့်ကိုအားလုံးရှေ့မှာ သင လက်လွှတ် ဝေးမကြည့်မိအောင် သူ့ကိုယ်သူ သတိထားနေရသည်။

"ဒီမှာလေ… အန်တီစံသမီးလေး… ထန့်တဲ့၊ မချော လား"

"ချောပါတယ်"

ထိုစကားကို စက်ကွင်း လိုက်လှဲသောရင်ဖြင့် ခံစားပြီး ဆောက်ခံစကား ဆိုလိုက်ခြင်းဖြစ်သည်။

"မင်းကိုကိုနဲ့ မကြာခင် လက်ထပ်ပေးမယ့် သတို့သမီး လောင်းပေါ့"

"အဘွားတို့ကလည်း ဝမ်းသာပါတယ်ကွယ်"

အဘွားက တုံ့ပြန်စကားပြောပေမယ့် ထန့်မေမေ ဒေါ်ခင်ခင် ကတော့ ပြုံးရုံသာပြုံးနေပြီး ဘာစကားမှ မပြောပါ။ ထန့် မေမေကို ခုမှ မြင်ဖူးခြင်းဖြစ်သော်လည်း မြင်တာနှင့် ငယ်ရွယ် နုပျိုစဉ်က ဘယ်မျှ ချောမောလှပမည်ကို သိနိုင်အောင် ထန့် မိခင်မှာ ယခုချိန်ထိ နုပျိုအရွယ်တင်စွာ ကျက်သရေရှိရှိ လှနေဆဲ ဖြစ်သည်။

"ကဲ…မင်းကတော့ ကံထူးရှင်ပဲ စက်ရေ၊ အန်တီစံက အဘွားတို့ကို ထမင်းစားဖိတ်ထားတာ၊ မင်းပါ တစ်ခါတည်း စားသွားလိုက်တော့"

"ကျွန်တော် မစားတော့ဘူး အန်တီ"

"လာစမ်းပါ စက်ရာ၊ တို့ညီအစ်ကို မတွေ့ရတာ ဘယ် လောက်ကြာပြီလဲ၊ စားသောက်ပြီး အေးအေးဆေးဆေးမှပြန်"

ဒေါက်တာနေဦးကိုယ်တိုင် စက်ကွင်းကို ဖွတ်ဆွဲခေါ်သွား ကြည့်ပြီး အန်တီစံက ရယ်သည်။

"တစ်ဦးတည်းသော သားတွေဆိုတော့ ဒီအတိုင်းပဲ အ သားအလှည့်ကျရင်တော့ မိသားစု သိုင်းသိုင်းဝိုင်းဝိုင်းလေး အောင် သားသမီးသုံးယောက်လောက် ယူနိုင်မလားလို့ စဉ် စားထားတယ်"

"နောက်တော့ ဖြစ်လာမှာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ရယ်ရယ်မောမော စကားဆိုနေကြသူတွေထဲမှာ ထန် မပါ။ စက်ကွင်းနှင့် ဒေါက်တာနေဦး ညီအစ်ကိုတွေ ဆိုကတည်းက နေရာက အတောင်ပေါက်ပျံ ပြေးချင်နေသည်။ လူအလစ်မှာ ထန့်ကို ခိုးခိုးကြည့်သည့် စက်ကွင်းအကြည့်တွေရဲ့ မမြင်ဟန်ဆောင်ရင်း ဒေါ်စိုးပြည့်စံကိုယ်တိုင် လှပခမ်းနားစွာ ပြင်ဆင်ထားသည့် ထမင်းပွဲမှာ ဘာအရသာမှ မခံနိုင်အောင် ထန် စိတ်လှုပ်ရှားနေသည်။

ထိုထက် ပိုဆိုးသည်က ထန်နှင့်မျက်နှာချင်းဆိုင် ထိုင်မိသူက စက်ကွင်းဖြစ်နေသည်။

"ဒီဟင်းက အဘွားအတွက် စံကိုယ်တိုင် ချက်ထားတာလေ အဘွား စားကြည့်ပါဦး"

"ခင်ခင်··· ဟင်းယူခဲ့ပါဦးကွယ်၊ ဘဲသားကြော်မဆိုင် စံ လက်ရာ၊ အားပေးကြည့်ပါဦး ခင်ခင်ရဲ့"

"စားနော် သမီးလေး"

"သား··· ကိုနေ၊ သမီးပန်းကန်ထဲကို ဟင်းထည့်ပေးဦးလေ"

"စက်က ဆိတ်သားကြိုက်တာဆိုတော့ ဒီဆိတ်သား လေး ထည့်စားကြည့်ပါဦး"

ထမင်းဝိုင်းကို ဦးဆောင်သူက ဒေါ်စိုးပြည့်စံဖြစ်ပြီး မမော မပန်းနိုင် ဧည့်ခံနိုင်သူလည်း ဖြစ်သည်။ ကျန်လူတွေက အထိုက် အလျောက် စကားပြောကြသော်လည်း ဘယ်သူမှ အိမ်ရှင် ဒေါ်စိုးပြည့်စံကို လိုက်မမီသူမရှိချေ။

"တော်ပြီလား သမီးရယ်၊ ထမင်းစားတာ နည်းလိုက်တာ





ကွယ်"

"သားရေ··· သမီးလေးကိုခေါ်ပြီး ဧည့်ခန်းမှာ အချိုပွဲ ကျွေးပါဦးကွယ်၊ ပြီးရင် သမီးကို ပန်းခြံထဲ လိုက်ပြလိုက်ပါဦး၊ ဒီမှာ အဘွားတို့နဲ့ မာမီ စကားပြောဦးမယ်"

"ဟုတ်ကဲ့ မာမီ"

"လာ··· ထန်"

"ဟုတ်ကဲ့"

"စက်··· မင်းရော လာလေ"

"သွားပါ၊ ကိုယ့်ကိစ္စ ကိုယ်လုပ်စမ်းပါ"

"အာ··· ဒီကောင်"

စက်ကွင်းက ဒေါက်တာနေဦးခေါ်တာ မလိုက်။ ထန့်ကို ကြည့်ပြီး အစ်ကိုဖြစ်သူကို ပြန်ပြောလိုက်သည့် စက်ကွင်းစကား အဆုံးမှာ ဒေါက်တာနေဦးက ထန့်ကို တစ်ချက်လှမ်းကြည့်ပြီး စက်ကွင်းစကားကို သဘောကျသလို တစ်ချက်ရယ်လိုက်သည်။ ထန်ကတော့ ဘယ်သူ့ကိုမှ မကြည့်။ အိမ်ကိုသာ အမြန်ဆုံး ပြန်ပြေးချင်နေသည်။ ဒေါက်တာနေဦးက ထန့်ကို အချိုပွဲနှင့် ဧည့်ခံသော်လည်း ထန် တစ်ခုမှ စားမဝင်။ စိတ်ကျဉ်းကျပ်သလို ဖြစ်နေသော ထန့်ကိုကြည့်ပြီး ဒေါက်တာနေဦးက ထန့်ကို ခြံထဲက ပန်းဥယျာဉ်တွေ လိုက်ပြရန် ခြံထဲ ဦးဆောင်ခေါ်သွားမှ ထန် အသက်ရှူနည်းနည်း ချောင်သွားသည်။

ဧည့်ခန်းထဲမှာ စက်ကွင်းရှိနေ၍ ထန် နေရာတာ လိပ်ပြ လုံ။ စက်ကွင်းအကြည့်တွေကို ထန် ကြောက်သည်။ သူ့ကို ရှုမစိုက်သော ထန်က တခြားယောက်ျား တစ်ယောက်အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မိသားစုလိုက် ရောက်နေတာကို သူကိုယ်တိုင် မြင်တွေ့နေရသည့် အပေါ်မှာလည်း ထန် မရှင်းတတ်။ အဆိုးဆုံးက ထန်နှင့်အသွား သဘောတူထားသူမှာ တခြားသူမဟုတ်။ စက်ကွင်းအစ်ကို ဖြစ်နေခြင်းက အဆိုးဆုံးဖြစ်သည်။

"ဒါ... မာမီ့သစ်ခွခြံလေ၊ ဟိုဘက်မှာ သဇင်တိုင်တွေလည်း ရှိသေးတယ်၊ ထန်လိုချင်ရင် ကိုယ်ခူးပေးမယ်၊ ထန် ဘယ်ပန်း လိုချင်လဲဆိုတာ ကိုယ့်ကိုပြော"

"ဟင့်အင်း... ထန် ဘယ်ပန်းမှ မလိုချင်ဘူး ဦးနေဦး"

"ဘာဖြစ်လို့လဲ၊ ကိုယ့်ကို အားနာလို့လား ထန်၊ ထန်ကသာ ဒီခြံထဲက ပန်းတွေ အကုန်လိုချင်ပါတယ်ဆိုရင်တောင် မာမီက ထန့်ကို ဒီပန်းတွေ အကုန်ပေးမယ့်သူပါဗျာ၊ ထန်ကြိုက်တဲ့ ပန်းကို ယူပါ"

ဒေါက်တာနေဦးက မိန်းကလေးသဘာဝ ပန်းကြိုက်တတ် ပုံကို သိထားဟန်ဖြင့် ထန့်အတွက် အလှဆုံး အကောင်းဆုံးဖြစ် မည့် သစ်ခွတွေကို လိုက်ရှာရင်း ထန်ကိုရယ်မောစကားဆိုနေခြင်း ဖြစ်သည်။

"ထန် တကယ် ဘာပန်းမှ မလိုချင်လို့ပါ"

"ထန်က ပန်းမကြိုက်တဲ့ မိန်းကလေးလား"

"အဲဒီလို မဟုတ်ပါဘူး၊ မိန်းကလေးပဲ၊ ထန်လည်း ပန်း ကြိုက်တတ်ပါတယ်၊ ဒါပေမယ့် ဒီနေ့တော့ ထန်ကိုယ်တိုင် ဘာ ပန်းမှ မလိုချင်လို့ပါ"

"ကိုယ်က ထန့်ကို ပေးပါရစေဆိုရင်ရော"

"ရှင်"





မျှော်လင့်မထားသော စကားကြောင့် ဒေါက်တာနေဦး မျက်နှာကို အလန့်တကြား မော့ကြည့်လိုက်တော့ သူက ထန့် မျက်နှာလေးကို ပြန်လည်ငုံ့ကြည့်ရင်း ဘာကိုသဘောကျမှန်း မသိသော ရယ်ခြင်းဖြင့် ခပ်သဲ့သဲ့ရယ်သည်။

"ကိုဦး... ဒီမှာ အရေးကြီးလို့တဲ့၊ ကိုဦးဖုန်းလာနေတယ်"

ထန်တို့နှစ်ယောက်နားသို့ ဖုန်းလေးတစ်လုံးနှင့် ရုတ်တရက် ရောက်လာသူက စက်ကွင်း။

"ဘယ်သူ့ဖုန်းလဲ စက်"

"ကျွန်တော်မေးတာ မပြောဘူး၊ ကိုဦးကိုပဲ ခေါ်ပေးပါဆို လို့"

စက်ကွင်းလက်ထဲက ဖုန်းကို ဒေါက်တာနေဦး လှမ်းယူလိုက် သည်။

"ဟဲလို"

တစ်ဖက်က ဘာပြောလိုက်သည်မသိ။

ဒေါက်တာနေဦးက ထန့်ဘက်ကို တစ်ချက်လှည့်ကြည့် သည်။

"ခဏနော် ထန်၊ ကိုယ့်ဆေးရုံကဆက်တာ၊ သွားပြောလိုက် ဦးမယ်"

"စက်... ထန်လိုချင်တဲ့ ပန်းတွေ့ရင် ခူးပေးလိုက်ရင်း ဦးကိုယ်စား ထန့်ကို ခဏဧည့်ခံပေးထားပါဦး"

"ဟုတ်ကဲ့ ကိုဦး"

ပြောပြောဆိုဆို ဖုန်းတစ်လုံးနှင့် ဒေါက်တာနေဦး ထန့်နား မှ ထွက်သွား၍ ထန်မှာ စက်ကွင်းနှင့်နှစ်ယောက်တည်း သစ်ခွခြံ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကျန်ခဲ့သည်။ ထန်တို့ရောက်နေသည့် နေရာက အမှောင်ရိပ်ကျနေ၍ တော်ရုံလူ မမြင်နိုင်။ ဒါကို စက်ကွင်းလည်း သိသည်။

"ထန် သွားတော့မယ်"

"ဘာလဲ… ဆိုဦး မရှိတော့လို့လား"

"ဟုတ်တော့ ဘာဖြစ်လဲ"

"ဘယ်သူ့အားကိုးနဲ့ ကိုယ့်ကို ဒီလောက် ရန်စွာနေတာလဲ"

"ရှင် ထန့်ရှေ့က ဖယ်နော်"

"စက်လို့တောင် မခေါ်နိုင်တော့ဘူးလား"

ထန့်ရှေ့မှာ ပိတ်ရပ်နေသူကို ထန် ဘယ်လိုဖြတ်ကျော်ရမှန်းမသိ၍ ဒေါသချင်လာသည်။ အရောင်တဖိတ်ဖိတ် လက်နေသော စက်ကွင်းမျက်လုံးတွေကို ထန်မကြည့်ရဲ။ သူ့နားက ဖြစ်သည့်နည်းနှင့် ပြေးထွက်ဖို့ပဲ ထန် စဉ်းစားနေသည်။ နောက်ဆုံး သူ့ကို ထန် ဘာမှပြန်မပြောပဲ နေရာကထွက်ပြေးဖို့ ကြိုးစားသည်။

သို့သော် ထန် ကြိုးစားမှုက အရာမထင်။

ထန့်အကြံကို ကြိုတင်သိထားသည့် စက်ကွင်းက သူ့ကိုဖြတ်ကျော်ပြီး ထွက်ပြေးဖို့ ကြိုးစားသော ထန့်ကိုယ်လေးကို သန်မာသောလက်အစုံဖြင့် ဖျတ်ခနဲ ဆွဲယူပွေ့ဖက်လိုက်၍ ထန့်မှာ အသံမထွက်ရဲပဲ သူ့ရင်ခွင်ထဲ အရှိန်နှင့် ပစ်ကျသွားသည်။

"ရှင် ဘယ်လိုလုပ်တာလဲ၊ အပြင်မှာ ရှင့်အစ်ကိုရှိတာ မသိဘူးလား"

"မင်းချစ်သူက ကိုယ်ပါထန်"

"မင်းကြောင့် ကိုယ်ဘယ်လောက် ခံစားနေရတယ်ဆိုတာ မင်းသိလား"





"အဲဒါတွေ နောက်မှပြောပါ၊ အခု ထန် ဒီနေရာက သွားပါရစေ"

"ဒီအတိုင်းတော့ သွားလို့မရဘူး"

"စက်… ရှင်နော်"

"အို"

အသံမထွက်ရဲ၍ တိုးကျိတ်ဖိသိပ် ရုန်းဖယ်နေတာကို အခွင့်ဆောင်းယူပြီး ထန့်တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲဆွဲနစ်ပြီး အချစ်အနမ်းတွေ အညှိုးကြီးစွာ ရှာချနေသူကို ထန် မတားဆီးနိုင်။ စက်ကွင်းက နှင်းဆီဖူးအစုံ ထန့်နှုတ်ခမ်းနှစ်လွှာကို တအားငုံနမ်းလိုက်၍ ထန် အသက်ရှူကျပ်သွားသည်။ ထန်က ရုန်းလေသူက တိုးဖက်လေဖြစ်၍ ကြာတော့ ထန်မလှုပ်ရဲ။ ထန့်နှုတ်ခမ်းကို တင်းကျပ်စွာ တုပ်နှောင်ထား၍ ထန်မှာ စကားပြောခွင့်မရ။

"ချစ်တယ် ထန်ရယ်"

ထန့်နှုတ်ခမ်းလေးမှ ခွာလိုက်ပြီး စက်ကွင်းက ထန့်လည်တိုင်နှင့် ရည်ညွန့်ဖွေးဖွေးကို ဆင့်ကာဆင့်ကာ တိုးဝှေ့ရှိုက်နေ၍ ထန် ခွတ်ရန်းသည်။

"ထန့်ကို လွှတ်ဆို၊ တော်ကြာ ဒေါက်တာတွေသွား…"

"အို"

စက်ကွင်းက ထန့်ကို စကားဆိုခွင့်မပေး။

စကားဆိုရန် ထန့်နှုတ်ခမ်းကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ထန် ဆက်၍မပြောနိုင်အောင် ထန့်နှုတ်ခမ်းရဲရဲလေးထက်သို့ သူ့နှုတ်ခမ်းအစုံဖြင့် ပိတ်လိုက်၍ ထန်ဘာမှမပြောနိုင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခွမ်း"

"အို… ပန်းအိုးကျကွဲသွားပြီ"

ထန်တို့နှစ်ယောက် တိုးဇေ့ရှန်းကန်ရင်း ပန်းအိုးကို ဝင်တိုက်မိ၍ ကျကွဲသွားမှ စက်ကွင်းက ထန့်ကိုယ်လေးကို ဖြန့်းခနဲ ဖြေလွှတ်ပေးလိုက်၍ ထန်မှာ ကိုယ့်ကိုယ်ကို လဲကျမသွားအောင် မနည်းသတိထားလိုက်ရသည်။

"ဘာဖြစ်တာလဲ စက်"

ဒေါက်တာနေဦး အသံကြောင့် ထန့်တစ်ကိုယ်လုံး အေးစက်သွားကာ ပျက်ယွင်းနေသည့် ဣန္ဒြေကိုထိန်းရန် စက်ကွင်းကို ကျောပေး၍ လက်နှင့်နီးရာပန်းတစ်ပွင့်ကို ထန့်ဘက်သို့ တအားဆွဲယူလိုက်သည်။

"ပန်းအိုးကျကွဲတာ ကိုဦး၊ ထန့်ကို ပန်းခူးပေးချင်ဇောနဲ့ အောက်က ပန်းအိုးကို မမြင်လိုက်ဖူး ဖြစ်သွားတယ်"

"ထန့်ကို ခိုက်မိသွားသေးလား ထန်"

"ဟင့်အင်း… ထန် ဘာမှမဖြစ်ပါဘူး ဦးနေဦး"

တုန်ယင်နေသောအသံကို ကြိုးစားထိန်း၍ ပြောရင်းသူတို့ ညီအစ်ကိုနှစ်ယောက်နားက ထန် အပြေးထွက်ခဲ့သည်။

"ထန် သွားနှင့်ပြီ ဒေါက်တာ"

"ထန့်အတွက် ပန်းတွေကိုယ် ယူလာခဲ့မယ်"

ဒေါက်တာနေဦး ပြောသည့်အသံကို ထန် ဘာတစ်ခုမှ မတုံ့ပြန်ပဲ အိမ်ရှိရာသို့ အပြေးလေး လျှောက်ခဲ့သည်။ ထန် ကံကောင်းချင်တော့ မေမေနှင့် အိမ်ပေါက်ဝမှာ ဆုံသည်။





"သမီးရောက်လာတာနဲ့ အတော်ပဲ၊ အဘွားက အိမ်ပြန်ချင်ပြီတဲ့၊ လာ… သွားကြစို့"

"ဟုတ်ကဲ့ မေမေ"

"မစံရေ… အဘွားတို့ ပြန်ဦးမယ်ကွယ်၊ ဒီနေ့အတွက် အားလုံးကို ကျေးဇူးတင်တယ်"

"ပြောရမယ့်လူတွေလား အဘွားရယ်၊ စံက အဘွားတို့ကို ဆက်မကတောင် လုပ်ပေးချင်တာ"

အဘွားကို ဒေါ်စိုးပြည့်စံကိုယ်တိုင် ကားပေါ်အထိ လိုက်သည်။

"ထန်… ဒီမှာ ထန့်အတွက် ပန်းတွေ"

"သင့်ခ်ယူးပါ"

ဒေါက်တာနေဦးပေးသော ပန်းတွေလှမ်းယူပြီး ကျေးဇူးတင်ကြောင်းဆိုလိုက်ပေမယ့် သူ့မျက်နှာကိုတော့ သေချာစွာ မကြည့်တော့ပါ။ အားလုံးကို နှုတ်ဆက်ပြီး ထန်ကားလေးကို နေရာမောင်းထွက်လာခဲ့ရပေမယ့် စက်ကွင်းကြောင့် ထန့်ရင်တွေ နေဆဲဖြစ်သည်။

ကံကောင်း၍ ဒေါက်တာနေဦးရှေ့မှာ ထန် အရှက်မကွဲခြင်းသည်။ ပန်းအိုးသာ ကျမကွဲလျှင်ဆိုသည့်အတွေးနှင့် ထန်တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲထသွားသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

အိပ်ရာထက်မှာ လူးလိမ့်နေပေမယ့် စက်ကွင်းမျက်လုံးတွေ ကြောင်နေသည်။ ဘယ်လိုမှ အိပ်မရ။ နောက်ဆုံးဝရန်တာမှာ တစ်ယောက်ထဲ ထွက်တိုင်ပြီး မိုးကောင်းကင်ကြီးကို မော့ကြည့် နေမိသည်။ သို့သော် ညအလှနှင့် တိတ်ဆိတ်မှုအပေါင်းမှာ စက်ကွင်းအာရုံက မရောက်။ သူ့အစ်ကိုဝမ်းကွဲ ဒေါက်တာနေဦး ၏ ဇနီးလောင်းအဖြစ် ထန့်ကိုတွေ့ရခြင်းအပေါ်မှာသာ စဉ်းစား စရာတွေ တစ်ပုံကြီးဖြစ်နေသည်။

နှစ်ဖက်မိဘလူကြီးတွေ သဘောကျစီမံထားသည်ဆိုပေမယ့် ထန့်လို မိန်းမလှတစ်ယောက်ကို ဒေါက်တာနေဦး အပါအဝင် ယောကျ်ားတိုင်း စိတ်ဝင်စားကြမည်မှာ ဆန်းတော့မဆန်းပါ။ သို့ လှသည့်ထန့်ကို စက်ကွင်းလိုလူတစ်ယောက်က အရူးအမူး စွဲလန်း မိလျှင် ထန့်နှင့်လူကြီးချင်း သဘောတူထားသည့် ဒေါက်တာနေဦး ဆိုသည့် ကိုဦးကိုယ်တိုင် ဘာသားနှင့်ထုထား၍ ထန့်လို အချော အလှကို မချစ်ပဲ စိတ်မဝင်စားပဲ နေနိုင်မည်နည်း။





တခြားသူတစ်ယောက်ဆိုထားတော့။

အခုဖြစ်နေတာက ညီအစ်ကိုချင်း ထန့်ကိုလုရမည့် ပွဲဖြစ် သည်။ ကိုဦးပုံစံ ကြည့်ရတာ ထန့်ကို သူကိုယ်တိုင် စိတ်ဝင် မှန်း စက်ကွင်းသိသည်။ နားလည်သည်။ ကိုဦးနှင့်စက်ကွင်း တစ်ဦးတည်းသောသားတွေဖြစ်၍ တခြားတစ်ဝမ်းကွဲ ညီအစ် တွေလိုမဟုတ်။ အမေညီအစ်မလည်းဖြစ်၍ တကယ့်ညီအစ်ကို င်းအချာတွေလို ချစ်ကြသူတွေ ဖြစ်နေတော့ ပိုဆိုးသည်။

ကိုဦးလက်ထဲက ထန့်ကိုလုယူသလို ဖြစ်နေတာမှန်ပေမယ့် ဆိုတာ ကိုဦးချစ်သူမဟုတ်။ စက်ကွင်းချစ်သူ။ စက်ကွင်း ထပ်မည့်သူ ဖြစ်နေသည်။ ကိုဦးက ထန့်ကိုချစ်နေသည်။ ဘာကျနေသည်ဆိုလျှင် သူဘာလုပ်ရမည်နည်း။ မိန်းမတစ် ာက်အတွက် အချစ်ဆုံးညီအစ်ကိုနှစ်ယောက် တစ်ယောက် မှာ တစ်ယောက်မကြည့်ချင် မမြင်ချင်လောက်အောင် မုန်းတီး မှာမျိုး အလိုမရှိပေမယ့် မတတ်နိုင်။

ဖြစ်ပုံက ဆန်းသည်။

အကြောင်းအရာတွေကလည်း တိုက်ဆိုင်နေသည်။ အချစ် ဆိုတော့ ဘယ်သူမှ အလွယ်နှင့်လက်လျှော့မှာ မဟုတ်။

ကိုဦးကို သူနှင့်ထန့်အကြောင်း ပြောပြပြီး အကူအညီတောင်း ရေး စက်ကွင်းဘက်က အများကြီး စဉ်းစားနေရသဖြင့် ဘယ် အိပ်မရခြင်းလည်း ဖြစ်သည်။

ထန့်ဘက်က ကြည့်ရင်လည်း စက်ကွင်းလို ဖြစ်နေမှာ ချာသည်။ ထန့်အဘွား သဘောတူထားသူ ဒေါက်တာနေဦး က်ကွင်းအစ်ကို ဖြစ်နေ၍ စိတ်ရှုပ်နေမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲ ထန်တို့မိသားစု ပြဿနာကရှိသေးသည်။ ထန့်အ... အကြောင်း သိဟပြောပြ၍ အားလုံးသိထားသည်။ ထန့်အ... ပန်အဖြစ်ကလည်း သနားစရာ။ ထိုထက်ပို၍ သနားစရာကော... သူက ထန်ဖြစ်သည်။

ညီအစ်ကိုနှစ်ယောက်နှင့် သူမတစ်ယောက်။ ထန် ဘ... လောက် စိတ်ညစ်နေမည်မသိ။ စက်ကွင်းကိုယ်တိုင် အာရုံနော... နေသည်။ အခုပုံအတိုင်းဆိုလျှင် ဖြစ်ချင်ရာဖြစ် ထန်ကို သူ့သဘော... နှင့်သူ ခိုးပြေးရမလို ဖြစ်နေသည်။ တစ်ကိုယ်ကောင်းဆန်... ဆုံးဖြတ်လိုက်သည့် စက်ကွင်း၏ သဘောထားနောက်မှာ မိသား... ဝင်တွေ အချင်းချင်း ဖြစ်ပေါ်လာမည့် ပြဿနာကို ထည့်မ... ၍ မဖြစ်။

သေချာတာက ထန့်ကို သူ မစွန့်လွှတ်နိုင်ခြင်း ဖြစ်သ... တစ်ညလုံး အတွေးတွေ ရှုပ်နေသည်။ မနက်အိပ်ရာကထ... မာမီက စက်ကွင်းနား ရောက်လာသည်။

"အောက်ထပ်မှာ သားကို တွေ့ချင်လို့တဲ့ ကောင်မ... တစ်ယောက် ရောက်နေတယ်"

"ဘယ်သူလဲ မာမီ"

"ဒိုရာလို့ ပြောတာပဲ"

စက်ကွင်း မျက်ခုံးအစုံ တွန့်ကုတ်သွားသည်။ ဘ... ဒိုရာလဲ။ သူလည်းမသိ။ ရည်းစားတွေ မှိုလိုပေါက်အောင် ထ... မမှတ်မိတာလည်း ဖြစ်နိုင်သည်။

"သွားတွေ့လိုက်ဦး သား၊ ဘယ်လိုကိစ္စဖြစ်ဖြစ် ... အေးအေးထားပြီးမှ ဆုံးဖြတ်နော်၊ ဘာကိုမှ ရှုးဒိုင်းလုပ်မဝ...





မာမီ့စကားက ဘာကို ရည်ရွယ်မှန်း သေချာမသိပေမယ့် ...ခေါင်းတော့ညိတ်လိုက်သည်။ ဧည့်ခန်းထဲ လှမ်းဝင်လိုက်တော့ ...ည့်ခန်းထဲမှာ ထိုင်နေသည့် ကောင်မလေး ဆတ်ခနဲ ထိုင်ရာက ...ရပ်သည်။

"စက်"

သူမခေါ်ပုံက တရင်းတနှီး။

စက်ကွင်းမျက်နှာကို မြင်လိုက်ရ၍ ပျော်သွားပုံက မျက်နှာမှာ ...ထင်းသားပေါ်နေသည်။ သူမက စက်ကွင်းကို သိပေမယ့် ...က်ကွင်းကတော့ သူ့မျက်စိရှေ့မှ မိန်းကလေးကို သူမသိသလို ...င်လည်း မမြင်ဖူးပဲ ဖြစ်နေသည်။

"မင်း ဘယ်သူလဲ"

"ဒိုရာကိုကိုကြီးပါ"

"မင်း ငါနဲ့သိလို့လား"

"ဟင့်အင်း"

ကောင်မလေးအဖြေကြောင့် စက်ကွင်း ပိုအံ့သြသွားသည်။ ဒါက ဘယ်လိုဖြစ်တာလဲ။

သူနဲ့မသိသည့် မိန်းကလေးက သူ့အိမ်ပေါ်ရောက်ပြီး သူ့ ...ည်ကို တရင်းတနှီး ခေါ်နေရအောင် ဒါက ဘာအထာလဲ။

"ကိုယ် မင်းကို မသိဘူး"

"အခု သိသွားပြီလေ"

ဒိုရာကိုကိုကြီးဆိုသည့် မချောက မခေပါလား။ စက်ကွင်း ...နှာကို မျက်လုံးလက်လက်တွေနဲ့ သေချာစူးစိုက်ကြည့်ပြီး ...ခမ်းရဲရဲလေး ချစ်စရာကောင်းအောင် ပြုံးရယ်လိုက်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



သွားစွယ်လေးတွေ လက်ခနဲဖြစ်သွားပြီး ပါးချိုင့်ရှည်ကြီးေ
ထင်းခနဲဖြစ်သွားတာကိုပါ မြင်လိုက်ရသည်။

လှတာတော့ သေချာသည်။

သို့သော် ဒိုရာကိုကိုကြီး အလှက ထန်အလှ၏ ခြေဖျား
ပင် လိုက်မမှီ။ ထန့်မှာ ဘာအပြင်အဆင် အခြယ်အသမှ
ဒါပေမယ့် အသေအချာ ပြင်ဆင်ထားသူတွေက ထန့်အလှ
မပြိုင်နိုင်။

"လာရင်းကိစ္စကို ပြော"

"စက်ကို လာတွေ့တာပါ"

"ဘာ"

သူ့အိမ်ပေါ်အထိ ရဲရဲတင်းတင်း တက်လာပြီး သူ့ကို
တွေ့တာပါဆိုသည့် ဒိုရာကိုကိုကြီးဆိုသည့် မိန်းကလေး
သူဒေါသ နှင့်လှမ်းအကြည့်မှာ သူမကခစ်ခနဲရယ်ပြီး သူ့
ရောက်လာသည်။

"ဒီမှာ… ကြည့်"

"ဘာလဲ"

"ဓာတ်ပုံလေ"

သူ့မျက်စိရှေ့ ရောက်လာသည့် ဖုန်းထဲက ဓာတ်ပုံကို
ဇဝါ လှမ်းအကြည့်မှာ ဒိုရာကိုကိုကြီးဆိုသည့် မချောက သူ့
နှင့်စက်ကွင်းခေါင်းကို ပူးကပ်ကာ ဖျတ်ခနဲ ဓာတ်ပုံရိုက်ယူလို
စက်ကွင်းမျက်နှာ တင်းသွားသည်။

"မင်း ဘာလုပ်တာလဲ"

"ဓာတ်ပုံရိုက်တာလေ"





"ငါ ခွင့်မပြုဘူး၊ မင်းကိုလည်း ငါမသိဘူး"

"ပြောစမ်း၊ မင်း ဘယ်သူလဲ"

"ဒိုရာကိုကိုကြီးပါဆို"

အံမယ်…။

သူကပဲ စိတ်မရှည်သံနှင့် တုံ့ပြန်လိုက်သေးသည်။

"ကဲ… မယ်မင်းကြီးမ၊ ကျုပ်အိမ်အထိ တက်လာပြီး
သနာရှာတာဆိုရင် ခပ်မြန်မြန်ကြွပေတော့၊ တော်ကြာကျော်
ကောင်းကြားမကောင်း ရဲစခန်းရောက်နေမယ်"

"ဒိုရာက ပြဿနာရှာတာ မဟုတ်ပါဘူး၊ စက်ကိုခင်လို့ပါ"

"မင်း ဘယ်လိုမိန်းကလေးလဲ"

"ဘာကိုပြောတာလဲဟင်"

သေစမ်း။

သူကပြန်ပြီး စက်ကွင်းကို မေးခွန်းထုတ်နေလိုက်သေး
သည်။ ယောကျ်ားပျိုတစ်ယောက် အိမ်ပေါ်အထိ ရဲရဲတင်းတင်း
တက်လာပြီး သူ့ကိုယ်သူ မိတ်ဆက်စကားဆို၊ စက်ကွင်းနဲ့အတူ
ဓာတ်ပုံတွဲရိုက်ရဲသည့် မိန်းကလေးမျိုး ကမ္ဘာမှာ ဒိုရာကိုကိုကြီး
ဆိုသည့် မိန်းမတစ်ယောက်ပဲ ရှိမည်ထင်သည်။

"မိန်းကလေးတန်မဲ့ ငါ့အိမ်ပေါ်အထိ တက်လာတာကို ပြော
တာ၊ မင်းမရှက်ဘူးလား"

"ဒိုရာက ဘာကိုရှက်ရမှာလဲ၊ ခင်လို့မင်လို့ စက်ကို မိတ်
ဆက်တာ၊ ရှက်စရာလား"

"ဟ… မင်းက မိန်းမ၊ ပြီးတော့ ယောကျ်ားတစ်ယောက်
အိမ်ပေါ်အထိတက်ပြီး ရဲရဲတင်းတင်း မိတ်ဆက်ရအောင် မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါ သိလို့လား"

"စက်က မသိပေမယ့် ဒိုရာက သိနေတာပဲ"

"မင်းပဲ ခုနတုန်းက ငါ့ကိုမသိဘူးဆို"

"ဟုတ်တယ်လေ၊ လူချင်းတော့မသိဘူး၊ ဒါပေမယ့် စ ဒီအိမ်မှာနေတာ အမြဲမြင်တွေ့နေရလို့ သိတယ်လို့ ပြောတာ"

"မင်းစကားတွေ ရှုပ်နေပြီ"

"ဘာမှမရှုပ်ဘူး ရှင်းရှင်းလေး"

"ဒိုရာရေ"

"ဒိုရာ"

"ဟော…ဒိုရာပျောက်လို့ အန်တီငြိမ်းတို့ လိုက်ရှာနေ ဒိုရာ သွားပြီနော်"

စက်ကွင်း ဘာမှပြောချိန်မရ။

ဒိုရာကိုကိုကြီးဆိုသည့် ဆက်ကော့လက်ကော့ သတ္တဝါလေ က သူမအမည်ကို တကြော်ကြော်ခေါ်နေသူရှိရာသို့ စက်ကွ နားက လှစ်ခနဲ ပြေးထွက်သွားသည်။ သူမ ဘယ်ကိုသွားတာ ဘာကိစ္စ စက်ကွင်းအိမ်ပေါ်အထိ တက်လာပြီး ရဲရဲတင်းတ သူမကိုယ်သူမ မိတ်ဆက်စကားဆိုတာလဲဆိုတာ သိချ စက်ကွင်းက ဒိုရာကိုကိုကြီး ပြေးသွားသည့်နောက်ကို လိုက်ကြ သည်။ သူမပြေးသွားသည့်နေရာက တခြားနေရာမဟု စက်ကွင်းတို့ ခြံနှင့်ကပ်လျက် တစ်ဖက်ခြံ ဖြစ်နေ၍ သူမျက် တွန့်သွားသည်။ ထိုအိမ်က စက်ကွင်းသူငယ်ချင်း ဖရက်ဒီတို့အ သူတို့မှာ မိသားစုများများမရှိ။ ညီအစ်ကိုနှစ်ယောက်နှင့် မိ နှစ်ပါး။ မိသားစုလေးယောက်ထဲရှိသည့်အိမ်မှာ ဘယ်-



ညှို့သည်တွေ ရောက်နေမှန်းမသိ။

ကိုယ့်ဘာသာ အာရုံနောက်နေသည့်ကြားထဲ ဒိုရာကိုကိုကြီး စက်ကွင်းကိုလာပြီး ဦးနှောက်စားသွားသည်။

"ကလေးမလေး ပြန်သွားပြီလား သား"

"ဟုတ်ကဲ့"

"ရုပ်ကလေးက ချစ်စရာလေးပါ၊ သူက ဘယ်မှာနေတာ သား"

မာမီကိုယ်တိုင်လည်း ဒိုရာကိုကိုကြီးကို ဘယ်ကလာမှန်း ပုံမရ။

"ဖရက်ဒီတို့အိမ်က မာမီ"

"ဧည့်သည်ထင်တယ်၊ သားနဲ့ ဘယ်လိုသိတာလဲ"

"မသိပါဘူး မာမီရာ၊ သူ့ဘာသာ အိမ်ပေါ်တက်လာတာ"

"ခေတ်မိန်းကလေးများ အံ့သြစရာကွယ်၊ မာမီက သား သိထင်နေတာ"

မာမီက ဒီလောက်ပဲပြောသည်။

သမီး မွေးမထားပေမယ့် မာမီက သားရှင်ဆိုပြီး ဘယ်မိန်း လေးကိုမှ နှစ်နှစ်နှာနှာမပြော။ သမီးမရှိသူဖြစ်၍လည်း ချော လှလှ မိန်းကလေးတွေတိုင်း သမီးတော်ချင်သူ ဖြစ်သည်။

"ဒါနဲ့ သားချစ်သူကိုရော ဘယ်တော့ မာမီနဲ့ မိတ်ဆက် မှာလဲ"

"လိုပါသေးတယ် မာမီရာ"

"ဘာလိုတာလဲ သားရဲ့"

ဒီလိုမေးလာတော့လည်း စက်ကွင်း ဘယ်လိုဖြေရမှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



မာမီက စက်ကွင်းမျက်နှာကို အကဲခတ်သလို တစ်ချက်လှမ်းကြ
လိုက်သည်။

"သားပုံစံ ကြည့်ရတာ တစ်မျိုးပဲ၊ ဘာလဲ သားတို့ရ
အဆင်မပြေလို့လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး"

"သားချစ်သူကို မာမီ လိုက်တွေ့ရမလား"

"မဟုတ်တာ မာမီကလည်း၊ ရွေးမလုပ်တဲ့သူကို မာမီလို
တွေ့စရာလား၊ မာမီတွေ့ချင်ရင် သားခေါ်ခဲ့ပါမယ်"

"ဘယ်နေ့ခေါ်လာမှာလဲဆိုတာ မာမီ့ကို အရင်ပြောဦး"

"ခေါ်လာမဲ့နေ့ကျရင် မာမီ့ကို ကြိုပြောမှာပါ"

"ဒါမျိုးဆိုတာ လက်နှေးလို့ ကောင်းတာမဟုတ်ဘူး
သား၊ တော်ကြာ သူများလက်ထဲ ပါသွားဦးမယ်"

မာမီ့စကားက စက်ကွင်းရင်ကို တည့်တည့်လာထိသည
ထန့်မှာ သူ့အပြင် တခြားသူတစ်ယောက် ရှိနေသည်။ ထိုသူ
တခြားသူမဟုတ်။ စက်ကွင်းအစ်ကို ဖြစ်နေကြောင်း မာမီ
ဘယ်လိုပြောရမှန်းမသိ ဖြစ်နေ၏။ စိတ်ညစ်ညစ်နှင့် အိမ်ကထွ
ခဲ့သည်။ သူ့ကိုယ်သူ ဝေခွဲမရနိုင်သည့် အတွေးတွေနှင့် ထ
အိမ်ရှေ့ရောက်လာသည်။

တိတ်ဆိတ်နေသည့် အိမ်ကြီးကို လှမ်းမြင်နေရပေမဲ့ လူ
သူရိပ်ပင် မရှိ။ အိမ်ကြီး၏ တစ်နေရာမှာ သူအင်မတန် ချစ်မြ
နိုးသော ချစ်သူရှိနေသည့်ဆိုသော အသိကြောင့် စက်ကွင်းနှ
သားထဲ ရှိန်းမြန်းတွေးသွားပုံကလည်း ထူးဆန်းသည်။ အချစ်
မတွေ့ခင်တုန်းက ဒါတွေမသိ။ ခံလည်း မခံစားခဲ့ရ။ ပျော်သည်





ထင်လျှင် မိန်းမလှလေးတွေနှင့် တွဲသည်။ မပျော်လျှင် ခွဲသည်။

တစ်ယောက်တည်း အိမ်မှာနေသည်။

ထန်နှင့်ကျတော့ ခံစားချက်တွေ အားလုံးပြောင်းသွားသည်။
ထန့်ကိုချစ်သည့် အချစ်ကို ထုတ်နှုတ်မပြောတတ်။ ထန့်အတွက်
နိုးရိမ်စိတ်နှင့် ထန့်ကို ပိုင်ဆိုင်ခွင့်မရမှာ ကြောက်ရွံ့စိတ်တို့က
သူ့ရင်ကို အမြဲပူလောင်နေစေသည်။ ဒေါက်တာနေဦးဆိုသည့်
ကိုဦးနှင့်စက်ကွင်း ထန် ဘယ်သူ့ကို ရွေးမလဲ။

အစထဲကတည်းက ထန်က စက်ကွင်းကို ချစ်လို့သူမဟုတ်။
သူ့ထံမှ နွတ်တရွတ် အချစ်တွေကို ကြောက်ပြီး ချစ်ခဲ့ရသူဖြစ်၍
စက်ကွင်းကို ထန် တကယ်မှ ချစ်ရဲ့လားဟု ရင်ထိတ်နေရသူ။
အခုတော့ ပြိုင်ဘက်က စက်ကွင်းအစ်ကိုဝမ်းကွဲ ကိုဦးဖြစ်နေသည်။
သီဟတို့ ခြံထဲက ကားကိုချိုးကွေ့ဝင်လိုက်တော့ တိုက်ထဲက
သီဟ ထွက်လာသည်။

ပြုံးနေသည့် သီဟမျက်နှာက စက်ကွင်းလို တင်းတင်းမာမာ
မဟုတ်။ သီဟပုံစံက အမြဲစိတ်ချမ်းသာနေသည့် လူတစ်ယောက်
ပုံစံအပြည့်ဆိုတာ မြင်တာနှင့်သိသည်။

"ဘယ်လိုလဲ စက်ကွင်း၊ ထန့်ဆီလာတာလား"

"အေး"

စက်ကွင်းက ခေါင်းညိတ်တော့ သီဟက ရယ်သည်။

"ထန့်ကို ဖုန်းဆက်ပြီးပြီလား"

"မဆက်ရသေးဘူး"

"ဒါဆို ဆွေးလိုက်တော့"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထန် အိမ်မှာမရှိဘူးကွ၊ သူ့အစ်မပန်ဆီ သွားတယ်"

"ပြင်ဦးလွင်ကိုလား"

ထန် အိမ်မှာမရှိဘူးဆိုတာနှင့် စက်ကွင်းရင်ထဲ ဘာတစ်ခုမှ အဓိပ္ပာယ်မရှိသလို အရာရာအကျည်းတန် အရုပ်ဆိုးသွားသည်။

"ပန်တို့ ဒီကိုရောက်နေပြီကွ"

"ရန်ကုန်ကို ပြောတာလား"

"ဟုတ်တယ်"

"ဒီမှာတော့ မဟုတ်ဘူး၊ သူ့ယောက်ျားနဲ့ ရန်ကင်းဘက်မှာ"

"လိပ်စာပေးလို့ရလား၊ ငါ လိုက်သွားမယ်"

"ထန်က မင်းကို စိတ်ဆိုးမှာပေါ့"

ဒါတော့မှန်သည်။

စက်ကွင်းဘက်ကတော့ ထန် စိတ်ဆိုးသည်ဖြစ်စေ၊ စိတ်မဆိုးသည်ဖြစ်စေ ချစ်သူမျက်နှာကို မြင်ရမှ စိတ်ချမ်းသာနိုင်မည်၊ ထန်နှင့် စကားပြောခွင့် ရချင်သည်။ သူတို့ ညီအစ်ကိုနှစ်ယောက်အပေါ်ထားသည့် ထန့်သဘောထားကို သိချင်သည်။ ထန့် ဆုံးဖြတ်ချက်သည် စက်ကွင်း ဆုံးဖြတ်ချက် ဖြစ်လာရခြင်း၏ အဓိကအကြောင်းဖြစ်သည်။

"ငါ့ကို ထန် စိတ်မဆိုးတဲ့ရက်ဆိုတာ မရှိဘူး သီဟ၊ ထန် စိတ်ဆိုးမှာ ကြောက်နေရင် သူနဲ့ငါ ဘယ်တော့မှ ချစ်သူတွေဖြစ်လာမှာ မဟုတ်ဘူး"

"ဒါလည်း ဟုတ်တာပဲ၊ ပန့်လိပ်စာ ငါပြောမယ်၊ မင်းမှတ်သွား"





သီဟက ပန်တို့ဇနီးမောင်နှံနေသည့် လိပ်စာကို ပြောသည်။ အချိန်ဆွဲမနေတော့ပဲ သီဟကို နှုတ်ဆက်ပြီး လိပ်စာအတိုင်း ထန်သွားရာနောက် လိုက်ခဲ့သည်။ သီဟပြောသည့် ခြံကြီးထဲမှာ ထန့်ကားလေး ရပ်ထားသည်။ ညီအစ်မနှစ်ယောက် ခြံထဲမှာ စကားပြောနေတာ မြင်လိုက်ရ၍ စက်ကွင်း ဘာမှစဉ်းစားမနေပဲ သူ့ကားကို ထန်ရှိရာ ပန်တို့ခြံဝန်းထဲ ချိုးဝင်လိုက်သည်။

ထန့်ကားနောက်မှာ စက်ကွင်းကားကို ရပ်လိုက်သည့် အချိန်အထိ ထန်မှာ ပန့်ကို ဘာစကားမှမပြောနိုင်။ ထန်ရှိနေသည့်နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည့် စက်ကွင်းကိုသာ အံ့ဩနေ၏။

"ဘယ်သူလဲ မသိဘူး၊ ဂန္ဓဇည့်သည်ထင်တယ်"

ပန်က စက်ကွင်းကို မသိ။

မျက်နှာစိမ်း ဧည့်သည်ဖြစ်၍ သူ့ယောက်ျားဆီလာသော ဧည့်သည်ဟုထင်ပြီး ထိုနေရာမှ ထဖို့ပြင်သည်။

"မခေါ်နဲ့ ပန်၊ သူက ဂန္ဓဇည့်သည် မဟုတ်ဘူး၊ ထန့်ဆီလာတာ"

ထန့်စကားကြောင့် ပန် ငြိမ်သွားပြီး ကားပေါ်က စက်ကွင်းကို လှမ်းကြည့်သည်။

"ထန့်လူက လူချောပဲ၊ မေမေသိလား"

"မသိဘူး"

ပန့်ထံမှ သက်ပြင်းချသံကို ကြားရသည်။

"သွားလေ၊ ဧည့်သည်နဲ့ ဒီမှာ အေးအေးဆေးဆေး စကားပြောဦး၊ ပန် အခြေအေးသွားလုပ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်နဲ့ ပန်၊ ထန် အခုပဲပြန်တော့မှာ"

ထန့်စကားကြောင့် ပန်က ထန့်ကို လှမ်းကြည့်သည်။

"ဒီမှာက လွတ်လပ်တယ် ထန်၊ တခြားတစ်နေရာသွားလို့ အဘွားအသိတွေနဲ့တွေ့ရင် မလွယ်ဘူး"

ပန့်စကားမှန်နေ၍ ထန် ခဏတော့ ငြိမ်သွားသည်။

"ထန့် ဧည့်သည်ထင်တယ် လာပါ၊ ပန်က ထန့်အစ်မပါ"

"ကျွန်တော်က စက်ကွင်းပါ ပန်၊ ထန် ပြောပြထားလို့ ပန်တို့အကြောင်း အားလုံးသိထားပြီးပါပြီ"

စက်ကွင်းစကားကြောင့် ပန်က သိမ်မွေ့စွာ ပြုံးသည်။ မိခင်လောင်းဖြစ်သော ပန့်အလှက တစ်မျိုးချစ်စရာကောင်း လျက် အသရေတစ်မျိုး ထွန်းတောက်နေသလို ထင်ရသည်။

"စက်ကွင်းတို့အကြောင်း အဘွား မသိသေးဘူးဆို"

"ဟုတ်တယ် ပန်"

"အဘွားက ပန့်ကြောင့် လူတွေကို ဘယ်သူမှ မယုံတော့ဘူး၊ ပန်က အဘွား သဘောမတူတဲ့လူကို ယူလိုက်လို့လေ"

ပြောပြီး ပန်က ရယ်သည်။

နာနာကြည်းကြည်း ရယ်ခြင်းတော့မဟုတ်။ ဖြစ်လာသည့် လောကအလှည့်အပြောင်းကို နားလည်လက်ခံသော ရယ်နည်း ဖြစ်၍ စက်ကွင်းပါ ပန်နှင့်အတူ ပြုံးရယ်လိုက်မိသည်။

"ကျွန်တော်တို့လည်း ပန့်လိုဖြစ်မယ်ထင်တယ်"

"ညီအစ်မနှစ်ယောက် ဘဝတူ ဖြစ်သွားတာပေါ့"

"ထန်နဲ့ စကားပြောဦးနော်၊ ပန် အအေးလုပ်လိုက်ဦးမယ်"

"သင့်ခ်ယူး ပန်"





ပန် တမင်ရှောင်ပေးမှန်းသိ၍ ကျေးဇူးတင်စကား ဆိုလိုက်သည်။ ပန် အိမ်ထဲဝင်သွား၍ ခြံထဲက ခုံတန်းလှလှလေးမှာ ထန်နဲ့သူ နှစ်ယောက်တည်း ကျန်ခဲ့သည်။

"ရှင် ဘာလို့ ဒီအထိ လိုက်လာတာပဲ စက်"

"လွမ်းလို့"

စက်ကွင်းစကားကြောင့် ထန် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ စိတ်ထဲက ဒီနေရာအထိ စက်ကွင်းလိုက်လာတာကို သဘောမကျမိ။ ပြောလို့ရမည့်သူ မဟုတ်မှန်းသိ၍ ကျိတ်ပြီး သက်ပြင်းချလိုက်သည်။

"ထန် ဒီမှာရှိတာ ဘယ်လိုသိလဲ"

"သီဟာပြောတာ"

သီဟာစုတ်...။

ထန့်စိတ်ထဲက သီဟာကို အပြစ်တင်လိုက်သည်။ ပန် ရန်ကုန်ကို ပြန်ရောက်နေပြီဆိုတာနှင့် မေမေက ထန့်ကို ပန့်ဆီ ဆက်ချင်းသွားကြည့်ခိုင်းသည်။ ကိုယ်တိုင်လိုက်ချင်ပေမယ့် အဘွား ကြောင့်၍ မေမေ ဟန်မပျက်နေခဲ့တာကို ထန် နားလည်သည်။ ပန့်ပတ်သက်ပြီး အခုချိန်ထိ အဘွားက ချုံသည်၊ ခါးသည် ပြောသေး၍ အဘွားသဘောထား ဘယ်လိုဆိုတာလည်း သေချာ သိ။ ပန့်ကိစ္စကို သားအမိနှစ်ယောက်တည်း ကျိတ်တိုင်ပင်ကြရ သည်။ ပန် ရန်ကုန်ကို ပြန်လာရခြင်းမှာလည်း မေမေ့ အစီအစဉ် ဖြစ်သည်။ ပန် မီးဖွားသည့်အချိန်၊ ပန့်နားမှာ ထန်တို့သားအမိ ရှိမှဖြစ်မှာကို သဘောပေါက်ထားသည်။ ဝမ်းအသာဆုံးသူက ပန်ဖြစ်သည်။ ထန့်ကို တွေ့တော့ ပန်က မျက်ရည်ကျသည်။

www.burmeseclassic.com



သားအမိနှစ်ယောက်သာ အတူဆုံလိုက်မည်ဆိုပါက တစ်ယောက်နဲ့တစ်ယောက်ဖက်ပြီး ဘယ်အထိ မျက်ရည်ကျ ငိုပွဲဆင်မည်မသိ။

ညီအစ်မနှစ်ယောက် မေမေ့အကြောင်း၊ အဘွားအကြောင်း ပြောနေချိန်မှာ စက်ကွင်းရောက်လာခြင်း ဖြစ်သည်။

"ကိုယ့်ကို ချစ်လား ထန်"

စက်ကွင်းက ထန့်မျက်နှာလှလှလေးကို စိုက်ကြည့်ပြီး မေးလာတော့ ထန့်ပါးလေးတွေ နီရွေးသွားကာ စက်ကွင်းအကြည့်ကို မမြင်ဟန်ဆောင် မျက်လွှာချလိုက်သည်။

"ဟိတ်... မေးနေတာ ဖြေလေ"

"ဘာဖြေရမှာလဲ"

"ဒါ ဖြေရမှာ"

"အို"

ထန့်ပါးလေးတစ်ဖက်ကို လူအလစ်မှာ အနမ်းခံလိုက်ရ၍ ထန်က ရှက်လန့်တကြား ပန်းရှိသည့်အိမ်ကြီးဘက်ကို လှမ်းကြည့်သည်။

"ဘယ်သူမှ မမြင်ပါဘူး၊ မြင်လည်း မမြင်ဟန်ဆောင်သွားလိမ့်မယ်"

"ရှင် ဘယ်လိုဖြစ်နေတာလဲ စက်"

"ကိုယ့် ချစ်သူကို ဆုံးရှုံးရမှာ ကြောက်နေတာ"

"ပြော... ကိုယ့်ကို ချစ်လား"

"မသိဘူး"

"ကိုယ် အသည်းယားအောင် လာမလုပ်နဲ့ ထန်၊ ကိုယ်တဲ့ကောင်က ထန့်ကို သိပ်ချစ်လာရင် ပန့်ရှေ့မှာဖြစ်ဖြစ် ထန့်





ဖက်နမ်းဖို့ ဝန်မလေးဘူးဆိုတာ ယုံ"

"မေးရင် ကောင်းကောင်းဖြေ"

"ရှင်မေးတိုင်း ဖြေနေရအောင် ထန်က စက်ရုပ်လား"

"ဟုတ်တယ်၊ ရိုးရိုးစက်ရုပ်မဟုတ်ဘူး၊ ကိုယ့်ရဲ့ အချစ်စက်ရုပ်"

ထန်က စက်ကွင်းလို စကားမတတ်သဖြင့် စိတ်ညစ်သွားသည်။ ညီအစ်ကိုနှစ်ယောက် တစ်ယောက်တစ်မျိုးစီပါလားဟု အလိုလို တွေးမိလျက်သား ဖြစ်သွားကာ ဒေါက်တာနေဦးကို သတိရသွားသည်။

"ပန်တို့ခြံက အကျယ်ကြီးပဲ၊ ပန်းပင်တွေလည်း အများကြီး လမ်းလျှောက်ရင်း ကိုယ်တို့ စကားပြောရရင် မကောင်းဘူးလား ထန်"

"ထန် လမ်းမလျှောက်ချင်ပါဘူး"

"လာစမ်းပါ"

"အို... ဘာလုပ်တာလဲ၊ ထန့်လက်ကို လွှတ်စမ်းပါ"

ထန် ဇွတ်အတင်း ရုန်းပေမယ့် စက်ကွင်းက သူဆွဲကိုင်ထားသည့် ထန့်လက်လေးကို မလွှတ်ပဲ ပန်းချုံတွေကြားသို့ ဆွဲခေါ်သွား၍ အင်အားချင်းမမျှပဲ ပါသွားသည်။

"စက်"

"ရှင်နော်... ဘယ်လိုဖြစ်နေတာလဲ"

"ချစ်နေတာ"

"အို"

ထန့်တစ်ကိုယ်လုံး စက်ကွင်းရင်ခွင်ထဲ ယိုင်လဲပြီးဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချစ်လှဆိုးက ထန့်တစ်ကိုယ်လုံး သိမ်းကျုံးပွေ့ပြီး မျက်နှာလှလှလေးထက် အချစ်အနမ်းတွေ ရွာချသည်။ ထန် စကားပြောဖို့ ကြိုးစားသော်လည်းမရ။ ကြာတော့ စိတ်ရှုပ်လာကာ စက်ကွင်း ကိုယ်ကြီးကို သူမရှိသမျှအားနှင့် ထုရိုက်ပစ်သည်။

"ချစ်တယ် ထန်ရယ်၊ ကိုယ်မင်းကို မခွဲနိုင်ဘူး"

"ပြော... ကိုယ့်ကို ချစ်တယ်လို့"

"မချစ်ဘူး၊ မုန်းတယ်"

"ကိုယ် မကြားချင်တဲ့စကားပြောပြန်ပြီလား"

"ရှင်လည်း ထန် မကြိုက်တာကို ဖွတ်လုပ်နေတာ ထည့်ပြောဦး"

"ကိုယ့်ကို ရှင်လို့မပြောနဲ့လို့ မှာထားတယ်နော်"

"ထန့်ကို စိတ်ညစ်အောင် ထပ်မလုပ်ချင့်ပါနဲ့ စက်ရယ် ထန် တကယ် စိတ်ညစ်နေလို့ပါ"

ထိုစကားကိုတော့ ထန် အမှန်အတိုင်း ဆိုလိုက်သည်။ တကယ်လည်း ထန် စိတ်ညစ်နေသည်။ မိသားစုအရေး၊ ထန့် အိမ်ထောင်ရေးနှင့် အချစ်ရေး အားလုံး ဘာတစ်ခုမှ အဆင်မပြေ သေး။

"ကိုယ်လည်း စိတ်ညစ်နေတာ ထန်"

"စက်က ဘာစိတ်ညစ်စရာ ရှိလို့လဲ"

"ထန့်ကို လွှတ်စမ်းပါ"

"ချစ်တယ်ပြောမှ"

"ပြောစရာလိုသေးလို့လား စက်ရယ်"

"လိုတယ် ထန်၊ ကိုယ် ထန့်ကိုစိတ်မချဘူး၊ ကိုယ့်ကို





...မချစ်မှာ အမြဲစိုးရိမ်နေရတာ ထန် သိလား"

လေးနက်တည်ကြည်သော မျက်နှာနှင့် စက်ကွင်းကိုကြည့် ...ထန် ရင်မောသွားသည်။ ထန့်ကို သူချစ်တာ ထန်သိပါသည်။ ...လည်း စက်ကွင်းကို မညာချင်။ သူ့ကို ထန်ချစ်မိပါပြီ။

"ထန်"

"ဟင်"

"ကိုယ့်ကို ချစ်စကားပြောဖို့ သိပ်ခက်နေလား"

"မဟုတ်ပါဘူး၊ စက်ကို ထန် ချစ်ပါတယ်"

"ထန်ရယ်"

အနမ်းတောထဲ ဒုတိယအကြိမ် နစ်မျောသွားသည်။

"ဒီလောက်ဆို ကျေနပ်ပါတော့ စက်ရယ်၊ ထန် အသက် ...ပ်လှပြီ"

"သနားလို့ လွှတ်ပေးတာနော်၊ တခြားနေရာမှာဆို မရဘူး"

ထန့်ပါးလေးကို ဖွဖွနမ်းပြီးမှ စက်ကွင်းက ထန့်ကို သူ့ရင် ...တ အသာဖြည်လွှတ်ပေးသည်။

"ကိုယ်တို့ကိစ္စ ဘယ်လိုလုပ်မလဲ ထန်"

"ထန် မသိဘူး"

တကယ်လည်း ထန် မသိ။

အဘွားသဘောကို ဘယ်သူမှ မလွန်ဆန်နိုင်တာကိုပဲ ထန် ...သည်။

"ထန့်အဘွားဆီက ထန့်ကိုလက်ထပ်ဖို့ ကိုယ့်မိဘတွေ ...င်းနိုင်းမယ်"

"အို...ဖြစ်မလား၊ အဘွားက ထန့်ကို ဦးနေဦးနဲ့ သဘော



www.burmeseclassic.com

www.burmeseclassic.com



တူထားတာ”

“ဘာလဲ၊ ထန်က အဘွားစကားကို နားထောင်ချင်နေ[…]လား”

ဒေါသနှင့်ခက်ထန် တင်းမာသွားသည့် စက်ကွင်းမျက်[…] ချောချောကို ကြည့်ပြီး ထန်လည်း ဒေါသဖြစ်လာသည်။

“စကားကိုကြည့်ပြောနော် စက်၊ အဘွားစကားကို […] နားထောင်ချင်ရင် ဒေါက်တာနေဦးနဲ့ စတွေ့ထဲက လက်ထ[…] ခေါင်းညိတ်ပြီးတာ ကြာလှပြီ”

“ဒါဆို ကိုယ်က ဘာလုပ်ရမှာလဲ၊ ထန် ဘာလုပ်[…] လက်ပိုက်ကြည့်နေရမှာလား”

“ထန် အဲဒီလို ပြောလို့လား”

“ထန်ဟာ ကိုယ့်ချစ်သူ၊ ကိုယ်လက်ထပ်မယ့် ဇနီးလော[…] အဘွားသဘောတူထားတဲ့လူက ကိုယ့်အစ်ကိုဝမ်းကွဲ၊ ဒီ[…] ကိုယ် ဘာလုပ်ရမှာလဲ”

“ဘာမှလုပ်စရာမလိုဘူး၊ ဦးနေဦးမှာ ချစ်သူရှိပြီးသား[…]”

“ထန့်ကို ဘယ်သူပြောလဲ”

“သူကိုယ်တိုင်ပြောတာ၊ မယုံရင် စက်အစ်ကိုကို […] ဘာသာမေးကြည့်”

မေးကြည့်နေစရာမလိုပါ။

ဒီအသက်အရွယ် ဒီလိုအလုပ်အကိုင် ရာထူးနှင့်ချ[…] ကြွယ်ဝမှုအစုစုတို့ ပြီးပြည့်စုံနေသည့် လူချောတစ်ယော[…] သူ့လိုပဲ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေသည်မှာ အထူးအဆ[…] ဟုတ်။ ဖြစ်ရိုးဖြစ်စဉ်မျှသာ ထန် မသိတာတစ်ခုက ချ[…]ဦး လက်ထပ်သူ ဖြစ်မလာခြင်း ဖြစ်သည်။

“သူ့မှာ ချစ်သူရှိတော့ ဘာဖြစ်လဲ”

“ဘာဖြစ်ရမှာလဲ၊ ကိုယ့်ချစ်သူကို လက်ထပ်မှာပေါ့၊ […]နက ဒေါက်တာနေဦး ချစ်သူမှမဟုတ်တာ”

“ချစ်သူမဟုတ်ပဲ သူက ထန့်ကို လက်ထပ်မယ်ဆိုရင်ရော”

“အဓိပ္ပါယ်မရှိတာ”

“သိပ်အဓိပ္ပါယ်ရှိတယ် ထန်၊ ချစ်သူနဲ့လက်ထပ်သူ တစ်[…]ယ်တည်းမကျနိုင်တာ ထန် သဘောမပေါက်ဘူးလား”

စက်ကွင်း စကားအဆုံးမှာ ထန့်မျက်ဝန်းအလှတွေက […]က်ကွင်းရှိရာ ရောက်လာသည်။

“စက် ဘာပြောတာလဲ”

“ရှင်းရှင်းလေးပါ၊ ထန့်လို သိပ်လှတဲ့ မိန်းကလေးကို […]ယ်ယောက်ျားလေးကမှ သဘောမကျပဲ နေမှာမဟုတ်ဘူး၊ ကိုဦး[…] သူ့ချစ်သူကို လက်ထပ်ရဲရင် ထန့်ရှေ့ကို ရောက်လာပါဦး[…]လား”

“ဒါပေမယ့်…”

“တော်ပြီ ထန်၊ ကိုယ့်စကားမှာ ဒါပေမယ့်ဆိုတာ မရှိဘူး၊ […]ယ့်ကိုလက်ထပ်ပါ၊ ထန့်မှာ ချစ်သူရှိတဲ့ အကြောင်း ထန့်အဘွား[…] ထန်ကိုယ်တိုင် ဖွင့်ပြောပါ၊ အဘွားသဘောတူရင် လူကြီးစုံရာနဲ့ […]ကိုလာတောင်းမယ်၊ အဘွားသဘောမတူရင် ထန့်ကို မရ[…]နည်းနဲ့ ဖွတ်အတင်း ခိုးပြေးသင့်ရင် ခိုးပြေးရမှာပဲ”

“ခိုးပြေးတဲ့ကိစ္စကို ထန် လုံးဝလက်မခံဘူး စက်၊ အဲဒီလို […]တောင်ရေးမျိုးလည်း ထန် မလိုချင်ဘူး၊ ပန့်လိုလည်း အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ဘူး''

ပြောရင်း ထန် ရင်တွေနာလာကာ အသံလေးတွေပါ တု လာသည်။ ပြောသည့်လူက လွယ်လွယ်ပြောနိုင်ပေမယ့် လ တွေ့ကိုယ်တိုင် ခံစားရသူအတွက်တော့ ဘဝနဲ့ရင်းပြီး ပေး လိုက်ရတာတွေက နစ်နာဆုံးရှုံးမှုတွေ များလွန်းသည်။

''မိန်းကလေးဘဝဆိုတာ တစ်သက်မှာ တစ်မင်္ဂလာ တာပါ စက်၊ ထန်တို့မိသားစု အရှက်တကွဲ ဖြစ်ရတာ ယန် ယောက်ထဲနဲ့တင် တစ်ဘဝစာ လုံလောက်ပါပြီ၊ ထန့်ကိုပါ အ မပေးချင်ပါနဲ့''

''ကိုယ့်ဘက်ကို ထန် မစဉ်းစားတော့ဘူးလား''

''အချိန်တွေ အများကြီး ရှိပါသေးတယ် စက်၊ ဖူးစာ ရင် ထန်တို့နှစ်ယောက် မလွဲမသွေ ပေါင်းကြရလိမ့်မယ်လို့ ယုံပါတယ်''

''တချို့ကိစ္စတွေက ကံတရားကိုချည်း အားကိုးနေလို့ တာမဟုတ်ဘူး ထန်၊ ပြီးတော့ ထန်နဲ့သဘောတူထားတဲ့ ကိုယ့်အစ်ကိုဆိုတာလည်း ထည့်စဉ်းစားဦး''

''ကြာပါတယ်ကွာ၊ ထန်ဟာ ကိုယ့်ချစ်သူ၊ ကိုယ်လက် မယ့်သူဆိုတာ ကိုဦးကိုအခုပဲ သွားပြောလိုက်မယ်''

''စက်မပြောလည်း တစ်နေ့ ဦးနေဦးကို ထန်နဲ့စက် အကြောင်း ဖွင့်ပြောဖို့ စိတ်ကူးပြီးသားပါ''

''တကယ်လား ထန်''

''တကယ်ပါ စက်ရယ်''

''ကိုယ် ဝမ်းသာလိုက်တာ အချစ်ရယ်''





''ကဲ... ကဲ... ဝမ်းသာစရာရှိတာ နောက်မှ ဆက်ဝမ်းသာ ကြ၊ အိမ်ထဲကိုလိုက်ပြီး မုန့်စားကြ၊ အအေးသောက်ကြဦး''

ယန် ရောက်လာ၍ ချစ်သူနှစ်ဦး စကားပြတ်သွားကာ ယန်နှင့် တူ အိမ်ကြီးထဲ ဝင်ခဲ့ကြသည်။

''ယန့်အမျိုးသားလည်း မတွေ့ဖူးနော်''

''အလုပ်သွားနေလို့ မရှိတာလေ၊ နောက်တော့ စက်ကွင်း ဂနဲ့ကို မိတ်ဆက်ပေးမယ်''

ယန်က ခင်မင်ရင်းနှီးစွာ ပြောရင်း သူမကိုယ်တိုင် ပြင်ဆင် သော သစ်သီးနှင့်အအေးတို့ကို တိုက်သည်။

''ဒီအိမ်မှာ ယန်တစ်ယောက်တည်းလား''

''မဟုတ်ပါဘူး၊ ဒေါ်အိအိဆိုတဲ့ အဒေါ်ကြီးတစ်ယောက် ရှိပါ ယ်၊ အခု ဈေးသွားနေလို့ မရှိတာပါ''

''ထန်တို့ ပြန်တော့မယ် ယန်၊ တော်ကြာ အချိန်ကြာနေလို့ မေနဲ့အဘွား စိတ်ပူနေမှာစိုးလို့ပါ''

လက်ကနာရီကိုကြည့်ပြီး ထန်က သူ့အစ်မ ယန်ကိုနှုတ် ်တော့ ယန့်မျက်နှာလေး ညှိုးသွားတာကြည့်ပြီး စက်ကွင်း ယ်ကိုင် ယန့်ကိုယ်စား စိတ်မကောင်း ဖြစ်သွားသည်။ ကိုယ်ဝန် နှင့် ယန်တစ်ယောက်ထဲ။ မိသားစု စွန့်ပစ်တာကို ခံနေရရှာ ၌အဖြစ်က သိပ်တော့မလွယ်။

''နောက်နေ့တွေ ယန့်ဆီကို ထန် လာဦးမှာပါ၊ ဘာမှ အား ယ်နဲ့နော် ယန်၊ မေမေ့ကို ယန့်ဆီ ထန်ခေါ်လာခဲ့မယ် သိလား''

''အဘွားနဲ့ ဖြစ်ပါ့မလား ထန်ရယ်''

''ဖြစ်အောင် လုပ်ရမှာပေါ့ ယန်ရယ်၊ သိပ်လည်း စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



မနေပါနဲ့၊ မေမေ ပန့်ဆီကို လာမယ့်နေ့ ထန်က အဘွားနား
နေလိုက်မယ်၊ ဒါဆို အဘွားအတွက် ပန် စိတ်ချပြီ မဟုတ်လား

"ထန်ရှိနေရင် စိတ်ချပါတယ်"

"ဟော…ဟိုမှာ ဒေါ်အိပြန်လာပြီ"

"ကျွန်တော့်ကို ခွင့်ပြုပါဦး ပန်"

"နောက်လည်း ထန်နဲ့အတူ လာလည်နော်"

"သင့်ခ်ယူး"

"ထန် သွားပြီနော် ပန်"

ထန်က သူ့အစ်မပန်ကို ဒေါ်အိလက်ထဲ သေချာအပ်ပြ
ပြန်သည်။ ရှေ့ဆင့်နောက်ဆင့် ထွက်သွားသည့် ကားနှစ်စီး
ကြည့်ပြီး မျက်ဝန်းအိမ်မှာ ပြည့်သိပ်လာသော မျက်ရည်များ
ပန့်မြင်ကွင်းတစ်ခုလုံးကို ဝေဝါးမှုန်မှိုင်းခြင်းအဖြစ်သို့ ပြောင်း
ပေးလိုက်သည်။ ပန့်ပါးပြင်မှာ မျက်ရည်စတို့ ချက်ချင်းရွဲစိုသွား
သည်။

■



## အခန်း (၉)

တသိမ့်သိမ့် ရှိုက်ငိုနေသော ချစ်သူကိုကြည့်ကာ ဒေါက်တာ
း သက်ပြင်းချလိုက်သည်။ သူ့အဖြစ်က မိသားစုကို စိတ်
သာအောင် မလုပ်နိုင်သလို ချစ်သူ စိတ်ချမ်းသာအောင်လည်း
းဆောင်နိုင်ခဲ့။ ဆုပ်လည်းစူး၊ စားလည်းရူးဆိုတာ တခြားသူ
တ်ပဲ ဒေါက်တာနေဦး ကိုယ်တိုင်ဖြစ်နေ၏။

"မငိုပါနဲ့တော့ မိုးရယ်၊ မိုး သိပ်ပင်ပန်းနေပြီ"

မိုးကို ကြိုးစား၍ နှစ်သိမ့်လိုက်ပေမယ့် မိုးကအငိုမရပ်။
င်ထဲ ဘယ်လောက် ခံစားနေရသည်ကို ဒေါက်တာနေဦး
လို သူကိုယ်တိုင်လည်း ကျေးဇူးရှင်မွေးမိခင်နှင့် ချစ်သူကြား
းနေရတာကိုလည်း သိနေသည်။

ဒေါက်တာနေဦး ချစ်သူမိုးမှာ ငွေကြေးချမ်းသာ ပြည့်စုံမှု
င်းနှင့် ဒေါက်တာနေဦးလို အထူးကုဆရာဝန် ဘွဲ့ရထားသော
တ်တာမဟုတ်ပဲ ရိုးရိုးသူနာပြုဆရာမလေး ဖြစ်နေခြင်းက



www.burmeseclassic.com

www.burmeseclassic.com



မိုးဘဝ၏ အကြီးမားဆုံး အပြစ်ဒဏ်ဖြစ်နေခြင်း ဖြစ်သည်။

မာမီက မိုးကို မုန်းသည်။

သားဖြစ်သူနှင့် သဘောမတူ။ သားဖြစ်သူကို ပစ်ပစ်ခါ နစ်နစ်နာနာစကားတွေ မပြောပေမယ့် မိုးအပြစ်တွေကိုတော့ မ မတာ ပြောတတ်သူဖြစ်သည်။ ဒယ်ဒီက သူတို့သားအမိကိစ္စ ဝင်မပါပေမယ့် အားလုံးဟာ မာမီ့သဘောအတိုင်း ဖြစ်နေ ကြောင်း သားဖြစ်သူကို ပွင့်လင်းစွာပြောသည်။

ကိုယ်ကိုယ်တိုင် ဆရာဝန်တစ်ယောက်ဖြစ်သည့် ဒေါက် နေဦးက မိခင်ဖြစ်သူမှာ ရှိနေသည့် နှလုံးရောဂါ အတိမ်အနက် နားလည်သည်။ သဘောပေါက်သည့်အတွက် ဘာကိုမှ သူ့သဘော အတိုင်း ဖွတ်မလုပ်။ မာမီစိတ်ချမ်းသာအောင် အမြဲ ကြိုးစား သူ့ဘဝသူ ရပ်တည်နေသူဖြစ်သည်။

"မိန်းမဆိုတာ ဘယ်အချိန်ပဲဖြစ်ဖြစ် အချိန်မရွေး အ ပြန်ရှာလို့ရတယ် သား၊ အမေဆိုတာ အစားထိုးရတာ မဟုတ် သားစိတ်ချမ်းသာ ပျော်ရွှင်မှုတစ်ခုထဲအတွက်နဲ့ သားမာ အသက်နဲ့ မလဲလိုက်ပါနဲ့ သားရယ်"

ဒယ်ဒီနှင့်သူ နောက်ဆုံးပြောဖြစ်ခဲ့သည့် စကားက ဆေးရုံတက်နေသည့် အချိန်ကဖြစ်သည်။ သူ ဘာမှမတတ် မာမီ စိတ်ချမ်းသာမှုအတွက် ထန်နှင့်တွေ့ခဲ့သည်။ လက်ထ ထိ ကျိတ်မှိတ်စဉ်းစားကြည့်သည်။ ထန့်လိုမိန်းမလေးမှာ လိုချင်တာအားလုံး ရှိသည်။

နသည်။ ငယ်သည်။ လှသည်။

ချမ်းသာကြွယ်ဝမှုအစုစုက ရေတွက်၍မကုန်။ မျိုးရိုးအ





အတန်း ကြည့်ဦးမလား။ မင်းမျိုးမင်းနွယ် အစဉ်အဆက်က လာသည့်လူတွေ။ ဒေါက်တာနေဦး ထန့်ကို သဘောကျပါသည်။ ထန့်အလှကိုလည်း အသိအမှတ် မပြုပဲမနေနိုင်။

မိုးကိုပစ်ပြီး ထန့်ကိုလက်ထပ်ဖို့ကျပြန်တော့လည်း မဖြစ်။ အစစအရာရာ အနစ်နာခံပြီး အချစ်ကြီးချစ်ခဲ့သည့် မိုးအပေါ်မှာ ရက်စက်လွန်းသလို ဖြစ်နေသည်။ ထန်နှင့်လူကြီးချင်း သဘောတူထားသည့်ကိစ္စကို မိုးမသိအောင် ဒေါက်တာနေဦးဘက်က အတတ်နိုင်ဆုံး ကြိုးစားဖုံးဖိခဲ့ပေမယ့် မိုးက သိသွားသည်။

ဒေါက်တာနေဦးကို ဘာပြဿနာမှ မလုပ်ပေမယ့် မိုးနှလုံးသားတွေ ကွဲကြေကုန်တာကိုတော့ သူစာနာစိတ်နှင့် နားလည်သည်။ ဖြစ်ချင်ရာဖြစ် ဖွတ်နစ်ပြီး မိုးကို သူ့ဘဝထဲ ဆွဲသွင်းလိုက်လျှင် မာမီ့ကို သူကိုယ်တိုင် သတ်လိုက်တာနှင့် အတူတူ ဖြစ်လာသည်။ မိုးငိုနေတာကို မြင်ရပြန်တော့လည်း ရင်ထဲမှာမကောင်း။

"မိုး"

သူ မိုးအမည်လေးကို တိုးတိတ်စွာ ခေါ်လိုက်ရင်း မျက်ရည်တွေနှင့် မိုးကို သူ့ရင်ခွင်ထဲ တင်းကျပ်စွာ ဆွဲယူပွေ့ဖက်လျက် မိုးကိုယ်လေးကို ရင်ခွင်မှာ အကြာကြီး ထွေးပွေ့ထားမိသည်။ ပတ်ဝန်းကျင်က တိတ်ဆိတ်နေသည်။ မိုး၏ ရှိုက်သံမှတပါး တစ်ခြားမရှိ။

ချစ်သူနှစ်ယောက်ကြားမှာ ပြောစရာစကားတို့ ရှားပါးပျောက်ဆုံးနေသလို ထင်ရပေမယ့် ရင်ထဲမှာ ကိုယ်စီပြောစရာစကားတွေနှင့် ပြည့်နေသည်။ သို့သော် ဘယ်သူမှ စကားမဆိုဖြစ်ကြ။ မိုးကတသိမ့်သိမ့် ရှိုက်ငိုနေရာမှ သူ့ကိုယ်သူ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပြီးထိန်းကာ အငိုကို ရပ်တန့်သည်။

"မိုးကို ခွင့်လွှတ်ပါ မောင်"

"မောင်ကသာ မိုးကို တောင်းပန်ရမှာပါ မိုးရယ်"

လှိုက်လှဲသောရင်ဖြင့် ဆိုခြင်းဖြစ်ကြောင်းကို မိုးကောင်းစွာ နားလည်ဟန်ဖြင့် ဒေါက်တာနေဦး ရင်ခွင်ထဲက အသာရုန်းထွက်လိုက်သည်။

"မောင်သွားပါ၊ မိုးအတွက် စိတ်မပူပါနဲ့၊ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ မိုး သိပြီးသားပါ"

"မောင့်ကို မိုး မုန်းသွားပြီလား"

"မုန်းပစ်ချင်နေတာပါ၊ ဒါပေမယ့် မမုန်းနိုင်လို့ မိုးငိုနေရပြီ"

ပြောရင်း ငိုသံစွက်လာသည့် မိုးမျက်ဝန်းမှာ ပြည့်အိုင်လာသည့် မျက်ရည်တွေကို စိတ်မသက်သာစရာ မြင်တွေ့လိုက်ရ၍ ဒေါက်တာနေဦးရင်ထဲ ဆွတ်ကျင်သွားသည်။

"မောင့်အခြေအနေကို မိုးသိပါတယ်"

"သိလို့ မောင့်ကို မိုး ဘာမှအပြစ်မတင်နိုင်တာပေါ့ မောင်မောင့်မာမီကိုလည်း မိုး ကိုယ်ချင်းစာပါတယ်၊ မိုးသာ မိခင်တစ်ယောက် နေရာမှာဆိုရင် ကိုယ့်သားကို အကောင်းဆုံး ဖြစ်စေချင်မှာပါ"

"မိုး နေခဲ့ပါ့မယ် မောင်"

"မောင်ကမှ ထားမသွားနိုင်ပဲ မိုးရယ်၊ မိုးကို မောင်ချစ်တယ်"

"မိုးလည်း မောင့်ကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်





ချစ်တန်းတယ်ဆိုတာ မောင် အသိဆုံးပါ၊ ဒါထက်ပိုပြီး မိုးမပြောတတ်တော့ဘူး၊ မိုးဘဝက မောင်ထားရာမှာနေ၊ စေရာကို သွားရမယ့် ဘဝပါ"

"မောင် ဘာလုပ်ရမလဲ မိုးရယ်၊ မောင့်ရင်ထဲက ခံစားချက်တွေကို မိုးနားလည်ရဲ့လား"

"မိုး နားလည်ပါတယ် မောင်၊ မောင့်မာမီ စိတ်ချမ်းသာအောင်သာ မောင် ဂရုစိုက်လိုက်ပါ၊ မိုးဘဝနဲ့မိုး ရှိပါစေ"

"မိုး"

"မောင့်အသက်ရယ်"

အတင်းကျပ်ဆုံး တွေးပွေ့မှုအောက်မှာ ချစ်သူနှစ်ယောက်ရင်ထဲက ခံစားချက်တွေ ထိန်းမနိုင် သိမ်းမရ ပေါက်ကွဲမိကြသည်။ စကားမဆိုနိုင်။ စကားထက် ထိရောက်သော အပြုအမူတွေက သူတို့နှလုံးသား၏ ခံစားချက်ကို ဖော်ထုတ်ရာမှာ သက်သေအဖြစ် တည်ကြသည်။ ဘယ်သူ့ကို ဘယ်သူမှ အပြစ်မတင်ကြ။

ဆန်းကြယ်သော အချစ်ဆိုသည့် အရာအောက်မှာ လူသားတိုင်း ခံစားရသည့် ခံစားချက်အတိုင်း သူတို့ချစ်သူနှစ်ဦးလည်း ရင်နှင့်အောင် ခံစားကြရခြင်းဖြစ်သည်။ ချစ်ကြသည်။ လွမ်းကြသည်။ ပျော်ကြသည်။ ငိုကြသည်။ ထိုသံသရာထဲက ဘယ်သူမှ ရုန်းမထွက်နိုင်ကြသလို ဒေါက်တာနေဦးတို့ ချစ်သူနှစ်ဦးလည်း အဝါအဝင်ဖြစ်သည်။

ဒေါက်တာနေဦး အိမ်ပြန်ရောက်တော့ မာမီက အသင့်စောင့်ကြိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က ပြန်လာတာလဲ သား"

"သူငယ်ချင်းတစ်ယောက်ဆီကပါ မာမီ"

"မိုးဆီက မဟုတ်ဘူးလား"

"ဗျာ"

မာမီ့စကားကြောင့် ဒေါက်တာနေဦး အံ့သြသွားသော မာ... က ရယ်သည်။

"မာမီ့ကို အိမ်ထဲမှာနေတဲ့ အဘွားကြီး၊ ဘာမှမသိဘူးလို့ သားက ထင်နေလား၊ မာမီ့မှာလည်း နားတွေ မျက်စိတွေနဲ့ပါ သားရဲ့"

"မင်း ရည်းစားနဲ့တွေ့ပြီး ပြန်လာတာ မာမီသိတယ်၊ သား ဘာပြောဦးမလဲ"

ပြောစရာစကား သူ့မှာမရှိပါ။

ရှိနေရင်လည်း မာမီက ဒေါက်တာနေဦး၏ စကား... လက်ခံမည့်သူမဟုတ်။ ဒါကို သူသိသည်။ နားလည်သည်။ ... ကြောင့် မိခင်ဖြစ်သူရှေ့မှာ အပြစ်ရှိသော ကလေးတစ်ယောက်... ငြိမ်ပြီး ခေါင်းငုံ့နေမိသည်။

"မင်း မာမီ့ကို သတ်နေတာလား သား"

"မဟုတ်ပါဘူး မာမီ"

"ဒါဖြင့် မိုးကို မင်း ဘာဖြစ်လို့ သွားတွေ့ရတာလဲ"

မာမီ့အမေးကို သူ မဖြေနိုင်။

သူတို့သားအမိစကားဝိုင်းထဲမှာ တစ်ဦးတည်းသော အားကိုး ရာဖြစ်သော ဒယ်ဒီလည်း မရှိ။

"မင်း မဖြေနိုင်တော့ဘူးလား သား"





"ဖြေနိုင်ပါတယ်"

"ကဲ... ဒါဖြင့် ပြော၊ မာမီ လုံးဝ သဘောမတူပါဘူးလို့ ပြောထားတဲ့ မိန်းကလေးကို မင်းက ဘာသဘောနဲ့ ...မို့ကွယ်ရာမှာ ပြန်ဆက်သွယ်နေရတာလဲ"

"ထန်နဲ့လက်ထပ်တော့မယ့်ကိစ္စ သူ သိသင့်တယ်ထင်လို့ ... မာမီ"

"ဒီစကားပြောမှာများဖြင့်ကွယ်၊ ဖုန်းထဲက ပြောလည်းရတာ ... ဘာကိစ္စ သားက သူ့ကို လူကိုယ်တိုင် သွားတွေ့နေရတာလဲ"

"နှုတ်ဆက်တဲ့သဘောလည်း ပါ,ပါတယ်"

"နောက်ထပ် မတွေ့တော့ဘူးလို့ သားက ဆိုချင်တာလား"

"ဟုတ်ပါတယ် မာမီ"

"ဒီတစ်ခါ နောက်ဆုံးဆိုရင်လည်း ထားလိုက်တော့၊ နောက် ...ာ မာမီမကြိုက်တာကို ထပ်မလုပ်နဲ့"

"ကဲ... ကဲ... သွားနားတော့"

"ဟုတ်ကဲ့ မာမီ"

မာမီ့ခွင့်ပြုချက်ရမှ သူ့အခန်းကို ပြန်ခဲ့သည်။ ရင်ထဲမှာတော့ ...းကြပ်မှုတွေနှင့် ရှုပ်ထွေးနေသည်။ သူ့အဖြစ်လိုမျိုး တခြားသူ ...တွေလည်း တွေ့ခဲ့ကြုံခဲ့ကြမှာ သေချာသည်။ တခြားသူတွေ ...ယ်လို ဆုံးဖြတ်ကြသည် မသိ။ သူကတော့ သားဆိုး၊ သားမိုက် ...ည့် စကားကို အစထဲက အလိုရှိသူမဟုတ်၍ အခုကိစ္စမှာ ...းချက်တွေ ချုပ်တည်း မျိုသိပ်နေရသည်။

စိတ်မှာ လွန်ဆွဲမှုတွေ ပြင်းထန်နေပေမယ့် အခုပုံအတိုင်း... ...သဘောတူထားသည့် ထန့်ကိုပဲ မာမီ စိတ်ချမ်းသာအောင်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရတော့မလို ဖြစ်နေသည်။

ထန့်အကြောင်း တွေးလိုက်တော့ နုငယ်လှပသော ထန့် မျက်နှာလှလှလေးက ဒေါက်တာနေဦး အတွေးထဲဖျတ်ခနဲ ဝင် လာသည်။ မိန်းမချော၊ မိန်းမလှလေးထန့်မှာ အပြစ်ဆိုစရာ ဘာ မရှိ။ အပြစ်တင်ခြင်းတင်ရမည်ဆိုလျှင် အခုချိန်ထိ ထန့်မှာ ချစ်သူ ရည်းစား မရှိတာကိုပဲ အပြစ်တင်ရမည်။ ထန့်အဖြစ်ကလည်း ဒေါက်တာနေဦးအဖြစ်နှင့် အတူတူဖြစ်သည်။ ထန်တို့ အိမ်တွင် ရေးကိစ္စမှာလည်း ရှုပ်ထွေးနေသည်။

ထန့်အစ်မက အသွား သဘောမတူသည့်လူနှင့် ခိုးရာလိုက် ပြေးပြီးနောက်မှာ ထန်က အသွား သဘောမကျတာ ဘာမှ မလုပ် သူ ဖြစ်သွားသည်။ အစ်မအတွက် ငဲ့ရသလို အမေနှင့်အသွား အသက်နှင့်အရှက်အတွက် ထန့်ဘက်မှာ ငဲ့ညှာစရာတွေ ဖြ လာသည်။ သူလို ယောကျ်ားရင့်မာကြီး တစ်ယောက်သည်ပင် လျှင် ချစ်သူနှင့်မိခင်ကြား ဗျာများရသေးသည်။ ထန့်လို နုနုငယ် ငယ် မိန်းမသားတစ်ယောက်အတွက် ပို၍ ဆိုဖွယ်ရာမရှိ။

ဒေါက်တာနေဦး သက်ပြင်းချလိုက်သည်။ မာမီ့အစီအစဉ် ဖြင့် လာမည့်ဆန်းဒေးမှာ ထန်တို့အိမ်ကို မိသားစုအတူ ညစာ သွားစားရမည်။ နှစ်အိမ့်တစ်အိမ် ရွှေလမ်းငွေလမ်းဖောက်သည် သဘောဖြစ်ပေမယ့် ထန် မပျော်တာသူ သိသည်။ လူကြီးမိဘ တွေရှေ့မှာ ကြိုးစား၍ ရယ်မောနေပေမယ့် ထန့်အပြုံးက အသက် မဝင်သလို ထန့်မျက်ဝန်းတောက်တောက်လေးတွေ မသိမသာ ညှိုးမှိန်နေတာ သူနားလည်သည်။

ထန် မပျော်သလို ဒေါက်တာနေဦး ကိုယ်တိုင်လည်း စိတ်





ညစ်နေ၍ သူ့အပြုအမူကိုလည်း ထန် သတိထားမိလျှင် တစ်မျိုး တစ်ဖုံ ဖြစ်နေတာကို သေချာပေါက်သတိထားမိမှာ သေချာသည်။ ဒီနေ့ ဂျူတီနားရက်ဖြစ်၍ ဘယ်မှမသွား။ မိုးနှင့်တွေ့ပြီး ပြန်လာ ထဲက တခြားကို သွားလာချင်စိတ်လည်းမရှိ။ ကိုယ့်အကြောင်း နှင့်ကိုယ် အိမ်ခန်းထဲမှာပဲ အချိန်ကုန်ချင်နေသည်။

"တီ… တီ"

အိမ်ရှေ့က ကားသံကြောင့် ဒေါက်တာနေဦးအတွေးတို့ ထို နေရာမှာ ပြတ်တောက်သွား၏။ အိမ်ကို ဧည့်သည်လာမှန်း သိ လိုက်သည်။ ဘယ်သူမှန်းတော့ မသိ။ ခဏနေတော့ ကားရပ်သံ၊ မာမီနှင့် နှုတ်ဆက်စကားပြောသံ၊ တံခါးဖွင့်သံ ပိတ်သံတွေ အားလုံး ကြားနေရသည်။

"သားရေ… ဒီမှာ မင်းညီ စက်လာတယ်"

"ဟုတ်ကဲ့… မာမီ"

"သွား… သွား၊ မင်းအစ်ကို အပေါ်ထပ်မှာရှိတယ်၊ တက် သွား"

"ဒီကိုလာခဲ့ စက်"

"ဟုတ်ကဲ့ ကိုဦး"

ဒေါက်တာနေဦးက သူ့ညီဝမ်းကွဲ စက်ကွင်းကို အိမ်ပေါ် ထပ်ရှိ သူ့အခန်းက လှမ်းခေါ်လိုက်သည်။ စက်ကွင်းရောက်လာ၍ သူ့စိတ်ထဲ ရင်ဖွင့်စရာလူတစ်ယောက် သဘောထားလိုက်သည်။ တကယ်တမ်း ပြဿနာဖြစ်လာတော့ ဘယ်သူငယ်ချင်းကမှ အကြံဉာဏ်မပေးနိုင်။ အားလုံးသဘောက မင်းဘာသာကြည့်ပြီး ဆုံးဖြတ်ဆိုတာနှင့် ပြီးသွားသည်။

www.burmeseclassic.com



ဒေါက်တာနေဦးမှာလည်း တခြားဆုံးဖြတ်စရာမရှိ။ မိုးကို စွန့်လွှတ်ရမည်။ တာဝန်နှင့်ဝတ္တရားအရ ထန့်ကို လက်ထပ်မည်။ ဒါပဲဖြစ်သည်။

"ဘယ်က လှည့်လာတာလဲ စက်"

"ကိုဦးဆီလာတာ"

"တယ်ဟုတ်ပါလား၊ မင်းရည်းစားတွေဆီ မသွားတော့ဘူးလား"

"သွားပြီးပြီဗျာ၊ ကိုဦးလည်း ကိုဦးရည်းစားဆီက ပြန်လာတာလို့ အန်တီစံ ပြောတယ်"

သူ ခေါင်းညိတ်လိုက်တော့ စက်ကွင်းက ရယ်သည်။

"ကိုဦးမှာ ချစ်သူရှိတာ သိပ်ဝမ်းသာတယ်ဗျာ"

"ဘာဖြစ်လို့ မင်းကဝမ်းသာရတာလဲ"

"ကျွန်တော့်မှာလည်း ချစ်သူရှိလို့ပါ"

စက်ကွင်းစကားကြောင့် ဒေါက်တာနေဦး မျက်နှာမှာ မဲ့ပြုံး တစ်ခုပေါ်လာသည်။

"ငါက မင်းလို ရည်းစားသက်စေ့ထားတဲ့လူ မဟုတ်ဘူးကွ"

"တစ်ယောက်ဆို တစ်ယောက်တည်းပဲလို့ ပြောတာလား"

"ဒါပေါ့"

"ဒီလိုပဲ ဖြစ်ရမယ်လေ၊ ကျွန်တော်လည်း ကိုဦးလိုပဲဗျာ"

"ထန့်တစ်ယောက်တည်းကိုပဲ ချစ်တယ်"

"ဘယ်သူ"

"ထန်လေ၊ ကိုဦးနဲ့အန်တီစံ လက်ထပ်ဖို့ သဘောတူထား





သူက တခြားသူမဟုတ်ဘူး၊ ကျွန်တော့်ချစ်သူ"

"မင်း တကယ်ပြောနေတာလား စက်"

"မယုံရင် ကိုဦးရှေ့မှာ လက်ထပ်ပြမယ်"

လုံးဝ ထင်မထားသည့် ကိစ္စပါလား။

ဒေါက်တာနေဦး စက်ကွင်းမျက်နှာကို တအံ့တသြ ကြည့်လိုက်သည်။ တည်ကြည်ချောမွေ့သော မျက်နှာမှာ လေးနက်မှုနှင့် သူ့ကို တုံ့ပြန်ကြည့်နေသည့် ညီဖြစ်သူနှင့် အကြည့်ချင်းဆုံမှာ ဒေါက်တာနေဦး ရင်ထဲတစ်မျိုး စိတ်သက်သာရာ ရသွားသည်။

"ဘာဖြစ်လို့ မင်းကဒါကို အခုမှ ပြောရတာလဲ စက်"

"စဉ်းစားနေရလို့ပါ၊ ကျွန်တော်ကိုယ်တိုင် ကိုဦးနဲ့ လက်ထပ်မယ့် သတို့သမီးလောင်းက ထန်မှန်း မသိဘူး၊ အန်တီစံကလည်း နာမည်မပါတော့ တခြားတစ်ယောက် ထင်နေတာ"

"ကိုဦးအိမ်မှာ ထမင်းလာစားတဲ့နေ့ကမှ ထန်မှန်းသိတာ၊ ထန်ကိုယ်တိုင်လည်း ကျွန်တော်တို့ ညီအစ်ကိုဆိုတာ အဲဒီနေ့ကမှ"

"အခု မင်းဘာလုပ်မှာလဲ စက်၊ ဒီကိစ္စတွေ မာမီ့ကို ပြောပြီလား"

သူ သိချင်တာ စက်ကွင်းကို ခပ်မြန်မြန် မေးလိုက်သည်။

"မပြောရသေးဘူး ကိုဦး၊ အန်တီစံမှာ ရောဂါနဲ့ဆိုတော့ ကို အရင်ပြောတာ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ

"ထန့်ကို မင်းအမြန်ဆုံး လက်ထပ်လိုက်ရင် ပွဲကပြီးသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



စက်''

''အန်တီစံကို ကျွန်တော်နဲ့ထန် ချစ်သူတွေဆိုတာ ဖွင့်ပြေ
လိုက်မယ်ဗျာ၊ ဖြစ်တယ်မဟုတ်လား''

''ဖြစ်မှာပါ''

ထိုစကားကို ခပ်လေးလေး သူပြောလိုက်ခြင်း ဖြစ်သည်
စက်ကွင်းက ထန်ဆိုတော့ သူ့ချစ်သူပါဟုဆိုသည်။ စက်ကွ
ချစ်သူ၊ စက်ကွင်းရည်းစားနှင့်သူ မင်္ဂလာကိစ္စ မဖြစ်နိုင်။ ပွဲပ
သွားမှာ သေချာပေမယ့် နောက်ထပ်သတို့သမီးလောင်းအ
ကို မာမီက သူ့အတွက် ထပ်ရှာမှာ မလွဲပါ။

''ထန်က သိပ်လှတယ် ကိုဦး၊ ကျွန်တော် ထန့်ကို
ချစ်တယ်''

စက်ကွင်းမျက်နှာက ချစ်ချင်းမေတ္တာတို့ဖြင့် ဝင်းပနေ
ကိုကြည့်ပြီး သူကိုယ်တိုင်လည်း ထန်၏အလှကို ပြန်မြင်ယေ
အသိအမှတ်ပြုလိုက်သည်။ ထန့်လို မိန်းမချောလေးကို ယော
တိုင်း ချစ်ကြသည်မှာမဆန်း။ ဒေါက်တာနေဦးမှာ မိုးမရှိ
စက်ကွင်းလိုပဲ ထန့်အလှကို စိတ်ဝင်စားမိမည်။ ထန့်ကို ချ
မည်။

''ကိုဦးချစ်သူ့အကြောင်းလည်း ကျွန်တော့်ကို ပြောဦး

''ဘာမှ အထူးအဆန်းမပါဘူးကွာ၊ ရုပ်ရှင်တွေ၊ ပြ
တွေထဲကလို ဂုဏ်တံတိုင်း၊ ငွေတံတိုင်းအကြောင်းပေါ့ကွာ၊ မိုး
ဆင်းရဲတယ်၊ အစ်ကို့လို ဆရာဝန် မဟုတ်ဘူး၊ အဖြစ်က ဒါ

''မာမီ့မှာ နှလုံးရောဂါရှိတော့ အစ်ကိုလည်း မာမီ့ကျန်း
ရေးကိုငဲ့ပြီး ဘာမှမလုပ်ရဲဘူး''





''ကိုဦး ချစ်သူကို ကိုဦး ချစ်မှာပေါ့''

''မင်းထက်တော့ မလျော့ပါဘူး စက်ရာ''

အစ်ကိုဖြစ်သူ မျက်နှာကိုကြည့်ပြီး ကိုယ်ချင်းစာနာစိတ်နှင့်
ကွင်းကိုယ်တိုင် စိတ်မကောင်းဖြစ်သွားသည်။ လောကကြီး
ချစ်တိုင်းမညားနိုင်ကြသည့် ချစ်သူတွေ ဘယ်လောက်များ
ပြီလဲ။ ဒါကြောင်း ချစ်တိုင်းလည်း မညားဆိုသည့် စကား
လာတာလား မပြောတတ်။

''မိုးကို အစ်ကိုချစ်တယ်''

''လက်ထပ်ဖို့တော့ မဖြစ်နိုင်တော့ဘူး ထင်တယ်''

စက်ကွင်းစကားကို ဒေါက်တာနေဦးထံမှ မည်သို့မျှ မတုံ့

''မင်းနဲ့ထန် အမြန်ဆုံး လက်ထပ်နိုင်ပါစေလို့ အစ်ကို
တောင်းပါတယ်''

ဒီတစ်ခါ စကားပြန်မပြောနိုင်သူက စက်ကွင်း။ သူ့သဘော
မတူတူ ထန့်ကို ခိုးပြေးသည်မှာ ကြာပါပြီ။ အခုတော့
မကြိုက်တာကို မလုပ်ရဲ။ ကိုယ်လုပ်ချင်တာထက် ထန်ဖြစ်
တာကို ပြန်ငဲ့နေရသည်။

''အန်တီ့ကိုပြောပြီး ထန့်ကို သူ့အဘွားဆီမှာ သွားတောင်း
ကွင်း ထန်တို့မိသားစုလုံးမှာ အရေးအကြီးဆုံး ပုဂ္ဂိုလ်က
အဘွားဆိုတာ မင်းသိမှာပါ''

သိပါသည်။

ထန် ကြောက်နေရတာလည်း အဘွားဖြစ်သည်။

''ထန့် သဘောကိုရော မင်း မေးပြီးပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"သူက သူ့အစ်မပန်လိုဖြစ်မှာ သိပ်ကြောက်နေတာ ကိုဦး"

"အဘွား သဘောမတူမှာကိုလား"

"ဟုတ်တယ် ကိုဦး"

"အဘွားသဘောတူအောင် ကြိုးစားကြည့်ပေါ့ကွာ"

"အဘွားကတော့ ကိုဦးနဲ့ပဲ ထန့်ကို သဘောတူမှာ"

ကိစ္စက ရှင်းလေရှုပ်လေ။ ငှဲညှာထောက်ထားစရာတွေ စိတ်နောက်ကိုယ်ပါ ဘာတစ်ခုမှ မလုပ်ရဲကြ။

"စိတ်ရှုပ်တယ်ကွာ၊ ဒီအတိုင်း ငြိမ်နေလို့လည်း ပြီး မဟုတ်ဘူး၊ မာမီက ငါနဲ့ထန့် မင်္ဂလာပွဲကို ဖွတ်အတင်း စီ ချင်နေပြီ။ ထန့်ကို မင်းနည်းမင်းဟန်နဲ့ ခပ်မြန်မြန် လက်ထပ် လက်ထပ်၊ မင်း လက်မထပ်နိုင်ရင် ငါနဲ့ထန် လက်ထပ်ရတော့မယ်"

"ကိုဦး မိုးကရော၊ ဘာမှမလုပ်တော့ဘူးလား"

"သူက ဘာလုပ်ရဲမှာလဲ၊ လုပ်လို့မရလို့ကို ဘာမှမလုပ်တ သူ့ကြောင့် မာမီတစ်ခုခုဖြစ်မှာ ကြောက်သလို ငါကိုယ်တိုင်လ မိုးနဲ့ငါ့ကြောင့် မာမီတစ်ခုခု ဖြစ်မှာအကြောက်ဆုံးပဲ"

"စိတ်ညစ်တယ်ဗျာ၊ ကိုဦးလိုပဲ ကျွန်တော်လည်း အ နောက်နေတာ"

"ညီအစ်ကိုနှစ်ယောက် ဘာတွေ အာရုံနောက်နေတာလဲ"

"မာမီ"

"ဟာ… အန်တီစံကိုယ်တိုင် ဘာလို့ စားစရာတွေ အိမ် ထဲအထိ ယူလာရတာလဲဗျာ ပေး…ပေး၊ ကျွန်တော်ယူခဲ့မယ်"

ဒေါ်စိုးပြည့်စုံ လက်ထဲက စားစရာထည့်ထားသည့် ကို စက်ကွင်း ပြေးယူလိုက်သည်။





"မင်းတို့ညီအစ်ကိုနှစ်ယောက်နဲ့လည်း အေးအေးဆေးဆေး ားပြောချင်လို့ပါ စက်ရယ်၊ အန်တီ့ သဘောက မင်းအစ်ကို လာပွဲကို အမြန်ဆုံး ပြီးစေချင်နေပြီ ပြောရရင် အန်တီ့ းမာရေးကို အန်တီကိုယ်တိုင် စိတ်မချဘူး"

"သားကို မာမီ မျက်စိမမှိတ်ချင် စိတ်ချရတဲ့သူ လက်ထဲမှာ ားခဲ့ချင်တာ မာမီအဖြစ်ချင်ဆုံးဆန္ဒပဲ၊ မာမီလက်မခံဘူး၊ စက် ည်း မင်းအစ်ကို ထန့်ကို အမြန်ဆုံး လက်ထပ်ဖို့ ကူပြောဦး"

ဒေါ်စိုးပြည့်စုံ စကားကြောင့် စက်ကွင်းတို့ညီအစ်ကို နှစ် က် အကြည့်ချင်း ဆုံသွားသည်။ ဘယ်လိုလဲဆိုသည့် သဘော သည်။ နောက်ဆုံး စက်ကွင်းကပဲ သူပြောချင်သည့် စကားကို န့်ပြီး ပြောလိုက်သည်။

"ထန့်မှာ ချစ်သူရှိတယ် အန်တီ"

"အမယ်လေး… ဒါများ အဆန်းလုပ်လို့ စက်ရယ်၊ ထန့်လို လေးမှာ ချစ်သူရည်းစားရှိတာ ဆန်းလား၊ ချစ်တာနဲ့ ထပ်တာ တခြားစီပါကွယ်၊ လက်ထပ်ပြီးတော့လည်း နဲ့ ဒီမယား ချစ်သွားကြတာပဲ၊ နောက် သားတွေ၊ သမီးတွေ တော့ အရင်ရည်းစားဆိုတာတော့ ဘာတွေတောင် သတိ တော့ဘူး"

"မာမီပြောတာလည်း မှန်ပါတယ်၊ ဒါပေမယ့် ထန့်ဘက

"တော်ပြီသား၊ ထန့်ချစ်သူရည်းစား ဘယ်သူဖြစ်ဖြစ် မာမီ ဝင်စားဘူး၊ သိလည်း မသိချင်ဘူး၊ သားလက်ထပ်ရမှာ ၊ တခြား ဘယ်သူမှ မဖြစ်စေရဘူး၊ ထန့်ကိုပဲ မာမီ



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်''

''စက်''

''ဗျာ''

''မင်းအစ်ကိုကို မင်း ဘာမှမပြောတော့ဘူးလား၊ ထန့် ရိုးသားအပြစ်ကင်းပြီး အပြစ်ဆိုစရာမရှိတဲ့ ချွေးမရဖို့ အန် ဘယ်လောက် ကြိုးစားခဲ့ရတယ်ဆိုတာ မင်းတို့ သိစေချင်တ သိလား၊ အဘွားကိုယ်တိုင်က သူ့မြေးကြီးပန်ကြောင့် ထန့် သူ့စိတ်ကြိုက် သတို့သားလောင်းရှာရင်း မင်းအစ်ကိုကို ရွေးခဲ့ နှစ်ယောက်စလုံး ဘယ်လောက် ကံကောင်းလဲ''

''လန့်နေ၊ မြန့်ရွှေဆိုတာ ဒီလိုဂုဏ်ရည်တူချင်းကို တာ… နားလည်လား၊ မင်းအတွက်လည်း သတို့သမီးလောင် အန်တီကိုယ်တိုင် ရှာပေးမယ်၊ နားလည်လား စက်''

စက်ကွင်းကို စကားပြောပါဦးဆိုသည့် ဒေါ်စိုးပြည့်စံ သူ့ဖြစ်ချင်တာ၊ သူပြောချင်တာ အားလုံး ပြောသွား၍ စက်ကွ တို့နှစ်ယောက် ပါးစပ်ပိတ်ပြီး ငြိမ်နေရသည်။

''ဘယ်လိုလဲ စက်၊ အန်တီရွေးထားတဲ့ ချွေးမလေး မချောဘူးလား၊ မလှဘူးလား''

''မာမီ''

''မင်း ဘာမှမပြောနဲ့ သား၊ မာမီမေးနေတာ မင်းကို မ ဘူး၊ စက်ကို မေးနေတာ''

ဒေါက်တာနေဦး စိတ်ညစ်သွားသည်။ သူပြောချင်သ စကားကို မပြောရ။ မာမီက သူပြောချင်တာကို ဖွတ်ပြော တော့ စက်ကွင်းနှင့်ထန့်အကြောင်း မပြောသာဖြစ်နေ၏။



''မာမီမေးနေတာ ဖြေလိုက်ဦး စက်''

သူ ဒါပဲပြောလိုက်သည်။

''ထန့်က သိပ်ချော၊ သိပ်လှပါတယ် အန်တီ''

''ကြားတယ်နော် သား၊ စက်ကတောင် ထန့်အလှကို ချီး ကျူးနေပြီ''

မာမီ့စကားကြောင့် ဒေါက်တာနေဦး ပြုံးလိုက်သည်။ ယ်က သူတို့အဖြစ်ကို ဘယ်လိုပြောရမှန်းမသိ၍ အော်ကြီး ကျယ် ရယ်မောပြီး လောကကြီးရဲ့ အမြီးအမောက်မတည့် ကို လှောင်ပြောင်သရော်ချင်စိတ်နှင့် ရယ်ပစ်ချင်တာပါ။ လက် မှာ မရယ်ဖြစ်။ ရယ်၍မရလည်း ကိုယ့်ကိုယ်ကို လှောင်လှောင် ပြုံးမိခြင်းဖြစ်သည်။

''မင်း အစ်ကိုမင်္ဂလာပွဲကျရင် မင်းက သတို့သားအရံ လုပ် နော် စက်၊ သတို့သမီးအရံကိုလည်း အန်တီကိုယ်တိုင် စိတ် ကြိုက်ရွေးထားပြီးပြီ''

ဒေါ်စိုးပြည့်စံ သူပြောချင်တာတွေ ဆက်ပြောနေ၍ ထန့်နှင့် အကြောင်း စက်ကွင်း ပြောချင်တာ ပြောခွင့်မရတော့။ နောက် အခြေအနေကြည့်ပြီး ပြောရတော့မည်ဟု ဆုံးဖြတ်ပြီး ဒေါ် ပြည့်စံပြောသမျှ ညီအစ်ကိုနှစ်ယောက် ငြိမ်သက်စွာ နားထောင် လိုက်ကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"မင်းကွာ... လာမယ်ဆို ကြိုမပြောဘူး၊ ငါကိုယ်
လာကြိုမှာပေါ့"

"အခု ရောက်လာပြီပဲ ကျေနပ်တော့"

"မင်းပြောလိုက်ရင် ဒါပဲ"

ဂန္ဓက သူငယ်ချင်း မဏ်ကို ထိုမျှနှင့် ကျေနပ်လိုက်ရသည
မဏ်ဆိုတာ ဒီလိုလူစားမျိုး၊ သွားချင်သည့်အချိန် သွားသည
လာချင်ရင်လည်း ဘယ်သူ့ကိုမှ အကြောင်းမကြား။ သူ ရော
ချင်သည့်အချိန် ရောက်လာပြီး သူပြန်ချင်သည့်အချိန် ပြန်
သည့် လူစားမျိုးဖြစ်သည်။

ဒီလိုဖြစ်ရအောင်လည်း မဏ်မှာ မိဘမရှိ။ ဆွေမျိုး
သည့် လူတွေကလည်း နိုင်ငံရပ်ခြား တိုင်းတစ်ပါးမှာ အခြေ
နေထိုင်ကြသူတွေချည်းဖြစ်၍ မဏ်နားမှာ အနီးကပ်စောင့်ရှော
နိုင်သူအဖြစ် မဏ်ဦးလေးဝမ်းကွဲမိသားစုနှင့် သူ့အလုပ်သမား
ပဲရှိသည်။ ဦးလေးမိသားစုက မဏ်နှင့်အနီးကပ်နေသည်ဆို





မယ့် မဏ်ကို ဘာမှပြောနိုင်ကြသည်မဟုတ်။

မဏ်လုပ်သမျှ အဝေးက စောင့်ရှောက်ရုံသာရှိသည်။ များ
ပြားလှသော အလုပ်တာဝန် ဝတ္တရားများကို တာဝန်ယူထားကြသူ
များ ဖြစ်သည့်အပြင် စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဖြစ်သော
မဏ်ကို ကလေးတစ်ယောက်လို လိုက်စောင့်ရှောက် ကြည့်ရှုစ
ရာမလို၍လည်း ဖြစ်သည်။ သူဌေး၊ လူချောမဏ်မှာ ချစ်သူရည်း
စား များစွာရှိသော်လည်း အခုချိန်ထိ အိမ်ထောင်မပြုသေး။

"မင်းလည်း တစ်ယောက်ယောက်ကို ရွေးပြီးအတည်တကျ
အိမ်ထောင်ပြုသင့်ပြီနော် မဏ်"

"နောက်တော့ ဖြစ်လာမှာပေါ့"

မဏ်က ခပ်ပြုံးပြုံး ပြန်ဖြေသည်ကလွဲပြီး သူ့ပုံစံအတိုင်း
ဘာတစ်ခုမှ မတုန်မလှုပ်။ သူ ပျော်သလိုနေသည်။ ဘယ်တော့မှ
စိတ်ရှုပ်ခံသူမဟုတ်။ အသစ်အဆန်း၊ အလှအပမှန်သမျှကို စိတ်ဝင်
စားတတ်သူ၊ ခံစားတတ်သူဖြစ်သည်။ အလုပ်ကိစ္စအားလုံး
ဦးလေးမိသားစုကို လွှဲထားနိုင်၍လည်း နောက်ကြောင်းအတွက်
ဘာတစ်ခုမှ စိတ်ပူစိုးရိမ်စရာမရှိ။ အတွယ်အတာမဲ့ လွင့်ချင်တာ
လွင့်နေတတ်သူ ဖြစ်သည့်အတိုင်း ဂန္ဓရှိရာ ရောက်လာတော့လည်း
ဘာတစ်ခုမှ ကြိုတင်အကြောင်းမကြား။

သူ့စိတ်သူ့သဘော ရောက်လာခြင်း ဖြစ်သည်။

"ပန်ရော ဂန္ဓ"

"သူ့ညီမနဲ့ အပြင်သွားတယ်ကွ"

"ပန်က မိသားစုနဲ့ ပြေလည်သွားပြီလား"

ပန့်အကြောင်း သိထားသည့် မဏ်ကမေးခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓက မဏာ့်အမေးကို ပခုံးတစ်ချက် တွန့်လိုက်သည်။

"မပြေတပြေ"

"မင်းစကားက ဘာလဲ"

"ပန့်ကို သူ့အဘွားက အခုထိ မခေါ်သေးဘူး၊ ပန့်အမေနဲ့ ပန့်ညီမကတော့ အားလုံးအိုကေတယ်"

"ပန့်ညီမက ချောလား"

"ထန့်ကိုတော့ ချမ်းသာပေးလိုက်ပါကွာ၊ ပြီးတော့ ထန့်မှာ ချစ်သူရှိပြီးသား"

ဂန္ဓစကားကြောင့် မဏာ်က ရယ်သည်။

"ငါ မေးတာက ပန့်ညီမက ချောလားလို့ မေးတာနော် တခြား ဘာမှမပြောဘူး"

"မင်းအကြောင်း ငါ သိပြီးသားပါ မဏာ်ရာ၊ ထန် ချောလား မချောလား ပန်နဲ့ပြန်လာရင် မင်းကိုယ်တိုင်ကြည့်"

■



## အခန်း (၁၁)

"အမှန်အတိုင်း ပြောရမှာပေါ့ မေမေရယ်၊ ဒီကိစ္စက လိမ်သာနေလို့ ဖြစ်တာမှ မဟုတ်ဘဲ၊ ပန် ကလေးမွေးတော့မှာ အဘွား သိရင် အဘွားလည်း ဝမ်းသာမှာပါ၊ မေမေရယ်"

"ဒါဖြင့်လည်း သမီးအဘွားကို သမီးသွားပြောလိုက်၊ ပန့်အတွက် မေမေ အသင့်ပြင်ထားတာလေးတွေ သွားယူလိုက်ဦးမယ်"

"ဟုတ်ကဲ့ မေမေ"

အဘွား အခန်းကို ထန် စိတ်လှုပ်ရှားစွာ အပြေးရောက်သွားသည်။

"အဘွား"

"ဘာလဲ မြေး"

စိတ်ပုတီးတစ်ကုံးနှင့် အိပ်ရာထက်မှာ ငြိမ်နေသည့် အဘွား အသွင်က ငြိမ်းအေးနေ၍ ထန် အားတက်သွားသည်။

"ပန် သားလေးမွေးဖို့ ဆေးရုံကို ရောက်နေပြီအဘွား"



www.burmeseclassic.com

www.burmeseclassic.com



ထန့်စကားကြောင့် အဘွားလက်ထဲက ပုတီးလေး လွှတ်ကျသွားပြီး ထန့်မျက်နှာကို လှမ်းကြည့်သည်။

"ထန့်နဲ့မေမေ ယန့်ဆီ သွားမလို့၊ အဘွားကို လာပြောတာပါ"

ထန့်က သူပြောချင်သည့်စကားကို အဘွားကြားအောင် ဆက်ပြောလိုက်တော့ အဘွားက ထန့်ကိုကြည့်ပြီး သက်ပြင်းချသည်။

"သွားကြလေ၊ အဘွားအတွက် စိတ်မပူပါနဲ့၊ ဒေါ်ပုနဲ့ တယ်၊ ယန့်အခြေအနေ စိတ်ချမှ ပြန်ခဲ့ကြ"

"အဘွားရယ်"

ဒီလိုကျတော့လည်း အဘွားကို ယန့်ကို ချစ်သားပါလား ဘာဖြစ်လို့များ အခုချိန်ထိ ယန့်အပေါ်မှာ ခွင့်မလွှတ်နိုင်ရတာလဲ ဆိုတာတွေးပြီး ယန့်ကိုယ်စား ဝမ်းနည်းသွားသည်။

"ကဲ…ကဲ…သွားကြ…သွားကြ၊ တော်ကြာ ကလေး မီး ဖွားမယ့်သူ စိတ်အနှောင့်အယှက် ဖြစ်နေမယ်"

အဘွားက ခွင့်ပြုလိုက်၍ ထန် မေမေ့ဆီ ပြေးသွားသည်။ စိတ်ထဲမှာလည်း အတော် လှုပ်ရှားနေ၏။

"မေမေ"

"သမီးအဘွားကို ပြောခဲ့ပြီလား ထန်"

"ပြောခဲ့ပြီ မေမေ၊ အဘွားကိုယ်တိုင်က ယန့်ဆီကို သွားခွင့်ပြုရုံတင် မကဘူး၊ ထန်တို့ကို ယန် မီးဖွားပြီး စိတ်ချရတဲ့ အချိန်ကြမှ ပြန်ခဲ့လို့ ပြောလိုက်တယ် မေမေ"

"မေမေ ဝမ်းသာလိုက်တာ သမီးရယ်၊ ယန် သိရင် သိပ်ဝမ်းသာရှာမှာ၊ မေမေနဲ့တွေ့တုန်းက အဘွားအကြောင်းပြောပြီး မျက်ရည်ကျသေးတယ်"

"လာ…သမီး၊ မေမေတို့ သွားရအောင်"

"မေမေ့လက်ထဲက ပစ္စည်းတွေ များလှချည်းလား"

"လာစမ်းပါကွယ်၊ ဟိုရောက်ရင် နောက်ထပ်လိုတာတွေ အများကြီး ဖြစ်လာဦးမှာ"

မေမေ့လက်ထဲက ပစ္စည်းတွေ ကူသယ်ပြီး ထန်တို့ သားအမိနှစ်ယောက် ယန် ရောက်လာသည့် ဆေးခန်းကို ရောက်သွားသည်။ ဖုန်းဆက်ထား၍ ယန့်ယောက်ျားဂန္ဓက အပြေးလာကြိုသည်။

"လာ…မေမေ၊ အထဲမှာ ယန် စောင့်နေတယ်"

"ပေး…ထန်၊ ပစ္စည်းတွေ ကိုယ် သယ်ခဲ့မယ်"

ဂန္ဓက ထန့်လက်ထဲက ယန့်အတွက် ပစ္စည်းတွေယူပြီး ရှေ့က ဦးဆောင်သွားသည်။

"မေမေ"

ယန်က မေမေ့ကိုယ်လေးကို ကလေးတစ်ယောက်လို ဖက်ထားရင်း မိခင်ရင်ခွင်မှာ မျက်ရည်ဝဲနေသည်။

"ဘာမှ အားမငယ်နဲ့နော် သမီး၊ ဒီကို မေမေတို့လာဖို့ သမီးအဘွားကိုယ်တိုင်က လွှတ်လိုက်တာ"

"အဘွားက ယန့်ကို ခွင့်လွှတ်လိုက်ပြီလား မေမေ"

"ဒါပေါ့၊ အဘွားက သမီးကို အချစ်ဆုံးပဲဟာ"

"မေမေရယ်"

"မငိုနဲ့လေ၊ အခုချိန်က သမီးပျော်ရမယ့်အချိန် မငိုနဲ့၊ တိတ်…တိတ်"







www.burmeseclassic.com

www.burmeseclassic.com



"ပန် ဝမ်းသာလို့ပါ"

မေမေက ပန့်ပါးပေါ်က မျက်ရည်တွေကို ကိုယ်တိုင်သုတ်ပေးတော့ ပန့်မျက်နှာလေး ပြုံးနေသည်။ မွေးဖွားဖို့အခန်းထဲဝင်တော့ ဂန္ဓပါ ပန်နှင့်အတူ ခွဲခန်းထဲလိုက်သွား၍ ထန်တို့သားအမိ အပြင်မှာ ဘုရားစာ ကိုယ်စီရွတ်လျက် ပန့်သတင်းစကားကို စောင့်နေကြသည်။ မိခင်ရော ကလေးပါ ကျန်းမာသည်ဆိုမှ အားလုံး သက်ပြင်းကိုယ်စီချပြီး အဘွားဆီကို ပန့်အကြောင်း ဖုန်းဆက်သတင်းပေးရသည်။

"ပန့်ကို စိတ်ချမ်းသာအောင်နေလို့ ပြောလိုက်"

"ဟုတ်ကဲ့ပါ အဘွား"

အဘွားက ပန့်ကို ခွင့်လွှတ်လိုက်ပြီဖြစ်၍ မိသားစုအားလုံး ပျော်သွားသည်။

"ဒါပဲနော် ပန်၊ အဘွားနဲ့မေမေတို့ ရှိတယ်ဆိုပြီး ကိုယ့်အပေါ်မှာ အချစ်လျော့မသွားရဘူး"

ဂန္ဓစကားကြောင့် ပန်က ပြုံးသည်။

"သားလေးရှိနေပြီလေ ဒယ်ဒီကြီးရဲ့၊ ပန်က အဖေနဲ့သား ဘယ်သူ့ကို ပိုချစ်လဲမေးရင် သားကိုပိုချစ်တယ်လို့ပဲ ဖြေမှာ"

"သွားပါပြီကွာ၊ ဒီအမေကြီးတော့ ဆွေးပြီ"

အားလုံး ပြုံးပျော်နေကြသည်။

စိတ်ညစ်စရာ စိတ်မချမ်းသာစရာအားလုံး သားကြောင့် အဝေးဆုံးကို လွင့်ပြေးသွားပြီဖြစ်၍ ပန်နှင့်ထန် တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

■



## အခန်း (၁၂)

"ကိုယ် အလုပ်ကိစ္စနဲ့ ဂျပန်ကို ခဏသွားမလို့"

"သွားလေ"

ထန့်ပုံစံက ပေါ့ပေါ့ပါးပါးဆိုတော့ စက်ကွင်းရင်ထဲ နည်း ...ည်းတော့ အောင့်သွားသည်။ သူ ဖြစ်စေချင်တာက ထန့်ပုံစံကို ...ထက် ပိုလေးနက်စေချင်သည်။ သူ့အပေါ်မှာ သူ ချစ်သလို ...တ်လှိုက်လှဲလှဲ ချစ်စေချင်သည်။ တုံ့ပြန်စေချင်သည်။ အခုတော့ ...န့်ပုံစံက စက်ကွင်းမျှော်လင့်သလိုမဟုတ်။ သူမပုံစံအတိုင်း ...ုပ်မယှက် အေးတိအေးစက်ဆိုတော့ သူ အသည်းယားသွား ...ည်။

"ထန် ကိုယ့်ကို မလွမ်းတော့ဘူးလား"

"နေ့တိုင်း ဖုန်းဆက်နေတာပဲ၊ လွမ်းစရာလိုသေးလို့လား"

"ကိုယ်ကချည်း ဆက်နေရတာပါ၊ ထန်က ကိုယ့်ဆီဖုန်း ...ခါ ဆက်ဖူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူဆက်ဆက်ပေါ့"

"ကိုယ့်ကို ထန် တကယ် မချစ်ပါဘူး"

"စက် ကြိုက်သလို ထင်ပါ၊ အဲဒီကိစ္စကို စက်နားလည်အောင် ထန်လည်း ရှင်းမပြတတ်ဘူး"

"ဒါဆို ကိုယ် ရှင်းပြတာကိုပဲ နားထောင်"

"အို... စက်နော်"

"လွှတ်စမ်းပါ"

"မရဘူး"

"ထန့်ကို ချစ်တယ်"

"ဟင့်အင်း ဆို"

"အို"

အနမ်းတွေ ဆင့်ကဲနေသော ခံစားချက်တွေနှင့် အချစ်ဆိုတာ ဘယ်လိုအရာ၊ ဘယ်လိုဝေဒနာလည်းဆိုတာ ရှင်းပြတာထက် ပိုထိရောက်သော ချစ်သက်သေကို စက်ကပါးစပ်နဲ့ မပြော၊ အနမ်းနှင့် ထန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲနစ်ပြီး အချစ်ကြီး ချစ်ပြလိုက်၍ ထန်မှာ ဘာစကားမှ မဆိုနိုင်။ ရှက်စိတ်နှင့် စက်ရင်ခွင်ထဲ ဦးခေါင်းလေး ကွယ်ဝှက်လျက် စက်ကွင်းရင်ဘတ်ကြီးကို လက်သီးဆုပ်လေးများဖြင့် မနာကျင်အောင် ထုရိုက်ပင်နေမိသည်။

"စက်ကို အဲဒါတွေကြောင့် ထန် မတွေ့ချင်တာ သိလား"

"ကိုယ့်ချစ်သူက ချစ်လို့နမ်းတာ စိတ်ဆိုးစရာလား"

"ထန် မကြိုက်ပေမယ့် ကိုယ်က ကြိုက်တယ်"

"သွား"





"သွားမှာပါ...လာ"

"စက်နော်၊ ဒီတစ်ခါ ထန် တကယ်မုန်းတော့မှာ သိလား"

"ဖယ်ပါဆို"

"ထန့်ကိုလွှတ်"

"ငြိမ်ငြိမ်နေနော်၊ ဒီထက် ပိုအသည်းယားလာရင် ကိုယ့်ကိုယ်ကို တာဝန်မယူဘူး"

ထိုစကားကို စက်ကွင်း လိမ်ညာပြောနေခြင်း မဟုတ်တာ ထန် သိ၍ ကြောက်ပြီး အရှန်းအကန် အထုအရိုက်ရပ်သွားတာကို အခွင့်ကောင်းယူပြီး စက်ကွင်းက ထန့်နှုတ်ခမ်းဆိုးဆေးတွေ နှုတ်ခမ်းမှာ ပေသွားသည့်အထိ ချစ်အနမ်းတွေ မဆုံးနိုင်အောင် ပေးသည်။

"လက်ထပ်ကြရအောင်ကွာ"

"ထန့် အဘွားကို မပြောရသေးဘူး"

"ကိုယ်တော့ ဒီပုံနဲ့ဆို ရူးတော့မယ် ထင်တယ်"

"ဦးနေဦးကို ဖွင့်ပြောပြီးပြီလားဟင်"

"ပြောလိုက်ပြီ"

"အံ့သြနေတာပေါ့"

"အန်တီစံသဘောကရောဟင်"

"သဘောတူရမှာပေါ့၊ ကိုယ်က ထန့်ချစ်သူပဲဟာ"

ထန်က သူပြောသမျှ ငြိမ်နားထောင်နေပေမယ့် ရင်ထဲမှာ လှုပ်ရှားနေသည်။ အဘွားကို စက်ကွင်းနှင့်သူမ ချစ်သူဖြစ်ကြောင်း ဖွင့်ပြောလိုက်ရင် အဘွားဘက်က ဘယ်လိုဖြစ်မလဲဆိုတာ သိချင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



“မနက်ဖြန် ဦးနေဦးတို့မိသားစု ထန်တို့ အိမ်လာရင် [illegible]
ရော လိုက်လာမှာလား”

ထန့် အမေးကိုစက်ကွင်း ဘယ်လိုဖြေရမှန်း မသိ။ [illegible]
တစ်ပိုင်းက ကိုယ့်ချစ်သူအိမ်ကို လာချင်သည်။ နောက် [illegible]
တစ်ပိုင်းက အန်တီစံတို့မိသားစုနှင့် အဘွားတို့ ရွှေလမ်းငွေ[illegible]
ဖောက်နေချိန်မှာ စက်ကွင်းက ဆေးရိုးသည် မဖြစ်ချင်။

“နောက်မှလာမယ်၊ ထန် သဘောတူခွင့်ပြုမယ်ဆိုရင်…[illegible]
“ပြော… ထန့်အိမ်ကို ကိုယ် လာရမလား”
“အဘွားမေးရင် ထန် ဘယ်လိုပြောရမှာလဲ”
“ထန့်ချစ်သူ၊ ထန်နဲ့ လက်ထပ်မယ့်လူလို့ ပြောလို[illegible]
“ဖြစ်ပါလိမ့်မယ် အားကြီး၊ ထန့်သူငယ်ချင်းလို့ [illegible]
အဘွားက လက်ခံမှာလား သိလား၊ ဩော်…နေဦး၊ သိ[illegible]
အတူလာရင် ပိုအဆင်ပြေတယ်၊ စက်လာရင် သီဟာကိုပါ [illegible]
လာခဲ့နော်”

စက်ကွင်းက သူ့အတွက် တလေးတနက် စဉ်းစားနေ[illegible]
ထန့်အသွင်လေးကို အားမလိုအားမရ ငေးစိုက်ကြည့်နေမိသ[illegible]
သူ့အဖြစ်က လွယ်မယောင်နှင့်ခက် တိမ်မယောင်နှင့်နက်ဆို[illegible]
ဖြစ်နေ၏။ အဘွားကို ထန်သိပ်ကြောက်နေတာကြည့်ပြီး [illegible]
ကိုယ်စား သူရင်မောနေ၏။ ဘာဖြစ်လို့ သူတို့နှစ်ယောက်ရဲ့ [illegible]
ရေးက ဒီလောက်ရှုပ်ထွေးနက်ရှိုင်းနေရတာလဲ။ ဒါကို နားမ[illegible]

“ထန်”
“ဟင်”
“ကိုယ့်ကို ချစ်လား”





“ပြောပြီးပြီလေ”
“ထပ်ကြားချင်တယ်…ပြောကွာ”
“ချစ်တယ်”
“ကိုယ်လည်း ထန့်ကို ချစ်တယ်”
“ထန် သိပါတယ်”

ဒီတစ်ခါတော့ ထန်ကိုယ်တိုင် စက်ကွင်းအချစ်ကို အသိ
[illegible]တ်ပြုလိုက်သည့်အတွက် စက်ကွင်းရင်ထဲ ကြည်နူးချမ်းမြေ့
[illegible]းသည်။

“ဒီလိုကျတော့လည်း ထန်က လိမ္မာသားပဲ”
“ထန်က အမြဲလိမ္မာပြီးသားပါ၊ စက်ကသာ…”
“ဘာလဲ၊ ကိုယ့်ကို လူမိုက်လို့ ပြောမလို့လား”
“ထန် မပြောဘူးနော်၊ စက်ဘာသာ ပြောတာ”
“လူလည်မလေး”

စက်ကွင်းက ထန့်နှဖူးလေးကို မနာကျင်အောင်ထုတော့
[illegible]ယောက်အတူ ရယ်မိကြသည်။ အချစ်ဆိုတာ နေ့ရက်တိုင်း
[illegible] အမြဲပျော်နေခွင့်ရရင် ဘယ်လောက် ပျော်စရာကောင်းလိုက်
[illegible]ဲ။

“ထန် ပြန်တော့မယ် စက်၊ ပန့်ဆီကို သွားရဦးမှာ”
“ကိုယ် လိုက်ခဲ့မယ်”

ပန်နှင့်စက်ကွင်း တွေ့ပြီးသားဆိုတော့ ထန် မတားတော့။
[illegible]ကွင်းက ပန့်သားလေးအတွက် အရုပ်နှင့်တခြား ကစားစရာ
[illegible] ဝယ်တော့ ထန် ရယ်မိသည်။

“ကိုယ့်ကို ဘာရယ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကလေးက အခုမှ ပိစိလေးရှိသေးတယ်၊ စက်ဝယ်လာ
ပစ္စည်းတွေနဲ့ ဘယ်လိုလုပ် ကစားမှာလဲ"

"နောက်တော့ ကစားမှာပေါ့၊ ဒါပဲနော် ကိုယ်နဲ့ထန် လ
ထပ်ပြီးရင် ကိုယ့်အတွက် ထန်နဲ့တူတဲ့ သားသမီးတွေ အများ
မွေးပေးရမယ်"

"အာ… ဘာတွေလျှောက်ပြောနေမှန်း မသိဘူး"

ထန် ရှက်သွားပုံကိုကြည့်ပြီး စက်ကွင်းက ချစ်စနိုး
သည်။ ထန်က ဘယ်လိုနေနေ လှသည်။ ချစ်စရာကောင်းသ
ထန် ဘာလုပ်လုပ် တစ်နေကုန် ထိုင်ကြည့်ချင်နေအောင် ထ
ဆွဲဆောင်နိုင်သည်။

ထန့်လိုအချစ်မျိုး နောက်တစ်ယောက်ကို မချစ်နိုင်သ
ထန့်ကို လက်လွှတ်ဆုံးရှုံးရမှာကို စိုးရိမ်နေသည်။

"မင်း ဘာဖြစ်လို့ ဒီလောက် ချစ်စရာကောင်းနေတာ
ထန်ရယ်"

"စက်က ချစ်တဲ့စိတ်နဲ့ ကြည့်နေတာကိုး"

"ချစ်တဲ့စိတ်"

"အင်း"

ထန်က ပုတ်သင်ညိုမလေးလို ချစ်စဖွယ် ခေါင်းညိတ်
လိုက်တော့ ထန့်အပြုံးအောက်မှာ စက်ကွင်းရင်တွေ နွေးခဲ့
ခနဲ လှုပ်ခတ်သွားသည်။

"ကိုယ်ချစ်တဲ့သူကို ချစ်တဲ့စိတ်နဲ့ ကြည့်နေတော့ ဘာ
ခုမှ အပြစ်အမြင်ဘူးတဲ့"

"ကိုယ်က ထန့်ကို အမြဲချစ်နေမယ့်သူပါဗျာ"

"ပြောတာပဲ"

"မယုံရင် ပေါင်းကြည့်ပါလား"

"တော်ပါ စက်ဘက်က သိပ်နစ်နာနေဦးမယ်"

လှပစွာ ရောက်လာသော ချစ်သူထံမှ မျက်စောင်းဆုကို
နှုပ်စွာ ခံယူမိသည်။

"တခြားသူတွေကို မျက်စောင်းမထိုးနဲ့နော် ထန်"

"ဘာဖြစ်လို့လဲ"

"ကိုယ့်လို ထန့်ကို သိပ်ချစ်သွားမှာစိုးလို့"

"ဦးသဝန်ကြောင်"

ထန့်ထံမှ ခပ်တိုးတိုး မှတ်ချက်ချသံကို နားထောင်ပြီး သူ
လိုက်သည်။ သဝန်တိုတာ ချစ်လို့ဆိုတာ ရှင်းပြနေစရာပင်
ပါ။

"ပန်ရေ…ဒီမှာ ထန်တို့လာတယ်"

ဂန္ဓက သူ့ဇနီးသည်ကို လှမ်းသတင်းပေးရင်း ထန်တို့
ယောက်ကို ဝမ်းသာအားရ ဆီးကြိုသည်။ ထန်က စက်ကွင်းကို
မိတ်ဆက်ပေးလိုက်တော့ နှစ်ယောက်စလုံး ချက်ချင်း ရင်းနှီး
ကြသည်။ စက်ကွင်းက ပန့်သားအတွက် ဝယ်လာသည့်
ဆော်တွေပေးရင်း ကလေးမျက်နှာကို သေချာကြည့်သည်။

"ပန့်သားက လှချောပဲဗျာ၊ အမေတူလို့ထင်တယ်"

"ကျွန်တော်နဲ့လည်း တူပါတယ်ဗျာ၊ သေချာကြည့်ပါဦး"

ကလေးအဖေ အသစ်စက်စက်က သူ့သားမျက်နှာကို ခပ်
ပြီးကြည့်ရင်း သူ့သားကို သူနှင့်ဖွတ်တူခိုင်းနေ၍ အားလုံး
ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားမျက်ခုံးလေးတွေက သူ့အဖေနဲ့တူတာလေ"

"တခြားတူတာလည်း ရှိပါသေးတယ် မိန်းမရဲ့"

"သွား…ဒါမျိုးတော့ သူတတ်တယ်"

ဒီတစ်ခါတော့ အားလုံး အတူရယ်မောမိသည်။ ပန်

လင်မယားက စက်ကွင်းနှင့် တရင်းတနှီး မိသားစုတွေလို ဖြ

သွားသည်။ စက်ကွင်း နှုတ်ဆက်ပြန်သွားတော့ ပန်က ထန့်မျက်

ကို လှမ်းကြည့်သည်။

"စက်ကွင်းက ထန့်ကို တော်တော်ချစ်တာပဲ"

"ဟုတ်မှာပေါ့"

ထန်က ပန့်စကားကို စိတ်မဝင်စားသလို ပြောတော့ ပန်

ရယ်သည်။

"ဘာလဲ၊ ထန်က စက်ကွင်းကို မချစ်ဘူးလား"

"မဟုတ်ပါဘူး၊ ချစ်တော့ချစ်ပါတယ်၊ တခါတလေ

ကြောက်တယ်"

"ဘာကိုလဲ"

"သူ့စိတ်ကို၊ ချစ်ချင်တော့လည်း ဇွတ်အတင်း၊ မုန်း

ပြီဆိုရင် ဒီလိုပဲနေမှာ၊ သူ့မှာ ချစ်သူရည်းစားတွေ အများကြီ

ခဲ့တာ၊ ထန့်မှာက သူ့တစ်ယောက်ထဲ"

"နှစ်ယောက်ဖြစ်သွားအောင် နောက်ထပ်ရည်းစား

ယောက် ထပ်ထားလိုက်ပါလား ထန်"

ဂန္ဓက ရယ်ရယ်မောမော ထန့်ကို စနောက်လိုက်၍

က ဂန္ဓကို မျက်စောင်းထိုးလိုက်သည်။

"လူကို ဂန္ဓလိုများ မှတ်နေလား၊ ဂန္ဓမှာ ပန့်အရင် ချစ်





တာ ပန်ပြောပြလို့ ထန်က သိပြီးသား"

"နှစ်ယောက်ရှိတော့ ကြိုက်တဲ့တစ်ယောက်ကို ရွေးလို့ရ

ယ်၊ မယုံရင် စမ်းကြည့်၊ တကယ်ပြောတာ"

"ဘာတွေ စမ်းကြည့်ရမှာလဲ ဂန္ဓ"

"ဟာ…မဏ်"

"လာ…လာ…မင်းရောက်လာတာနဲ့ အတော်ပဲ"

ဂန္ဓက သူ့သူငယ်ချင်း မဏ်ကိုမြင်တော့ ဝမ်းသာအားရ

ကြိုနှုတ်ဆက်ဖြစ်သွားသည်။

"ထန်…ဒါ ကိုယ့်သူငယ်ချင်း မဏ်"

"တစ်ကိုယ်တည်း လူပျိုကြီး မဏ်…ဒါ ပန့်ညီမထန်"

"တွေ့ရတာ ဝမ်းသာပါတယ် ထန်"

"ဟုတ်ကဲ့"

မဏ်ထံမှ လှမ်းပေးသော လက်ကိုကြည့်ပြီး ထန့်မှာ သူမ

က်လေးကို မကမ်းချင်ကမ်းချင်နှင့် ပြန်ကမ်းပြီး မဏ်လက်ထဲ

ထည့်လိုက်ရသည်။ လက်ဆွဲနှုတ်ဆက်ချိန်မှာ မဏ်က ထန့်

က်လေးကို ခပ်တင်းတင်း ဆွဲကိုင်လှုပ်ယမ်း နှုတ်ဆက်ရင်း

ပသော ထန့်မျက်နှာလေးကို စူးစိုက်ကြည့်လိုက်သည်။

ထန်က သူ့ကိုမကြည့်၍ လှပသော ထန့်မျက်နှာလေးကို

စိတ်ကြိုက်ကြည့်ခွင့် ရသွားသည်။ တစ်ပြိုင်တည်းမှာ ထန့်

လှက မဏ့်ကို ဖမ်းစားသွားသည်။

"အခုချိန်ကစပြီး ကိုယ်နဲ့ထန် မိတ်ဆွေတွေ ဖြစ်သွားပြီ

"

ထန်က မဏ့်စကားကို မည်သို့မျှ မတုံ့ပြန်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



လှပသော မျက်နှာလေးကိုတော့ ပြုံးထားသည့်အတွက် မ
အသည်းယားသွားသည်။

"ကိုယ်တို့တောင်ကြီးကို ထန်လိုက်လည်ပါလား"

"အခုလို ဖိတ်ခေါ်တာ ကျေးဇူးတင်ပါတယ်၊ အိမ်မှာ
ထန်မရှိလို့ မဖြစ်ဘူး"

"ဟုတ်တယ် မဏ်ရေ၊ ထန်က အဘွားနဲ့မေမေ့ကို ပြု
နေရလို့ ဘယ်ကိုမှ မသွားဖြစ်ဘူး"

ပန်က ဝင်ပြောခြင်းဖြစ်သည်။

"ဒါဆို ထန်တစ်ယောက်တည်း ပင်ပန်းနေမှာပေါ့"

"ဒေါ်စိန်နဲ့မိလုံးတို့ ရှိပါတယ်၊ မပင်ပန်းပါဘူး"

"ထန့်အိမ်ကို ကိုယ် လာလည်မယ်"

မဏ်ရဲ့စကားကြောင့် ထန့်အကြည့်တွေက ပန့်ဆီရောက်သွာ
သည်။ သူစိမ်းယောကျ်ားလေးတစ်ယောက် ထန့်ဆီကို အလည်
ရောက်လာသည်ဆိုလျှင် အဘွားနှင့်မေမေတို့ထံမှ မေးခွန်းများ
စွာ အကြည့်များစွာနှင့် ရင်ဆိုင်ရမည်ကို ထန်ကြောက်သည်။

"ဘယ်လိုလဲ ထန်၊ ထန့်အိမ်ကို လာလည်ဖို့ ကိုယ့်
မဖိတ်တော့ဘူးလား"

"ထန့်အိမ်ကို ဘယ်သူစိမ်းယောကျ်ားလေးကိုမှ အလည်
မခေါ်ဖူးလို့ ခွင့်လွှတ်ပါ"

"သူစိမ်း မဟုတ်ဘူးဆိုရင်ရော"

"ရှင်"

"ဪ…ကိုယ်က ထန့်သူငယ်ချင်း၊ ထန့်မိတ်ဆွေဆိုရင်
လာခွင့်ရှိလားလို့ မေးတာ"





"ထန့်မှာ ယောကျ်ားလေးမိတ်ဆွေ မရှိတာ အဘွားရော
မေမေပါ သိတယ်"

ထန့်စကားကြောင့် မဏ် ဘာမှမပြောနိုင်အောင် ဖြစ်သွားပြီး
သူ့ကြောင့် စိတ်ရှုပ်ဟန်ပေါက်နေသည့် ထန့်မျက်နှာလေးကို
စိုက်ကြည့်ကာ ခပ်သဲ့သဲ့ ပြုံးမိသည်။ မဏ်ဆိုသည့် ရွှေမင်းသားက
ထန်ဆိုတဲ့ မိန်းမလှလေးနဲ့တွေ့မှ ဘာတစ်ခုမှ အသုံးမကျတဲ့သူ
ဖြစ်သွားပါလား။

မဏ်က သူ့အဖြစ် သူ သဘောကျသွားသည်။

ပြီးတော့ ထန့်ကို ပိုစိတ်ဝင်စားသွားသည်။

"ထန့်ချစ်သူဆိုရင်ရော"

"အို"

ထန့်ပါးလေး ရဲသွားတာကြည့်ပြီး မဏ်က ရယ်သည်။
သူဘာပြောပြော ထန့်ပုံစံလေး အနေရခက်နေတာကို သူနှစ်သက်
နေသည်။

"ထန် ရှက်သွားတာ သိပ်လှတာပဲ"

"ဟာ"

ထန့်မျက်နှာကို ခပ်ရဲရဲရူးစိုက်ကြည့်ရင်း သူပြောချင်တာ
ပြောလိုက်သည့် မဏ်ကြောင့် ထန်နေရာက ထွက်ပြေးချင်လာ
သည်။ ဂန္ဓနှင့်ပန်က မဏ်နှင့်ထန်ကို ကြည့်ပြီး ဘာတစ်ခုမှ
ဝင်မပြောဘဲ မသိဟန်ဆောင်နေ၏။

"ထန် ပြန်တော့မယ် ပန်"

"ကိုယ်လိုက်ပို့မယ်"

မဏ်က ထန်နှင့်အတူ လိုက်လာ၍ ထန် မျက်နှာပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ဘယ်လိုလူလဲ။

သူနဲ့လည်းမသိဘဲနဲ့ ထန့်အပေါ် ပြောဆိုဆက်ဆံပုံက ပိုင်စိုးပိုင်နင်း နိုင်လှချည်လား။

"ရှင် နေခဲ့ပါ၊ ထန့်ဘာသာ သွားပါ့မယ်"

"ရတယ် ကိုယ်လည်း တခြားသွားစရာရှိတာ မဟုတ်ဘူး၊ အထွေးအပြ ကားလျှောက်မောင်းနေတာ၊ ထန့်ကားနောက်က ကိုယ့်ကားကို လိုက်မောင်းရုံပဲ"

"ဂန္ဓနဲ့ပန် ... ငါ ထန်နဲ့လိုက်သွားလိုက်ဦးမယ်"

ပြောပုံက သက်သောင့်သက်သာ။

ထန့်မှာသာ မဏ်ဆိုသည့်လူကို ကြည့်ပြီး ငိုချင်နေသည်၊ အရပ်ကြီးကမြင့်သလို ကိုယ်ဟန်ကလည်း ထွားရှ် ထန်နှင့် ယှဉ်ရပ်ချိန်မှာ ထန်နှင့်သူ့ပုံစံက လူကြီးနှင့်ကလေး ရပ်နေသလို ဖြစ်နေ၏။ ထန် စကားပြောချင်တိုင်း သူ့မျက်နှာကို မော့ကြည့်ရသို သူစကားပြောစရာရှိလျှင်လည်း သူက ထန့်မျက်နှာကို ငုံ့ကြည့်ပြီး ပြောရတာကို ထန် သဘောမကျ။

"လာ...ထန်"

မဏ်ကိုယ်တိုင် ထန့်ကားတံခါးကို ဖွင့်ပေးနေ၍ စိတ်အနှောင့်အယှက်ဖြစ်ဖြစ်နှင့် ထန် ကားပေါ်တက်လိုက်ရသည်၊ မလိုက်ပါနဲ့လို့လည်း ပြောလို့ရမည့်သူမဟုတ်။ ဒီကြားထဲ ဂန္ဓ အပြုံးကို ထန့်စိတ်ထဲ လိပ်ပြာမလုံ မုန်းမိသည်။ ထန့်ကား စထွက်တော့ မဏ်ဆိုသည့်လူက သူ့ကားနှင့် ထန့်ကားနောက်မှာပါလာ၍ ထန် စိတ်ရှုပ်သွားကာ လူရှင်းသည့်နေရာမှာ သူ့မကားကို လမ်း





ဘေးဆွဲကွေ့ပြီး ရပ်လိုက်သည်။

ထန် ထင်ထားသည့်အတိုင်း သူ့မနောက်မှ လိုက်လာသည့် မဏ်ကားလည်း ရပ်သွားကာ ကားပေါ်မှ သူဆင်းလာတာ မြင်လိုက်ရသည်။

"ကား ဘာဖြစ်လို့လဲ ထန်"

"ဘာမှမဖြစ်ဘူး ရှင့်ကို ပြောစရာရှိလို့"

"ဘာပြောမလို့လဲ...ပြောလေ"

"ရှင် ထန့်နောက်ကို ဆက်မလိုက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ထန် မကြိုက်ဘူး"

"ကိုယ်ကတော့ ကြိုက်နေပြီ"

"ဘာပြောတယ်"

"ထန် ဒေါသဖြစ်နေပုံလေးက လှတယ်"

ပြောပြီး ရယ်လိုက်သော သူ့ပုံစံနှင့် သူ့စကားတွေက ထန့်အပေါ်မှာ ဘာလိုလို၊ မရိုးမသား ပုံစံအပြည့်ဆိုတော့ ထန့်မျက်နှာလေးကို ပိုတင်းထားလိုက်သည်။

"ထန် ကိုယ့်ကို စိတ်ဆိုးနေတာပေါ့ ဟုတ်လား"

"ထန့်ကို မနှောင့်ယှက်ပါနဲ့ရှင်၊ ထန့်ချစ်သူက သဝန်တိုတတ်လို့ပါ"

"ကိုယ်လည်း သဝန်တိုတာပဲ"

ပြုံးနေသည့် သူ့မျက်နှာကို ထန် မကြည့်မိအောင် အကြည့်လွှဲထားသည်။

"ဒီပုံအတိုင်းဆို ထန်နဲ့ရှင် မိတ်ဆွေဖြစ်ခွင့်ရမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကလည်း ထန့်မိတ်ဆွေ မဖြစ်ချင်ပါဘူး၊ ဖြစ်ချင်းဖြစ် ထန့်ချစ်သူပဲ ဖြစ်ချင်တာ"

"ရှင့်စကားတွေ လွန်လာပြီနော်"

"ထင်လို့ပါ၊ ကိုယ့်အနေနဲ့ဆို လိုတောင်လိုနေဦးမှာ"

"ပြောလက်စနဲ့ မထူးပါဘူး၊ ကိုယ် ဒီကိုရောက်လာတာ ထန့်ကြောင့်ပဲ"

"ဘာဆိုင်လို့လဲ"

ဒေါသနှင့် သူ့မျက်နှာကို ထန်လှမ်းကြည့်တော့ သူကထန့်ကို ထန့်ကို မျက်လုံးတစ်ဖက် မှိတ်ပြ၍ ထန့်မျက်နှာလေး ဖျန်းခနဲ ပူနွေးသွားသည်။

"အမြဲတမ်း ဒီလိုပဲ ရက်နေတာလား"

"ရှင့်အပူ မဟုတ်ပါဘူး"

ထန့်စကားကြောင့် သူက ပခုံးတွန့်ပြီးရယ်သည်။ ပြီးတော့ သူ့ဖုန်းကိုထုတ်ပြီး ထန့်မျက်နှာရှေ့ လာပြသည်။

"ဒီမှာ...ကြည့်"

"ဒါထန့်ပုံပဲ၊ ဘယ်လိုဖြစ်ပြီး ရှင့်ဆီရောက်နေတာလဲ"

ဖုန်းစခရင်မှာ တင်ထားသည့် ထန့်ပုံကြောင့် ထန်ရင်မောသွားသည်။

"ကိုယ့်ချစ်သူက မလှဘူးလား"

"ရှင် မဟုတ်တာတွေ မပြောနဲ့နော်"

"ဟုတ်တာတွေပဲ ပြောမှာပါ၊ ဒီဓာတ်ပုံလေးထဲက ကောင်မလေးကို ချစ်မိလို့ ပန်မသိအောင် ယူထားတာ"

ပြဿနာက မသေးမှန်းသိလိုက်သည်။





ဒီပုံနဲ့ရှေ့ဆက်သွားလို့ကတော့ မဏ်ဆိုသည့်လူနှင့် ထန်ဘာတွေဆက်ဖြစ်မည်မသိ။ သူ့ပုံစံကြည့်ရတာ ဘာကိုမှ အကြောက်အလန့် ရှိပုံလည်းမရ။ လောကကြီးမှာ သူဖြစ်ချင်တာဖြစ်ခွင့်ရနေသူတစ်ယောက် ပုံစံအပြည့်နှင့် ကျေနပ်နှစ်သိမ့်နေသည့်ပုံ ဖြစ်သည်။

"ထန့်ကို ကိုယ်ချစ်နေတာ ကြာလှပြီ"

"ဝမ်းနည်းပါတယ်ရှင်၊ ထန့်ချစ်သူကိုပဲ ထန်ချစ်တယ်"

"ချစ်သူဆိုတာ လက်ထပ်သူမှမဟုတ်ပဲ"

"ထန် သူ့ကို လက်ထပ်မှာရှင့်"

သူက ထန့်စကားကို ဘာမှမပြောပဲ ပြုံးကြည့်နေ၍ ကားကို နေရာက ဝေါခနဲ မောင်းထွက်ပစ်သည်။ ထန့်ကားနောက်မှာ သူ့ကားပါလာပေမယ့် မတတ်နိုင်တော့။ အိမ်ပြန်ချိန်နောက်ကျနေ၍ တခြားဘယ်ကိုမှ ထပ်သွား၍မဖြစ်သည့်အတွက် ထန့်ကားကို အိမ်ကိုပဲ ဦးတည်မောင်းလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ထန်တော့ သိပ်စိတ်ညစ်တာပဲ ပန်ရယ်၊ ပန်တို့လူကို နောက်ဒီလိုမလုပ်ဖို့ ကြည့်ပြောထားဦး"

ပန့်ကို မဏ်ဆိုသည့် လူအကြောင်း ထန်ကတိုင်တော့ ပန်ထ ရယ်သည်။

"မဏ်က ထန့်ဆီကလာပြီးမှ ထန့်ဓာတ်ပုံကို မြင်ပြီး ထန် ကို ချစ်ခဲ့ရတဲ့အကြောင်း ပန်တို့ကိုပြောပြတာ ထန်ရဲ့၊ သူ့စကား အရဆိုရင် ထန့်ကို သူ့အပိုင်ရမှဖြစ်မယ်ဆိုလား ဘာလား"

"ခစ်…ခစ်"

"ပန်နော်၊ ထန့်မှာ ချစ်သူရှိတာ သိရက်သားနဲ့၊ မဏ်ဆို တဲ့လူနဲ့ စစရာလား"

"သဘောပြောတာပါဟယ်"

"ဘာသဘောမှမပြောနဲ့၊ သူ့အကြောင်း ထန်မကြားချင် ဘူး၊ ဒါပဲနော် ဒီတစ်ခါတော့ ထန်က ပန်တို့မျက်နှာထောက်ပြီး သည်းခံလိုက်တာ၊ နောက်တစ်ခါတော့ မရဘူး"





"အေးပါဟယ်၊ ထန်က သူ့ချစ်သူကိုပဲ ချစ်တဲ့အကြောင်း မဏ်နဲ့ မဖြစ်နိုင်တော့ဘူးဆိုတဲ့ အကြောင်း ပန် ပြောထားလိုက် ပါ့မယ်"

"ကျေးဇူးပဲ ပန်"

ပန့်ကို ကျေးဇူးတင်စကားဆိုပြီး ထန့်လက်ထဲက ဖုန်းကို ပိတ်လိုက်သည်။ မနေ့က မဏ်ဆိုသည့်လူ မိုးချုပ်မှထန်တို့ အိမ် ရှေ့က ပြန်သွားတာကြည့်ပြီး ထန့်စိတ်ထဲမှာ စက်ကွင်းကို သတိ ရနေသည်။ စက်နဲ့တုန်းကလည်း အခုလိုပဲ ဖွတ်တရွတ် ထန့်ကို စိတ်ဒုက္ခအမျိုးမျိုး၊ လူဒုက္ခအမျိုးမျိုး ပေးခဲ့ပုံခြင်း တူလွန်းသည်။ မဏ်ဆိုသည့်လူက စက်ကွင်းလို သူဌေးသားမဟုတ်။ သူကိုယ်တိုင် သူဌေးဟုဆိုသည်။ လူပုံကလည်း ချောသည်။ သို့သော် စက်ကွင်း ချောပုံနှင့်မတူ။ တစ်ယောက်တစ်မျိုးစီ ချောခြင်းဖြစ်သည်။

ထန့်မှာ ချစ်သူရှိသည်။

နောက်ထပ် ဘယ်သူ့ကိုမှ စိတ်မဝင်စားတော့။ ဒီတစ် ယောက်နဲ့တင် ထန့်မှာ စိတ်ရှုပ်နေသည်။ နောက်တစ်ယောက် ဆိုတာ အာရုံထဲမှာပင် မရှိ။

"ထန်ရေ… သမီး၊ ဧည့်သည်တွေ လာတော့မယ်နော်"

"ဟုတ်ကဲ့၊ ထန် လာပါပြီ မေမေ"

မိခင်အသံကြားမှ ထန် ဦးနေဦးကိုသတိရသွားသည်။ ဒေါက် တာနေဦးမိသားစုကို ထမင်းစားဖိတ်ထားသည့်ရက်မှာ မလာနိုင်၍ တောင်းပန်စကားဆိုခဲ့ကြသည်။ ရက်ရွှေ့ကြသည်။ ဒေါ်စိုး ပြည့်စုံ နေမကောင်း။ အကြောင်းအရင်းကို ဘယ်သူမှ မသိပေ ယ့် ထန်ကတော့ စက်ကွင်းဖုန်းဆက်၍ ဒေါ်စိုးပြည့်စုံ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းဖြစ်လည်း ဆိုတာသိသည်။

အဒေါ်ဖြစ်သူနှင့် မျက်နှာချင်းဆိုင် ထန်နှင့်သူ့အကြောင်း ပြောမထွက်သည့် စက်ကွင်းက ဂျပန်ရောက်မှ သူနှင့်ထန် ချစ်သူတွေပါဟု ဖုန်းနှင့် လှမ်းရင်ဖွင့်သည်။ ထန်နှင့်လက်ထပ်ဖို့ သဘောတူထားသည့် ဒေါက်တာနေဦးကိုယ်တိုင် ချစ်သူရည်းစားနှင့်ဆိုတော့ စက်ကွင်းစကားကို ဘယ်လိုမှ မတုံ့ပြန်နိုင်ဘဲ ဒေါ်စိုးပြည့်စံ စိတ်ထိခိုက်ပြီး အိပ်ရာထဲလဲသွားသည်။ ဒေါက်တာနေဦး မျက်နှာကိုလည်း မကြည့်။ အားလုံးကို မုန်းနေသည်။

နောက်မှ သူ့ကိုယ်သူ တဖြည်းဖြည်း တရားနှင့်ဖြေနိုင်အောင် ကြိုးစားရသည်။ လောကကြီးမှာ ရတာမလို၊ လိုတာမရတာတွေက များလှသည်။ သားဖြစ်သူထံမှ ဘာသတင်းမှ မကြား ရသော်လည်း ဒေါက်တာနေဦး၏ ချစ်သူကလေးမှာ ကိုယ်ဝန်ရှိနေပြီဆိုတာ တစ်ဆင့်စကားနှင့် ပြန်ကြားရတော့ ဒေါ်စိုးပြည့်စံ ကမ္ဘာပြိုသလို ဖြစ်သွားသည်။

ကလေးက ယောကျ်ားလေးတဲ့။

သတင်းတွေက အတိအကျ။ ဒါမျိုးကိစ္စဆို လူတွေက တော်တော် ပြောချင်ဆိုချင်ကြသည်။ နောက်ဆုံးသားကို မေးတော့ ဝန်ခံသည်။ ဘာတတ်နိုင်မည်နည်း။ ဘာမှမတတ်နိုင်။ အသွားကို တောင်းပန်ရုံအပြင် တခြားမရှိ။ ထို့ကြောင့် ထမင်းပွဲတော့ မပြင်ပါနှင့်။ လက်ဖက်ရည်ပွဲလောက်သာ ပြင်ပါဟုပြောပြီး ထန်နှင့် ဒေါက်တာနေဦးကိစ္စ ဘယ်လိုမှ မဖြစ်နိုင်တော့သည့်အကြောင်း ပြောဆိုဖို့ စီစဉ်ထား၏။ ဤသည်က ဒေါ်စိုးပြည့်စံ၏ အပိုင်း ဖြစ်သည်။





ထန်တို့ကျတော့ ဒေါ်စိုးပြည့်စံ၏ အစီအစဉ်ကို မသိ။ သူတို့ ...က်လာရင် ဘာတွေဖြစ်လာမလဲဆိုသည့် အတွေးစနှင့် ရင် ...တ်နေသည်။ စက်ကွင်းက ထန့်ကို ဖုန်းထဲကနေ မကြောက်နှင့်။ ...တ္တိရှိရှိ ရင်ဆိုင်ရန် တိုက်တွန်းအားပေးနေပေမယ့် ထန်ကတော့ ...ကြိမရှိ။ အသွားကိုကြောက်သလို မေမေ့အတွက်လည်း စိုးရိမ်နေ ...ည်။

အသွားက ပန့်ကို ခွင့်လွှတ်သည်ဆိုပေမယ့် အခုချိန်ထိ ...ကို အိမ်လာဖို့ မပြောသေးသလို နောက်ထပ်ပန့်အကြောင်း ...ည်း စကားမစသေး၍ ပန်တို့သားအမိကို အသွားရှေ့ ခေါ်မလာ ... ဖြစ်နေ၏။ စက်ကွင်းနှင့်ထန့် ကိစ္စ အသွားသိရင် ဘာတွေ ...လာမလဲ တွေးပူရင်း ရင်တထိတ်ထိတ်နှင့် ဒေါ်စိုးပြည့်စံတို့ ...အိမ် ရောက်လာတာကို အပြုံးမပျက် နှုတ်ဆက်ကြိုဆိုရသည်။

"သမီးလေး မတော်ရပေမယ့် တူမလေးအဖြစ် အန်တီ့နား ...ရှိနေပေးတာကိုပဲ ဝမ်းသာလှပါပြီကွယ်"

အသွားဆီမရောက်ခင်ရှိ ဒေါ်စိုးပြည့်စံက ထန့်ကို တွေ့တွေ့ ...း ပြောသည့်စကားဖြစ်၍ ထန် မျက်နှာညှိုးနှင့် ဒေါ်စိုးပြည့်စံကို ...ဦးတင်စကားပြောတော့ ဒေါက်တာနေဦးက ပြုံးနေသည်။

လက်ဖက်ရည်ပွဲက လှသည်။

ခမ်းနားသည်။

သို့သော် ဘယ်သူမှ လိုက်လိုက်လဲလဲ ရယ်မောမည့်သူ ...။ အသွားက ဒေါ်စိုးပြည့်စံ ပြောသမျှ ငြိမ်နား ထောင်နေသည်မှ ...ပါး တခြား ဘာစကားမှ မဆို။ နောက်ဆုံးကျမှ ခေါင်း ...ဆတ်ဆတ် ညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ စံစံရယ်၊ ဖူးစာမပါ
လွဲရတယ်လို့ပဲ မှတ်ပါတယ်။ စံစံပြောသလို ထန့်ကို သူ့ချစ်
ကောင်လေးနဲ့ သဘောတူပါတယ်၊ သူ့ဂျပန်က ပြန်လာရင်
အဘွားနဲ့တွေ့ဖို့ လွှတ်လိုက်ပါ”

“ကျေးဇူးတင်ပါတယ် အဘွားရယ်”

ဒေါ်စိုးပြည့်စံ ပြန်သွားတော့ အဘွားက ထန့်ကို သူ
ခေါ်သည်။

“ပန့်တုန်းက အဘွား စိတ်ဆင်းရဲခဲ့ရပြီးပြီ၊ ဒီတစ်ခါ
ထန့်စိတ်ချမ်းသာရမှာပါကွယ်၊ မြေးချစ်သူကို အဘွားမြေးအဖြစ်
လက်ခံလိုက်ပါပြီ”

“ဖူးစာဆိုတာ ဆန်းကြယ်တယ်ဆိုတာ အမှန်ပဲကွယ်၊
ချစ်သူဟာ မြေးရဲ့ဖူးစာရှင် အစစ်အမှန် ဖြစ်ပါစေလို့ အဘွား
ဆုတောင်းပါတယ်”

“အဘွားရယ်”

“မေမေ့သဘောကလည်း သမီးအဘွားနဲ့ သဘောနဲ့
တူပါပဲကွယ်၊ သမီးတို့ စိတ်ချမ်းသာရင် ပြီးတာပါပဲ”

မိခင်ရင်ခွင်မှာ ခေါင်းအပ်ပြီး ထန် မျက်ရည်ကျမိသည်
သူမကိုယ်တိုင် ရင်ထိတ်နေသည့်ကိစ္စက ထင်မှတ်မထားပဲ လွ
ကူချောမောစွာ အောင်မြင်သွား၍ ရင်ထဲအေးမြ ပေါ့ပါးသွားသည်
စက်ကွင်း ဖုန်းဆက်ချိန်မှာ သူပျော်သလို ထန်လည်း ပျော်နေသည်

“အလုပ်ကိစ္စတွေ ပြီးတာနဲ့ ကိုယ် ချက်ချင်းပြန်လာ
ထန့်ကို လက်ထပ်မှာနော်၊ ရုံးတက်လက်မှတ်ထိုးမယ်၊ နော
ကြိုက်တဲ့ဟိုတယ်မှာ မင်္ဂလာပွဲကျင်းပရမယ်”





“အံမယ်…လူကိုများ ဟင်းရွက်ကန်စွန်းရွက်ကျနေတာပဲ
ယ်သူက ရှင့်ကို ယူမယ်ပြောလို့လဲ”

“အားလုံး သဘောတူထားပြီးပြီ၊ မယူချင်လို့ မရတော့
၊ ယူကိုယူမှ ဖြစ်တော့မှာ”

“ချစ်တယ် ထန်ရယ်”

“ထန်လည်း ချစ်တယ်”

“အခုတောင် ပြေးလာချင်ပြီကွာ၊ ထန့်ကို အရမ်းလွမ်းနေ
”

“ထန်ရောပဲ…”

“မင်းနော်…ကိုယ်နဲ့အဝေးကြီးမှန်းသိလို့ ချွဲနေတာမဟုတ်
၊ ဒီလိုအပြောမျိုးနဲ့ ကိုယ်သာ မင်းအနားမှာရှိနေလို့ကတော့
း မလွယ်ဘူးနော် ထန်”

“ကိုယ်က အပြတ်ကြမ်းပစ်မှာ”

“ကြောက်စရာကြီးပါလား”

“ခစ်… ခစ်”

ထန်ရယ်တော့ သူလည်း ရယ်သည်။

ဘာအပူအပင်မှ မရှိတော့၍ နှစ်ယောက်စလုံး စိတ်လွတ်
ယ်လွတ်ဖြစ်ကာ ပေါ့ပါးလွတ်လပ်နေသည်။ စကားတွေ အများ
းပြောကြသည်။ ရွှေ့ရေးတွေ တိုင်ပင်ကြသည်။ ထန်က
်ကွင်းပြောသမျှ နားထောင်သူဖြစ်သည်။ ချစ်သူရည်းစား ဖြစ်
ကြသော်လည်း ဤမျှ အချိန်ကြာကြာ စကားမပြောဖူး၍ ထန့်
်ထဲမှာ အရင်လို နိုးကြောင်ခိုးဝှက် ပြောစရာမလိုတော့။ နေ့အော
း ထန်အိပ်ပျော်သွားတာပဲ မှတ်မိသည်။ မကြာခင် စက်ကွင်း

www.burmeseclassic.com



ပြန်လာတော့မည်။

ထန့်စိတ်တွေ လှုပ်ရှားနေသည်။ စိတ်ထဲမှာလည်း ပျော် သလိုဖြစ်နေသည်။ အရင်က စက်ကွင်းနဲ့ချစ်သူတွေ ဖြစ်ရသ ဆိုပေမယ့် အဘွားကိုကြောက်တာနှင့် စိတ်လွတ်ကိုယ်လွတ် ဘ တစ်ခုမှ မလုပ်ရဲ။ အခုတော့ အဘွားက စက်ကွင်းနှင့်ထန့် သဘောတူလိုက်ပြီဆိုတော့ ထန့်ရင်ထဲ ပေါ့ပါးလွတ်လပ်စိတ် နှင့် ဘယ်နေရာကိုကြည့်ကြည့် ဘယ်ကိုသွားသွား အရာအား လှပနေ၏။

"ထန်ရေ··· မေမေ့ကို ပန့်အိမ်လိုက်ပို့ပေးပါဦး"

"ဟုတ်ကဲ့ မေမေ"

သားအမိနှစ်ယောက် အဘွားကိုခွင့်တောင်းပြီး ပန့်အိမ် ရောက်သွားသည်။ ပန်အိမ်ရှေ့မှာ ကြိုရောက်နေသည့် ကားတ စီးကြောင့် ထန် စိတ်ညစ်သွားသည်။ ထိုကားက တခြား ကားမဟုတ်။ မဏ်ဆိုသည့် လူရဲ့ကားဖြစ်သည်။

"မေမေတို့လာတယ် ကိုရေ"

ပန်က ခင်ပွန်းသည်ရှိရာ ထမင်းစားခန်းဘက်ကို ဝမ်းသ အားရ လှမ်းအော်ရင်း သားသားနှင့်အတူ ထန်တို့သားအမိ ပြေးလာကြိုသည်။

"ကြည့်ပါဦး မေမေရယ်၊ မေမေ့မြေးက တစ်နေ့တခြ ပိုချောမလာဘူးလား"

သားက တစ်ချက်မအော်ဘဲ သူ့အဘွားလက်ပေါ်မှာ အေ အေးဆေးဆေး လိုက်သွားသည်။

"အထုပ်တွေ များလှချည်လား ထန်ရဲ့၊ ဘာတွေလဲ"





လက်ထဲမှာ ယောင်းမတစ်လက်နှင့် ထမင်းဟင်းချက်နေ သည့် ဂန္ဓက ထန့်လက်ထဲက ပစ္စည်းတွေ ကူသယ်ရင်း မေးလိုက် င်းဖြစ်သည်။

"ပန်စားဖို့တဲ့၊ မေမေကိုယ်တိုင် ထမင်းဟင်းတွေ ချက် လာတာ"

"အားနာစရာ ထန်ရယ်၊ ဒါပေမယ့် ဟင်းတွေက အများ ကြီးဆိုတော့ ပျော်စရာကြီး"

ဂန္ဓမျက်နှာ ပြုံးပြုံးကြီးဖြစ်နေတာကို ကြည့်ပြီး ထန်မျက် ာင်းထိုးတော့ ဂန္ဓကရယ်သည်။ ထမင်းစားခန်းထဲမှာ ပါလာ ည့် ပစ္စည်းတွေ သိမ်းဆည်းနေသည့် အချိန်အထိ မဏ်ဆိုသည့် ကို မတွေ့ရ။ မေမေနှင့်ပန်ကတော့ ကလေးနှင့် တစ်ချိန်လုံး လုပ်ရှုပ်ပြီး ပျော်နေသည်။

"ထန်"

နောက်ပါးမှ နီးကပ်စွာ ထွက်ပေါ်လာသည့် အသံကြောင့် န် လှည့်ကြည့်လိုက်တော့ မဏ်ဆိုသည့်လူက ထန့်နား နီးကပ်စွာ က်နေ၍ ထန် လန့်သွားသည်။

"ကိုယ်အခုပဲ ထန့်မေမေနဲ့ မိတ်ဆက်လာတာ၊ ထန့်မေမေ သဘောကောင်းတယ်နော်၊ ကိုယ့်ကို သားတဲ့"

"ဘာဖြစ်လဲ မေမေက သားအရွယ်ကို သားလို့ခေါ်ဟာ န်းလို့လား"

"တခြားသူတွေအတွက် ဆန်းချင်မှ ဆန်းမှာပါ၊ ကိုယ့် တွက်တော့ ကိုယ့်ချစ်သူအမေက ခေါ်တာဆိုတော့"

"ရှင်စကားပြောတာ ကြည့်ပြောနော်၊ ဘာကိုယ့်ချစ်သူလဲ"

www.burmeseclassic.com



"မှန်တာပြောတာပါ၊ ထန်က ကိုယ့်ကို မချစ်ပေမယ့် ကိုယ်
က ထန့်ကို ချစ်နေပြီ"

ထန့်တို့အနားမှာ ဘယ်သူမှမရှိ။ ဂန္ဓက မေမေတို့ ဘာစကား
တွေ ပြောနေမှန်းမသိ။ အားလုံးမျက်နှာတွေ ပြုံးနေကြပုံက သာ
သားအကြောင်း ပြောနေခြင်းဟု သိလိုက်သည်။

"ဒီမှာ ကျေးဇူးပြုပြီး ထန့်ဘာသာနေပါရစေရှင်"

"နေပါ၊ ကိုယ်က ထန့်ကို ဘယ်လောက်ချစ်တယ်၊ ဘယ်
လောက်မြတ်နိုးတယ်ဆိုတဲ့ အကြောင်းပြောရုံပါ"

"ထန် မကြားချင်ဘူးလို့ ရှင်ကို ပြောပြီးသားနော်"

"ကိုယ်က ပြောချင်နေတာကိုး"

"ကိုယ့်ကို ပြန်ချစ်ပါလား ထန်ရယ်"

ထန် ဒေါသဖြစ်လာသည်။

ထန့်မှာချစ်သူရှိတာ သူသိအောင်ပြောထားရက်နဲ့ ဘာကြ
ထန့်ကို နောက်ထပ်ချစ်ခိုင်းနေသည်မသိ။ ထန်သူ့ကို ဘာစကား
မှမပြောတော့ပဲ နေရာက လှည့်ထွက်ခဲ့သည်။

"ထန်"

"ရှင် ဘာလုပ်တာလဲ၊ ထန့်လက်ကို လွှတ်ပါ"

မဏ်ဆိုသည့်လူက ထန့်လက်ကို ဆုပ်ကိုင်ထားသည်။ ထ
ရုန်းလည်း မလွှတ်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ထန့်ကို ချစ်တယ်"

ထန် ဘာမှမပြောပဲ သူ့လက်လေးကို ဆောင့်ရုန်းလိုက်
တော့ သူက ထန့်ကိုယ်လေးကို သူ့လက်များနှင့် ဖျတ်ခနဲ ဆွဲ





ချင်းအပ်လိုက်ပြီး ထန့်မျက်နှာလေးထက်သို့ အချစ်အနမ်းတွေ
ချသည်။ ရုတ်တရက်ဖြစ်၍ ထန် အငိုက်မိသွားသော်လည်း
ချင်း သတိဝင်လာသည်နှင့် မဏ်ဆိုသည့်လူ ရင်ခွင်ထဲက
ကိုယ်လေးကို ဖွတ်ရုန်းထွက်လိုက်သည်။

"ရှင့်ကို ထန် သိပ်မုန်းတယ်... သိလား"

"ထန်"

ထန့်ရင်ထဲက ဒေါသကိုမျိုသိပ်ပြီး ထန် ဒီလောက်ပဲ ပြော
က်သည်။ နေရာက ချာခနဲလှည့်ပြေးသွားသည့် ထန့်နောက်ကို
လိုက်သွားချင်သော်လည်း သူ့ဘက်က လွန်သွားသည့် အပြု
ကြောင့် ထန် ပိုမုန်းသွားမှာ စိုးရိမ်ကာ နေရာမှာ အသာ
ကျန်နေလိုက်သည်။

မဏ်ရင်ထဲမှာတော့ ထန့်ကိုချစ်သည့် အချစ်တွေ ပြည့်သိပ်
သည်။ သူတို့နှစ်ယောက်အဖြစ်ကို ဘယ်သူမှ မသိလိုက်။
က အားလုံးရှေ့မှာ ဟန်ဆောင်နေပေမယ့် မဏ်က ထန့်လို
ဆောင်နိုင်သူမဟုတ်၍ လူအလစ်မှာ ထန့်မျက်နှာလေးကို
ကြည့်ရင်း ထန့်ကို တောင်းပန်အသနားခံဖို့ ကြိုးစားနေမိ
သည်။

"မင်းနဲ့ထန် ဘာဖြစ်တာလဲ မဏ်"

"ထန့်ကို ချစ်တဲ့အကြောင်း ပြောလိုက်လို့ သူငါ့ကို မိုက်
နေတာ"

"သြော်... ဒီလိုကိုး"

ဂန္ဓက ထန်နှင့်မဏ် အခြေအနေကို ရိပ်မိပြီး မေးခြင်းဖြစ်
သည်။ မဏ်က သူထန့်ကို နမ်းလိုက်မိတာကို ထိန်ချန်ထားပြီး

www.burmeseclassic.com



ဂန္ဓကို သူ့ရင်ထဲက အချစ်အကြောင်း ထန့်ကို ဖွင့်ပြောလိုက်တာ ကို အမှန်အတိုင်း ပြောလိုက်၍ ဂန္ဓကရယ်သည်။

"ထန့်မှာ ချစ်သူရှိတယ်ကွ"

"သိတယ်"

"ထန့်လူက လူချောနော်၊ ပြီးတော့ မင်းလိုပဲ မာကျော ကျော ဌွတ်ဆတ်ဆတ်နဲ့"

"သူ ဘာပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး ဂန္ဓ၊ ထန့်အချစ် ရမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်ရဲတယ်"

မဏ္ဍာ့စကားကြောင့် ဂန္ဓလန့်သွားသည်။ ဒီကောင် ထန့်ကို တကယ်ကြွေတာပဲဟု သိလိုက်ရတော့ သူငယ်ချင်းအတွက် စိတ် မကောင်းဖြစ်သွားသည်။

"မင်းလာတာ နည်းနည်းလေး နောက်ကျသွားတယ် မဏ္ဍာ စက်ကွင်းဆိုတဲ့လူက ထန့်အချစ်ကို ယူသွားပြီ"

"ရည်းစားထားတာ ဘာဆန်းလဲ၊ လက်ထပ်တာ မဟုတ်တာ"

မဏ္ဍာ တုံ့ပြန်ပုံက ဘာကိုမှ ဂရုမစိုက်သည့် လေသံအပြည့် ဖြစ်၍ ဂန္ဓရင်မောသွားသည်။ စိတ်ထဲက မဏ္ဍာ့ကိုသနားလည်း သနား။ ရယ်လည်း ရယ်ချင်သည်။ မဏ္ဍာတို့ဖြစ်လိုက်ရင် ဘာနဲ့ မှမတူ။ နေရာတကာ အရူးအမူးအသည်းအသန် ဖြစ်နေကြဆိုတာ သူသိသည်။

"မင်းဖြစ်လိုက်ရင် ဒီလိုချည်းပဲ"

"အခုဟာက အရင်ကနဲ့ လုံးဝမတူဘူးကွ၊ ထန့်ကို တကယ် ချစ်တာ"





"ကိုရေ… ဒီမှာ မေမေတို့ ပြန်တော့မယ်တဲ့"

"လာပြီ မိန်းမရေ"

ဂန္ဓနှင့်အတူ မဏ္ဍာပါ အိမ်ရှေ့ဧည့်ခန်းကို ပြန်ရောက်လာ တော့ ထန့်တို့သားအမိက ကားပေါ်ရောက်နေသည်။

"နောက်ရက်မှ မေမေ ထပ်လာမယ်နော် သမီး"

"သားနှစ်ယောက်လုံးကို နှုတ်ဆက်တယ်နော်၊ မေမေ သွား ပြီ"

"ဟုတ်ကဲ့ မေမေ"

ထန့်က ဂန္ဓကို တစ်ချက်ပြုံးပြပြီး မဏ္ဍာ့ကို မသိဟန်ဆောင် ကာ ကားကို မောင်းထွက်သွား၍ မဏ္ဍာ့ရင်ထဲ အခံရခက်ပြီး ရင်နာနာနှင့် ကျန်ခဲ့သည်။

"ထန့်လုပ်ပုံက သိပ်ရက်စက်တယ်ကွယ်၊ သူ့ကို ချစ်နေ မှန်းသိရက်နဲ့ ငါ့ကို လုံးဝဂရုမစိုက်ဘူး"

"ဂရုစိုက်စရာလား၊ ထန့်မှာ ချစ်သူရှိနေတာကို"

ဒီတစ်ခါ ပြောလိုက်သူက ယုန်ဖြစ်သည့်အတွက် မဏ္ဍာက ယုန့်ကို လှမ်းကြည့်သည်။

"ဘာလဲ ယုန်က ကိုယ့်ကို ထန့်နဲ့ သဘောမတူဘူးလို့ ပြောချင်တာလား"

"ယုန်ပြောတဲ့အထဲမှာ အဲဒါမပါဘူးနော်"

ယုန့်စကားကြောင့် ဂန္ဓရယ်သည်။

"ငါ့မိန်းမက သူ့ညီမကို မင်းနဲ့သဘောတူပါတယ်ကွာ ငါလည်း မင်းကို ထန့်နဲ့ သဘောတူတယ်၊ အရေးကြီးတာက ငါတို့သဘောမဟုတ်ဘူး၊ ထန့်သဘော၊ ဟုတ်တယ် မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ”

“ဟုတ်တယ်… ဟုတ်တယ်၊ ထန်က မဏ်ကို ဂရုမစိုက်တာနဲ့ ပန်တို့ကို လာပြီးရန်လုပ်မနေနဲ့”

“ထန့်ကို တကယ်ချစ်နေတာကွ၊ ဒီမှာ ငါထန့်ကို ဘယ်လောက်ချစ် ဘယ်လောက်စွဲလမ်းနေလဲဆိုတာ ဒီဓာတ်ပုံတွေကို ကြည့်”

မဏ်က သူ့ဖုန်းထဲက ထန့်ဓာတ်ပုံတွေရော သူ့ပိုက်ဆံအိတ်ထဲ အမြဲဆောင်ထားသည့် ထန့်ဓာတ်ပုံတွေကိုပါ ပန်တို့လင်မယားနှစ်ယောက်ကို ထုတ်ပြ၍ လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။

“ကိုယ့်ကို ထန် ပြန်ချစ်လာအောင် မင်းတို့ လင်မယားကူညီမပေးနိုင်ကြတော့ဘူးလားကွာ”

“ငါတို့က ဘယ်လိုကူညီရမှာလဲ၊ မင်းဖြစ်စေချင်တာကိုပဲ ပြော၊ ထန် မင်းကို ပြန်ချစ်တာ မချစ်တာတော့ ကံတရားပဲ မင်းကူညီစေချင်တဲ့အတိုင်း တို့လင်မယား ကူညီမယ်ကွာ၊ ငါတို့ဘက်က ဒီလောက်ပဲ တတ်နိုင်တယ်”

“ဟုတ်တယ် မဏ်၊ ပန်လည်း ဂန္ဓပြောတဲ့အတိုင်း မဏ်ကို ကူညီချင်တယ်၊ ထန့်ဘက်က မဏ်ကို ပြန်ချစ်မချစ်ဆိုတာကတော့ ပန်လည်းမသိဘူး”

“ထန့်ကို ငါ တကယ်ချစ်တာဆိုတာကိုတော့ မင်းတို့ ယုံတယ်မဟုတ်လား”

“ယုံတယ်”

“ကောင်းပြီ၊ မင်းတို့နှစ်ယောက်ဆီက အကူအညီ လိုအပ်





လာတဲ့အချိန်ကြရင်သာ ပေးထားတဲ့ကတိစကားအတိုင်း တည်ပါစေ”

“ငါ ပြန်မယ်”

မဏ်မှာ ဘာအကြံအစည်တွေ ရှိမှန်းမသိပေမယ့် လင်မယားနှစ်ယောက်ကတော့ မဏ် ကျေနပ်အောင် ကတိပေးပြီး မဏ်ကားခြံကွင်းက ပျောက်သွားသည်အထိ ငေးကြည့်ရင်း ကျန်ခဲ့သည်။

“မင်းညီမလည်း တော်တော် စန်းပွင့်နေတယ်နော် မိန်းမ”

“အဲဒါ ဘာဖြစ်လဲ၊ စန်းပွင့်တော့ ကောင်းတာပေါ့”

“သူတို့နှစ်ယောက်ထဲက တစ်ယောက်ရွေးရမယ်ဆိုရင် ပန်ဘယ်သူ့ကို ရွေးမှာလဲ”

“ပန် သဘောဆိုရင် ဘယ်သူမှ မရွေးဘူး”

“ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲ၊ ပန့်မှာ ဟောဒီက သားဒယ်ဒီကြီး ရှိနေလို့ပေါ့”

ပန့်စကားကြောင့် ဂန္ဓက သဘောကျစွာ တဟားဟားအော်ရယ်ပြီး ပန်နှင့်သားကိုယ်လေးကို သူ့ရင်ထဲ သိမ်းပွေ့ကာ ပန့်ကိုရော သားကိုပါ ခပ်ဖွဖွလေး ရှိုက်နမ်းသည်။

“သိပ်ချစ်တယ် ပန်ရယ်”

“ပန်လည်း ကိုနဲ့အတူတူပါပဲကွယ်၊ ဟောဒီက အဖေကြီးကိုရော သားကိုရော ချစ်တယ်”

“ကောင်းပြီ ကိုယ်တို့သားအဖကို သိပ်သိပ်ချစ်တဲ့ မာမီကြီးကို ဒယ်ဒီကြီးက ဝုဏ်ပြုပါတယ်ဗျာ”

“အို…ကို၊ သားနဲ့ပန်ကို နိုင်လို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကြည့်"

ဂန္ဓလက်ထဲမှာ ပန့်ကိုယ်လေး မြောက်ခနဲ လေထဲသို့ ပေါ်ပါးစွာ ချီမြောက်မြင့်တက်သွား၍ ပန့်ထံမှ အသည်းယားစွာ ရယ်မောလိုက်သံနှင့် သားထံမှ ငိုသံသဲ့သဲ့က ဂန္ဓ၏ ရယ်မောသံကျယ်ကြီးထဲ ပျော်ရွှင်စွာ စီးမျောနစ်ဝင်သွားသည့်အသံက တိတ်ဆိတ်ခြင်းကို ညင်သာစွာ ဖြိုခွင်းသွား၏။

■



## အခန်း (၁၄)

"မဖြစ်နိုင်ဘူး၊ လုံးဝ မဖြစ်နိုင်ဘူး၊ စက်ကွင်း သေတယ်ဆိုတာ ထန် မယုံဘူး၊ သီဟ…နင် ထန့်ကို ညာနေတာ၊ ထန့်ကို အမင် စချင်နောက်ချင်လို့ လျှောက်ပြောနေတာ မဟုတ်လား"

ထန့်အသံက ခါးခါးသီးသီး။

ဘယ်သူဘာပြောပြော လက်ခံမည့်ပုံမရ၍ အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ စက်ကွင်း ဂျပန်နိုင်ငံကိုသွားတာ အားလုံးသိသည်။ ပြန်လာတော့မည်ဟု သူကိုယ်တိုင် ဖုန်းဆက်အသိပေးတုန်းက သီဟပျော်သလို ထန်လည်း ပျော်ခဲ့သည်။

ဒါပေမယ့် စက်ကွင်း ပြန်လာမည့်နေ့မှာ သူပြောသည့်အတိုင်း စက်ကွင်းတစ်ယောက် သူချစ်သော တိုင်းပြည်နှင့် သူချစ်မြတ်နိုးသော ချစ်သူရှိရာ ရောက်မလာနိုင်တော့ပါ။ လေယာဉ်ပျက်ကျသည့်ထဲပါသွားပြီး ကွယ်လွန်သွားပြီဆိုသောသတင်း



www.burmeseclassic.com

www.burmeseclassic.com



စကားကိုသာ ရရှိခဲ့သည်။ ကြားကြားချင်း သီဟကိုယ်တိုင် သူ့နား သူမယုံနိုင်။ သေချာစုံစမ်းကြည့်တော့ သီဟကြားသည့် သတင်းက မှန်နေသည်။ နောက်ဆုံးသီဟကိုယ်တိုင် စက်ကွင်းအိမ်ကို ရောက် ခဲ့ပြီးပါပြီ။ ဝမ်းနည်းကြေကွဲစရာကောင်းအောင် ချောမောခန့်ညား သော စက်ကွင်းဓာတ်ပုံကြီးက သီဟကို နှုတ်ဆက်လိုက်တော့ သီဟရင်ထဲ စို့နင့်ပြီး ဘာစကားမှ မပြောနိုင် ဖြစ်သွားခဲ့တာ အခုချိန်ထိပါ။

စက်ကွင်း ဆုံးသွားပြီဆိုသည့် စကားကို သီဟကတစ်ဆင့် ထန့်ကိုပြောပြပေမယ့် ထန်က လက်မခံ။ ပန်တို့ဖိုးမောင်နဲ့ အသိပေးသလို ထန့်မေမေကိုလည်း ပြောပြခဲ့ပြီးပါပြီ။ စက်ကွင်း လူ့လောကကြီးမှာ တကယ်မရှိတော့။ ဒါကို ထန်က လက်မခံတာ ထက် ထိုသတင်းဆိုးကြီးကို ထန့်စိတ် ထန့်နှလုံးသားက ပို၍ လက်ခံချင်စိတ်မရှိ၍ ဤသို့ ငြင်းထန်စွာ ငြင်းဆိုနေခြင်းဆိုတာ အားလုံးနားလည် လက်ခံသဘောပေါက်ကြသည်။

ထန့်ကို သနားသည်။

စက်ကွင်း နောက်ဆုံးရင်ဆိုင်လိုက်ရသည့် အချိန်တွေထဲမှာ ထန်တစ်ယောက် သူ့အတွေးအာရုံကို စိုးမိုးထားနေ၍လည်း စိတ် မကောင်း။

"စက်ကွင်း လူ့လောကကြီးထဲမှာ တကယ်မရှိတော့ဘူး ထန်၊ ဒါကို နင်ယုံပါ"

"လက်ခံလိုက်ပါ ထန်၊ ဒီနေ့လည်း စက်ကွင်းရဲ့ အရိုးပြာ ဂူသွင်းသဂြိုဟ်ကြမှာ၊ နင် လိုက်ပို့ချင်တယ်ဆိုရင် ငါတို့လိုက်ခဲ့မယ်"

"ဟုတ်တယ်ထန်၊ စက်ကွင်း တကယ်ဆုံးသွားတာ"





ပန်ကလည်း ဝင်ပြောသည်။

ညီမအတွက် စိတ်မကောင်းသလို သွားလေသူအတွက် လည်း စိတ်မကောင်း။

"နင် မယုံမှာစိုးလို့ ဒီမှာဓာတ်ပုံတွေ ငါ ရိုက်ယူလာတယ်"

သီဟက ထန့်ကို သူ့ဖုန်းထဲက ဓာတ်ပုံတွေ တစ်ခုပြီးတစ်ခု ပြမှ ထန့်အကြည့်တွေက ရီဝေမှိန်ဖျော့သွားကာ စက်ကွင်းဓာတ်ပုံ ကိုကြည့်ရင်း ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးတွေ စီးကျလာ၏။

စက်ကွင်း တကယ် သေဆုံးသွားခဲ့တာပါလား။

ထန် မယုံချင်လို့ မရတော့။

ဓာတ်ပုံတွေက အခိုင်မာဆုံး သက်သေများအဖြစ် ထန့်ကို လှောင်ပြောင်နေကြသည်။

"ငိုလိုက် ထန်၊ နင့်ရင်ထဲက ခံစားချက်တွေကို ပေါက်ကွဲ ထွင်ပစ်လိုက်၊ ဒါမှ နင် ခံစားနေရတာတွေ သက်သာသွားမှာ"

သီဟက ထန့်ကို တဖွဖွ သတိပေးစကား ဆိုနေသလို ပန်တို့လင်မယားကလည်း ထန့်အဖြစ်ကိုကြည့်ပြီး စိတ်ထိခိုက် နေကြသည်။ အသွားကိုယ်တိုင် ထန့်ကို ထန့်ချစ်သူနဲ့ သဘော ကျလိုက်ပြီဆိုမှ ကံတရားက ထန်တို့ချစ်သူနှစ်ယောက်ကို မျက်နှာ သာမပေးခဲ့ပါလား။

"စက်"

"စက် တကယ်သေသွားပြီ သီဟ"

"ဟုတ်တယ်၊ သူဆုံးသွားပြီ"

"မဟုတ်ဘူး၊ သူ မသေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အီး... အဟီး... ဟီး"

ထန်က သူ့ရင်ထဲက ခံစားချက်တွေ ပေါက်ကွဲပြီး ကလေး တစ်ယောက်လို ထိခိုက်နာကြည်းမှုတွေနှင့် လှိုက်လှဲကြေကွဲစွာ ငိုချလိုက်သည်။

စက်ကွင်း သေသွားပြီ။

လူ့လောကထဲမှာ တကယ်မရှိတော့ဘူးဆိုတာကို ထန် လက်ခံလိုက်ရပါပြီ။

ရက်စက်လှတဲ့ ကံကြမ္မာရယ်။

ဘာဖြစ်လို့ ထန်တို့ချစ်သူနှစ်ယောက်ကျမှ ဒီလိုအဖြစ်မျိုး လာဖြစ်ရတာလဲ။

ထန် ငိုနေတာကို ဘယ်သူမှမတား။

ထန် အားရအောင် ငိုလိုက်မှ ထန့်ရင်ထဲက ခံစားချက်တွေ ပေါ့သွားမှာသိ၍ အားလုံး ငြိမ်ကြည့်နေကြသည်။

"စက်ကို ထန် နောက်ဆုံး နှုတ်ဆက်ပါရစေ၊ ထန့်ကို လိုက်ပို့ပါ"

ရှိသမျှ အင်အားကိုစုပြီး ပြောလိုက်သည့် ထန့်အသံမှာ အသည်းနှလုံး မွကြေသွားသူတစ်ယောက်၏ အသံဖြစ်သည်။

သီဟက ထန့်ကို လိုက်ပို့သည်။

ယန်က လိုက်ချင်ပေမယ့် သွေးနုသားနုဖြစ်၍ ထန်ကပဲ တားခဲ့ပြီး သီဟနှင့်နှစ်ယောက်ထဲ စက်နောက်ဆုံးခရီးကို လိုက်ပို့သည်။ ထို့အတူ မဏိကလည်း ဂန္ထမှတစ်ဆင့် ထန့်ချစ်သူ ရုတ်တရက် ကွယ်လွန်သွားသည့် သတင်းကိုရရခြင်း ထန်ရှိရာသို့ အပြေးလိုက်လာတာကို ထန် မသိ။





မဏိက သီဟကို ဖုန်းဆက်သည်။

သီဟက မဏိအကြောင်း ဂန္ထပြောထား၍ သောကမီးတွေနှင့် အွေးတောက်လောင်နေသော ထန့်အနားမှာ မဏိကို အတူရှိနေခွင့်ပြုသည်။ ထန်က သူမနား ဘယ်သူတွေရှိလို့ ရှိမှန်းမသိ။ ဓာတ်ပုံကြီးကို စိုက်ကြည့်ပြီး တသိမ့်သိမ့် ရှိုက်ငိုနေ၏။

လောကကြီးထဲမှာ ထန်တစ်ယောက်တည်းလို ဖြစ်နေသည်။ ထန့်ရင်ထဲက ခံစားချက်ကို ဘယ်သူမှ စာနာနားလည်နိုင်မှာ မဟုတ်။ ထန်နဲ့စက်ကွင်း ချစ်သူတွေဖြစ်ခဲ့ကြသည်ဆိုပေမယ့် သူတို့ ပျော်ခဲ့ရသည့်အချိန်က ရှားပါးတိုတောင်းသည်။

အခုအချိန်မှာ ဒါတွေ ပြန်တွေးမိတော့ ထန့်ရင်ကို ပို၍ နာကျင်စေသလို ထန်ကိုယ်တိုင်လည်း နောင်တရနေ၏။ တစ်နေ့ ဒီလိုဖြစ်မည်မှန်းသာ ကြိုသိခွင့်ရခဲ့ရင် စက်ကွင်းကို ထန် စိတ်ဆင်းရဲအောင် လုပ်ခဲ့မိမှ မဟုတ်သလို ထန်ကိုယ်တိုင်လည်း စိတ်ညစ်နေမိမည် မဟုတ်။

အခုတော့ ထန် စိတ်ညစ်ခဲ့ရသလို စက်ကွင်းလည်း ထန့်ကြောင့် ပျော်ရွှင်သင့်သလောက် မပျော်ရွှင်ခဲ့ရ။

ထန့်ကို ခွင့်လွှတ်ပါ စက်ရယ်။

ထန်ဆိုတဲ့ အမိုက်မလေးကြောင့် စက် စိတ်ညစ်ခဲ့ရတဲ့ အချိန်တွေဟာ ထန့်ကိုယ်ထန် ခွင့်မလွှတ်နိုင်အောင် ဖြစ်ခဲ့တဲ့အချိန်တွေပါ။

"လူတွေအားလုံး ပြန်ကုန်ပြီ၊ ကိုယ်တို့လည်း ပြန်ကြစို့ ထန်"

"လာ... ထန်၊ ပြန်ကြရအောင်နော်"

ထန့်ကို သီဟက လာတွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ထန်က ဘာမှမပြောနိုင်။

မျက်ရည်တွေကျရင်း သီဟာ ဆွဲခေါ်ရာနောက်ပါလာရင်း ထန့်ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။

"ဟာ… ထန်"

"ပေး… ပေး… ထန့်ကို ကိုယ်ပွေ့ယူသွားမယ်"

"သင့်ခ်ယူး"

သီဟာက သူ့ဘက် ယိုင်နဲ့လဲပြိုလာသည့် ထန့်ကိုယ်လေး အလန့်တကြား ဖမ်းထိန်းလိုက်ချိန်မှာ မဏ်ကထန့်ကိုယ်လေး သီဟာလက်မှ ပေါ့ပါးစွာ ပြောင်းယူလိုက်ပြီး ထန့်ကိုယ်လေး အသာပွေ့ယူကာ သူ့ကားပေါ်တင်လိုက်သည်အထိ ထန် သ… မရပါ။

"ကိုယ်ပဲ ထန့်ကို ခေါ်သွားလိုက်တော့မယ် ဖြစ်တ… မဟုတ်လား"

"ဖြစ်ပါတယ်"

"ခင်ဗျားကားနောက်က ကျွန်တော့်ကား လိုက်ခဲ့မယ်"

"အိုကေ"

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် မောင်းထွက်ခဲ့သည်။ … ထဲမှာ အတွေးကိုယ်စီနှင့်ဖြစ်သည်။ မဏ်ရင်ထဲမှာ ထန်ခံစား… ရတာကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသလို ထန့်အချစ်ကို … တစ်ယောက်တည်း ပြိုင်ဘက်မရှိ ရယူပိုင်ဆိုင်နိုင်တော့မှာပါလား… သည့် အတွေးအသိကလည်း သွားလေသူကို အားနာသည့်ကြ… တွေးနေမိသော အတွေးဖြစ်သည်။

တကယ်ဆို ဒီလိုအတွေးမျိုး မတွေးသင့်ဟု သူ့ကိုယ်…





…ားမြစ်ပိတ်ပင်နေသည့်ကြားက မဏ့်ရင်ထဲ ချစ်အတ္တလေးတို့ …ကိုယ်တိုင် ပြန်မြင်ရတာကိုတော့ သူလည်း မတတ်နိုင်။

ထန် ခံစားနေရတာကိုကြည့်ပြီး ထန် ခံစားနေရသမျှ ထန့် …ကိုယ်စား သူပဲ ခံစားပေးလိုက်ချင်သည်အထိ ထန့်အပေါ်မှာ …ရင်ထဲက ချစ်ခြင်းမေတ္တာတွေ ပြည့်သိပ်နေ၏ လမ်းတစ်ဝက်မှာ …န်ပြန်သတိရလာသည်။

"အင်း… ဟင်း… ဟင်း"

"ထန်"

"ကျွီး"

သူ့ကားကို မဏ်က လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက် …သည်။ ပြီးတော့ ကားနောက်ခန်းမှာ ဘာကိုမှ နားမလည်နိုင်သည့် …န်နှင့် မျက်လုံးအဝိုင်းသား ဖြစ်နေသည့် ထန့်ကို တစ်ချက်လှည့် …ကြည့်လိုက်သည်။

"နေကောင်းသွားပြီလား ထန်"

"သီဟာရော"

"ဟိုမှာလေ"

သီဟာက ရပ်ထားသည့် မဏ့်ကားနောက်မှာ သူ့ကားကို …ပြီး ကားပေါ်မှ ဆင်းကာ ထန်တို့ရှိရာ လျှောက်လာတာ မြင် …သည်။

"ထန် ဘယ်လိုလုပ်ပြီး ရှင့်ကားပေါ် ရောက်နေတာလဲ"

"ထန် သတိမေ့သွားလို့ ကိုယ့်ကားနဲ့ ခေါ်လာတာ"

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်"

"ဘယ်သွားမလို့လဲ ထန်"



www.burmeseclassic.com

www.burmeseclassic.com



ထန်က မဏ်မေးတာကို မဖြေပဲ ကားတံခါးကိုဖွင့်ပြီး မဏ် ကားပေါ်က ဆင်းလိုက်သည်။ မဏ်လည်း ထန်နှင့်အတူ ကား ပေါ်မှ ဆင်းလိုက်ချိန် သူတို့နားကို သီဟရောက်လာသည်။

"လာ… သီဟ၊ ထန်တို့ ပြန်ကြမယ်"

"အိုကေ"

ထန်က မဏ့်ကို နှုတ်မဆက်။

သီဟကိုခေါ်ပြီး မဏ့်ကို ကျောခိုင်းလှည့်ထွက်သွား သီဟက အားနာပြီး မဏ့်မျက်နှာကို လှမ်းကြည့်သည်။

မဏ်က သီဟကိုမကြည့်။

ထန့်ကိုပဲ တစ်ချိန်လုံး လိုက်ကြည့်ပြီး ထန်နှင့်အတူ ပျ လျှောက်သွား၍ သီဟက မဏ်နှင့်ထန့်ကိုကြည့်ပြီး ပခုံးတွန့်လို သည်။

နှစ်ယောက်စလုံးမလွယ်။

တစ်ယောက်တစ်မျိုးစီ။ ကိုယ့်ခံယူချက်နဲ့ ကိုယ်လှုပ်ရှား တာကိုကြည့်ပြီး ထန်တို့နောက်က ခပ်ဖြည်းဖြည်း လျှောက် သည်။

"ကိုယ့်ကျန်းမာရေးကို ဂရုစိုက်နော် ထန်"

မဏ့်စကားကို ထန်က မည်သို့မျှ မတုံ့ပြန်။ မဏ်က ထ အတွက် ကားတံခါးကို သူကိုယ်တိုင် ဖွင့်ပေး ပိတ်ပေးသည်

"ကိုယ်တို့နောက်မှ ဆုံမယ်နော် သီဟ"

"ကောင်းပါပြီဗျာ"

"သွားပြီ"

"အိုကေ"



သီဟကားလေး ငြိမ့်ခနဲ ထွက်သွားသည်အထိ ထန်က တွန့်မလှုပ် ကျောက်ရုပ်လေးလို ပါသွားသည်။ ထန့်အသိတရား ထန့်ကိုယ်မှာ မရှိ။ စက်ကွင်းရှိရာ မျှော်လှင့်နေမှန်း သိလိုက်၍ သက်ပြင်းချပြီး ကားကို နေရာက မောင်းထွက်ခဲ့သည်။

ဘဝဆိုတာ ဒါလား။

မဏ့်မျက်ဝန်းထဲမှာ စက်ကွင်းဓာတ်ပုံက ထင်ရှားစွာ နေရာ ယူလာသည်။ အသက်ချင်း မတိမ်းမယိမ်း လူ့လောကကြီးထဲမှာ ကြာရှည်နေခွင့်မရဘဲ လွင့်ကြွေပျောက်ဆုံးသွားနေရသူတွေ ဘယ် လောက်များပြားနေပြီလဲ။

မသေခင် ကိုယ်နေချင်သည့်ဘဝနှင့် အကောင်းဆုံးနေထိုင် သွားပါဟု စက်ကွင်း၏ ချောမောခန့်ညားသော နုငယ်သော ပုံသွင်ကလည်း မဏ့်ကို သတိပေးနေသလိုလို။

ဘယ်အရာမှ မတည်မြဲ။

အမြဲမရှိနိုင်ပါ။ စက်ကွင်းက တရားပြသွားတာဆိုရင် ချစ်သူတွေလည်း ကိုယ် ရရှိထားသည့်ဘဝကို တွေဝေမနေဘဲ ကိုယ်လုပ်သင့်လုပ်ထိုက်တာကို အချိန်မဆိုင်း အမြန်ဆုံး ဆောင် ရွက်လုပ်ကိုင်ရန်သာ ရှိသည်မဟုတ်လား။

မဏ့်ဦးခေါင်းထဲ ဘယ်တုန်းကမှ မတွေးဖူးသည့် အကြောင်း အရာတွေ အပြေးရောက်လာသည်။

ဘဝဆိုတာ တိုတိုလေးပဲ။

သူ့ကားကို သီဟကားနောက် ဆက်မလိုက်တော့ဘဲ နဲ့ကျင်ဘက်အရပ်သို့ ချိုကွေ့ဦးတည်လိုက်သည်။ ထို့နောက် ဖုန်းပေါ်ရှိ ဂဏန်းနံပါတ်တချို့ကို နှိပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို"

"ကျွန်တော်ပါ အန်ကယ်"

"အေး... ပြော"

မဏ်က သူဖြစ်ချင်နေတာတွေ၊ သူ ခံစားနေရတာတွေ တစ်ဖက်လူကို အလေးအနက် အတည်ပြုပြောကြားရင်း သူ့စိ ထဲ သူလုပ်ရမည့်အလုပ်နှင့် သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်က ပို တိကျခိုင်မာလာ၏။

"ဟုတ်ပြီ မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရမယ်၊ ကျွန်တေ အားလုံး အန်ကယ့်တာဝန်ထားလိုက် ဟုတ်ပြီလား"

"သင့်ခ်ယူး အန်ကယ်"

သူ ပြောချင်တာ ပြောခွင့်ရလိုက်သည့်အတွက် ရင်တစ်ခု ရှင်းလင်းပေါ့ပါးသွားကာ အန့်ကယ်ကို နှုတ်ဆက်ပြီး ဖုန်းပိ လိုက်သည်။

လီဗာကို တစ်ချက် ခပ်ပြင်းပြင်း ဖိအနင်းမှာ သူ့ကား မည်းနက်သော ကတ္တရာလမ်းအတိုင်း အရှိန်ပြင်းစွာ ဝေါခနဲ ထွက်သွားသည်။

■



## အခန်း (၁၅)

ထန်က ဆယ်ရက်အတွင်း ယူပစ်သလို သိသာစွာ သွယ် င်းသွားသည်။ ဘယ်သူနဲ့မှလည်း စကားမပြော။ သူမဘာသာ စ်ယောက်တည်း အခန်းတံခါးပိတ်ပြီး တိတ်ဆိတ်နေ၍ မိသားစု းလုံး ထန့်ကိုကြည့်ပြီး ရင်ပူနေကြသည်။

"ဘယ်လိုလုပ်မလဲ ယန်၊ သမီးထန်ကိုကြည့်ပြီး မေမေတော့ တ်ပူလှပြီ"

"အခုတော့ ဒီလိုပဲ လွှတ်ထားလိုက်ပါဦး မေမေရယ်၊ ာက်တော့ သူ့စိတ်ကို သူဖြေလာနိုင်တဲ့ အခြေအနေကို ရောက် ာမှာပါ"

"အချိန်နည်းနည်းတော့ စောင့်ရမှာပေါ့ မေမေရယ်"

ယန်ပြောတာ မှန်နေ၍ ထန့်မေမေ ဒေါ်ခင်ခင်က သက်ပြင်း ည်။ အဘွားက ယန့်ကို အိမ်လာခွင့်ပြုပေမယ့် အခုချိန်ထိ တူနေဖို့ ပြန်မခေါ်သေးပါ။ ထန် အခုလိုဖြစ်သွားတော့ အဘွား ည်း တော်တော်လေး စိတ်ထိခိုက်သွားကာ ဘုရားခန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



မထွက်တော့ပါ။

"အဘွားကိုလည်း ဂရုစိုက်ဦးနော် မေမေ၊ တော်ကြာ
အဘွားပါ တစ်ခုခု ထပ်ဖြစ်နေဦးမယ်"

"အေးပါ သမီးရယ်"

မေမေ့အသံက ခပ်လေးလေး။

သမီးတစ်ယောက်အတွက် စိတ်သက်သာမည် ကြကာ
သေး နောက်သမီးတစ်ယောက်က အခုလိုထဖြစ်တော့ မေမေ့
ထဲ ဘယ်လိုခံစားနေရမည်ဆိုတာကို ယန် နားလည်နေသည်။

"ဒေါက်တာနေဦးတို့ ဒီနေ့ပဲ လက်ထပ်လိုက်ပြီ မေ
သတင်းစာထဲမှာ ယန် တွေ့လိုက်တယ်"

"ဟုတ်လား"

"မေမေတို့ကို မဖိတ်ဘူးလား"

"ဟင့်အင်း... မဖိတ်ဘူး"

"သူတို့သားဘက်ကစပြီး ပျက်ကွက်တာဆိုတော့ မေ
တို့ကို အားနာလို့ မဖိတ်တာနေမှာပေါ့။ ပြီးတော့ စက်ကွင်း
သူ့ညီလေး၊ ထန် ဘယ်လိုခံစားနေရတယ်ဆိုတာ သူလည်း
မှာပါ"

ယန်က သူ့ထင်မြင်ယူဆချက်တွေ ပြောနေပေမယ့် မိ
ဖြစ်သူထံမှ မည်သည့် တုံ့ပြန်သံမှ ထွက်မလာ။ ယန်က လက်
နာရီကို တစ်ချက်ကြည့်လိုက်သည်။

"ယန်တို့ ပြန်တော့မှ ထင်တယ် မေမေ၊ မိုးတော်တော်
ချုပ်နေပြီ"

"ဒီမှာပဲ ညအိပ်သွားပါလား သမီးရယ်၊ သမီးရှိတော့ မေ





လည်း အားရှိတယ်"

မိခင်ဖြစ်သူစကားကြောင့် ယန် စိတ်မကောင်းဖြစ်သွားသည်။

"ယန်က အိပ်ချင်ပါတယ်၊ ဒါပေမယ့် အဘွားက ကြိုက်ပါ့
မလား"

"ကြိုက်မှာပါ"

"ထန် နေမကောင်းတာ အဘွားလည်း သိနေတာပဲ၊ ဒီမှာပဲ
ညအိပ်လိုက်"

"ဟုတ်ကဲ့ မေမေ၊ ဂန္ဓကို လာမကြိုနဲ့တော့လို့ ယန် ဖုန်း
ဆက်လိုက်မယ်"

"အေး... အေး"

ယန်က ဂန္ဓကိုလာမကြိုဖို့ ချက်ချင်း ဖုန်းဆက်လိုက်၍ မေမေ
ကျေနပ်သွားသည်။

"ကြည့်ပါဦး၊ မြေးလေး ပြုံးနေပုံက ချစ်စရာ"

ထန့်အတွက် ခံစားနေရသော ခံစားချက်က မြေးဖြစ်သူထံ
ရောက်သွားသည့် အာရုံကြောင့် စိတ်သက်သာရာ ရသွားတာ
ကြည့်ပြီး ယန် အိမ်မပြန်ဘဲ ဒီမှာအိပ်လိုက်တာ မှန်သွားပြီဟု
တွေးလိုက်သည်။

ထန်က အိပ်ခန်းတံခါး ပိတ်ထားသလို ဘာအစားအသောက်
ကိုမှ ဟုတ်တိပတ်တိ မစား။ မနက်လင်းတော့ ယန်ကပဲ မေမေ့
ကိုယ်စား မီးဖိုချောင်ဝင်ပြီး စီမံချက်ပြုတ်သည်။ အဘွားအတွက်
မနက်စာယူပြီး ယန်ကိုယ်တိုင် အဘွားအခန်းကို သွားပို့တော့ အဘွား
က ယန့်ကို ဘာမှမပြော။

"ဒီမှာ ညအိပ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဘွား"

"အေး… အေး… ကောင်းတယ်၊ ကောင်းတယ်"

အဘွားက ပန် ညအိပ်တာကို ဘာမှမပြော၍ ပန် ဝမ်းသာသွားသည်။

"ထန်ရော… ဘယ့်နှယ်နေလဲ"

"အခုတော့ ဒီလိုဖြစ်နေဦးမယ်ထင်တယ် အဘွား၊ နောက်တော့ ကောင်းသွားမှာပါ"

"ထန့်ကို ခရီးလေးဘာလေး သွားခိုင်းလိုက်ပါလား ပန်လိုအပ်ရင် ထန်နဲ့မင်းတို့လင်မယားပါ လိုက်သွား"

"ထန့်ကို ပြောကြည့်ပါဦးမယ် အဘွား၊ ထန့်ကို ခရီးသွားနိုင်းလို့ရမယ်တော့ သိပ်မထင်ဘူး"

"ဒီအချိန်က အိပ်ရာထဲမှာ နေနေရမှာ မဟုတ်ဘူး ပန်စိတ်အပြောင်းအလဲ ဖြစ်သွားအောင် ပတ်ဝန်းကျင် အပြောင်းအလဲဖြစ်နေဖို့ကလည်း အရေးကြီးတယ်"

"ဟုတ်ကဲ့ အဘွား၊ ပန် တိုက်တွန်းလိုက်ပါ့မယ်"

အဘွား စားသောက်ပြီးတာတွေသိမ်းပြီး ပန့်ခေါင်းထဲထန့်အကြောင်းတွေးရင်း ထမင်းစားခန်းထဲ ရောက်လာသည်။

"ဘယ်လိုလဲ ပန်၊ အဘွားနဲ့အိုကေသွားပြီလား"

ထမင်းစားခန်းထဲမှာ အခန့်သားထိုင်ပြီး ထမင်းစားနေသည့်ဂန္ဓကိုမြင်တော့ မဏ်ကို သတိရသွားသည်။

"မဏ်ရော ယောက်ျား"

"ရှိတယ်လေ ဘာဖြစ်လို့လဲ"

"သူနဲ့ပန် ဖုန်းပြောချင်လို့ ဖုန်းနံပါတ်ပေးပါဦး"





ဂန္ဓက မဏ့်ဖုန်းကို သူ့ကိုယ်တိုင်ခေါ်ပြီး ပန့်လက်ထဲထည့်ပေးသည်။

"ဟဲလို"

"မဏ်လား… ပန်ပါ"

"ပြော ပန်၊ ကိုယ် ဘာကူညီရမလဲ၊ ထန်ရော နေကောင်းရဲ့လား"

"ပန်ပြောမှာလည်း ထန့်အကြောင်းပဲ"

"ထန် ဘာဖြစ်လို့လဲ"

မဏ့်အသံက ထန့်အကြောင်းကြားတာနှင့် စိုးရိမ်သံအပြည့်ပါနေတာကို နားထောင်ပြီး ပန် ကျေနပ်သွားသည်။

ပန်လိုချင်တာကလည်း ဒါပဲလေ။

ထန့်နားမှာ ထန့်ကို စက်ကွင်းလို အချစ်တွေနှင့် အမြတ်တနိုး ချစ်နေနိုင်မည့် ချစ်သူတစ်ယောက် ထန့်အနားမှာ စက်ကွင်းကိုယ်စား ရှိစေချင်နေတာ မဟုတ်လား။

"ပန်တို့ စကားပြောရအောင်၊ ပန်တို့အိမ်ကို လာခဲ့လိုက်ပါလား၊ မဏ့်ကို အဘွားနဲ့ မိတ်ဆက်ပေးချင်လို့"

"အခုလား"

"ဟုတ်တယ်"

တစ်ဖက်က ခဏတော့ အသံတိတ်သွားသည်။

"အိမ်မှာ ဂန္ဓလည်းရှိတယ် မဏ်"

"ကောင်းပြီလေ၊ ကိုယ် အခုပဲ ထွက်လာခဲ့မယ်"

မဏ့်ကိုဖုန်းဆက်ပြီး ပန် ဖုန်းကို ဂန္ဓလက်ထဲ ပြန်ထည့်ပေးလိုက်သည်။

www.burmeseclassic.com



"ဘာတဲ့လဲ"

"အခု ထွက်လာမယ်တဲ့"

"မဏ့်ကို အဘွားနဲ့ မိတ်ဆက်ပေးမယ်ဆိုတာ တကယ် လားပန်"

"တကယ်ပေါ့၊ မဏ် ထန့်ကို ဘယ်လောက်ချစ်လဲဆိုတာ ကိုလည်း သိသားပဲ"

"ထန်နဲ့မဏ့်ကို သဘောတူပြီလား"

"အစကတည်းက သဘောတူပြီးသားပါ၊ အခုချိန် ထန့် နားမှာ မဏ်ရှိနေတာ အကောင်းဆုံးလို့ ပန် ထင်တယ်၊ ကိုရော ဘယ်လိုထင်လဲ"

ဂန္ဓက ပန့်အမေးကို ချက်ချင်းမဖြေဘဲ ငြိမ်ပြီး စဉ်းစားနေ သည်။ ပြီးမှ ပန့်ကို လှမ်းကြည့်သည်။

"ထန့်အခြေအနေက ဘယ်လိုလဲ"

"အရင်အတိုင်း ဘာတစ်ခုမှ မပြောင်းသေးဘူး"

စက်ကွင်းကြောင်း ထန် ခံစားနေတာကိုကြည့်ပြီး မတိုင် ပင်ဘဲ လင်မယားနှစ်ယောက် သက်ပြင်းကိုယ်စီ ချမိကြသည်။

"ထန့်အဖြစ်ကလည်း သနားစရာ၊ စိတ်မကောင်းစရာပါ ကွာ၊ ဒီပုံအတိုင်း ကြာနေရင် ရေရှည်မှာ မလွယ်ဘူး"

"အဲဒါကြောင့် မဏ့်ကို ဖုန်းဆက်တာပေါ့ သူသာ ထန့်နား မှာ အတူရှိနေရင် ထန့်ပုံစံက အရင်လိုပြန်ဖြစ်ချင် ဖြစ်လာမှာ"

"ထန့်ကို ခရီးထွက်နိုင်းပါလား"

"အဘွားကလည်း ပန့်ကို ကိုပြောသလို ပြောသားပဲ၊ ထန် က ပန်တို့ပြောသလို လိုက်လုပ်ပါ့မလား"





"ဒါလည်း စဉ်းစားစရာပဲ"

"တီ"

"ဟော… အိမ်ရှေ့က ကားသံကြားတယ်၊ မဏ်ရောက်လာ ပြီထင်တယ်"

ဂန္ဓက အိမ်ရှေ့ကို ထွက်သွား၍ ပန်ကလည်း ဂန္ဓနှင့်အတူ ပါလာသည်။ သူတို့ထင်ထားသည့်အတိုင်း ကားက မဏ့်ကား ဖြစ်နေသည်။ ပေါ်တီကိုအောက်မှာ ကားရပ်ပြီး မဏ်ဆင်းလာ တော့ လင်မယားနှစ်ယောက်စလုံး မဏ့်ကို ငေးခနဲ ဖြစ်သွားသည်။

အမြဲ သေသပ်ခန့်ညားမှုတွေနှင့် တည်ကြည်ချောမွေ့နေ သော မဏ့်အသွင်က ဒီနေ့မှ ပို၍ဆွဲဆောင်မှုအားကောင်းစွာ ပို၍ ကြည့်ကောင်းနေ၍ ဖြစ်သည်။

"လာ… မဏ်၊ မင်းကို ငါတို့စောင့်နေတာ"

"ထန်ရော"

"သူ့အခန်းမှာလေ၊ တစ်ယောက်တည်း အခန်းတံခါး ပိတ်နေလို့ အားလုံးက စိတ်ပူနေကြတာ"

ထန့်အကြောင်းကြားတော့ မဏ်မျက်နှာပျက်သွားတာ မြင်လိုက်ရသည်။

"ဟော… မဏ် ရောက်နေတာလား"

"ဟုတ်ကဲ့ အန်တီ"

"အန်တီ နေကောင်းတယ်နော်"

မဏ်နှင့် ဒေါ်ခင်ခင်က သိပြီးသားဖြစ်၍ တစ်ယောက်ကို တစ်ယောက် ပြုံးရယ်နှုတ်ဆက်လိုက်ကြသည်။

"ဒီလိုပါပဲ သားရယ်၊ နေကောင်းတယ်ရယ်လို့လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ သင့်တယ်ဆိုရုံပါ''

''မဏ်ကို ပန်ခေါ်လိုက်တာ မေမေ၊ မဏ်နဲ့အဘွားကို မိတ်ဆက်ပေးချင်လို့''

''ဒါဆိုလည်း အဘွားအခန်းကို ခေါ်သွားလေ သမီး''

''ဟုတ်ကဲ့ မေမေ''

''လာ… မဏ်''

ပန်က မဏ်ကို ရှေ့က ဦးဆောင်ခေါ်သွား၍ မဏ်က ပန့်နောက်က လိုက်သွားသည်။ ထန့်အိမ်ကို အပြင်ကသာ အကြိမ်ကြိမ် မြင်ဖူးခြင်းဖြစ်သော်လည်း အိမ်တွင်းကို အခုမှ ရောက်ဖူးခြင်းဖြစ်၍ မဏ်စိတ်ထဲ ဒါသူ့အင်မတန် ချစ်မြတ်နိုးသော ချစ်သူ၏ နေအိမ်ပါလားဟူသော အသိစိတ်ကြောင့် နှလုံးသားတစ်ခုလုံး နွေးထွေးစွာ လှုပ်ခတ်သွားသည်။

''ဒေါက်… ဒေါက်''

''အဘွားရေ… ပန် ဝင်ခဲ့မယ်နော်၊ အဘွားကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့ပါ''

''ဝင်ခဲ့လေ''

''ဟုတ်ကဲ့ အဘွား''

အခန်းတံခါးကိုဖွင့်ပြီး ပန် ဝင်သွားတော့ အဘွားက သူ့အိပ်ရာထက်မှာ ပုတီးတစ်ကုံးနှင့် လဲလျောင်းနေရာက ခပ်ဖြည်းဖြည်း ထလိုက်တာ မြင်ရသည်။ အဖိုးတန် အသုံးအဆောင်ပစ္စည်းများနှင့် ပြည့်နေသော အိမ်ကြီး၏ ကြီးကျယ်ခမ်းနားမှုက ပန်တို့၏ လူနေမှုအဆင့်အတန်းကို ဖော်ပြနေ၏။

''အဘွား… သူက မဏ်ပါ၊ ထန့်သူငယ်ချင်း ထန့်မိတ်ဆွေ





ပါ အဘွား''

''ထန့် မိတ်ဆွေ… ဟုတ်လား''

''ဟုတ်ပါတယ် အဘွား''

''မဏ်… ဒါ ပန်တို့အဘွား''

''တွေ့ရတာ ဝမ်းသာပါတယ် အဘွား''

အဘွားက မဏ့်စကားကို ခေါင်းညိတ်သည်ဆိုရုံ အသိအမှတ်ပြုပေးပြီး ထန့်မိတ်ဆွေဟု ပန် မိတ်ဆက်ပေးသည့် မဏ်ကို ထူးဆန်းအံ့သြသလို စေ့စေ့စပ်စပ်သေချာစွာ စူးစိုက်ကြည့်ရှု အကဲခတ်နေသည်။

''လူကတော့ လူချောပဲ၊ ဘယ်လိုလုပ်ပြီး အဘွားမြေး ထန့်နဲ့ မိတ်ဆွေ ဖြစ်လာတာလဲ''

''မဏ်က ဂန္ဓသူငယ်ချင်းပါ အဘွား၊ သူ့မှာ မိဘတွေလည်း မရှိတော့ဘူး၊ တစ်ယောက်တည်း စီးပွားရေးလုပ်ငန်းတွေအများကြီး ဦးစီးလုပ်ကိုင်နေတဲ့သူပါ''

''သြော်''

ပန်က မဏ့်အကြောင်း အဘွားနားလည်လက်ခံလာအောင် ရှင်းပြနေတာကို အဘွားနှင့်အတူ ကိုယ့်အကြောင်း ကိုယ်နားထောင်နေရသူက မဏ်ဖြစ်သည်။

''အခုနေတော့ ဘယ်မှာနေလဲကွဲ့''

''ဟိုတယ်မှာ တည်းပါတယ် အဘွား''

''ဒီမှာ အိမ်မရှိဘူးလား''

''ရှိပါတယ် အဘွား၊ သံရုံးကို ငှားထားပါတယ်''

အဘွားက ငယ်ရာက ကြီးလာသူဖြစ်သည့်အတိုင်း ပန့်



www.burmeseclassic.com

www.burmeseclassic.com



စကားက ဘာကို ဦးတည်နေလဲဆိုတာ သဘောပေါက်နားလည်သည်။ ထန့်ကိုလည်း အဘွားစိတ်ထဲ သနားနေသည်။

အချစ်ရေးမှာ ကံမကောင်းသည့် ထန့်ကို အဘွားက ပျော်ရွှင်စရာကောင်းသည့် ဘဝတစ်ခု ပိုင်ဆိုင်စေချင်သည်။ အထီးကျန်မှုကြည်း ဝမ်းနည်းကြေကွဲမှုတွေနှင့် နွမ်းနယ်လှပသော ထန့်ဘဝလေးကို အကျည်းတန် အရုပ်ဆိုးနေမှာကို အဘွားကိုယ်တိုင်လည်း မနှစ်သက်။

ထန့်ကို ပျော်စေချင်သည်။

သူ့မိသားစုလေးနဲ့ သူပြီးပြည့်စုံသော ဘဝတစ်ခု ပိုင်ဆိုင်စေချင်သည်။ ထန့်အတွက် တစ်ခုခုလုပ်ပေးချင်နေ၍ မဏ်ဆိုသည့် လူငယ်လေးကို အဘွား စေ့စပ်သေချာစွာ အကဲခတ်လေ့လာသည်။

အနေအထားက အဘွားမကျေနပ်စရာ ဘာမှမရှိသလို ထန်နှင့် သဘောမတူစရာလည်း ရှာမတွေ့။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခုကို အဘွားကိုယ်တိုင် ခိုင်မာစွာချလိုက်သည်။

"အဘွားက မင်းကို ဒီအိမ်မှာ လာတည်းပါဆို မင်းလက်ခံနိုင်ပါ့မလား"

"ခင်ဗျာ…"

"မင်းလက်ခံမယ်ဆိုရင် အဘွားအိမ်မှာ မင်းစိတ်ကြိုက်နေနိုင်တယ်၊ တည်းခိုနိုင်တယ်လို့ ပြောတာကွဲ့"

"အဘွား"

ယန်ကိုယ်တိုင် အဘွားပြောသည့်စကားကို အံ့သြမယုံနိုင်ဖြစ်ပြီး အဘွားမျက်နှာကို အလန့်တကြား လှမ်းကြည့်သည်။





အဘွားက ယန့်အကြည့်ကို ဂရုမစိုက်။ မဏ် ဘာပြန်ဖြေမလဲဆိုသည့် အဖြေကိုသာ စိတ်ဝင်စားစွာ နားစွင့်နေ၏။

မဏ်ကလည်း ဒါကို သိသည်။

အဘွားအကြောင်း သူအားလုံး သိထားသည်။ ကြားထားသည်။

အဘွားလို အင်မတန် မာန်မာနကြီးသည့် ပုဂ္ဂိုလ်က မဏ့်လို လူငယ်လေးတစ်ယောက်ကို နေရာပေး အလေးထား၍ သူ့အိမ်မှာ တည်းခိုရန် ဖိတ်ကြားခံလိုက်ရ၍ စိတ်ထဲမှာ အပျော်လွန်ပြီး ဝမ်းမြောက်ဝမ်းချင်စိတ်ပင် ပေါက်လာ၏။

"အဘွားကသာ ခွင့်ပြုမယ်ဆိုရင် ကျွန်တော်က ဘာလို့ အဘွားအိမ်မှာ မတည်းခိုနိုင်ရမှာလဲ အဘွားရယ်၊ အဘွား အခုလို ဖိတ်ကြားတာကို ကျေနပ်ဂုဏ်ယူစွာ လက်ခံမှာပါဗျာ"

"ကောင်းပြီ"

"ယန်… ဒီသူငယ်အတွက် ဧည့်သည်အခန်းကို သေချာပြင်ပေးလိုက်ပါ"

"ဟုတ်ကဲ့ အဘွား"

"ကဲ… အဘွား အနားယူတော့မယ်၊ သွားကြ"

"ခွင့်ပြုပါဦး အဘွား"

အဘွားကို နှုတ်ဆက်ပြီး သူတို့ အဘွားအခန်းထဲက ထွက်လာခဲ့သည်။

"ရှင်ကတော့ ကံထူးရှင်ပဲ မဏ်ရေ၊ ကြည့်ရတာ အဘွားက ရှင့်ကို ထန်နဲ့ သဘောတူပုံပဲ"

"အဘွားကို သိပ်ကျေးဇူးတင်ပါတယ် ယန်၊ အဘွားပုံပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ထန်လည်း နားလည်ပေးရင် သိပ်ကောင်းမှာပဲ”

မဏ်ိစကားကြောင့် ပန်က ပြုံးသည်။

“ထန်ကို ရှင် တကယ်ချစ်ရင် ထန်နားလည်လက်ခံ တဲ့အထိ ကြိုးစားပါ၊ အဘွားကိုယ်တိုင် ရှင့်ကို ဘယ်သူမှ မရ သေးတဲ့ မဟာအခွင့်အရေးကြီးတစ်ခု ပေးထားပြီပဲ”

“ပန်ပြောတာလည်း မှန်ပါတယ်၊ ကိုယ်နဲ့အဘွားကို မိ ဆက်ပေးတဲ့ ပန့်ကျေးဇူးကိုလည်း ကိုယ် ဘယ်တော့မှ မမေ့ ဘူး”

“ရှင့်စကားရှင် မှတ်ထားနော်”

“ဘာတွေ မှတ်ခိုင်းနေတာလဲ ပန်”

“ကို့သူငယ်ချင်းကိုသာ မေးကြည့်တော့ ကိုရေ၊ ပန် ဖုန်းလာနေလို့ သွားနားထောင်လိုက်ဦးမယ်”

ပန်က သူတို့နားက ပြေးသွားပြီး ကြိုးဖုန်းကို သွားနားထော နေသည်။

“ဟုတ်ကဲ့ပါ အဘွား”

အဘွားပြောသမျှ ပန်က ခေါင်းညိတ်နားထောင်ရင်း လ ထဲက ဖုန်းကိုချပြီး ဂန္ဓတို့နား အပြေးရောက်လာသည်။

“သတင်းထူးပါတယ် ကိုရေ”

“ဘာသတင်းထူးလဲ ပန်”

“အဘွားက ပန်တို့ကို ဒီနေ့ကစပြီး ဒီအိမ်မှာပဲ အ ပြောင်းနေတော့တဲ့”

“တကယ်”

“တကယ်ပေါ့၊ ကို့ကို အဘွားက လုံးဝလက်ခံသဘော





ိုက်ပြီ ကိုရေ၊ ပန် ဝမ်းသာလိုက်တာ၊ အဘွားစကားကို မေမေ ကြားရင် သိပ်ဝမ်းသာမှာပဲ၊ မေမေ့ကို ပန် သွားပြောလိုက်ဦးမယ်”

ဂန္ဓတို့နားက ပန်ပြေးထွက်သွားပုံက ပျော်ရွှင်ကြည်နူးမှု ပြည့်နှင့်ဖြစ်သည်။

“မင်းကြောင့် ငါတို့လင်မယား ကံကောင်းသွားတာ မဏ်၊ င်းသာ ထန့်အချစ် မြန်မြန်ပိုင်ဆိုင်ခွင့်ရရင် ငါတို့မိသားစုလည်း ပျော်တာထက် ပိုပျော်ရမှာ သေချာတယ်”

“မင်းတို့ ဖြစ်စေချင်တဲ့အတိုင်းဖြစ်အောင် ငါကြိုးစားမှာ ကွာ၊ ထန့်ကို ငါချစ်တယ်”

“ဟိုး... ဟိုး... ဒီမှာတင် မင်းစကားကို ရပ်ထား”

“ထန့်ကို ချစ်တယ်ဆိုတဲ့စကား ငါတို့ရှေ့မှာ လာမပြောနဲ့ န်နဲ့တွေ့မှ ထန်ရှေ့မှာပြောဖို့ ချန်ထားဟုတ်ပြီလား”

ဂန္ဓစကားအဆုံးမှာ ပြုံးသွားသည့် မဏ်မျက်နှာကို မြင် ိုက်၍ ဂန္ဓလည်း ပြုံးသွားသည်။ လောကကြီးဟာ အမြဲဒီလို ပျော်နေမယ်ဆိုရင် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ။ ဆို ပူဆွေးဝမ်းနည်းမှု၊ သောကဗျာပါဒတွေ ဘယ်လိုလူသားမှ ားကြရမှာမဟုတ်။

ထိုနေ့မှာပဲ အဘွားအစီအစဉ်ဖြင့် ဂန္ဓတို့မိသားစု အဘွား၏ တစ်ရာနှစ်ဆယ် ခြံကျယ်ကြီးထဲက နှစ်ထပ်အိမ်ကျယ်ကြီးရှိ သို့ ပြောင်းရွှေ့ရောက်ရှိလာသလို မဏ်လည်း သူပိုင်ပစ္စည်း ချို့ကို သိမ်းဆည်းလျက် ထန့်အိမ်ကြီးပေါ်သို့ ထန့်အချစ်ကို သိမ်းပိုက်ရန် ရောက်ရှိလာကြောင်းကို ထန်တစ်ယောက် လုံးဝ ားသိရှိခြင်း မရှိလိုက်ရပါ။



www.burmeseclassic.com

www.burmeseclassic.com



ထန်က သူ့အိပ်ခန်းတံခါးကို အလုံပိတ်လျက် စက်ကွ
အကြောင်းတွေးရင်း မျက်ရည်မဆည်နိုင်အောင် တစ်ယော
တည်း ကျိတ်ခံစားရင်း အချိန်တို့ကုန်မှန်းမသိ ကုန်ဆုံးသွား
ဖြစ်သည်။

■



## အခန်း (၁၆)

"ထန်"

မဏ်ဲ့အသံက နီးကပ်စွာ ထွက်ပေါ်လာ၏။

ပထမ ကြားစက ထန် စိတ်ထင်တာဖြစ်မှာပါဟု ထင်ခဲ့
ည်။ နောက်နှစ်ကြိမ် သုံးကြိမ် ကြားလာရတော့မှ အသံကြား
ကို ထန် လှည့်ကြည့်ဖြစ်သွားချိန်မှာ ထန် ဘယ်လိုမှ ငြိမ်နေလို့
ရဘဲ နေရာက ထရပ်လိုက်မိရက်သား ဖြစ်သွားသည်။

"နေကောင်းတယ်နော် ထန်"

"ရှင် ဘယ်လိုလုပ်ပြီး ထန့်အိမ်ထဲကို ရောက်နေတာလဲ
ပြန်ပါ"

ထန်က မဏ်ဲ့ကိုမြင်တာနှင့် ချက်ချင်းနှင်ထုတ်ဖို့ ကြိုးစား
မယ့် မဏ်က မမှု။ သိသာစွာ သွယ်ဆင်းနေသည့် ထန့်အပေါ်က
ရင်ကနဲ့မတူ။ တမူထူးခြားစွာ လှပနေပုံကို အံ့သြစွာ စူးစိုက်
ကြည့်ရင်း မဏ်ဲ့ ရင်တွေ ခုန်နေသည်။

ထန်က ပိုလှလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပို၍တည်ငြိမ်သွားသည်။

သို့သော် ထန်က လှမြ၊ ချစ်စရာကောင်းမြ၊ မဏ်ရင်ကို တုန်လှုပ်ချောက်ချားစေမြဲဖြစ်၍ သူ ထန့်မျက်နှာလှလှလေးကို စူးစူးနစ်နစ် ငေးမောကြည့်ရင်း ထန့်ကို ပိုချစ်လာသည်။

"ရှင့်ကို ပြန်လို့ပြောနေတာ မကြားဘူးလား"

"ကြားပါတယ်ဗျာ၊ ဒါပေမယ့် ကိုယ်က ထန့်ဧည့်သည် မဟုတ်ဘူး၊ အဘွားဧည့်သည်"

"ဘာပြောတယ် ရှင်နဲ့အဘွား၊ ဘယ်တုန်းက အဘွားနဲ့ သိလို့လဲ"

"အခု"

"အဘွား"

မဏ်စကားကို ထန်က မယုံ။

မသက်အကြည့်လေးများကြောင့် ထန့်အသွင်က အရင်လို အေးစက်မနေတော့ဘဲ သူမပုံစံအတိုင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်လာ တာကို မဏ်စိတ်ထဲက သဘောကျနေသည်။ သူ့ကို ဒေါသဖြစ် ရတာနှင့် စက်ကွင်းကို မေ့သွားရပြီ မဟုတ်လား။

သူပြုံးပြီး ထန့်ကို စိုက်ကြည့်လိုက်သည်။

"အဘွားက ကိုယ့်ကို ဒီအိမ်မှာ တည်းခိုဖို့ လက်ခံလိုက် တာ"

"ထန် မယုံဘူး"

"ကိုယ်ပြောတာ မယုံရင် ထန်ကိုယ်တိုင် အဘွားကို သွား မေးကြည့်လေ"

"သွားမေးမှာပါ၊ အခုကို သွားမေးမှာ"





ထန်က မဏ်ကို ကျောခိုင်းပြီး အဘွားအခန်းရှိရာ လျှောက် ား၍ သူ့ကို စိတ်ဆိုးဒေါသဖြစ်နေသည့် ထန့်ကို သဘောကျ ချစ်စိတ်ဖြင့် ခပ်သဲ့သဲ့ရယ်လိုက်သည်။

"ဘာတွေရယ်နေတာလဲ မဏ်"

"ထန့်ကို"

"ထန် ဘာဖြစ်လို့လဲ"

ပန်က မဏ်ကိုကြည့်ရင်း ထန့်အကြောင်းကို စိတ်ဝင်စားစွာ စုသည်။

"ထန်က ကိုယ် ဒီရောက်နေတာ သဘောမကျဘူး။ စိတ် းနေတာ ကိုယ်က အဘွားဧည့်သည်ဆိုလို့ အဘွားအခန်းကို ြးသွားပြီ"

"သြော်... ဒီလိုကိုး"

မဏ်နှင့်အတူ ပန်လည်း ရယ်သည်။

ထန့်ကို သဘောကျ၍ပါ။

မဏ်ကို တွေ့ပြီး ထန့်ပုံစံက ငေးငိုင်တွေဝေခြင်းနေရာမှာ ါသလေးတွေ ထွက်လာတော့ ထန့်ပုံစံက အရင်လို ထန်ဖြစ် တသည် မဟုတ်လား။

"ပန် သေချာသတိထားကြည့်၊ ထန်က ကိုယ့်ကိုတွေ့တိုင်း ါသထွက်နေတာဆိုတော့ စက်ကွင်းကို သတိမရနိုင်ဘူးလေ၊ ာက်ဆုံး ကိုယ့်ကြောင့် ထန် လုံးဝပုံမှန်အတိုင်း ပြန်ဖြစ်သွား ရမယ်၊ အဲဒါယုံ"

"ယုံပါတယ်ရှင် မဏ်ကို ပန်က ယုံပါတယ်။ ထန့် စိတ်ကို ြာင်းလဲအောင် လုပ်ပေးနိုင်မယ့်သူဟာ မဏ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းပဲရှိတာ ပန် သိပါတယ်''

ပန်နှင့်မဏ် စကားပြောနေချိန်မှာ ထန်က အဘွားအခန်း ရောက်နေသည်။ သူမရင်ထဲ မဏ်နှင့်ပတ်သက်ပြီး မကျေနပ်တာ တွေကို အဘွားကို မေးနေချိန်မှာ အဘွားက မဏ်နဲ့ပတ်သက်ပြီ ဒေါသလှိုင်းထန်နေသော ထန့်အမူအယာကိုကြည့်ကာ ဦးခေါ တဆတ်ဆတ်ညိတ်ရင်း ထန့်မျက်နှာလေးကို ရိုဝေမှိန်ဖျော့သော မျက်ဝန်းအစုံဖြင့် ကြည့်ငေးနေပါသည်။

''မဏ်ပြောတာ မှန်ပါတယ် မြေး၊ သူ့ကို အဘွားကိုယ်တိုင် ဒီအိမ်မှာတည်းဖို့ လက်ခံထားတာ၊ အဲဒီအတွက် မြေးစိတ်ထဲ ဘာတစ်ခုမှ အနှောင့်အယှက်မဖြစ်စေနဲ့''

''ကိုယ်က အိမ်ရှင်၊ သူက ဧည့်သည်ဆိုတော့ ကိုယ့်ဘာ က အိမ်ရှင်တာဝန်ဝတ္တရားကျေအောင် ကြိုးစားဟုတ်လား''

''ဟုတ်ကဲ့''

ထန့်အသံက ကြည်သာခြင်း မရှိ။

ဘယ်လိုလုပ်ပြီး မဏ်ဆိုသည့်လူနှင့် အဘွား ဤအခြေအ ရောက်အောင် ပြေလည်ပေါက်ရောက်သွားသည်ဆိုတာ ဘယ် စဉ်းစားအဖြေရှာမရ ဖြစ်နေ၏။

''အဘွားကို မြေး ဘာမေးစရာရှိသေးလဲ''

''မရှိတော့ပါဘူး အဘွား''

''အဘွား အနားယူပါ၊ ထန် သွားပါတော့မယ်''

အဘွားအခန်းထဲက ထန် ထွက်လာခဲ့ရပေမယ့် စိတ်ထဲ မကျေလည်မှုတွေနဲ့ မဏ်ဆိုသည့်လူ ထန့်အိမ်ပေါ်အထိ ရော နေတာကို မကျေမနပ်ဖြစ်နေ၏ ဂန္ဓတို့လင်မယားကို အဘွ





လက်ခံလိုက်၍ ကျေနပ်ပေမယ့် မဏ်ဆိုသည့်လူကိုပါ အဘွား လက်ခံတာကိုတော့ နားမလည်ပါ။

အခု ရက်ပိုင်းအတွင်း ထန်ကိုယ်တိုင် ဘာတစ်ခုမှ သေချာ မသိ။ အချိန်တွေ နာရီတွေ ပတ်ဝန်းကျင်တွေကို မေ့ထားပြီး တစ်ယောက်တည်း အခန်းတံခါးပိတ် အချိန်ကုန်နေခဲ့တာကိုက မဏ်ဆိုသည့်လူအတွက် အခွင့်ထူးခံဖို့ ဖြစ်သွားမှန်းသိလိုက်သည်။

''ကိုယ်ပြောတာ ယုံပြီလား ထန်''

ဘယ်အချိန်ကတည်းက ထန့်ကိုစောင့်နေမှန်း မသိသော မဏ်က ထန့်နားရောက်လာပြီး မေးလိုက်တာကို ထန် မကြား ဟန်ဆောင်၍ သူ့နားက ဖြတ်သွားဖို့ ကြိုးစားသည်။

''ထန်''

''ဧည့်သည်က ဧည့်သည်လိုပဲနေပါ၊ အိမ်ရှင်ကို စိတ် အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့''

''ဆောရီး၊ ကိုယ်က ထန့်ကို အနှောင့်အယှက် ပေးတာ မဟုတ်ပါဘူး၊ အဲဒါတော့ ယုံပါ''

ထန်က ဘာမှမပြောဘဲ မဏ့်နားက ထွက်သွားသည့်အတွက် သူ သက်ပြင်းချလိုက်သည်။ ဒီပုံနှင့် ထန့်ကို အလွယ်တကူ ချဉ်းကပ်၍ မရဟု သိသည်။

''စိတ်ညစ်သွားပြီလား မဏ်''

''စိတ်ညစ်တာမဟုတ်ဘူး၊ ပိုချစ်လာတာ ပန်''

''ခစ်… ခစ်''

''မဏ်လို ဖွဲနဲ့မှ ထန်က ရမှာနော်၊ ထန့်အကြောင်းကို ပန် သိတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကလည်း ခက်ခက်ကိုမှ လိုချင်တဲ့သူပါဗျာ၊ ထန်က ကိုယ့်ကို ဂရုမစိုက်လေ ကိုယ်က ထန့်ကို ပိုပြီးဂရုစိုက်ချင်လေပဲ"

ပြုံးနေသည့် မဏ်မျက်နှာမှာ ထန့်ကိုချစ်သော ချစ်ခြင်းမေတ္တာကို အထင်းသားမြင်တွေ့နေရ၍ ညီမဖြစ်သူအတွက် ပန့်ရင်ထဲ ကျေနပ်ပီတိ ဖြစ်နေမိသည်။

မဏ်က ရိုးရှင်းပွင့်လင်းသည့် စိတ်ထားရှိသူဖြစ်၍ အဘွားကိုသူကိုယ်တိုင် ထန့်ကို မေတ္တာရှိနေကြောင်း၊ အဘွားသဘောတူရင် လူကြီးစုံရာနှင့် တောင်းရမ်းလက်ထပ်ယူလိုပါကြောင်း ထန့်မသိအောင် ထန့်ကို တောင်းရမ်းပြီးဖြစ်သည်။

အဘွားက မဏ်ပြောတာကို လက်ခံသည်။

ထန်နှင့်မဏ်ကို သဘောတူပေမယ့် ထန့်သဘောကသာ အရေးကြီးဆုံးဖြစ်ကြောင်း အသိပေးထား၍ မဏ်ကလည်း အဘွားပြောတာကို လက်ခံသည်။

မဏ့်ဦးလေးက အဘွားကို ဖုန်းနှင့် ဂါရဝပြု နှုတ်ဆက်သည်။ ရက်ပိုင်းအတွင်း လူကိုယ်တိုင် ရောက်လာမည့်အကြောင်း ရှိသေစွာ အကြောင်းကြားသည်။ ယဉ်ကျေးသိမ်မွေ့သူများဖြစ်ပြီး မျိုးရိုးအဆင့်အတန်း မြင့်မားသူများဖြစ်တာကို အဘွားက ကျေနပ်သည်။

ပန့်တို့ကို မဏ့်ဦးလေး ဦးစိုင်းမောင် ရောက်လာလျှင် သေချာဂရုစိုက်ဖို့ မှာထားသလို ဧည့်သည်တွေ သီးသန့်အခန်းကိုလည်း ပြင်ဆင်နိုင်းထားသည်။ ဦးစိုင်းမောင်ကို မဏ်ကိုယ်တိုင် သတို့သမီးလောင်းကြည့်ရန် ခေါ်ထားခြင်းဖြစ်၍ နှစ်ဖက်မိဘအသိုင်းအဝိုင်းဖြင့် ရွှေလမ်းငွေလမ်း ဖောက်ကြသည့်သဘောမျိုးဖြစ်သည်။





ထန်ကလွဲပြီး ပန့်တို့တစ်ဖိုသားစုလုံး အလုပ်ရှုပ်နေသည်။

"ဧည့်သည်လာရင် သေချာဂရုစိုက်နော် ပန်"

"စိတ်ချပါ မမေ"

"ဘယ်က ဧည့်သည်လာမှာလဲ မမေ"

ပန့်တို့သားအမိ စကားဝိုင်းထဲ ထန် ရောက်လာပြီး မေးလိုက်ခြင်းဖြစ်သည်။

"မဏ့်ဦးလေးမိသားစု လာကြမှာပါ ထန်"

"မဏ့်ဦးလေး မိသားစု ဟုတ်လား မမေ"

"ဟုတ်တယ် သမီး"

ထန် အံ့သြသွားသည်။

ဒါက ဘယ်လိုဖြစ်တာလဲ။

မဏ်နှင့်သိတာပင် မကြာသေး။ မဏ့်ဦးလေးမိသားစု ရောက်လာမည်ဆိုတော့ ထန့်အာရုံတွေ ရှုပ်ထွေးသွားသည်။

"သူတို့က ဒီကို ဘာဖြစ်လို့ လာကြမှာလဲ မမေ"

"သမီးကိုတောင်းဖို့"

"ရှင်"

ထန့်ရင်ထဲ ဒုတ်ခနဲဖြစ်သွားကာ မေမေ့မျက်နှာကို အလန့်တကြား ကြည့်လိုက်သည်။ မေမေ့ပုံစံက တည်ငြိမ်အေးချမ်းနေ၍ ထန် ပိုအံ့သြသွားသည်။

"မဏ်နဲ့သမီးကို သမီးအဘွားက သဘောတူသလို မေမေနဲ့ပန်ကလည်း သဘောတူတယ်"

"ထန် သဘောမတူဘူး မေမေ၊ မဏ်ဆိုတဲ့လူကို ထန် ယူနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမိဘချင်း အားလုံး ဆွေးနွေးတိုင်ပင်ပြီးကြပြီ ထန်၊ အခုကိစ္စကို အဘွားကိုယ်တိုင် စီစဉ်တာပါကွယ်၊ မမေ့သမီးက လိမ္မာပါတယ်"

မေမေက ထန့်ကို သမီးလိမ္မာဘွဲ့ ပေးလိုက်ခြင်းဖြင့် ထန့် ကိုယ်နှင့် ထန့်စိတ် ဘာတစ်ခုမှ မလှုပ်မိပါစေနှင့်ဟု သူ့အလိုလို ထိန်းချုပ်ပြီးသားဖြစ်သွားအောင် လုပ်ပေးလိုက်ခြင်းဟု သိလိုက် သည်။

"မဏ်က ထန့်ကို တကယ်ချစ်တာပါ ညီမလေးရယ် အဲဒါကိုတော့ ယုံပါ"

"ထန့်မှ သူ့ကိုမချစ်ပဲ"

"အခု မချစ်ပေမယ့် နောက်တော့ ချစ်လာမှာပေါ့ကွယ် သမီးပန်တုန်းကလည်း ကိုယ်က သမီးရှင်ဖြစ်ပြီး တစ်သက်မှာ တစ်ခါသာ ပြုခွင့်ရတဲ့ မင်္ဂလာပွဲကို မေမေတို့ ဆင်နွှဲခွင့်မရခဲ့ဘူး ဒီတစ်ခါ သမီးထန် အလှည့်မှာတော့ မေမေနဲ့အဘွားတို့ ကျင်းပ ချင်နေတဲ့ မင်္ဂလာပွဲကို ကျက်သရေမင်္ဂလာရှိရှိ ကျင်းပစမ်းပါ စေကွယ်"

"ဒီဆန္ဒက မေမေတစ်ယောက်တည်းမှာသာရှိတဲ့ စိတ်ဆန္ဒ မဟုတ်ပါဘူး။ မိသားစုအားလုံးမှာရှိနေတဲ့ အဖြစ်စေချင်ဆုံး ဆန္ဒ ဆိုတာ သမီးထန် နားလည်ပေးလိုက်စမ်းပါ သမီးရယ်"

"ဟုတ်ပါတယ် ထန်ရယ်၊ ပန့်တုန်းကလည်း မိသား အားလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရပြီးပြီ၊ ပန်ကိုယ်တိုင်လည်း မိန်းကလေးတစ်ယောက်ရဲ့ လက်ထပ်မင်္ဂလာပွဲဆိုတဲ့ စိတ်ကူးယဉ် အိပ်မက်ကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီးပါပြီ၊ ထန့်အလှည့်မှာတော့





ပန့်လို မဖြစ်စေချင်တော့ဘူး ထန်"

"အို... ထန် ဘာမှမသိဘူး၊ မသိဘူး"

"ထန်"

"သမီး"

ထန်က ပန်နှင့်မေမေ့ခေါ်သံကို မကြားနိုင်တော့သလို နေရာ က တအားလှည့်ပြေးခဲ့သည်။

ဘာတွေဖြစ်နေတာလဲ။ ဒီအကြောင်းတွေကို ထန် ဘာတစ်ခု မှမသိဘဲ မဏ်ဆိုတဲ့လူက သူ့စိတ်သူ့သဘောအတိုင်း စီစဉ်ခွင့်ရှိ လို့လား။ ထန့်ရင်ဖွဲ လှိုင်းထန်လာသည့် ဒေါသနှင့် ထန် ခြေ လှမ်းတို့ဦးတည်ရာက မဏ်ဆိုသည့်လူရှိနေသည့် နေရာသို့ ဦးတည်ပြီးဖြစ်သွားသည်။

ထန့်မှာ ချစ်သူတစ်ယောက်လုံး ဆုံးရှုံးသွားခဲ့ရတာကို သိရက်နဲ့ ဒီလူလုပ်နေပုံတွေကို ထန်မုန်းလာသည်။ ခါးသီးလာ သည်။ ထန်တို့အိမ်က ကြီးသလို အဆောင်ဆောင် အခန်းခန်းတွေ ကလည်း များပြားသည်။ အိမ်ကြီးက နှစ်ဆောင်ပြိုင်သဘောမျိုး ခွဲထွက်သွား၍ ဧည့်သည်များအတွက် သီးသန့်စီစဉ်ထားသော အခန်းများရှိသည့်နေရာနှင့် ထန်တို့မိသားစုနေသည့် နေရာမှာ သီးသန့်လိုဖြစ်သည်။

မဏ်အခန်းရှေ့ကို ထန်ရောက်သွားသည်။ အိပ်ခန်းတံခါးက စေ့ရုံစေ့ထား၍ အခန်းတံခါးကို ထန် ခေါက်လိုက်သည်။

"ဝင်ခဲ့ပါ"

မဏ်အသံကြောင့် အိမ်ခန်းတံခါးကို ထန် တွန်းဖွင့်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွဲး"

"ထန်ပါလား၊ ကိုယ့်ဆီလာတာလား ထန်"

"ဟုတ်တယ် ရှင့်ဆီလာတာ"

"ကိုယ် ဝမ်းသာလိုက်တာ ထန်ရယ်"

မဏ့်စကားကြောင့် ထန့်မျက်နှာလေး တင်းသွားသည်။ မဏ်က ဖုန်းပြောနေခြင်းဖြစ်သည်။ ထန့်ကို သူ့အိပ်ခန်းဝမှာ ရုတ်တရက် တွေ့လိုက်ရတော့ လက်ထဲက ဖုန်းကို ပိတ်လိုက်ပြီး ထန့်မျက်နှာလှလှလေးကို ရင်ခုန်စိတ်လှုပ်ရှားစွာ စူးစိုက်ကြည့်လိုက်သည်။

"ရှင် ဝမ်းသာရအောင် ရှင့်ဆီကို ထန် လာတာမဟုတ်ဘူး မဏ်၊ ထန်မသိဘဲနဲ့ ရှင်လျှောက်လုပ်ထားတဲ့ကိစ္စတွေအတွက် ရှင့်ဆီကို ထန်လာတာ"

"ရှင့်ကို ထန် မယူနိုင်ဘူး၊ လက်လည်း မထပ်နိုင်ဘူး ရှင် အဘွားကို ပြောထားတဲ့ကိစ္စ အခုချက်ချင်း ပြန်ရုပ်သိမ်းပေးပါ"

"ဒါတော့ မဖြစ်နိုင်ဘူး ထန်"

"ဘာကို မဖြစ်နိုင်တာလဲ၊ ရှင့်ကို ထန် မုန်းတယ်၊ ထန် မုန်းတဲ့လူကို ထန် လက်ထပ်ရမှာလား"

ဒေါသနှင့် ထန့်မျက်နှာလေး သွေးရောင်လွှမ်းလာတာကို ကြည့်ပြီး သူ့ကို ထန် မည်မျှစိတ်ဆိုးနေကြောင်း မဏ်သိလိုက်သည်။

"ထန်က ကိုယ့်ကို မုန်းပေမယ့် ကိုယ်က ထန့်ကိုသိပ်ချစ်နေပြီ ထန်၊ ဒါကြောင့် အဘွားဆီမှာ ထန့်ကိုလက်ထပ်ဖို့ ကိုယ် ခွင့်တောင်းတာ ကိုယ့်အပြစ်လား ထန်"





"ရှင့်မှာ ဒီထက်ကြီးတဲ့ အပြစ်ရှိသေးလို့လား မဏ်၊ ကာယကံရှင်ဖြစ်တဲ့ ထန့်ကို ဘာတစ်ခုမှ အသိမပေးဘဲ ရှင်လုပ်ချင်တာ လုပ်နေရအောင် ထန်က စက်ရုပ်လား၊ ဘာခံစားချက်မှ မရှိတဲ့လူလား၊ ပြောစမ်းပါဦး"

ပြောရင်း ထန် ပိုပေါက်ကွဲလာသည်။

နာကြည်းလာသည်။

တကယ်ဆို ထန်နဲ့မဏ်ဆိုတာ ချစ်သူရည်းစားဖြစ်ဖို့ မဆိုထားနဲ့ သူ့သဘောထား ကိုယ့်သဘောထား မညီမျှ၍ တွေ့သည့်နေရာမှာ ရန်ဖြစ်စကားများနေကြရသူများ ဖြစ်သည်။

"ကိုယ့်အမှားအတွက် ထန် ကျေနပ်တဲ့အထိ ကိုယ်တောင်းပန်ပါတယ် ထန်၊ ကိုယ်က ထန့်ကို အသိပေးဖွင့်ပြောရင်လည်း ထန်က ကိုယ့်ကို လက်ခံမှာ မဟုတ်ဘူးဆိုတာသိလို့ အဘွားဆီကပဲ ထန့်ကို တောင်းယူလိုက်ရတာပါ"

"အို… ဘာပဲဖြစ်ဖြစ် ရှင့်လုပ်ရပ်တွေကို ရပ်တန်းကရပ်ပါ၊ ထန် ရှင့်ကို ဒီထက် ပိုမမုန်းချင်ဘူး"

ထန့်စကားအဆုံးမှာ သူ သက်ပြင်းချလိုက်သည်။

သူ့အပေါ် ထန် ဘာကြောင့် ခါးသီးနေတာလဲဆိုတာ မဏ် သိသည်။

"စက်ကွင်းကြောင့် ကိုယ့်ကို ကြည့်မရအောင် မုန်းနေတာလား ထန်"

"ဟုတ်တယ်၊ ထန့်ဘဝမှာ စက်ကွင်းကလွဲပြီး တခြားဘယ်သူ့ကိုမှ မချစ်ဘူး"

စက်အမည်ပါလာတော့ ထန် ရင်တွေ ပိုနာလာသည်။ ဘာ

www.burmeseclassic.com



ဖြစ်လို့ ဒီလူ စက်အကြောင်း ထည့်ပြောနေရတာလဲ။ စက်ကြောင့် ထန့်ရင်ထဲ ဘယ်လောက်ခံစားနေရသည်ဆိုတာ သိရက်နဲ့။ ထန့် မျက်ဝန်းအိမ်မှာ စက်ကို သတိရစိတ်ဖြင့် မျက်ရည်ကြည်တွေ ချက်ချင်းပြည့်အိုင်လာ၏။

"ဆောရီး… ထန်၊ ကိုယ့်စကား မှားသွားရင် ကိုယ့်ကို ခွင့်လွှတ်ပါ"

"ရှင် မမှားပါဘူး မဏ်၊ ထန့်ကို ရှင်ပြောနေတဲ့ စကားတွေအားလုံး ထန် ရင်ဆိုင်ခံစားနေရတဲ့ အမှန်တရားတွေပါ"

"ထန့်ရင်ထဲမှာ…"

ထန် စကားမဆုံးလိုက်။

အဖျားခတ်တုန်ယင်သွားသည့် စကားသံက ဝမ်းနည်းမှုတွေအောက်မှာ စိုနင့်ကွယ်ပျောက်သွားသလို မငိုမိအောင် စိတ်ကို ထိန်းချုပ်ထားသည့်ကြားက ထန့်ပါးပြင်ပေါ် ပူနွေးစိုစွတ်သည့် မျက်ရည်တွေက စီးကျလာသည်။

"ထန်"

"ထန့်ကို သနားရင် ထန့်ရင်ထဲက ခံစားချက်တွေကို စာနာနားလည်ပေးပါလား မဏ်"

"မငိုပါနဲ့ ထန်ရယ်၊ ထန့်မျက်ရည်တွေကို ကိုယ်မခံစားနိုင်လို့ပါ၊ မငိုနဲ့နော်"

"ထန်ကို မငိုစေချင်ရင် ထန် တောင်းဆိုတာကို လိုက်လျောပေးပါ"

"ဒါကတော့…"

"ထန့်ကို ရှင်ပဲ ချစ်တယ်ဆို"





"ကိုယ့်ရင်ကို ခွဲပြဆိုရင် ကိုယ် ထန့်ကို ဘယ်လောက်ချစ်ဆိုတာ ထန်သိအောင် ရင်ခွဲပြလိုက်ချင်ပါတယ် ထန်"

"ထန့်ကို ကိုယ်ချစ်တယ်"

"သိပ်ချစ်တယ် ထန်၊ ဒါကြောင့် ထန်တောင်းဆိုတာကို ယ် မလိုက်လျောပါရစေနဲ့၊ ကိုယ့်ကို ခွင့်လွှတ်ပါ"

ထန် ဘယ်လိုမှ ပြောလို့မရတော့ဟု သိလိုက်ရ၍ ထန့်ရင်ထဲ ခံနဲ့ နာသွားသည်။

"ရှင့်ကို ထန်မုန်းတယ်"

"ထန်"

မျက်ရည်တွေနှင့် မဏ်မျက်နှာကို စူးစိုက်ကြည့်ပြီး နာကြည်း အမုန်းစကားဆိုသွားသူက နေရာမှ ချာခနဲလှည့်ပြေးသွား၍ ဘယ်လိုမှ တည်ငြိမ်စွာ ရပ်နေလို့မရဘဲ ထန့်လက်လေး ဖက်ကို ဖျတ်ခနဲ ဆွဲယူမိလျက်သား ဖြစ်သွား၏။

"ရှင် ဘာလုပ်တာလဲ"

"ထန့်ကိုလွှတ်"

သေးကျည်းသောခါးလေးကို ဆွဲယူလိုက်၍ ထန့်ကိုယ်လေး မဏ်ရင်ခွင်ထဲ အရှိန်နှင့်ပစ်ဝင်သွား၏။ ထန် ရုန်းပေမယ့် သူက ထန့်ကိုယ်လေးကို လှုပ်လို့မရအောင် တင်းကျပ်စွာ ဖက် ရင်ချင်းအပ်ထားလျက်က ထန့်မျက်နှာလေးကို လက်တစ် ဖြင့် ပင့်မော့မယူပြီး ထန့်မျက်လုံးထဲကို စူးရှနက်ရှိုင်းစွာ ကြည့်လျက် သူပြောချင်သည့် စကားကိုပြောသည်။

"ထန့်အတွက် ကိုယ့်အချစ်က တစ်ဖက်သတ်ဆန်ချင်ဆန် ကြမ်းချင်လည်း ကြမ်းတယ်လို့ ယူဆနိုင်တယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ထန့်အပေါ်မှာထားတဲ့ ကိုယ့်အချစ်က သိပ်ကိုနူးညံ့သိမ်မွေ့တယ်
ထန့်အတွက်ဆို ကိုယ်ဘာပဲလုပ်ရလုပ်ရ ကိုယ့်အချစ်တွေက ထ
အပေါ်မှာ အနက်ရှိုင်းဆုံး တွယ်ငြိနေတယ်ဆိုတာ ထန့်ကို သိ
ချင်တယ်''

''ထန့်ကို ဘာမှမပြောနဲ့၊ ထန် မကြားချင်ဘူး''

''မင်း မကြားချင်လို့ မရဘူး ထန့်၊ ကိုယ် မင်းကို ဘ
လောက်ချစ်တယ်ဆိုတာ မင်း သိကိုသိမှ ဖြစ်မယ်''

''ထန့်''

''အို… ရှင်နော်''

အတင်းကျုပ်ဆုံး အနေအထားမှာ ထန့်တစ်ကိုယ်လုံး
မရ။ ဒါကို အခွင့်ကောင်းယူပြီး မဏ်က သူ့မျက်နှာချော
ထန့်မျက်နှာလှလှလေးထက်သို့ ဖိကပ်အုပ်မိုးလိုက်၍ ပူ
စိုစွတ်သော မဏ်နှုတ်ခမ်းအစုံက ထန့်နှုတ်ခမ်းလေးကို ထွေ
စုပ်ငုံပစ်လိုက်သည့်အတွက် ထန် ဘာစကားမှမဆိုနိုင် ဖြစ်သွား

မျက်နှာလေးကို ဘယ်ညာယိမ်းဖို့ ကြိုးစားသည်။
မဏ်က ထန့်အကြံကို သိထားသလို ထန့်တစ်ကိုယ်လုံးကို
မရအောင် တုပ်နှောင်ထားပြီး ထန့်မျက်နှာလေးကို သူ့လက်
ထိန်းချုပ်ပင့်မော့ထားလျက် သူ့စိတ်ကြိုက် ချစ်အနမ်းတွေ လို
လှဲသိပ်သည်းစွာ ရွာချသည်။

မြတ်နိုးခြင်းတို့ဖြင့် ဖန်ဆင်းထားသော ချစ်ခြင်းက အ
ရာကို မေ့လျော့စေသလို ညှို့နိုင်စွမ်းကိုလည်း အတိုင်းအ
ခံစားဖြစ်ပေါ်စေသည်။ မဏ်ထံမှ ချစ်အနမ်းတွေက တစ်နေရာ
တစ်နေရာ ရွေ့လျားသွားသလို ထန့်မှာလည်း သူ့ရင်ခွင်ထဲ

အသက်ရှူများမတတ် ရင်တွေ တဒိတ်ဒိတ် ဆောင့်ခုန်နေသည်မှာ
ရင်ပွင့်မတတ်ဖြစ်သည်။

''ရှင် ထန့်ကို အနိုင်မကျင့်နဲ့နော် မဏ်''

''ရှင် ထန့်ကိုလွှတ်''

''ကိုယ့်ကိုချစ်တယ်ဆိုရင် လွှတ်မယ်''

''ဟင်''

ထန့်ပါးလေးတစ်ဖက် နွေးခနဲ ဖြစ်သွားသည်။

''ကိုယ်လိုချင်တဲ့အဖြေမရရင် ထန့်ကို ဒီအတိုင်း အပိုင်
သိမ်းထားလိုက်တော့မယ်''

''မယုံမရှိနဲ့နော်၊ မဏ်ဆိုတဲ့ကောင်က အစကတည်းက
လိမ်မှာခဲ့တာမဟုတ်ဘူး၊ လူမိုက်''

''ကိုယ် ဘယ်လောက်မိုက်လဲဆိုတာ ထန် သိချင်လား''

လည်တိုင်ဖွေးဖွေးနုနုမှာ သူ့အနမ်းတွေ နေရာယူသွား၍
ထန် သူ့ကိုယ်ကြီးကို ထုရိုက်ဖို့ ကြိုးစားပေမယ့်မရ။

''ထန့်''

''အို''

''ရှင် မယုတ်မာနဲ့နော်''

ထန် အလန့်တကြား သူ့လက်တွေထဲက လွတ်မြောက်ခွင့်
ရှာဖွေသော်လည်း ကြံ့ခိုင်သန်စွမ်းသော မဏ်လက်အစုံထဲမှာ ထန်
က အရုပ်လေးသဖွယ် ပေါ့ပါးစွာ ပွေ့ယူချီမခြင်းခံလိုက်ရ၍
ထန့်တစ်ကိုယ်လုံး အေးစက်သွားသည်။

''မဏ်… ရှင် ဘယ်လိုဖြစ်နေတာလဲ''

''ကိုယ် ဘာဖြစ်နေလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း…။ သူ့ကိုယ်သူ ဘာအပြစ်မှမရှိသည့်ပုံစံနဲ့ ထ
ကို ပြန်မေးနေလိုက်တာ။

"ရှင့်အပြုအမူတွေ သိပ်လွန်နေပြီနော်၊ ထန့်ကို အ
အောက်ချပေး"

"ရတယ်"

"အို"

အိပ်ရာနှင့်ကျောကပ်သွားတာ ထန် သိလိုက်သလို သူ
ကိုယ်လေးပေါ် ပြုဆင်းပိကျလာသည့် မဏ့်ကိုယ်ကြီးကြော
ထန့်မျက်လုံးထဲ ပြာသွားသည်။

"ကိုယ့်အချစ်ကို လက်ခံမှာလား ထန်"

မဏ့်အသံက ခပ်ရှရှ။

သူ့ထံမှ ဝင်သက်ထွက်သက်လေက ထန့်မျက်နှာနှင့် လ
တိုင်မှာ တိုးဝှေ့ရောက်ရှိသလို သူ့ထံမှ ချစ်အနမ်းတွေကလည်း
ထန့်မေးဖျားကို မထိတထိ ရောက်လာ၏။

"ရှင်လိုချင်တာ ထန့်ခန္ဓာကိုယ်လား မဏ်"

"နှစ်ခုစလုံးကို လိုချင်တာ"

ရှင်းလင်းထိမိလှသော သူ့အဖြေစကားက ထန့်ပါးနှစ်ဖ
ကို ဖြန်းခနဲ ပူနွေးသွားစေကာ သူ့နှုတ်ခမ်းအစုံကို ဆက်မကြ
ရဲတော့ဘဲ မျက်လွှာချ အကြည့်လွှဲပစ်လိုက်သည်။

"ဒီလိုပုံနဲ့ ရှင့်ကို တစ်သက်လုံး မချစ်ဘူးမှတ်ထား"

"ဒီး… ဒီး"

သူတို့စကားပြောနေတုန်း ဖုန်းဝင်လာသည်။

"ဟဲလို"





ထန်က ဖိထားသော သူ့ကိုယ်ကြီးကို တွန်းဖယ်ဖို့ ကြိုးစား
သည်။

မဏ်က မလွှတ်။ ထန့်ကိုယ်လေးကို သူ့လက်တစ်ဖက်
တည်းနှင့် သိမ်းပွေ့ပြီး ပါးကို တစ်ချက်နမ်းလိုက်၍ ထန် ဒေါသ
ဖြစ်သွား၏။

"အခုပဲ လာတော့မှာပါ ပန်"

"ထန်လည်း ကျွန်တော်နဲ့ အတူရှိနေပါတယ်"

"အို… မဟုတ်ဘူး"

ဖုန်းဆက်သူက ပန်ဖြစ်နေ၍ ထန့်တစ်ကိုယ်လုံး ရှက်စိတ်
နှင့် ထူပူသွားသည်။

"ရှူး"

မဏ်က သူ့နှုတ်ခမ်းကို လက်ညှိုးနှင့်ကာပြီး တိတ်တိတ်
နေ အမူအယာနှင့် လုပ်ပြနေ၍ ထန့်ရင်ထဲ ပိုအခံရခက်သွား
သည်။

"ထန်နဲ့စကားပြောဦးမလား ပန်"

"မပြောတော့ဘူး မဏ်၊ ဒါပဲနော်"

ပန်က ဖုန်းချသွားတော့ ထန့်ပါးပြင်ပေါ် မျက်ရည်တွေ
ကျလာသည်။

သွားပြီ။ ထန့်ကို ပန် အထင်လွဲသွားပြီ။

မဏ့်အခန်းထဲမှ ထန်ရှိတာ ပန် သိသွားပြီဆိုမှတော့ ထန်
ယ်လိုရှင်းပြရှင်းပြ ထန့်ဘက်က ရှုံးသွားပြီဟု သိလိုက်သည်။

"ရှင် လုပ်ချင်တာ လုပ်ခွင့်ရလို့ သိပ်ကျေနပ်နေပြီလား
"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့က မကြာခင် လက်ထပ်ကြတော့မယ့်သူတွေ ထန်"

"ထန့်ကို ပန် အထင်လွဲသွားပြီ"

မျက်ရည်ကျနေသည့် ထန့်ကိုကြည့်ပြီး ထန့်ကိုယ်လေး မဏ် အသာဖြေလွှတ်ပေးလိုက်ပုံက ရင်မောမှုတွေ အပြည့်နှင့်ဖြ သည်။

"ထန်"

ထန်က သူ့ကိုတစ်ချက် လှည့်မကြည့်ဘဲ မဏ်အခန်းထဲ ပြေးထွက်သွား၍ သူ အိပ်ရာထက်မှာ တစ်ယောက်တည်းငြိမ်ငြိ ကျန်ခဲ့သည်။

သူနားလည်ထားသည့် အချစ်ဆိုတာ တစ်ယောက်ကို တ ယောက် ရယူပိုင်ဆိုင်ဖို့ပဲ မဟုတ်လား။ သေချာသည်က သူချ သော မြတ်နိုးသော ချစ်သူကို သူ့ဘက်က ဘာအတွက်နှင့် စွန့်လွှတ်ဆုံးရှုံးခံမည်မဟုတ်ဆိုတာ သူချစ်သော ထန် သိစေချ မိသည်။

■

## အခန်း (၁၇)

"လက်ဆောင်တွေ ဒီလောက်အများကြီး ယူလာဖို့ မလိုပါ ကွယ်"

"မြင်ရတာနဲ့တင် အားနာစရာကောင်းနေပြီ"

အဘွားစကားကို မိသားစုအားလုံး အသံတိတ် ထောက်ခံ ပြီသည်အထိ မဏ်အန်ကယ် ဦးစိုင်းမောင် ယူလာသည့် လက် ဆောင်ပစ္စည်းတွေက ဧည့်ခန်းတစ်ခုလုံး ပြည့်သွားသည်။

"ဖြစ်နိုင်ရင် ကျွန်တော်က ဒီထက်မက ယူလာချင်တာပါ ဗျား၊ ဒါတွေအားလုံး ကျွန်တော့်ပိုင်ကုမ္ပဏီပစ္စည်းတွေနဲ့ ခြံ က လက်ဆောင်ပစ္စည်းတွေပါ တခြားအပိုမပါပါဘူး"

ယဉ်ကျေးသိမ်မွေ့ဖွယ်ရာ အမူအယာ။

နူးညံ့သိမ်မွေ့သော အပြုံးတို့ဖြင့် ခန့်ညားသော ဥပဓိရုပ် ရှင် ဦးစိုင်းမောင်က လူချောတစ်ဦးဖြစ်သည်။ အသက်ငါး ဆယ်ကျော်အရွယ်ဖြစ်ပြီး ပြည့်ဖြိုးတောင့်တင်း ကြံ့ခိုင်သူဖြစ်ပြီး ရုပ်အမောင်း မြင့်မားသူများဖြစ်သည်။

"ဒီက သမီးက ထန်ဆိုတာလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အန်ကယ်၊ ကျွန်မက ပန်ပါ၊ ထန့်
ခေါ်ပေးပါ့မယ်"

ပန်က အလိုက်တသိ ထန်ရှိသည့်အခန်းကို လျှောက်ခဲ့သည်
ထန်က ညွှသည်လာမည်ဆိုကတည်းက သူ့အခန်းထဲသူ ငြိမ်
သည်မှာ ခေါ်လို့မရ။ ညွှသည်က တွေ့ချင်ပါသည်ဆိုတော
မဖြစ်မနေ ထန့်ကို ပန်ကိုယ်တိုင် သွားခေါ်ရသည်။

"ဒေါက်... ဒေါက်"

"ထန်ရေ... အန်ကယ်က ထန့်ကို တွေ့ချင်လို့တဲ့၊ ခ
ဖြစ်ဖြစ် ဆင်းတွေ့လိုက်ပါဦးဟယ်"

"အားလုံး ထန့်ကိုစောင့်နေတာ အားနာစရာကြီး"

ထန်မလိုက်ချင်။ ဘယ်သူနဲ့မှလည်း တွေ့ဆုံလိုစိတ် မ
တစ်ယောက်တည်း အခန်းထဲ ငြိမ်နေပေမယ့်မရ။ ညွှသည်
ထန့်ကို တွေ့ချင်ပါသည်ဟု ပြောလာတော့ ထန်ငိုချင်သည်
မဏ်နှင့်ထန်ကြား ပြဿနာဖြစ်ပြီးကတည်းက ထန်က မဏ်
လုံးဝ အတွေ့မခံတော့ဘဲ ရှောင်ပုန်းနေခဲ့သည်။

မဏ်က ထန်နှင့် မဆုံဆုံအောင် ထန်နှင့် မျက်နှာချင်းဆိုင်
ဖွတ်အတင်း ကြိုးစားပေမယ့် ထန်က မဏ်ထက်ပိုပြီး ပါးပါးနပ်
နေထိုင်ရှောင်တိမ်းနေ၍ မဏ့်ကြိုးစားမှုမှန်သမျှ အရာမထင်
အခု ထန် အောက်ထပ်ကိုဆင်းလျှင် မဏ်နှင့် မျက်နှာချင်း
ဆိုင်ရတော့မည်။ ဒါကို ထန် အလိုမရှိ။ မဏ့်မျက်နှာကို ထ
မမြင်ချင်။

"ထန် မသွားချင်ဘူး ပန်"

"ဘယ်ဖြစ်မလဲ ထန်ရယ်၊ ဟိုမှာက လူကြီးတွေ စော





နေတာ၊ ထန် ဆင်းမသွားရင် ရိုင်းရာရောက်သွားမှာပေါ့"

"လာပါ ထန်ရယ်၊ အခုလောက်ဆို အဘွားနဲ့မေမေ ထန့်
ဆင်းအလာကိုစောင့်ရင်း အချိန်ကြာနေလို့ ပန့်ကို အပြစ်တင်နေ
တော့မယ်"

"စိတ်ညစ်လိုက်တာနော်"

ထန့်စကားကြောင့် ပန်ပြုံးလိုက်သည်။ ထန် ဘာကြောင့်
စိတ်ညစ်နေလဲဆိုတာ မဏ်ပြောပြလို့ အကြောင်းစုံ ပန်သိပြီးပါပြီ။
မဏ်က အချစ်လူဆိုးဖြစ်သည်။ ပြီးတော့ သူ့အပြစ်ကို တစ်ခုမှ
မထိန်ချိန် မကွယ်ဝှက်ဘဲ ပန့်ကို ရင်ဖွင့်ရင်း သူနှင့်ထန်တို့
ကြားက ပြဿနာပြေလည်အောင် ဘယ်လိုလုပ်ရမလဲဟု ပန့်ဆီမှာ
အကူအညီတောင်းသေးသည်။

ဒါတွေ ထန့်ခမျာ မသိ။

စိတ်ရှုပ်ထွေးသည့် မျက်နှာလေးနှင့် မှန်တင်ခုံရှေ့ အသာ
ဝင်ရပ်ပြီး ဆံပင်တွေ ချနေသည်။

"ဘာဖြစ်လို့ ထန် မလုပ်ချင်တာတွေချည်း လျှောက်လုပ်
ခိုင်းနေကြတာလဲ မသိဘူး"

ထန့်နှုတ်ဖျားမှ မကျေမနပ် ညည်းသံလေး ထွက်လာသည်။

"အားလုံးက ထန့်ကိုချစ်လို့ပါဟယ်"

"ဘာချစ်တာလဲ၊ ထန်ကို တကယ်ချစ်ရင် ထန်မကြိုက်တာ
မလုပ်ခိုင်းဘဲ ထန် စိတ်ချမ်းသာအောင် ထားပါလား"

ထန် နှုတ်ခမ်းစူတော့ ပန်က ရယ်သည်။

"နောက်တော့ စိတ်ချမ်းသာမှာပေါ့ ထန်ရယ်၊ မဏ်က
ထန့်ကို တကယ်ချစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ သူ့အကြောင်း ထန် မကြားချင်ဘူး"

"ဖြစ်မလား၊ နောက်ဆို ထန်တို့နှစ်ယောက်က လက်ထပ်ပြီး အတူနေရတော့မှာ"

"ပန်ရေ"

"ဟော… မေမေ ခေါ်နေပြီ"

"လာပြီ မေမေ"

"လာ… ထန် သွားကြရအောင်"

ပန်က ထန့်လက်လေးကို ဆွဲပြီးရှေ့က ဦးဆောင်လျှောက်သွား၍ ထန်မှာ စိတ်မပါဘဲ ပန်ခေါ်ရာပါလာသည်။ ထန်တို့ ဧည့်ခန်းထဲ လှမ်းဝင်လိုက်တော့ လူစုံနေသည်။ အားလုံးက ထန့်ကို ကြည့်နေကြသည်။ ထိုသူတွေထဲမှာ ထန့်မျက်နှာလှလှလေးကို မြတ်နိုးတမ်းတစွာ မျက်လုံးလက်လက်တွေနှင့် စူးစူးနစ်နစ် မျက်တောင်မခပ် စူးစိုက်ကြည့်နေသူက မဏ်ဖြစ်သည်။

"ဒါ ထန်လေ အန်ကယ်"

"သမီးက မိန်းမချောလေးပါလား၊ ဒါကြောင့် အန်ကယ့်တူ အသည်းအသန် ဖြစ်နေရရှာတာကိုး"

"အန်ကယ် ဦးစိုင်းမောင်ပါ"

"ဟုတ်ကဲ့"

ထန် လေသံတိုးတိုးလေး ဖြစ်သည်။

မျက်လွှာချထားပြီး ဘယ်သူ့ကိုမှ မကြည့်။ ချစ်သူနှင့် မျက်လုံးချင်းဆုံဖို့ ကြိုးစားနေသည့် မဏ်မှာ ထန့်အပြုအမူကိုကြည့်ပြီး အသည်းယားနေသည်။

"ကျွန်တော့်ကို ရောက်ရောက်ခြင်း စိတ်လောတယ်လို့





သဘောမထားပါနဲ့ အဘွား၊ ဒီမှာ ကျွန်တော်ယူလာတဲ့ ထန့်အတွက် မင်္ဂလာပစ္စည်းလေးတွေ အဘွားလက်ကို တစ်ခါတည်း အပ်ပါရစေ"

ဦးစိုင်းမောင်က ပြောပြောဆိုဆို သူ့နားမှာ ချထားသည့် အတာချီကြေးစ်ကို စားပွဲပေါ်တင်ပြီး ဖွင့်လိုက်သည်။ ပြီးမှ သေတ္တာထဲက ရတနာပစ္စည်းများ ထည့်ထားသည့် ဘူးသုံးဘူးကို ထုတ်ယူပြီး တစ်ခုချင်း အဘွားနှင့်အားလုံးမြင်အောင် ဖွင့်ပြသည်။

"ဒါက မဏ်မာမီရဲ့ ရှေးဘိုးဘွားလက်ထက်က တော်ဝင်ရတနာပစ္စည်းတွေပါ၊ စိန်နဲ့ပတ္တမြားဆက်ပါ"

တန်ဖိုးမည်မျှကြီးကြောင်းကို ဦးစိုင်းမောင်နှုတ်က ဖွင့်ဟထုတ်ဖော်ပြောခြင်း မရှိသော်လည်း ရတနာပစ္စည်းတို့၏ လှပသောဒီဇိုင်း၊ အရည်တဖျတ်ဖျတ်လက်နေသော စိန်ရောင် ပတ္တမြားရောင်တို့ကြောင့် ရတနာပစ္စည်းနှင့်ပတ်သက်ပြီး ကျွမ်းကျင်သော အဘွားက ပစ္စည်းတန်ဖိုးကို သိလိုက်သည်။

"ဒီစိန်တစ်ဆင်ဆာကလည်း မဏ်အဘွားရဲ့ တော်ဝင်ပစ္စည်းပါပဲ ခင်ဗျာ"

အားလုံးအကြည့်က စိန်လုံးကြီးတွေနှင့် လှပစွာ တန်ဆာဆင်ထားသည့် စိန်ကြိုးနှင့်စိန်လော့ကတ်၊ နားဆွဲ၊ လက်ကောက်တစ်ရံ၊ လက်စွပ်တို့ထံ ရောက်သွားသည်။ မြင်တာနှင့် ကာလတန်ဖိုးကို မခန့်မှန်းနိုင်သော လက်ရာမြောက် တော်ဝင်ပစ္စည်းဖြစ်၍ အားလုံး အံ့သြနေကြသည်။ သို့သော် ထိုသူတွေထဲမှာတော့ ထန် မပါပါ။

ဘာကိုမှလည်း မကြည့်။ ဘယ်အရာကိုမှလည်း စိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



စား။ ဖြစ်နိုင်လျှင် အားလုံးနှင့်ဝေးရာကိုသာ ထွက်ပြေးချင်နေသူ ဖြစ်သည်။

"ဒီမှာက စိန်နဲ့မြဆက်ပါ၊ အားလုံး အဘွား ကြိုက်နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"အဘွားလက်ခံပေးပါ"

"ကောင်းပါပြီ အဘွားလက်ခံတယ်"

အဘွားစကားကြောင့် ထန့်ခေါင်းလေး ပိုငုံ့သွားသည်။ ပန်နှင့် ဒေါ်ခင်ခင်ကတော့ ထန်၏ကံကောင်းမှုအပေါ် ကျေနပ်ပီတိဖြင့် ဂုဏ်ယူကြည်နူးစွာ မျက်နှာတွေဝင်းပစွာ ပြုံးလျက်ငြိမ်နေကြသည်။

"တူလေးကိုယ်စား ကျွန်တော်ကပဲ အဘွားကို တောင်းဆိုပါရစေ၊ မဏ်တို့မင်္ဂလာပွဲကို အမြန်ဆုံး စီရင်ခွင့်ပြုပေးပါအဘွား"

"အဘွား ခွင့်ပြုပါတယ်ကွယ်"

"အို"

"ကျေးဇူးတင်ပါတယ် အဘွား"

"ဒါက မဏ်တို့မင်္ဂလာပွဲအတွက် နေ့ကောင်းရက်မြတ်အချိန်အခါတွေကို တတ်ကျွမ်းသူပညာရှင်နဲ့ တိုင်ပင်ရွေးချယ်ခဲ့တဲ့နေ့ရက်တွေပါ၊ အဘွားကြိုက်သလို စီမံနိုင်ပါတယ် အဘွား"

"ကောင်းပြီ အဘွား ရွေးချယ်ပြီးမှ အကြောင်းပြန်ပေးလိုက်မယ်၊ မောင်စိုင်းမောင်လည်း ခရီးပန်းလာတာဆိုတော့ အနားယူပါ"

"ထန်"

"ဟုတ်ကဲ့ အဘွား"





"မောင်စိုင်းမောင်အတွက် ပြင်ထားတဲ့အခန်းကို သေချာလိုက်ပို့လိုက်ပါ"

"ဟုတ်ကဲ့ အဘွား"

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး အဘွား"

"ကောင်းပြီ"

"ကြွပါ အန်ကယ်"

မဏ်က သူ့အန်ကယ် ဦးစိုင်းမောင်နှင့်အတူ ထန်ခေါ်ရာနောက် လိုက်သွားသည်။ ထန်က အဘွားအစီအစဉ်အောက်မှာ ဘာတစ်ခုမှ မလှုပ်နိုင်သော ကြိုးဆွဲရာကနေရသော လှုပ်သည့် ယမင်းရုပ်လေး ဖြစ်နေ၏။

မဏ်ကတော့ အဘွားအစီအစဉ်ကို ကျိတ်ပြီးကျေနပ်နေသည်။ အန်ကယ် ဦးစိုင်းမောင်ကိုလည်း ကျေးဇူးအထပ်ထပ်တင်နေသည်။ သူ ပြောထားသည့်အတိုင်း ဘာတစ်ခုမှ အပိုအလိုမရှိ။ အားလုံး အဆင်ပြေပြေ ပြီးသွားသည်။

"ဒီအခန်းပါပဲ အန်ကယ်"

"သင့်ခ်ယူး သမီး၊ အန်ကယ် နားလိုက်ဦးမယ်"

ဦးစိုင်းမောင်က သူ့အတွက် ပြင်ဆင်ထားသည့် အိပ်ခန်းကို မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး ထန့်ကိုအပြုံးနှင့် နှုတ်ဆက်ကာ သူ့အိပ်ခန်းတံခါးကို တစ်ခါတည်း ပိတ်လိုက်၍ အခန်းအပြင်မှာ ကျန်ခဲ့သူက ထန်နှင့်မဏ် နှစ်ယောက်တည်း ဖြစ်သည်။

"ထန်"

"ထန် သွားတော့မယ်"

"ဘယ်ကိုသွားမှာလဲ ထန်"



www.burmeseclassic.com

www.burmeseclassic.com



မဏ်ကက ထန် သွားမည့်ရှေ့က ကိုယ်ကြီးနှင့် ပိတ်ကွယ်ရပ်လိုက်၍ ထန်ဒေါသနှင့် မဏ်မျက်နှာကို မော့ကြည့်လိုက်သည်။

"ရှင် ထန့်ရှေ့က ဖယ်နော်"

"ရှူး"

"အခန်းထဲက အန်ကယ် ကြားသွားမယ်… လာ"

"ရှင်နော်… အို"

အင်အားခြင်းမမျှ၍ ထန်မှာ မဏ်ဆွဲခေါ်ရာနောက်ပါသွားလည်း အသံကျယ်ကျယ်နှင့် ရန်မတွေ့ရဲ။ အခန်းထဲမှာ မဏ်အန်ကယ်ရှိနေ၍ ထန်တို့အသံတွေ ကြားသွားမှာ မလိုချင်။

အကြံသမား မဏ်ကလည်း ဒါကို သိသည်။

ထိုကြောင့် ထန့်လက်လေးကိုဆွဲပြီး သူ့ရင်ခွင်ထဲ တင်းကျပ်စွာ ပွေ့ဖက်ကာ ချစ်အနမ်းတွေ ဖွတ်အတင်းရှာချသည်။ စိတ်ထဲကလည်း အပျော်ကြီး ပျော်နေသည်။ တစ်ချိန်လုံး ထန့်ကိုလွမ်းခဲ့ရသည်။ တမ်းတခဲ့ရသည်။ လူချင်းနှစ်ယောက်တည်းတွေ့ဖို့ကြိုးစားသော်လည်း ထန်က လူလည်ကျပြီး သူမနားမှာ လူတစ်ယောက်ရှိနေအောင် အမြဲ အကြံအဖန်လုပ်ထား၍ မဏ်မှာထန့်နားကပ်ချင်ပါလျက် ကပ်ခွင့်မရ။

အခုတော့ ထန် ဘာတတ်နိုင်သေးလဲ။ သူ့ရင်ခွင်ထဲ ရောက်နေပြီ။ မဏ်ကိုယ်ကြီးကို ထုသည်၊ ရိုက်သည်။ မဏ်က ထန်ဘာလုပ်လုပ် ဂရုပင်မစိုက်။ လူကြီးချင်းလည်း အားလုံး အဆင်ပြေပြီပြီဆိုတော့ မဏ်လက်ထဲက ထန်ပြေးလို့ မလွတ်တော့။

"ပြော… ကိုယ့်ကို ဘယ်တော့ချစ်မှာလဲ"

"ဘယ်တော့မှ မချစ်ဘူး"





"ရတယ်၊ မင်းမချစ်လည်း ကိုယ်ကချစ်နေရရင် ကျေနပ်တယ်"

"အို"

အသက်ရှူမှားသော ချစ်အနမ်းတွေအောက်မှာ ထန် သူ့ကိုရန်မရှာနိုင်အောင် မဏ်ဆိုသည့်လူက ထန့်ကို သူ့ရင်ခွင်ထဲက အချစ်သင်္ကေတကို အနမ်းတွေနှင့် စာစီပြနေသည်မှာ မဆုံးတော့။

"ထန်ရေ"

"ဟော… အောက်ထပ်က ခေါ်နေပြီ၊ ရှင် ထန့်ကိုလွှတ်"

"လွှတ်စေချင်ရင် ချစ်တယ်လို့ပြော"

"ရှင်ဘယ်လိုဖြစ်နေတာလဲ"

"သိပ်ချစ်ပြနေတာ"

ရန်းသူက ဖွတ်အတင်းရုန်းသလို ဖက်သူကလည်း ထန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲက ထွက်သွားခွင့်မပြု။ နှစ်ယောက်တည်း ရုန်းရင်းဆန်ခတ် ဖြစ်နေပေမယ့် ဘယ်သူကမှ မသိ။

"ရှင် သိပ်လွန်နေပြီနော် မဏ်"

ယောကျ်ားအားနှင့်မိန်းမအား ဘယ်လိုမှ မည်မျှအင်အားမမျှသည်မှာ ထန် မုန်းမုန်းနှင့် အချစ်လူဆိုးမဏ်ကို ဒေါသနှင့်ဆိုလိုက်သော်လည်း မဏ်ကတော့မမှု။ ထန်တစ်ခါရုန်းလျှင် တစ်ခါတိုးဖက်သည်။ တစ်ခါထပ်တိုးရင် နမ်းသည်။ ရမ်းသည်။ ကြမ်းသည်။ သူ့ကိုယ်သူ ဘာထင်နေသည်မသိ။ နူးညံ့သိမ်မွေ့သော အချစ်ကို အတင်းထန့်ဘက်ရောက်အောင် သွေးဆောင်နေသူကို ထန် မုန်းလာသည်။

"ရှင့်ကို ထန်မုန်းတယ်"

www.burmeseclassic.com



"ကိုယ်ကြားချင်တာ အဲဒီစကား မဟုတ်ဘူးနော် ထန်"

"ထန်က ကိုယ့်ကိုတစ်ခါမုန်းရင် ကိုယ်ကထန့်ကို တစ်ခါပိုချစ်မယ်ဆိုတာ ထန်မှတ်ထား"

"ရှင်… ရှင် ထန့်ကို အနိုင်ကျင့်နေတာ"

"အိ… အဟောင့်… ဟင့်"

"ဟာ… မငိုနဲ့လေ"

"ချစ်တာ ငိုစရာလားကွ၊ ကလေးကျနေတာပဲ"

ထန့်ထံမှ အမုန်းစကားကို ဂရုမစိုက်သောမင်းဏ်က ထန့်မျက်ရည်ကျတာကိုကြတော့ ခံနိုင်ရည်မရှိ။ သူ့ရင်ခွင်ထဲမှာ ကလေးတစ်ယောက်လို ကျိတ်မနိုင်ခဲမရ ဒေါသတွေနှင့် ငိုနေသည့် ထန့်ကို ချစ်လည်းချစ်၊ အားနည်းလည်းယားနှင့် နောက်ဆုံးမှာ သူကပဲ ထန့်ကို အလျှော့ပေးလိုက်သည့်အနေနှင့် ထန့်ပါးပြင်က မျက်ရည်တွေကို သူ့ကိုယ်တိုင် အသာလေး ဖယ်ရှားပေးရင်း ထန့်ကိုယ်လေးကို သူ့ရင်ခွင်ထဲက အသာလေး လွှတ်ပေးလိုက်သည်။

"တိတ်ကွာ မငိုနဲ့၊ ထန်ငိုတာ ကိုယ်မကြည့်ချင်ဘူး"

ထန်က သူ့ကိုဘာမှမပြော။

မဏ်လက်ကလွှတ်တာနှင့် သူနှင့်ဝေးရာသို့ ပြေးထွက်သွားသည်။ ထန့်နောက်ကျောလှလှလေးကိုကြည့်ကာ သက်ပြင်းချလိုက်သည်။ ကလေးဆန်လွန်းသည့် ထန့်အမူအယာလေးတွေက မဏ်ရင်မှာ စွဲငြိထင်ကျန်ရစ်ခဲ့တာ ဘယ်သူမှမသိ။

"မင်းကြောင့် ကိုယ်ရှုံးတော့မယ် ထန်"

မင်္ဂလာကိစ္စကို အဘွားက ရက်ရွေးပေးသည်။

"လိုအပ်တာတွေ မင်းတို့လူငယ်တွေပဲ ကြည့်စီစဉ်ကြပါ။





အဘွားတို့ခင်ခင်တို့က မြေးတို့စိတ်ချမ်းသာ ကျေနပ်မယ်ဆိုရင်ပြီးတာပဲ တခြားဘာမှ ပြောစရာမရှိဘူး"

"မြေး ထန်"

"ဟုတ်ကဲ့ အဘွား"

"အမိကက မြေးစိတ်ချမ်းသာမယ် ထင်တာလုပ်ပါ။ မဏ်က မြေးကို တကယ့်မေတ္တာစစ်နဲ့ ချစ်တယ်ဆိုတာတော့ အဘွားမြေးလေး ယုံပါကွယ်"

အဘွားက ဒါပဲပြောသည်။

ထန်က အဘွားစကားကို ဟုတ်ကဲ့ဆိုတာကလွဲပြီး တခြားဘာမှမတုံ့ပြန်။ မဏ်က သူ့မင်္ဂလာကိစ္စကို ထန်နှင့်တိုင်ပင်ပြောဆိုပေမယ့် ထန်က ဘာတစ်ခုမှ စိတ်မဝင်စား။

"ထန် မသိဘူး၊ ရှင့်ဘာသာကြိုက်သလိုလုပ်"

"မဟုတ်ဘူးလေ ထန်၊ အခုဟာက တစ်သက်မှာတစ်ခါဆောင်ရတဲ့ မင်္ဂလာပွဲ၊ ထန် စိတ်ဝင်စားရမှာပေါ့"

"ရှင့် ဘာသာရှင် စိတ်ဝင်စားရင် ပြီးတာပဲ ထန့်ကို အဲဒီအကြောင်း ဘာတစ်ခုမှ လာမပြောပါနဲ့"

"ခက်ပါလား ထန်ရယ်"

မဏ်စိတ်ညစ်အောင် ထန်ပဲ တတ်နိုင်သည်။ ထန့်ကို ဘယ်လိုမှ စည်းရုံးလို့မရတော့ ပန်နှင့်တိုင်ပင်ပြီး ထန်အကြိုက်ဆုံးအရောင်၊ ထန်နှစ်သက် သဘောကျသည့် ဖက်ရှင်ဒီဇိုင်း၊ ထန်လိုချင်တာ ဖြစ်ချင်တာအားလုံး ပန်ကပဲ ထန့်ကိုယ်စားတာဝန်ယူပေးသည့်အတွက် အားလုံး အဆင်ပြေသွားသည်။

"မင်္ဂလာဆောင်ပြီးရင် ကိုယ့်အိမ်မှာ လိုက်နေရမှာနော်



www.burmeseclassic.com

www.burmeseclassic.com



ထန်"

"ထန်က မေမေတို့နဲ့ပဲ နေမှာ"

"ရတယ်၊ ထန့်မေမေတို့နဲ့ နေချင်ရင် ကိုယ်လည်း မေမေတို့နဲ့ပဲ နေမယ်"

"ဘာမေမေလဲ"

"ကိုယ့်ယောက္ခမဆိုတာ ကိုယ့်မေမေပဲလေ မေမေလို့ခေါ်တာ ဘာဖြစ်လို့လဲ"

"မုန်းလို့"

ထန့်စကားကြောင့် သူရယ်လိုက်သည်။

ထန့်မျက်နှာလေးကို စိုက်ကြည့်ရင်း ပြောလိုက်သည်။

"ကိုယ်ကတော့ ထန့်ကိုချစ်တယ်"

"ရှင့်ကို ဘယ်သူမှ မမေးဘူး"

"ကိုယ်က ပြောချင်နေတာ"

ထန်က ဂရုမစိုက်သလို မဏ်နားက ထွက်သွားတော့ သူ အသည်းယားစွာ ရယ်လိုက်သည်။ မင်္ဂလာပွဲရက်နီးလာသည့်နှင့်အမျှ မဏ်ရင်တွေ ခုန်နေသည်။ ထန်ကိုယ်တိုင်လည်း စိတ်လှုပ်ရှားလာသည်။ ဘာလိုလိုနဲ့ ထန် တကယ်အိမ်ထောင်ပြုရတော့မှာပါလားဟု တွေးမိတော့ ထန်စိတ်တွေ ဝေဝါးသွားကာ ဝမ်းနည်းသလိုလို ကြေကွဲမိသလိုလို ခံစားချက်တွေနှင့် စက်ကွင်းကို သတိရမိသည်။

"ထန့်ကို ခွင့်လွှတ်ပါ စက်ရယ်"

"ထန်တို့ဘဝမှာ ဖူးစာဆုံဖို့ ကံပါမလာခဲ့ဘူး ထင်တယ်"

"ဒါကြောင့် ဒီလိုအဖြစ်မျိုးနဲ့ ထန်တို့ဝေးကွာခဲ့ရတာ





ဟုတ်လား"

"စက်တစ်ယောက် မြင့်မြတ်တဲ့ကောင်းမွန်တဲ့ဘဝမှာ ...းနိုင်ပါစေလို့ ထန် ဆုတောင်းနေပါတယ် စက်ရယ်"

ထန်က စက်ကွင်းဓာတ်ပုံလေးကို ကြည့်ရင်း စီးဆင်းလာသည့် မျက်ရည်တွေကို မတားဆီးခဲ့ပါ။ ထန့်ကို သိပ်ချစ်ခဲ့သည့် ...န်ချစ်သူ၊ ဓာတ်သိမ်းမလှသော စက်ကွင်းကို ထန်ရင်မှာ ...ပျောက်၍ ရနိုင်မှာမဟုတ်၊ အမြဲသတိတရနှင့် အမှတ်ရနေတော့ ...ကို ထန် သိသည်။

"ဘာတွေ လုပ်နေတာလဲ ထန်"

ရုတ်တရက် ထန့်နားမှာ နီးကပ်စွာ ထွက်ပေါ်လာသည့် ...က်အသံကြောင့် မျက်ရည်တွေနှင့် အသံလာရာကို ထန်မော့ ...ကြည့်လိုက်တော့ မဏ်ကို ထန်နှင့်နီးကပ်စွာ တွေ့လိုက်ရသည်။

"ဒီဓာတ်ပုံက ဘယ်သူ့ဓာတ်ပုံလဲ"

မဏ်က ထန့်လက်ထဲမှာ ရှိနေသည့် ဓာတ်ပုံကို စိတ်ဝင် ...သလိုကြည့်ရင်း မျက်ရည်တွေနှင့် အကဲခတ်သလို ကြည့်လိုက် ...ာ မြင်ရသည်။

"ဒီဓာတ်ပုံထဲက လူကြောင့် ငိုနေတာလား ထန်"

"ဟုတ်တယ်"

ထန်က ဝန်ခံလိုက်ပေမယ့် မဏ်က မျက်နှာမပျက်။ ထန်မှာ ...စွာ ကြေကွဲဝမ်းနည်းနေသော မျက်နှာလေးကို စူးစိုက်ကြည့် ...း နှလုံးသားတစ်နေရာမှာတော့ ထန့်ရင်ထဲမှာ အချိန်ထိ နေရာ ...ထားသည့် ထန့်ချစ်သူကြောင့် စိတ်မချမ်းမသာ ဖြစ်သွားသည်။

"စက်ကွင်းဆိုတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သိရင် ပြီးတာပဲ"

ထန့်အသံက ပြတ်သည်၊ မာသည်။ စက်ကွင်းကြော မဏ်ကို ရန်လိုနေသော ထန့်ကို သူ နားလည်သည်။ စာနာသည် ဒါကတစ်ပိုင်းဖြစ်ပေမယ့် တခြားဘက်မှာတော့ မဏ်စိတ်ထဲ စက်ကွင်းဆိုသည့် ထန့်ချစ်သူအပေါ်မှာ မနာလိုဖြစ်နေသည် သဝန်တိုမှုတွေနှင့် နှလုံးသားတွေ နာကျင်နေသည်။

အရာရာကို ခွင့်လွှတ်သည်းခံနိုင်သော ယောကျ်ားအ အစားထဲမှာ မဏ်မပါ။ ကိုယ့်ချစ်သူရဲ့ချစ်သူအကြောင်းကို သ ထားကြီးကြီး နားထောင်လက်ခံပေးနိုင်စွမ်းရှိသည့် ယောကျ်ား မျိုးလည်း မဟုတ်။

ထန်ဆိုတာ မကြာခင်သူနှင့်လက်ထပ်တော့မည့် သူ့ သ သမီးဖြစ်သည်။ တခြားဘယ်သူနဲ့မှ မသက်ဆိုင်။ ထန့်ကို သူ သလို ထန့်ဘဝ၊ ထန်နှလုံးသားကိုလည်း သူပဲပိုင်ဆိုင်သူ ဖြစ် သည်။ ထို့အတူ ထန့်နှလုံးသား၊ ထန့်ဘဝထဲမှာလည်း သူကလွဲ တခြား ဘယ်သူမှမရှိစေရ။ ဤသည်မှာ မဏ်၏မာန ဖြစ်သည် မဏ်၏ဂုဏ်သိက္ခာဖြစ်သည်။ မဏ်၏သစ္စာဖြစ်သည်။

ထန်နှင့်သူ လက်ထပ်ပြီးရင် စက်ကွင်းဆိုသည့်လူ သူ ဘဝထဲဝင်ရောက်မလာစေရဟု ဆုံးဖြတ်ထားသည်။ ထိုဆုံးဖြ ချက်ကိုလည်း သူတစ်ယောက်တည်း သိနေစရာမလို။ ထန်လည် သိရမည်၊ နားလည်လက်ခံရမည်။ ဆုံးဖြတ်ချက်နှင့် ထန့် မျက် လေးကို သူစိုက်ကြည့်လိုက်တော့ ထန့်ပါးပြင်ပေါ်မှာ မျက်ရည် တို့ ခန်းခြောက်သွားတာ မြင်ရသည်။

ထန့် လက်ထဲမှာ စက်ကွင်းဓာတ်ပုံက ရှိနေသေးတယ်





"ဒီဓာတ်ပုံကို ဘယ်အချိန်ထိ ထန် သိမ်းထားမယ်လို့ ကြိုက်ကူးထားလဲ"

"တစ်သက်လုံး"

ထန့်အဖြေက မဏ့်ရင်ကို တည့်တည့်လာထိသည်။ တစ်သက်လုံးဆိုပါလား။

"မင်းကိုယ့်ကို အရွဲ့တိုက်နေတာလား ထန်"

"ရှင် ကြိုက်သလို ယူဆနိုင်ပါတယ်"

"ကိုယ်နဲ့လက်ထပ်ပြီးတဲ့အချိန်ထိအောင် ထန်က ထန့် အရင်ရည်းစားကို သတိရနေမယ်၊ တမ်းတနေမယ် ဒီလိုလား ထန်"

မဏ်က သူ့အသံကို နာကျင်မှုဘက်ပါမသွားအောင် ကြိုး စား ထိန်းပြောနေပေမယ့် အရာမရောက်။ ဟန်ဆောင်ကောင်း သူတွေထဲ မဏ်ဘယ်တုန်းကမှ မပါခဲ့သူဖြစ်သည့်အတိုင်း အခု လည်း မဏ့်ဟန်ဆောင်မှုက အရာမရောက်။ ထန်က မဏ်ရင်ထဲ က မနာလိုသဝန်တိုမှုကို မဏ့်နှုတ်ခမ်းက ဖွင့်မပြောလည်း မဏ် အမူအယာ၊ မဏ်စကားနှင့် သိနားလည်လိုက်သည့်အတွက် မဏ် မျက်နှာကို တုံ့ပြန် စူးစိုက်ကြည့်လိုက်သည်။

"ထန့် ကိုယ်ရေးကိုယ်တာကိစ္စက ရှင်နဲ့မဆိုင်ပါဘူး"

"ထန်က ကိုယ့်မိန်းမဖြစ်ပြီးတဲ့ အချိန်အထိလား"

မဏ်အမေးကို ထန်မဖြေသဖြင့် မဏ်နှုတ်ခမ်းမှ နာကျင် မှုကို မြင်ရသည်။

"ရှင် မကျေနပ်ရင် ထန့်ကို လက်မထပ်ပါနဲ့ မဏ်"

"မရဘူး"



www.burmeseclassic.com

"မင်းကို ကိုယ်ပိုင်ရမှဖြစ်မယ်၊ ဒါကို ကိုယ်သိတယ်"

"ရှင့်ကို မချစ်ဘဲ တခြားတစ်ယောက်ကို ချစ်နေတဲ့သူကို ဘယ်လိုစိတ်ကူးနဲ့များ လက်ထပ်ချင်ခဲ့ရတာလဲ မဏ်"

"မင်းကိုချစ်လို့ ကိုယ်ဖြေပြီးပြီ ထန်၊ ကိုယ် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မင်းဟာ ကိုယ့်ဇနီး ဖြစ်ရမယ်"

"ဒါဆိုလည်း ပြီးရောပေါ့"

ထန်လေးသံက စိတ်မဝင်စားသလို အေးစက်စက်ဖြစ်၍ မဏ်ရင်မှာ အခံရခက်သွားသည်။

"မပြီးသေးဘူး ထန်"

"အိမ်ထောင်နဲ့မိန်းမတစ်ယောက်ဟာ ကိုယ့်မှာ စောင့်စည်းထိန်းချုပ်ရမယ့် တာဝန်ဝတ္တရားတွေ ဘယ်လောက်ရှိလဲဆိုတာ မင်း သိလာလိမ့်မယ်"

"အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်ဟာ တခြား မိန်းမတစ်ယောက်ကို ကိုယ်နှုတ်နှလုံးသုံးပါးနဲ့ မဖောက်ပြန် မကျူးလွန်ရသလို အိမ်ထောင်ရှိ မိန်းမတစ်ယောက်မှာလည်း ဒီတာဝန်ရှိတာပဲ"

"မင်းကို အဲဒီလို မိန်းမတွေထဲက မိန်းမတစ်ယောက် မဖြစ်စေချင်ဘူး၊ ကိုယ်ပြောချင်တာ ဒါပဲ"

မဏ်က သူပြောချင်ရာပြောပြီး ထန့်နားက ထွက်သွားသဖြင့် ထန်တစ်ယောက်တည်း ပြန်ပြောစရာစကားလုံး ရှာမတွေ့ဘဲ ကျန်ခဲ့သည်။

"ထန်"

"မေမေ"





ထန့်နားကို မေမေရောက်လာ၍ သူမလက်ထဲက စက်ကွင်းဓာတ်ပုံကို မေမေ မမြင်အောင် ထန့်ကိုယ်လေးနောက်သို့ ကွယ်ဝှက်လိုက်သော်လည်း ဒေါ်ခင်ခင်က မဏ်နှင့်ထန်တို့ အခြေအတင် ပြောနေသည့်စကားများကို အစအဆုံး ကြားပြီးသားဖြစ်၍ ထန့် လက်ထဲက ဓာတ်ပုံကိုလည်း စက်ကွင်းဓာတ်ပုံမှန်း သိထား၏။

"မဏ်နဲ့သမီး ပြောနေတဲ့ စကားတွေအားလုံး မေမေကြားပြီးပြီ သမီး"

မေမေ့ စကားကြောင့် ထန် မျက်နှာလေး ငုံ့သွားကာ မေမေ့မျက်နှာကို မကြည့်ရဲအောင် ဖြစ်သွားသည်။

"သမီးရဲ့ အရင်ချစ်သူအကြောင်းကို မေမေ ဘာမှမပြောချင်ဘူး ထန်၊ ဒါပေမယ့် ထန်က အိမ်ထောင်သည် ဖြစ်လာတော့ပြီ၊ ကိုယ့်မှာ ကာမပိုင်ခင်ပွန်းသည်တစ်ယောက်လုံး ရှိနေရက်နဲ့ တခြားယောကျ်ား တစ်ယောက်အပေါ်မှာ သမီးစိတ်တွေ ရောက်နေတာ ကိုယ့်ခင်ပွန်းသည်ကို အရွဲ့တိုက်ချင်လို့ပဲဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းကြောင်းပဲဖြစ်ဖြစ် တခြားသူစိမ်းတစ်ယောက်အကြောင်း ပြောတာဟာ မြန်မာမိန်းကလေးတစ်ယောက်အနေနဲ့ရော အိမ်ထောင်ရှိ မိန်းမတစ်ယောက်အနေနဲ့ရော လုံးဝ မဖြစ်သင့်၊ မဖြစ်ကောင်းဘူး သမီး"

ဘယ်တုန်းကမှ ဆုံးမစကား ရှည်လျားစွာ မဆိုတတ်သော မိခင်ဖြစ်သူ နှုတ်ဖျားမှ ထွက်လာသော မေမေ့စကားတွေက ထန် ကျော်တွေ့ရင်ဆိုင်နေရသောဘဝကို မီးမောင်းထိုးပြလိုက်သလို ဒီတော့ဘက်က လက်ရှိအခြေအနေကို ရှင်းလင်းစွာ သိမြင်သွားစေရန် ကိုယ်တိုင်လည်း စိတ်ထိခိုက်သွားသည်။

www.burmeseclassic.com



"ထန့်ကို ခွင့်လွှတ်ပါ မေမေ"

"ထန် မှားသွားပါတယ်"

မှန်သည့်အတိုင်း ထန် ဝန်ခံလိုက်တော့ မေမေက ထန့်မျက်နှာလေးကို ငေးကြည့်ရင်း သက်ပြင်းရှိုက်သည်။

"အခုချိန်ကစပြီး မောင်စက်ကွင်းကို မေ့လိုက်ပါတော့ကွယ်၊ သွားတဲ့သူလည်း သွားပြီပဲ၊ ကျန်ရစ်ခဲ့တဲ့သူက နောက်ထပ် ဘဝတစ်ခုမှ အမှား ထပ်မလုပ်မိပါစေနဲ့"

"မေမေပြောတာ သမီးနားလည်တယ် မဟုတ်လား"

"နားလည်ပါတယ် မေမေ"

ထန် ခေါင်းညိတ်လိုက်တော့ မေမေ ထန့် ဦးခေါင်းလေးကို သူ့လက်ဖြင့် ဖွဖွလေးပုပ်သည်။

"သမီး စိတ်ချမ်းသာတာကို မေမေမြင်ချင်တယ် ထန်မေမေ့ဘဝတစ်ခုလုံးကို မေမေ့သားသမီးနှစ်ယောက်တည်းအတွက် မြှုပ်နှံထားတယ်ဆိုတာ သမီးသိပါတယ်"

"ဘဝမှာ ဖြစ်ချင်တာတွေထက် ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ရွေးချယ်ရတာကိုက ဘဝအဓိပ္ပာယ်ပါ၊ သမီးကြောင့် မေမေ စိတ်မဆင်းရဲရသလို မဏ်ကြောင့်လည်း သမီးစိတ်မဆင်းရဲတဲ့သူ ဖြစ်စေချင်တယ်"

မေမေက သူပြောချင်သည့် စကားများပြောပြီး ထန့်နားက ထွက်သွား၍ ထန်တစ်ယောက်တည်း စက်ကွင်းဓာတ်ပုံလေးကို လက်မှကိုင်လျက် ငေးငိုင်တွေဝေစွာ ရပ်ကျန်ခဲ့သည်။

■



## အခန်း (၁၈)

မင်္ဂလာပွဲက အဘွားနှင့်မေမေ စိတ်တိုင်းကျ ခမ်းနား အောင်မြင်စွာ ကျင်းပပြီးဆုံးသွားသည်။ တစ်နေ့ရာတည်း မဟုတ်သလို တစ်ကြိမ်တစ်ခါတည်းလည်း မဟုတ်ပါ။ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးသည်။ မင်္ဂလာဆွမ်းကပ်၊ မင်္ဂလာဧည့်ခံပွဲ၊ ညပိုင်းပါတီ အားလုံး ဝတ်စုံလှလှ။ လက်ဝတ်ရတနာအစစ် အဖိုးတန်တွေ ဝတ်ဆင်ပြီး အလှဆုံးအပြုံး၊ အတောက်ပ အလင်းလက်ဆုံး လူတိုင်းက အားကျရသော လိုက်ဖက်ညီသော မင်္ဂလာမောင်နှံအဖြစ် လှုတိုင်းပါးစပ်ဖျားမှာ ရေပန်းစားသော သတင်းတစ်ပုဒ်လည်း ဖြစ်သွားသည်။

ထန်ကလွဲပြီး အားလုံး ပျော်နေကြသည့်ပွဲဆိုလည်း မမှား။ အပျော်ဆုံးလူက မဏ်ဖြစ်သည်။ တစ်ချိန်လုံး ထန့်ကို အမျိုးမျိုး အမိန့်ပေးနေပေမယ့် သူ့မျက်နှာချောချောက ပြုံးနေသည်။

"မျက်နှာကို ပြုံးထားလေ၊ တော်ကြာ သတို့သမီးက သတို့သားကို စိတ်ဆိုးနေသလို ဖြစ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်လက်ကို တွဲထားမှပေါ့ ဘာဖြစ်လို့ လက်တွဲတာကို ဖြုတ်ထားရတာလဲ လာ… ကိုယ့်လက်ကိုတွဲ"

"နှုတ်ခမ်းမှာ ရေခဲမုန့်တွေ ပေနေပြီကွ၊ ကလေးကျနေတာပဲ"

ပါးစပ်က ပြောလည်း ပြော။ လက်ကလည်း ထန်နှုတ်ခမ်းမှာ ပေစွန်းနေသည့် ရေခဲမုန့်စလေးကို သူကိုယ်တိုင် လက်နှင့် အသာဖယ်ရှားပေးတာကို ငြိမ်ခံနေတော့ မဏ်က ထန်နားကပ်ကာ ခပ်တိုးတိုးပြောသည်။ သူ့၏စကားက ထန့်ကို စိတ်ဆိုးဒေါသဖြစ်အောင် နှိုးဆွသော စကားဖြစ်သည်။

"တွေ့လား၊ အခုကတည်းက အညာမိနေပြီ၊ ထန့် နှုတ်ခမ်းမှာ ဘာရေခဲမုန့်မှ မပေဘူး"

"ရှင်နော် ထန့်ကို ဒေါသဖြစ်အောင် လာမစနဲ့"

"ရှူး"

"ဒေါသမဖြစ်နဲ့လေ၊ ကိုယ်တို့ကို လူတွေဝိုင်းကြည့်နေတာ တွေ့လား… မျက်နှာကို ပြုံးထားမှပေါ့"

မဏ်ပြောတာ မှန်နေ၍ ထန့်မှာ ဒေါသစိတ်ကို မျိုသိပ်ပြီး မျက်နှာကို အသာပြန်ပြုံးထားရပေမယ့် စိတ်ထဲကတော့ မဏ်ကို ထုရိုက်ဖြစ်ချင်နေသည်။

"ဟား… မင်္ဂလာတစ်ခါဆောင်ရတာလည်း မလွယ်ပါလားကွာ၊ လူကို ပင်ပန်းလွန်းလို့ သေချင်စော်နံနေတာပဲ"

"ဒါဆို သေလိုက်"

"ကိုယ့်အပေါ် တော်တော်မေတ္တာထားတယ်ပေါ့ ဟုတ်လား"

မဏ်က ထန့်မျက်နှာကို စိုက်ကြည့်ပြီး မေးပေမယ့် ထန်က





မဖြေ။

"ကိုယ်သေရင် ထန် လွမ်းနေရမှာစိုးလို့ သေချင်စေမေ့ မသေတော့ပါဘူး၊ ထန့်နားမှာပဲ နေတော့မယ်"

"အို… ဒါက ဘာလုပ်တာလဲ ဖယ်ပါ"

ထန့်နားရောက်လာပြီး ထန့်ကိုယ်လေးကို သူရင်ခွင်ထဲ ဆွဲယူလိုက်သူကို ထန် မရုန်းသာရုန်းတော့ မဏ်က ရယ်သည်။

"ချစ်လို့ လက်ထပ်ထားတာနော်၊ ရုန်းနေလည်းအပိုပဲ ထန်က ကိုယ့်မိန်းမ"

"အဲဒါ ဘာဖြစ်လဲ"

"ချစ်တယ်လို့ပြောတာ"

"ရှင်နော်… ဖယ်စမ်းပါဆို"

"အခုမှ မရတော့ပါဘူး"

"လာ… ကိုယ့်ရင်ခွင်ထဲမှာပဲနေ"

"မဏ်နော်"

"အို"

နူးညံ့သိမ်မွေ့သော မင်္ဂလာချစ်ခရီးက ထန့်ကို ရင်ခုန်သံပြင်းပြင်းဖြင့် သိမ်းကျုံးညှို့ငင်သွား၍ သူခေါ်ဆောင်ရာ ကမ္ဘာသစ်သို့ ထန်ကိုယ်တိုင် သူမကိုယ်သူမ မသိလိုက်ဘဲ စီးမျောလိုက်ပါသွားမိသည်။

"သိပ်ချစ်တယ် ထန်ရယ်၊ မင်းဘာဖြစ်လို့ ကိုယ့်ကို မုန်းနေရတာလဲ"

"မသိဘူး"

"ကောင်းပြီ၊ ထန်မသိသေးတဲ့ အမုန်းကို အချစ်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲပေးဖို့ ကိုယ် တာဝန်ယူပါတယ်''

အချစ်ကြောင့် ပွင့်သောယန်းတို့ တစ်ကမ္ဘာလုံး ပြည့်လျှမ်းသွားသည်။ နောက်ဆုံးတော့ ထန်နားခိုရာ အချစ်ကမ္ဘာမှာ မဏီ ရင်ခွင်ဖြစ်သွားသည်။

''ထန်''

''ဟင်''

''ကိုယ့်ကို သားသားမီးမီးတွေ အများကြီးမွေးပေးနော်''

''အို''

ထန်ရှက်သွားတာမြင်တော့ မဏီက ထန့်ပါးကို ခပ်ဖွဖွ ရှိုက်နမ်း၍ ချစ်မြတ်နိုးစွာ ရယ်သည်။

''ဒါ ရှက်စရာမဟုတ်ပါဘူး ထန်ရဲ၊ ကိုယ်က တစ်ဦးတည်း သောသားဘဝကလာတာဆိုတော့ ကိုယ့်မှာ ညီအစ်ကိုမောင်နှမ မရှိဘူး၊ သိပ်အထီးကျန်ဆန်ခဲ့ရတာ ထန်သိမှာ မဟုတ်ဘူး''

''ကိုယ်အိမ်ထောင်ပြုခဲ့ရင် ကိုယ့်သားသမီးတွေ ကိုယ့်လို တစ်ယောက်တည်း အထီးကျန်ဘဝမျိုး ဘယ်တော့မှ မဖြစ်စေရဘူးလို့၊ အဲဒီအချိန်ကတည်းက ကိုယ်ဆုံးဖြတ်ချက်ချခဲ့တာ''

''ကိုယ်ပြောတာ ထန် နားလည်လားဟင်''

''မလည်ဘူး''

''ကြည့်စမ်း… ကိုယ့်ကိုညာတဲ့ ကောင်မလေး… လာခဲ့''

မဏီရင်ခွင်ထဲ ထန်ကိုယ်လေး နစ်သွားသလို ရယ်မောလိုက်သည့်အသံက ထန်တို့ မင်္ဂလာဦးအိပ်ခန်းကျယ်ကြီးထဲ လှပစွာစီးမျော၍ မဏီကိုယ်ပေါ် ကျရောက်သွားသည်။ အဆက်မပြတ် ရောက်ရှိလာသည့် ထန့်လက်သီးဆုပ်ကလေးများကြောင့် မဏီထံမှ





သာယာရွှင်ပျစွာ မဏီအစီအစဉ်ဖြင့် ထန်တို့ ဟန်နီးမွန်းခရီးကို ဟာဝိုင်ရီကို သွားကြသည်။ အိပ်မက်မဟုတ်သော ထန့်၏ လက်တွေ့ဘဝမှာ မဏီက ထန့်ကို ဘာတစ်ခုမှ တွေးနေချိန်မရအောင် အရာအားလုံးကို သူကချည်း ဦးဆောင်သွား၍ ထန့်မှာ အာရုံ ပြန့်လွင့်ချိန်ပင် မရပါ။

မဏီမှာ အစီအစဉ်တွေ တစ်ခုပြီးတစ်ခုရှိနေသလို ထန် ထင်မှတ်မထားသည့် ပုံစံမျိုးဖြင့်လည်း ထန့်ထံမှ အချစ်ကိုရယူဖို့ ကြိုးစားသည့် နေရာမှာလည်း မဏီကို လိုက်မမီနိုင်သူရှိမည် မထင်ပါ။

''ကိုယ့်ကို ဘယ်တော့ပြန်ချစ်မှာလဲ ထန်''

''ထန် မသိဘူး''

''ထန်မသိပေမယ့် ကိုယ်က သိနေတယ်''

''ရှင်က ဘာကိုသိတာလဲ''

မဏီက ထန့်အမေးကို မဖြေဘဲ ထန့်မျက်နှာကို စိုက်ကြည့်ရင်း ပြုံးနေတော့ ထန့်ပါးလေးတွေ နီရဲပြီး မဏီအကြည့်ကို ရင်မဆိုင်ရဲအောင် ဖြစ်လာသည်။

''ထန် ရှက်နေပုံလေးက သိပ်လှတာပဲ''

''ရှင့်ကို အဲဒါပြောခိုင်းတာ မဟုတ်ဘူး''

''ကိုယ့်က ဘာပြောရမှာလဲ''

''ရှင်ပဲ ထန့်ကို သိတယ်ဆို''

''သိတယ်လေ၊ ထန်ဆိုတာ ကိုယ့်မိန်းမ ကိုယ့်ဇနီး''

''အဲဒါမဟုတ်ပါဘူး''

''ဒါဖြင့်ဘာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ဘူး"

ထန့်အဖြေစကားကို နားထောင်ပြီး မဏ်က ရယ်သည်။

"ကိုယ့်ကို စိတ်ကောက်တာပေါ့ ဟုတ်လား"

သူ့အမေးကို ထန်က မဖြေ။ နေရာက ထထွက်သွားတော့ သူက ထန့်လက်တစ်ဖက်ကို ဆွဲယူထား၍ သူ့နားက ရှေ့ဆက် မသွားနိုင်ဘဲ ဖြစ်သွားသည်။

"ထန့်လက်ကို လွှတ်ပါ"

"ထန် ဘယ်သွားမလို့လဲ"

"အဟွန်း… ဟွန်း… ဟွန်း"

"ဘယ်ဖြစ်ဖြစ်ဆိုရင် ကိုယ့်ရင်ခွင်ထဲမှာပဲနေ"

"မနေဘူး၊ ထန့်ကိုလွှတ်"

ထန့်ထံမှ အငြင်းစကားနှင့် ရုန်းကန်မှုက တကယ့် လက်တွေ့မှာ ဘာတစ်ခုမှ အရာရောက်ခြင်း မရှိပါ။ ထန့် လက်လေးကို သူ့အားနှင့် ဆောင့်ဆွဲယူလိုက်၍ လဲပြိုသွားသော ထန့်ကိုယ်လေးက မဏ်ရင်ခွင်ထဲက၊ သူ့စိတ်ကြိုက် ဆော့ကစားနိုင်သော ချစ်စရာ ယမင်းရုပ်လေး ဖြစ်သွားသည်။ ပြုဆင်းလာသော မဏ်ကိုယ်ကြီးကို ထန် မတားစီးနိုင်သလို လှိုက်လှဲပြင်းပြသည့် မဏ် အနမ်းတွေအောက်မှာ ထန့်တစ်ကိုယ်လုံး နစ်မြုပ်သွားသည်။ သူအလိုရှိရာကို ရယူသည့်နေရာမှာ မဏ်က လိမ္မာပါးနပ်သူ ဖြစ်သည့်အတိုင်း ထန့်ကို ဘာစကားမှ ဆိုခွင့်မပြုပါ။ အချိန်တိုင်း ရင်ခုန်သံမြန်အောင် စွမ်းနိုင်သူအဖြစ် ထန်ကလည်း မဏ်ကို အရှုံးပေးရသူ ဖြစ်သည်။

ပျော်စရာအကောင်းဆုံး ဟန်နီးမွန်းခရီးက မကြာလိုက်။





မဏ်အန်ကယ် ရုတ်တရက် ကွယ်လွန်သွား၍ ထန်တို့ အိမ်ကို ပြန်ခဲ့ကြသည်။

မေမေတို့ကို အကျိုးအကြောင်းပြောပြီး မဏ်နောက်သို့ ယောင်နောက်ဆံထုံးပါ ထန်လိုက်ခဲ့ရသည်။ မဏ်ကို မြင်တာနှင့် မဏ်အန်ကယ် ဦးစိုင်းမောင်ဇနီးက ဆောက်တည်ရာမရဖြစ်ပြီး အိုးခနဲ ငိုချလိုက်သလို တခြားသားသမီးတွေကလည်း မိခင်နှင့်အတူ ရောငိုကြသည်။ ဦးစိုင်းမောင် ဆုံးသွားတာ ဘာရောဂါမှမဟုတ်။ ဦးနှောက်သွေးကြောပြတ်ခြင်း ဖြစ်သည်။

သွားသူက သွားပြီဆိုတော့ ကျန်ရစ်သူတွေကပဲ စီစဉ်စရာရှိတာ ဆက်စီစဉ်ရသည်။ အရင်က မဏ်က စီးပွားရေးလုပ်ငန်းမှန်သမျှ သူ့အန်ကယ်ကို အားလုံးလွှဲထားသည်။ ဘာတစ်ခုမှ ပြန်လှည့်ကြည့်စရာ မလိုခဲ့ပေမယ့် အခုစီးပွားရေးကို ဦးဆောင်မည့်သူမရှိတော့ မဏ်ကိုယ်တိုင် ဦးဆောင်သူ ဖြစ်လာသည်။

နာရေးကိစ္စပြီးသည်နှင့် အလုပ်တာဝန်ဝတ္တရားတွေက မဏ်ထံ အားလုံးစုပြုရောက်လာသည်။ နားလည်တာတွေရှိသလို နားမလည်တာတွေလည်း ရှိသည့်အတွက် လက်ရှိအလုပ်လုပ်နေကြသည့် မဏ်ညီမဝမ်းကွဲ ဦးစိုင်းမောင်၏ သမီးအကြီးဆုံး လဝန်းသစ်နှင့်အတူ အလုပ်တွဲလုပ်ကြရသည်။ လုပ်ငန်းရှင်အများစုကလည်း ဦးစိုင်းမောင်နေရာမှာ တာဝန်ယူသည့် သူဌေးမဏ်ထံ ရောက်လာကြသည်။ ဝင်ကြထွက်ကြသည်။ အားလုံးထဲမှာ ထန် သတိထားမိတာက အသက်သုံးဆယ်ကျော်အရွယ် ပန်ဒိုရာဆိုသည့် ခေတ်မီရဲတင်းသော အပြင်အဆင်နှင့် အရောင်အသွေးစုံ အလှအပတို့ကို အရှိအတိုင်း ထင်းခနဲရှင်းခနဲ မြင်နေသော ဝတ်စားပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့် အမျိုးသမီးဖြစ်သည်။

မဏ်ထံလာလျှင် တစ်ခန်းလုံး ရေမွှေးနံ့တွေ သင်းပျံ့ ထုံအီနေရုံသာမက အလုပ်စကားပြောနေသည့် အချိန်မှာလည်း မဏ်အပေါ်ကို လိုအပ်တာထက် ပိုရင်းနှီးပြနေတတ်တာ သတိမထားမိဘဲ နေလို့မရ။

နှုတ်ခမ်းကို အရောင်ဖျော့ဖျော့ ဘယ်တော့မှမသုံး။ စိုလက်တောက်ပသော အနီရောင်ကိုသုံးသောလည်း ထူးခြားစွာ သူ့မျက်နှာနှင့် လိုက်ဖက်နေပြန်သည်။ ယောကျ်ားဖြစ်သူက သေဆုံးသွားသော်လည်း နောက်ထပ်အိမ်ထောင်သစ်မရှိဘဲ သူ့ဘာသာပျော်သလိုနေနေသူဖြစ်ကြောင်း လဝန်းသစ်မှတစ်ဆင့် ထန် သိခဲ့ရသည်။

သမီးတစ်ယောက်ရှိသော်လည်း အိမ်ထောင်နှင့်သားတွေ သမီးတွေနှင့် စီးပွားရေး ပြေလည်ကြသူများဖြစ်၍ ပြန်လှည့်ကြည့်စရာလည်း မလို။ သမီးကလည်း အမေနှင့်အတူမနေ။ သူ့ခင်ပွန်းနှင့် စင်္ကာပူမှာ နေကြသည်ဟု ဆိုသည်။ ပန်ဒိုရာသိုက်ဆိုသည့် မမကြီးက သမီးဆီ သွားလိုက်၊ ပြန်လိုက်နှင့် စီးပွားရေးလုပ်ငန်းမှာ ဦးဆောင်သူဖြစ်သည်။

"အဲဒီ သိုက်မမကြီးကို သတိထားနော် ထန်၊ သူက အစကတည်းက ကိုကိုမဏ်ကို ကြိုက်နေတာ။ အခုလည်း ကြည့်ပါလား··· နည်းနည်းအခွင့်အရေးရတာနဲ့ ကိုကိုနားက မခွာတော့ဘူး။ ကိုကို့မှာ မိန်းမရှိတာသိရက်နဲ့ သစ်တော့ အဲဒီမိန်းမကြီးကို ကြည့်မရပါဘူး မုန်းလွန်းလို့"

လဝန်းသစ်က ထန့်ကို ချစ်သည်။ ထန်နှင့် သက်တူရွယ်တူ





ဖြစ်၍ ပိုပြီးပေါင်းဖြစ်ကြသလို [illegible]တာကို ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်၍ ချစ်စရာကောင်း[illegible]။ ထန်ကတော့ လဝန်းသစ် ဘယ်လိုပြောပြော ပြုံးနေ[illegible]သဝန့်တို၊ မနာလိုစကားဆိုတာကို မဏ်ညီမဖြစ်[illegible]သစ်က ကြိုက်။

သူ့အစ်ကိုလို ပျိုတိုင်းကြိုက်နှင်းဆီကို ထန့်[illegible]ချင်သည်။ မနာလို ဖြစ်စေချင်နေသည်။ ထန်က [illegible] ဖြစ်စေချင်သလို မဖြစ်တော့ လဝန်းသစ်က ထန့်ကို [illegible]

"ထန့်ကိုကြည့်ရတာ ကိုကို့ကို သိပ်မချစ်သ[illegible]"

"ထင်လို့ပါ သစ်ရယ်"

"အံမယ်၊ သစ်ထင်တာ မဟုတ်ပါဘူးနော် မြင်နေတာ[illegible]"

"ကိုကိုက ထန့်ကိုမျက်စိအောက်က အပျောက်မခံတာ [illegible]တော့ ကိုကို့ ဘယ်သွားသွား ဘာလုပ်လုပ် ခပ်အေးအေး [illegible]ယ်လုပ်စရာရှိတာ ကိုယ်လုပ်နေလိုက်တာပဲ"

"ဒါကတော့ ကိုယ်က မိန်းကလေးပဲ အိမ်ထောင့်တာဝန် [illegible]ပွန်အောင် လုပ်ရမှာပေါ့၊ သစ်ကိုကို့ကို စိတ်မချလို့ဆိုပြီး [illegible]မ်အလုပ်တွေ မလုပ်ဘဲ သူသွားရာနောက် တကောက်ကောက် [illegible]ျာက်လိုက်နေလို့ ဖြစ်မလား"

"သိပ်ဖြစ်တာပေါ့၊ အရေးကြီးတာက 'ကိုကို့ကိုချစ်ဖို့ [illegible]န့်တဲ့အိမ်မှုကိစ္စဆိုတာတွေကို ခေါက်ထားလိုက်စမ်းပါ၊ ကိုကို [illegible]တ်ချမ်းသာအောင် ကိုကို့နားမှာပဲနေ"

"သစ်က တကယ့်ကလေးလေးကျနေတာပဲ"

ထန်က သူ့အစ်ကိုဘက်က ရှေ့နေလိုက်နေသော ယောင်းမ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူကို ကြည့်ပြီး သဘောကျစွာ ရယ်လိုက်တော့ သစ်ကလည်း လိုက်ရယ်သည်။ မှန်တာပြောရရင် သိပ်လှသည့်ထန့်ကို သစ်တို့ အားလုံးက ချစ်ကြသည်။ စိတ်သဘောထား ပြည့်ဝလှပပြီး သစ်တို့အားလုံးကို မိသားစုသဖွယ် သဘောထား၍လည်း ထန့်လို ယောင်းမရတာက ကံကောင်းသည်ဟု ဆိုရမည်။

မဏော်၏စီးပွားရေးကိစ္စမှာလည်း ဘာတစ်ခုမှ ဝင်မစွက်။ အနေအေးပြီး ရိုးသားသော ထန်က ထမင်းဟင်းချက်ပြုတ်ရာမှာ လက်ရာကောင်းပြီး အစားအသောက်ကို တစ်နေ့တစ်မျိုး မရိုးအောင် စီမံချက်ပြုတ်ရာမှာလည်း လိုက်မီသူ မရှိ။ အစ်ကိုဖြစ်သူ မဏော့်ကို မချစ်။ အစ်ကိုဖြစ်သူကသာ ထန့်အချစ်ကို မရမနေနိုင် ဖြစ်တာ ထန့်ကို သူ့သဘောနှင့်သူ လူကြီးချင်းသဘောတူမှုရအောင် ယူပြီး လက်ထပ်ခဲ့ဟာ အားလုံးသိကြ၍ ထန်အခုလို အစ်ကို ဖြစ်သူအပေါ်မှာ အေးစက်ပြနေတာကို သိပ်မကျေနပ်ချင်ကြ။

တခြားမိန်းမတွေလို ယောက်ျားဘယ်သွားသွား၊ ထန့်ကို အစ်ကိုဖြစ်သူနောက်လိုက်ပြီး မခွဲ တတွဲတွဲ မြင်ချင်တွေချင် နေကြသည်။ သို့သော် သစ်တို့ဖြစ်စေချင်သလို ဘာတစ်ခု မဖြစ်။

"ဟိတ်...ဘာတွေ ရယ်နေကြတာလဲ"

ထန့်တို့နားကို အလုပ်က ပြန်လာသည့် မဏော်ရောက်လာ၍ လဝန်းသစ်က အစ်ကိုဖြစ်သူကို မျက်စောင်းထိုးလိုက်သည်။

"ဘာရယ်ရမှာလဲ ကိုကို့အကြောင်း ပြောပြီးရယ်နေတာ ပေါ့"

"ကိုကို့အကြောင်း ဟုတ်လား"





သူ့အကြောင်းဆို၍ မဏော်က အံ့ဩသဘောကျစွာ ထန့်မျက်နှာလှလှလေးကို စိုက်ကြည့်ပြီး ခပ်ပြုံးပြုံး အမူအယာနှင့် ထန့်နားမှာ ဝင်ထိုင်သည်။

"ကိုယ့်အကြောင်း ဘာတွေပြောနေကြတာလဲ ထန်"

"ဘာမှမဟုတ်ပါဘူး၊ ဒီလိုပဲ စကားပြောနေကြတာ"

ထန်က မဏော့်အမေးကို ဒီလောက်ပဲဖြေပေမယ့် အနားမှာ အတူရှိနေသည့် လဝန်းသစ်က အားမရ။

"မဟုတ်ဘူး ကိုကို၊ သစ်က ထန့်ကို ဘာလို့ တခြားသူတွေလို သဝန်မတိုတာလဲလို့ မေးနေတာ"

"ဟုတ်လား ထန်"

"ကိုယ့်ကို ထန်က တခြားသူတွေနဲ့ သဝန်မတိုဘူးလား"

မဏော်က ထန့်မျက်နှာကို စိုက်ကြည့်ပြီး မေးတော့ ထန်ဘယ်လိုဖြေရမှန်းမသိ။ လဝန်းသစ်ပြောသလို မဏော့်ကို တခြားသူတွေလို သဝန်မတိုမိသည်က သေချာသည်။ သဝန်တိုလောက်စရာလည်း မရှိတာကိုဟု ဖြေချင်ပေမယ့် မောင်နှမနှစ်ယောက်စလုံးက ထန့်အဖြေကို သဘောကျမည်မထင်၍ မဖြေတော့ပါ။

"ထန်က ကိုကို့ကို တကယ်မချစ်ပါဘူး"

"ဟုတ်လား ထန်"

"သစ်ကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိဘူး"

"မှန်တာတွေ ပြောနေတာပေါ့ ထန်ရဲ့၊ သဝန်တိုမှ အချစ်လာ၊ အခု ထန်က ကိုကို့အပေါ် ဘယ်တုန်းက သဝန်တိုဖူးလို့လဲ"

"ဟုတ်တယ် သစ်ပြောတာမှန်တယ်၊ ကိုယ့်ကို ထန် သဝန်တိုတာ တစ်ခါမှ မတွေ့ဖူးဘူး။ ဘာလဲ သစ်ပြောသလို ကိုယ့်ကို



www.burmeseclassic.com

မချစ်လို့လား"

"ပြော"

"ရှင်နော်… ထန့်မှာ လုပ်စရာအလုပ်တွေ ရှိသေးတယ် ထန့်ကို ပြဿနာမရှာနဲ့"

"မရဘူး… ကိုကို၊ ထန့်ကို ရအောင်မေး၊ ကိုကို့ကို ထန် အခုချိန်ထိ မချစ်သေးရင် ကိုကိုညှဲ့လို့ပဲ သစ်သွားတော့မယ်"

လဝန်းသစ်က ထန်တို့နှစ်ယောက်ကို ရန်တိုက်ပေးပြီး လွှတ်လပ်ပေါ့ပါးစွာ သူ့အိမ်သူပြန်သွားနိုင်ပေမယ့် အိမ်ထဲမှာ နှစ်ယောက်တည်းကျန်ခဲ့သည့် မဏ်နှင့်ထန်မှာတော့ ရှင်းမရအောင် ရှုပ်နေသော ပြဿနာနှင့် နှစ်ယောက်တည်း ရှုပ်ပြီးကျန်ခဲ့သည်။

"ထန်"

"ဖယ်ပါ… ထန်အလုပ်သွားလုပ်မလို့"

"မလုပ်နဲ့၊ ကိုယ့်နားမှာပဲနေ"

"ပြော… ကိုယ့်ကို ဘာလို့ သဝန်မတိုတာလဲ"

"ရှင်နော် သစ်မြှောက်ပေးတာ နားထောင်ပြီး အဟုတ် ထင်မနေနဲ့၊ ဘာကိစ္စ ထန်က ရှင့်ကို သဝန်တိုရမှာလဲ"

ထန် စိတ်ရှုပ်စွာ ဆိုလိုက်တော့ မဏ်ကမရယ်မပြုံး မျက်နှာ နှင့် ထန့်မျက်နှာလှလှလေးကို စူးစိုက်ကြည့်နေ၍ ထန်အနေခက်လာသည်။ သဝန်တိုမှ အချစ်တဲ့။

မဏ်က ထန့်မျက်နှာကို စူးစိုက်ကြည့်ရင်း သူ့ကိုယ်သူ ပြောသလိုလို လုပ်နေ၍ ထန်သူ့ကိုမကြည့်ဘဲ မျက်လွှာချနေလိုက် သည်။

"ကိုယ်စကားပြောနေရင် ကိုယ့်မျက်နှာကိုကြည့်"





"ကြည့်နေတာပဲ"

ထန်က တစ်ခွန်းမခံ ပြန်ပြောပေမယ့် မဏ်မျက်နှာကို သေချာမကြည့်ပဲ မျက်စောင်းဝင့်လိုက်၍ မဏ်မှာ ထန့်အပြုအမူကို ကြည့်ပြီးအသည်းယားသွားသည်။

ဘာဖြစ်လို့ ထန် သူ့ကို သဝန်မတိုတာလဲ၊ ထိုအဖြေကို သူ သိချင်နေသည်။ အခုဆို အလုပ်တွေများသလို ပြဿနာတွေလည်း ရှုပ်နေသည်။ အန်ကယ်ဦးစိုင်းမောင်၏ စည်းစနစ်ကျသော လုပ်ငန်းလည်ပတ် စီးဆင်းမှုကြောင့် ဘာတစ်ခုမှ ဆိုးဆိုးရွားရွား ဖြစ်မသွားပေမယ့် အပြောင်းအလဲက တစ်ခုပြီးတစ်ခု ဖြစ်သည်။

မဏ်ကို အစကတည်းကက သဘောကျနေသူတွေက အိမ်ထောင်ရှိ မှန်းသိသိနှင့် ဖွတ်ဝင်တိုးနေကြတာတွေရှိသလို အရင်ရည်းစားတွေကလည်း မဏ်နှင့် ပြန်ဆက်သွယ်ချင်နေကြပေမယ့် မဏ်က ဘယ်သူ့ကိုမှ ဂရုမစိုက်။

သူ ဂရုစိုက်တာ၊ သူ စိတ်ဝင်စားတာက သူချစ်သော မြတ်နိုးသော ချစ်ဇနီးချော ထန်တစ်ယောက်တည်း ဖြစ်သည်။ ထန့်ကို ချစ်မိပြီးဆိုကတည်းက မဏ်မှာ ဟိုတုန်းကလို ပွေချင်ရှုပ်ချင်စိတ်မရှိတော့။ ကိုယ်ပိုင်မိသားစုဘဝလေးနှင့် ဘဝကို အေးချမ်းပျော်ရွှင်ကုန်ဆုံး ဖြတ်သန်းချင်တာပဲ ရှိတယ်။

မဏ်ဘဝမှာ အားလုံးပြည့်စုံသည်။ သူ့ဘဝမှာ လို ချင်တာ တစ်ခုပဲရှိသည်။ ထိုအရာကလည်း တခြားမဟုတ်၊ ထန့်ထံမှ အချစ်နှင့် ထန်ကသူ့အပေါ် မြတ်နိုးမှုဖြစ်သည်။

မဏ်ချစ်သလို ထန်က သူ့ကို ချစ်စေချင်သည်။ မြတ်နိုးစေချင်သည်။ အခုတော့ ထန့်ပုံစံက ညီမငယ် လဝန်းသစ် ပြော



www.burmeseclassic.com

www.burmeseclassic.com



သလို သူဘာလုပ်လုပ်၊ ဘာတစ်ခုမှ စိတ်မဝင်စားသလို၊ ဘာမှ မခံစားရသလိုလို အေးစက်စက်လုပ်နေတာကို မဏ်ကိုယ်တိုင် လည်း သဘောမကျ။ ထန့်ကို သူနဲ့ပတ်သက်ပြီး ခံစားချက် တစ်ခုခုရှိနေစေချင်သည်။ မနာလိုတာတွေ သဝန်တိုတာတွေ ဖြစ် စေချင်ပေမယ့် ထန့်ဘက်က သူဖြစ်စေချင်တာတွေ ဘာဆိုဘာမှ မဖြစ်။

နောက်ဆုံး ညီမလဝန်းသစ်ပင် သူတို့အဖြစ်ကို ရိပ်မိသွား သည်ဆိုတော့ ညီမပြောသလို မဏ်ဆိုတာ မိန်းမတစ်ယောက် သူ့အပေါ်မနာလိုဝန်တိုဖြစ်လာအောင် မစွမ်းနိုင်တော့ဘူးလား။ သူ့ဘက်က ညှဲ့လိုဟု ညီမပြောသလို ဖြစ်နေပြီလားဆိုသည့် အတွေးနှင့် ထန့်မျက်နှာလေးကို စိုက်ကြည့်ပစ်လိုက်သည်။

"ကိုယ့်ကို ချစ်လား ထန်"

"ထန် မသိဘူး"

"အဟွန်း… ဟွန်း… ဟွန်း"

သူ နာကြည်းစွာ ရယ်လိုက်သည်။

"အခုချိန်ထိ ကိုယ့်ကို ထန်မချစ်သေးဘူးပေါ့ ဟုတ်လား"

သူ့အမေးကို ထန်က မဖြေတော့ မဏ်ရင်ထဲ ပိုခံစားသွားရ သည်။ အစကတည်းက ထန် သူ့ကို လက်ထပ်ခဲ့တာ ချစ်လို့ မဟုတ်၊ အသွားစကားကို မငြင်းဆန်ချင်လို့။ သူ့ဘက်က ထန့်ကို လက်ထပ်ပြီး တစ်နေ့ချစ်လာမှာပါဆိုပေမယ့် ထန့်ဘက်က သဘောထားက အခုချိန်ထိ မပြောင်းလဲတော့ သူရင်နာသည်။

"ကောင်းပြီ၊ အခုချိန်ကစပြီး ထန် စိတ်ချမ်းသာအောင် နေပါ၊ ကိုယ်လည်း ကိုယ်စိတ်ချမ်းသာအောင်နေမယ်"





"ထန် သွားလို့ရပြီ"

မဏ်ထံမှ ခွင့်ပြုချက်ရသည်နှင့် ထန်သူ့နားက ထွက်သွား ပေမယ့် မဏ်ကို ဘာစကားမှ ပြောမသွား။ မဏ်က ထန့်အပေါ် ချစ်မြတ်နိုးသမျှ ထန်က မဏ့်အပေါ်မှာ ရက်စက်နိုင်သူ၊ ဥပေက္ခာ ပြုနိုင်သူအဖြစ် မဏ့်နှလုံးသားကို ခံစားနာကျင်စေသူ ဖြစ်သည်။

"ကိုယ် အပြင်သွားဦးမယ်"

"ဘယ်ကိုလဲ"

"အလုပ်"

သူ ဒါပဲပြောလိုက်သည်။

ထန်ကလည်း ထပ်မမေးတော့။ ကားကို တအား မောင်း ထွက်ခဲ့သည်။ တကယ်တော့ သူ ဘယ်မှမသွားချင်။ အိမ်မှာပဲ အေးအေးဆေးဆေး အနားယူချင်နေသည်။ တစ်နေ့လုံး အလုပ်မှာ ပင်ပန်းခဲ့ပြီးပြီ။ နောက်ထပ် အပင်ပန်းမခံချင်ပေမယ့် ရင်ထဲမှာ ာနေတော့ အိမ်မှာ ဆက်မနေချင်။ ခြေဦးတည်ရာ ကားကို လျှောက်မောင်းနေမိသည်။

"တီး… တီး"

သူ ကားမောင်းနေတုန်း ဖုန်းက အသံမြည်လာသည်။ အစ တုန်းကတော့ ဘယ်သူ့ဖုန်းဖြစ်ဖြစ် မကိုင်ဘဲနေမည်ဟု စဉ်းစား ထားပေမယ့် ဖုန်းက မရပ်မနား ခေါ်နေတာနှင့် နားကျပ်သ ်ပြီး ားထောင်လိုက်သည်။

"ဟဲလို"

"မဏ်လား… သိုက်ပါ"

"ဟုတ်ကဲ့ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်လာသူက ပန်ဒိုရာသိုက် ဖြစ်နေ၍ သူ သက်ပြင်းချလိုက်သည်။ လောကမှာ လူအမျိုးမျိုးရှိသည်။ ထိုသူတွေထဲမှ ပန်ဒိုရာသိုက်ဆိုသည့် မမကြီးလည်း ပါသည်။ မဏ်ကို ပုံစံအမျိုးမျိုးနှင့် ချဉ်းကပ်နေသူက ငွေကိုလိုချင်တာလည်း မဟုတ်၊ စိန်ကိုလိုချင်တာလည်း မဟုတ်။ သူလိုချင်တာက မဏ်။

ဒါကို မဏ်သိသလို အားလုံး သိသည်။ မဏ့်ဘက်က ဘာတစ်ခုမှ ပေးစရာမလို။ ပန်ဒိုရာသိုက်ဘက်က မဏ့်ကို လိုချင်တာ မဏ်ဖြစ်ချင်တာ ဖြစ်ရမည်ဟု ကတိစကားတွေ ဆိုနေလိုက်သေးသည်။ မဏ့်ဘက်က သူမကို တစ်ခုတည်း ပြန်ပေးဆပ်ရမည်။ ဒါက မဏ့်အချစ်။ မဏ့်ခန္ဓာကိုယ် ဖြစ်သည်။

တခြားယောကျ်ားဆို ဒီလိုအခွင့်အရေးမျိုး သဘောကျကြမည်ထင်သည်။

မဏ်မှာတော့ ထန်ရှိသည်။

ထန်ကလွဲပြီးတော့ ဘာကိုမှ စိတ်မဝင်စား။ သူလိုချင်နေတာကလည်း ထန့်အချစ်၊ ထန့်မေတ္တာ။ တခြားသူတစ်ယောက်နှင့် ပတ်သက်ဖို့ မဟုတ်။ ဒီတော့ ပန်ဒိုရာသိုက်နှင့် အပျော်သဘောအရကလွဲပြီးတော့ တခြားပုဂ္ဂိုလ်ရေးအရ ရင်းနှီးပတ်သက်မှု မရှိအောင် သီးသန့်နေသည်။ သီးခြားဆက်ဆံသည်။

ဒါကိုပဲ သူ့ဘက်က အသည်းယားနေသလား မသိ။ ဖွတ်အတင်း ပတ်သက်မှုတွေ အများကြီး သူ့ဘက်က ဖန်တီးလာပေမယ့် ကင်းကင်းနေလို့ မရနိုင်သည့် အပျော်သဘောထားတွေအောက်မှာ အပြုံးမပျက် အရာရာကို သည်းခံပြီး မသိချင်ဟန်ဆောင်နေခဲ့ရသည့်အကြိမ်တွေ ဘယ်လောက် ရှိနေပြီလဲ။





ကိုယ့်ဘက်က အနေမှန်နေသမျှ ဘာမှမဖြစ်။ ခြေတစ်လှမ်းမှားတာနှင့် ပြန်နုတ်၍ မရအောင် ကျွံကျသွားမှာကို သဘောပေါက်နားလည်ထား၍ သူ့ဘက်က အထူးသတိထားပြီး ဆက်ဆံပြောဆိုနေရတာကိုက သူ့အလုပ်ဖြစ်သည်။

"ညစာပါတီပွဲကို မလာတော့ဘူးလား မဏ်ရယ်၊ သိုက်က မဏ်အလာကို စောင့်နေတာ၊ ဒီပွဲက လူစုံတယ် မဏ့် လာဖြစ်အောင် လာခဲ့ပါလား မဏ်ရယ်"

"လာမှာလားဟင်"

သူအစက မသွားတော့ဟု ဆုံးဖြတ်ထားပေမယ့် အခုတော့ စိတ်ထဲမှာလည်း ထွေနေသည်။ ပြီးတော့ ပြောစရာစကားလေးတွေရှိနေ၍ သူ့ကားကို ပန်ဒိုရာသိုက်အိမ်ရှိရာဘက်သို့ ဦးတည်လှည့်ကွေ့လိုက်သည်။

"ကျွန်တော် အခုလာနေပြီ သိုက်"

"သင့်ခ်ယူး"

"သိုက် ဖုန်းချလိုက်ပြီနော်"

"အိုကေ"

ပါတီပွဲကို သူရောက်သွားတော့ ပွဲက ထင်ထားတာထက်ပိုပြီးစည်ကားနေသည်။ ပွဲက လူငယ်တွေချည်း စုစည်းထားသောပွဲလိုဖြစ်နေပြီ အများစုမှာ ဆယ်ကျော်သက်အရွယ်လေးများ ဖြစ်နေတာကို သတိထားမိလိုက်သည်။ မြူးကြွသော တီးလုံးအလိုက် လှုပ်ရှားလှုပသော ရောင်စုံမီးလုံးတွေက အလင်းအမှိတ်စည်းချက်တွေနှင့် ဝေဆာလှပနေ၏။

"ဟော့... မဏ်"

www.burmeseclassic.com



"သြော်… အင်ကြင်း"

အရင်က ပတ်သက်ခဲ့သည့် ရည်းစားဟောင်းက လှပစွာ မဏ့်နား ရောက်လာသည်။

"ဘယ်လိုလဲ မဏ် တစ်ယောက်တည်းလား"

"မြင်တဲ့အတိုင်းပဲ"

"ဇနီးချောလေးကိုထားပြီး သူ့ကိုယ်သူ လူပျိုလုပ်လာတယ် ပေါ့ဟုတ်လား"

"တစ်ခါတည်းပါ"

"ခစ်… ခစ်"

"မဏ်ကတော့ အရင်အတိုင်းပဲ သိလား၊ ဘာတစ်ခုမှ မပြောင်းလဲဘူး"

"အင်ကြင်းလည်း ပိုလှလာတယ်"

"ဒီစကား ရှင့်ဇနီးကြားသွားလို့ မဖြစ်ဘူးနော် မဏ်"

"ဖြစ်ပါတယ် သူက ကိုယ်ဘာလုပ်လုပ် ခွင့်လွှတ်ပြီးသား"

ပြောပြီး သူရယ်လိုက်သည်။

တကယ်တော့ ထန်က ဘာလုပ်လုပ် ခွင့်လွှတ်ထားခြင်း မဟုတ်။ စိတ်မဝင်စားခြင်းဖြစ်သည်။ ဒါကို ဘယ်သူမှ မသိပေမယ့် မဏ်သိသည်။ အခုတော့ ညီမဖြစ်သူ လဝန်းသစ်ကပါ ထန့်သဘောထားကို ရိပ်မိသွားပြီ မဟုတ်လား။

အင်ကြင်းနှင့်အတူတွဲပြီး တစ်ပွဲပြီးတစ်ပွဲ ကသလို အရက်တွေလည်း တစ်ခွက်ပြီးတစ်ခွက် သောက်နေမိသည်။ ဘယ်သူကမှ မဏ်ကို တားမည့်သူ မရှိ။ မြှောက်ပင့်ပေးမည့်သူပင် ရှိ၍ မဏ်တစ်ယောက် စိတ်လွှတ်ကိုယ်လွှတ် ဖြစ်ချင်တိုင်း ဖြစ်နေ





သည်။

"ဟေး… မဏ်… ယူ့သောက်တာများနေပြီနော်၊ တော်ကြာ ကားမမောင်းနိုင်ဘဲ နေဦးမယ်"

"ကိုယ် ကားမမောင်းနိုင်ရင် [illegible]"

"ယူ့အမျိုးသမီးနဲ့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် သူက အင်ကြင်းကို [illegible] နေဦးမှာ"

အစတုန်းက ဤမျှသောက်ဖို့ ရည်ရွယ်ချက် [illegible] တော့ ထန့်ကို အရွဲ့တိုက်ချင်တာနှင့် မရည်ရွယ်ဘဲ ပို[illegible] သွားသည်။ အချိန်တွေ ဘယ်လောက်ကြာသွားမှန်းမသိ၊ [illegible] တွေနှင့် ဘယ်လိုပြောမိမှန်း ဘာတွေလုပ်မိမှန်းမသိ။ [illegible] ဘာတစ်ခုမှ မမှတ်မိပေမယ့် အင်ကြင်း သူ့ကို ကားမောင်းပြီး အိမ်ပြန်လိုက်ပို့တာကိုတော့ မဏ် မှတ်မိသည်။

အိမ်မှာ အိမ်ဖော်ကောင်မလေးနှင့် ဒေါ်ဦးရှိပေမယ့် သူပြန်လာတာကို စောင့်နေသူက ထန်တစ်ယောက်တည်း ဖြစ်သည်။ အိမ်ရှေ့မှာ ကားရပ်ပြီး ဆင်းလာတော့ ထန် ထင်ထားသလို မဏ် မဟုတ်။ ကားမောင်းသူနေရာက ခေတ်မီလှပသော အပြင်အဆင်တွေနှင့် ပြင်ဆင်ထားသည့် မိန်းကလေးတစ်ယောက်ကို တွေ့သည်။ ကားမောင်းသူနေရာက ဆင်းလာတော့ အင်ကြင်းကလည်း အရက်မူးနေသည့် မဏ်ကိုယ်ကြီးကို မနိုင်မနင်းတွဲပြီး ထန်ရှိရာ ခေါ်လာသည်။

"တို့နာမည် အင်ကြင်း… ဒီမှာ ယူ့အမျိုးသား မူးလာလို့ ကားမမောင်းနိုင်လို့ တို့က လိုက်ပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်. မအင်ကြင်း"

"ရတယ် ဒီလောက်တော့ တို့အတွက်က မိုင်နာပါ၊ ဒါမေ မယ့် ယူတို့ကားကိုတော့ တို့ယူသွားမှ ဖြစ်မှာနော်၊ မနက်ကျမှ ဒရိုင်ဘာကို လာပို့ခိုင်းလိုက်မယ်"

"ယူသွားပါ မအင်ကြင်း"

"အိုကေ"

"ဒါဆိုသွားပြီ"

"ဘိုင့်"

အင်ကြင်းက ပေါ့ပါးစွာ မဏ်ကိုယ်ကြီးကို ထန့်လက်ထဲ ထိုးအပ်ပြီး မဏ်ကားကို ဝေါခနဲ မောင်းထွက်သွားသည်။ ထန့်မှာသာ မဏ်ကိုယ်ကြီးကို မနိုင်မနင်း တွဲယူရင်း အိပ်ခန်းရှိရာ မနည်းရောက်အောင် ကြိုးစားလိုက်ရသည်။

တစ်ခါမှ မဏ် အရက်မူးတာကို မမြင်ဘူး။ အခု မဏ်ဖြစ်နေပုံက ရုပ်ပျက်ဆင်းပျက်၊ မဏ်ကိုယ်ကြီးကို အိပ်ရာပေါ် ပစ်ချလိုက်တော့ အရှိန်မထိန်းနိုင်ဘဲ ထန့်ကိုယ်လေးပါ မဏ်နှင့်အတူ လဲပြိုသွားသည်။

"ထန်"

သူ့ထံမှ အချစ်မူးသံ၊ အရက်မူးသံနှင့်အတူ ထန်ကိုယ်လေး သူ့ရင်ခွင်ထဲ ရောက်သွားသည်။

"ထန့်ကိုလွှတ်"

"ဘာဖြစ်လို့လဲ"

"ရှင့်လို အရက်မူးသမားနဲ့ အတူမအိပ်နိုင်လို့"

ထန်က ရန်းပေမယ့် သူက မလွှတ်။





"ဒီတစ်ခါတည်းပါ၊ ထန်မကြိုက်ရင် နောင် [illegible] တော့ဘူး"

"မပြောနဲ့ ဘာမှမကြားချင်ဘူး"

"မပြောဆို မပြောဘူး"

"ဂျောက်"

"အို"

မဏ်က အခန်းမီးကို ဆွဲပိတ်လိုက်၍ တစ်ခန်းလုံး အမှောင်အတိကျသွားသလို ထန်ထံမှ စကားသံလေးများလည်း ပျောက်ဆုံးသွားသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

နာရီလက်တံတွေ တရွေ့ရွေ့ လည်ပတ်သွားသည်။ ညဉ့်နက်နေပြီ မဏ် အခုချိန်ထိ မဏ် ပြန်မလာသေး။ အခုလို ညတိုင်း အိမ်ပြန်နောက်ကျနေတာ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်။ တစ်ပတ်တိတိရှိပြီဆိုတော့ ထန့်ရင်ထဲက သည်းခံနိုင်မှုအတိုင်းအတာ ကုန်ဆုံးလာသည်။

အကြောင်းအရာ မဲ့မယ်ရရ မရှိဘဲ ထန်တို့နှစ်ယောက် စကားမပြောဖြစ်ကြတော့ပါ။ မဏ်ကလည်း သူ့အလုပ်ကို အကြောင်းပြပြီး မနက်စောစော ထွက်၊ ညမိုးချုပ်မှ ပြန်လာသည်။ ပြန်လာတိုင်းလည်း ရိုးရိုးအိမ်ပြန်လာခြင်းမျိုး မဟုတ်။ အရက်မူးပြီး သူနှင့်အတူ အမျိုးသမီးတစ်ယောက်မဟုတ် တစ်ယောက်အမြဲ ပါလာတတ်ခြင်းမျိုး ဖြစ်သည်။

တစ်ခါတလေ မဏ်၏ကားနှင့်ဖြစ်သည်။ မဏ့်ကို လိုက်ပို့ပြီး မဏ့်ကားကို ယူသွားကြသည်။ နောက်နေ့မှ ဒရိုင်ဘာနှင့်





ပြန်ပို့သည်။ တစ်ခါတစ်ရံကျတော့ မဏ်က သူ့ကားကို တစ်နေရာမှာ ထားခဲ့ပြီး တခြားအမျိုးသမီးကားနှင့် လိုက်လာခြင်း ဖြစ်သည်။

မဏ်နှင့်ပါလာသူအားလုံး အချောအလှတွေချည်းဖြစ်ပြီး အားလုံး အလန်းဇယားတွေချည်း ဖြစ်သည်။ မဏ် ပြန်အလာကို စောင့်နေသည့် ထန့်ကို ပြုံးရယ် နှုတ်ဆက်ကြပြီး မဏ်နှင့်ကျတော့ ဖက်ပြီး တရင်းတနှီးအနေအထားမျိုး ဖြစ်သည်။ ဒီညတော့ ထန့်ရင်ထဲက ခံပြင်းဒေါသကို အပြတ်ရှင်းမည်ဟု စဉ်းစားထားသည့်အတိုင်း မဏ်ပြန်အလာကို သည်းခံပြီး စောင့်နေလိုက်သည်။

"တီ"

ကြာကြာမစောင့်လိုက်ရ။

မဏ့်ကားသံကို ထန် ကြားလိုက်ရသည်။ ထုံးစံအတိုင်း သူ့ကားပေါ်မှာ မိန်းကလေးတစ်ယောက် ပါလာသည်။ သူတို့ ဘာလုပ်မလဲဆိုတာ ထန်က အေးအေးနှင့် လက်ပိုက်ကြည့်နေသည်။

လုပ်စမ်း...။ ဘယ်လောက်အထိ ထန့်ကို ဒီလိုအရှုံးမိုးချိုးနိုင်မှာလဲ။ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ထန် ဘယ်လိုနားလည်ရမှန်း မသိပေမယ့် မဏ်လုပ်နေပုံကိုတော့ ထန့်ဘက်က မခံစားနိုင်။ မဏ်နှင့် သူ့အဖော် မိန်းကလေး နှုတ်ဆက်ပြီးသည့်အထိ ထန် ကြည့်နေလိုက်သည်။

ရှိစီဆိုသည့် မိန်းကလေးက မဏ့်ကားကိုယူပြီး ထွက်သွားတော့ မဏ်နှင့်ထန် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

"မအိပ်သေးဘူးလား ထန်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို စောင့်နေတာ"

"ကိုယ့်ကို မစောင့်နဲ့လို့ ကိုယ်မှာထားတယ်လေ"

"ရှင့်ကို ထန်ပြောစရာရှိလို့"

"မနက်ကျမှ ပြောရောပေါ့ ထန်ရယ်"

"မနက်အထိ မစောင့်နိုင်လို့ပေါ့ရှင်"

"ဘာစကားတွေ ပြောမှာမို့လဲ"

"ရှင့်ကို ထန်မပေါင်းနိုင်တော့ဘူး၊ အခု ကွာရှင်းပေးပါ"

ထန့်စကားကြောင့် အိမ်ခန်းထဲဝင်နေသည့် မဏ်ခြေအစုံ ရပ်သွားကာ ထန့်မျက်နှာကို စေ့စေ့ပြန်ကြည့်သည်။

"ကိုယ့်ကို ထန် ဘယ်လိုပြောလိုက်တယ်"

"ထန့်ကို ကွာရှင်းပေးပါလို့ ပြောတာ"

"ကိုယ်ကလား"

"ဟုတ်တယ်"

ထန့်လေသံက မာသလို ထန့်မျက်နှာကလည်း တင်းမာနေတာကြည့်ပြီး မဏ်က မပြုံးမရယ်၊ ထန့်ကို စိုက်ကြည့်ပစ်သည်။ ထန်ကလည်း မျက်တောင်မခပ် မဏ်ကိုပြန်ကြည့်နေပုံမှာ ရဲရင့်မှုတွေ သတ္တိရှိမှုတွေ အပြည့်နှင့်ဖြစ်သည်။

"အကြောင်းပြချက်က ဘာလဲ ထန်"

"ရှင့်လိုလူကို ဆက်မပေါင်းချင်တော့လို့"

"ကိုယ့်ကို ဆက်မပေါင်းချင်အောင် ကိုယ်က ဘာလုပ်နေလို့လဲ"

"ရှင် အရက်သောက်ပြီး မိန်းမပေါင်းစုံနဲ့ နေချင်သလို၊ နေသွားချင်သလိုသွားနေတာ ထန် လက်မခံနိုင်ဘူး"





"ကိုယ့်ကို သဝန်တိုတာလား"

"ဘာမှမဆိုင်ဘူး"

"သိပ်ဆိုင်တာပေါ့"

"ထန် အခု ကိုယ့်ကို ပြောနေတဲ့စကားက သဝန်တိုတဲ့ စကားတွေပဲ"

"ရှင်ဘာထင်ထင် ထန် ဂရုမစိုက်ဘူး၊ ထန်မနက်ဖြန် ရန်ကုန်အိမ်ကို ပြန်မယ်... ဒါပဲ"

"ထန်"

မဏ်က ထန့်အမည်ကို ခေါ်ပေမယ့် ထန်က လှည့်မကြည့် အိပ်ခန်းထဲဝင်ပြီး တံခါးကို သော့ခတ်ပစ်လိုက်၍ မဏ်တစ်ယောက်တည်း အခန်းအပြင်မှာ ကျန်ခဲ့သည်။

"ကိုယ့်ကို တံခါးဖွင့်ပေးပါဦး ထန်"

"ကိုယ်တစ်ယောက်တည်း အပြင်မှာ မအိပ်တတ်ဘူး"

"ထန်"

"ထန် တံခါးမဖွင့်မချင်း ထန့်ကို အခန်းအပြင်က အော်နေမှာနော်"

မဏ် ဘာပြောပြော ထန်က မလှုပ်။

အချိန်ကလည်း ညဉ့်နက်လှပြီဖြစ်သလို ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်နေ၍ မဏ်အသံက လိုအပ်တာထက် ပိုကျယ်သလိုဖြစ်နေ၏။

"ထန်"

"အချစ်"

"ကိုယ့်ကို တံခါးဖွင့်ပေးပါဦး"



www.burmeseclassic.com

ထန်က မဏ် ဘာပြောပြော ဂရုမစိုက်။

သူမ အဝတ်တွေကောက်သိမ်းပြီး သေတ္တာထဲထည့်နေသည်။ ရင်ထဲမှာ နာနေသည်။ ဘာကြောင့် ဒီလိုလူနဲ့ လက်ထပ်ဖို့ ကံကြမ္မာက ဖန်တီးရမှန်းလည်း တွေးမရ။

ပြောတော့ ထန့်ကိုချစ်သည်၊ မြတ်နိုးလှပါသည်တဲ့။ လုပ်နေပုံကတော့ တစ်ခုမှ အချိုးမပြေ။ ထန့်ကို တမင်ပညာပေးနှိပ်စက်နေတာနှင့် အတူတူဖြစ်သည်။ ထန့်မှာ နုနုငယ်ငယ် မိန်းမသားဖြစ်သည်။ လင့်မျက်နှာကို တစ်ရွာထင်ပြီး ယောကျ်ားမျက်နှာတစ်ခုတည်းနှင့် မိသားစုကိုထား၍ တစ်ယောက်တည်း အားငယ်နေရတာကို ညာတာရကောင်းမှန်းမသိ။ အကြင်နာ ကင်းမဲ့လွန်းသော သူ့အပြုအမူတွေကို ထန် ပိုမုန်းမိသည်။

စိတ်လည်းပျက်၊ စိတ်လည်း ကုန်သည်။ အဲခန်းအပြင်က မဏ့်အသံ ပျောက်သွားသည်။ မူးမူးရူးရူးနှင့် ဘယ်နေရာ သွားအိပ်နေပြီ မသိ။ သိလည်း မသိချင်။ သူနှင့်အဝေးဆုံးကိုသာ ပြေးထွက်သွားချင်နေသည့်စိတ်သာ ထန့်ရင်မှာ ကြီးစိုးနေ၏။ ထန် တစ်ယောက်တည်း ပြန်လာရင် မေမေနှင့်အဘွားက ဘာပြောကြမည်မသိသော်လည်း ရေငုံနှုတ်ပိတ်နေရန် ဆုံးဖြတ်ထားသည်။

ခါးသီးဆိုးရွားသည့် ထန့်ရင်ထဲက ခံစားချက်ကို ထုတ်မပြောချင်သလို မဏ်၏ အနေအထိုင် အပြုအမူပေါ်မှာလည်း ဘာတစ်ခုမှ မဝေဖန်ချင်။ သူလည်း သူစိတ်ချမ်းသာသလိုနေ၊ ထန်လည်း ထန့်မိသားစု ထန့်အသိုင်းအဝိုင်းမှာ စိတ်ချမ်းသာအောင် နေချင်သည်။

"ကျွီး"





"ဒေါက်"

"ထန်"

"ဟင်… ရှင်ဘယ်လိုလုပ်ပြီး ထန့်အခန်းထဲ ဝင်လာတာလည်း အခုထွက်သွားပါ"

ကိုယ့်အတွေးနှင့် ကိုယ့်အဝတ်တွေ သိမ်းဆည်းနေသည့် ထန့်ရှေ့သို့ အိပ်ခန်းတံခါးဖွင့်ပြီး မားမတ်စွာ ရောက်လာသည့် မဏ်ကြောင့် ထန့်ဒေါသလေးများ ထွက်သွားသည်။

"ကိုယ့်မှာ သော့ပိုတစ်စုံရှိတာ ထန်မေ့နေပြီလား…"

"ကြည့်ပါဦး… အဝတ်တွေ အားလုံးသိမ်းနေလိုက်တာ ကိုယ့်ကို တကယ်ထားပြီး သွားတော့မယ်ပေါ့ ဟုတ်လား"

မဏ့်ပုံစံက သူ့မှာ ဘာအပြစ်မှမရှိသလို နွံးညှံ့သိမ်မွေ့မှုတွေနှင့် အေးအေးချမ်းချမ်း ရှိနေပေမယ့် ထန့်မှာတော့ သူနှင့်ဆန့်ကျင်ဘက်ဝေဒနာတွေနှင့် မဏ်မျက်နှာကို မကြည့်ချင်တော့အောင် စိတ်ပျက်စိတ်ကုန်နေသူ ဖြစ်သည့်အတိုင်း ထန့်ရှေ့ကို သူရောက်လာတာနှင့် အကြည့်ကိုလွှဲပြီး ချက်ချင်းကျောခိုင်းပစ်လိုက်သည်။

"ထန်"

မဏ်ခေါ်ပေမယ့် ထန် မထူးပါ။

ကျောခိုင်းအနေအထားနှင့် သူမ သိမ်းစရာရှိတာတွေကို ဆက်သိမ်းနေ၍ မဏ်က ထန်သိမ်းပြီးသား အဝတ်တွေ ပြန်ဖုတ်ကာ အဝတ်ဗီရိုထဲ ပြန်ထည့်နေ၏။

"ဘာလို့ ထန်က မပြန်ရမှာလဲ၊ ရှင်လည်း ရှင်သဘောကျနေ၊ ထန်လည်း ထန်သဘောကျနေမယ်၊ ထန့်ကို ဘာကိစ္စနဲ့မှ

www.burmeseclassic.com



ရှင့်ဘက်က တားပိုင်ခွင့် မရှိဘူး''

''ကိုယ်က ထန့်ခင်ပွန်း၊ ထန့်ယောကျ်ား ကိုယ့်မိန်းမကို တားပိုင်ခွင့် မရှိတော့ဘူးလား''

''အဲဒီစကား ထန့်ကို လာမပြောနဲ့. ရှင်နဲ့အတူ ကားပေါ်ပါလာတဲ့ မိန်းမတွေကို သွားပြော''

ထန့်စကားအဆုံးမှာ မဏ့်နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ ထင်လာသလို ဒေါသဖြစ်နေသည့် ထန့်မျက်နှာလေးကို ဝင်းလက်တောက်ပသော မျက်ဝန်းလက်လက်များဖြင့် စူးစူးနစ်နစ် ကြည့်ပစ်သည်။

သူလိုချင်တာ ဒါပဲလေ။ ထန့်ကို သဝန်တိုစေချင်တာ။

အခုလို ဒေါသဖြစ်စေချင်တာ။ ရန်တွေ့စေချင်တာပါ။ ဒီလိုဖြစ်အောင် မဏ့်ဘက်က ဘယ်လောက်ကြိုးစား အားထုတ်ခဲ့ရလဲဆိုတာ ထန် သိမည်မဟုတ်။ နားလည်မည် မဟုတ်။

သူဘာလုပ်လုပ်၊ စိတ်မဝင်စားသလို ပုံစံနှင့် အေးတိအေးစက်လုပ်ပြနေသည့် ကလေးမကို အခုလို ဒေါသတွေ၊ မာန်မာနတွေ ရန်းကြွပြီး မခံချင်စိတ်နဲ့ သဝန်တိုတာတွေ မနာလိုတာတွေ ဖြစ်စေခဲ့တာ မဏ့်ရဲ့ အစီအစဉ်ပါ။

''သူတို့က ကိုယ့်မိန်းမမှ မဟုတ်ဘဲ''

''မပြောနဲ့. မကြားချင်ဘူး''

''မကြားချင်လည်း ပြောရမှာပဲ ထန်၊ ထန် ကိုယ့်ကို ချစ်နေပြီ''

''ဘာ...''

''ဘာမှ မဟုတ်ပါဘူး''





''ကိုယ် အိပ်ချင်နေပြီလို့ ပြောတာ''

''လာ''

''အို... ဘာလုပ်တာလဲ ထန့်အင်္ကျီကို ဘယ်လွှင့်ပစ်တာလဲ''

မဏ်က ပြောပြောဆိုဆို၊ ထန့်လက်ထဲမှာ သိမ်းဆည်းရန်ကိုင်ထားသည့် အင်္ကျီလေးကို ဖျတ်ခနဲ ဆွဲယူပြီး အခန်းထောင့်ကို ပစ်လိုက်၍ ထန် ဒေါသထွက်သွားချိန်မှာပဲ ထန့်ကိုယ်လေးကို ဆွဲယူသိမ်းပွေ့ကာ ရင်ချင်းအပ်ပစ်လိုက်၍ ထန့်က မဏ့် ကိုယ်ကြီးကို လက်လှမ်းမီသ၍ ထုသည်။ ရိုက်သည်။ ကုတ်ဖဲ့ဖို့ ကြိုးစားသည်။

''ထန့်ကိုလွှတ်''

''မလွှတ်ဘူး''

''အလကား... လူရှုပ်၊ လူပွေ၊ ထန့်အသားကို မထိနဲ့''

''ထိရမှာပဲ ကောင်မလေးတစ်ယောက် ကိုယ့်ယောကျ်ားကို သိပ်ချစ်ပြီး သိပ်သဝန်တိုပြနေတာကို အသည်းယားလို့''

မဏ့်စကားကြောင့် ထန်တစ်ကိုယ်လုံး ထူပူသွားကာ ရှက်လည်းရှက် ဒေါသလည်း ထွက်သွားသည်။

''ရှင့်ကို ဘယ်သူက ချစ်နေလို့လဲ၊ ဘယ်သူက သဝန်တိုနေလို့လဲ''

''တကယ် သဝန်မတိုဘူးလား၊ ဒါဆို နောက်တစ်ယောက် တကယ်ယူလိုက်မှာနော်''

''ယူချင်တဲ့လူယူ၊ ဂရုမစိုက်ဘူး''

''ကိုယ်ကတော့ ဂရုစိုက်တယ်၊ ကိုယ့်မိန်းမ ကိုယ့်ကို အခုလို



www.burmeseclassic.com

www.burmeseclassic.com



မနာလို တိုရှည်ဖြစ်အောင် ကိုယ့်ဘက်က ဘယ်လောက်ကြိုးစားခဲ့ရတယ်မှတ်လဲ"

"ကောင်မလေးတစ်ယောက်က သူ့ယောကျ်ား သူချစ်နေတာကို အခုထိ ဝန်မခံသေးပေမယ့် သို့ကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက် သဝန်တိုတယ်၊ ဘယ်လောက် မနာလို ဖြစ်နေတယ်ဆိုတာ သိပြီ"

"ရှင် မဟုတ်တာတွေ မပြောနဲ့နော်"

"ဟုတ်တာတွေပဲ ပြောမှာပါ"

"အို"

ထန့်ကိုယ်လေး မဏ်ရင်ခွင်ထဲ နစ်သထက် နစ်ဝင်သွားပေမယ့် ထန် သူ့ကိုချစ်သည်ဆိုသည့် အကြောင်းကိုတော့ ဝန်ခံချင်စိတ် မရှိသေးပါ။

ဒါပေမယ့် သူနောက်တစ်ယောက်နှင့် ထပ်တွဲမှာကိုတော့ ထန် အလိုမရှိ။ နှလုံးသားတွေ နာကျင်ပါသည်။

"ကိုယ် အခုကတည်းက ကြိုပြောထားတာနော် ကိုယ့်ကို ချစ်တယ်လို့ ထန့်ဘက်က ဝန်မခံသ၍ ကိုယ် အိမ်ပြန်ချိန် အမြဲ နောက်ကျနေဦးမှာပဲ၊ ကိုယ့်နားမှာလည်း တခြားမိန်းမလှလေးတွေ ရှိနေဦးမှာပဲ"

"ပြော... ကိုယ် ထန့်နားမှာ အရင်လို လိမ်လိမ်မာမာ နေရမှာလား၊ ညဉ့်နက်သန်းခေါင် တခြားကောင်မလေးတွေနား နေရမှာလား"

"နေချင်တဲ့သူနဲ့နေ"

"ကောင်းပြီ၊ ကိုယ်နေချင်တဲ့သူဆိုရင်တော့..."





"အို... ဘာလို့ အခန်းမီးကို ပိတ်ပစ်ရတာလဲ"

"ချစ်လို့"

"အို"

လောကကြီးတစ်ခုလုံး နွေးထွေးစွာ တောက်ပလင်းလက်သွားသည်။ ထို့အတူ လှပစွာ ရေးခြယ်လိုက်သော နှလုံးသားချစ်ကဗျာတို့က တစ်ပုဒ်ပြီးတစ်ပုဒ် ထပ်တူညီစွာ လှိုက်လှဲခြင်းများစွာဖြင့် တစ်ပွင့်ဝေ တစ်ပွင့်ကြွေ ရှင်သန်ဖူးပွင့်သွားကြသည်။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေ

ဆုအာရှလီ



www.burmeseclassic.com